www.burmeseclassic.com

# ရင်မိုး

(ဆေးတက္ကသိုလ်)

## ချစ်ခြင်းနဲ့ ချည်နှောင်ကြမယ်

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com





ရင်မိုး
(ဆေးတက္ကသိုလ်)

# ချစ်ခြင်းနဲ့ ချည်နှောင်ကြမယ်

စီစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com







(လွန်ခဲ့သော ရှစ်နှစ်ခန့်အချိန်တုန်းက ...)

ကျွန်တော် သူ့ကို စတွေ့တွေ့ချင်း သတိထားမိလိုက်တာကတော့ မျက်လုံးခပ်ကြီးကြီး ဝိုင်းဝိုင်းတွေ ရှိတာကိုပါပဲ။ အရပ်က ပုသလိုလိုလေးနဲ့ (စိတ်အထင်တော့ ငါးပေလောက်ပဲရှိမည် မှန်းပါသည်)ကိုယ်လုံးပိန်ပိန်သေးသေးမို့ မျက်လုံးတွေကပိုပြီးထင်ရှားနေသလားတော့မသိ။ ရုပ်လေးက လှသလိုလို၊ မှုလှသလိုလို ဘာရုပ်လေးမှန်းမသိပေမယ့် ကျွန်တော် အားလုံးထဲမှာသူ့ကို အရင်ဆုံး သတိထားမိတာကတော့ ထူးဆန်းပါသည်။ ရေစက်ပဲ ပြောရမလား မသိပါ။

ဘာသာစုံစာသင်ဝိုင်းမှာ အထူးသီးသန့်ဝိုင်းမို့ အားလုံးပေါင်း (ကျွန်တော်ပါမှ)လူခုနစ်ယောက်သာ ရှိပါသည်။ ယောကျ်ားလေးသုံးယောက် မိန်းကလေး လေးယောက်ဖြစ်ပါသည်။ စာသင်

www.burmeseclassic.com



ဝိုင်းဖွင့်သော အိမ်ရှင်မိန်းကလေးမှာ ငုဝါဟုသာ သိထားကာ ကျွန်တော်နဲ့ တစ်ခါမှတောင် မသိကျွမ်းဖူးပါ။ ကျွန်တော် ဆယ်တန်းကို နှစ်ချင်းပေါက်အောင်ချင်သည်။ အမှတ်ကောင်းကောင်းလေးလည်း ရချင်သည်ဟု ဆုံးဖြတ်ပြီး ဆရာကောင်းတွေစုပြီး သင်မည့် ကျူရှင်ဝိုင်းကို စုံစမ်းကာ ဝင်လာခဲ့တာဖြစ်ပါသည်။

ငုဝါကတော့ ကျွန်တော့်ကို ကြိုသိပုံဖြင့် ကျွန်တော်ဝင်လာတော့ သူတို့မိန်းကလေးချင်း ခေါင်းချင်းဆိုင်ကာ ကျွန်တော့်အကြောင်း ပြောကြကြောင်း ကျွန်တော် သိပါသည်။

"ငုဝါကတော့ သိပြီးသားမို့ နာမည်ပြောစရာ မလိုတော့ပါဘူး။ ကဲ ... တခြားကျောင်းသူကျောင်းသားတွေက နာမည်ပြောကြပါဦး"

အရင်ဆုံးဝင်လာသော ကယ်မက်စတြီ ဓာတုဗေဒ ဆရာမက မိတ်ဆက်နိုင်းလေရာ သူ့နာမည်ကို ကျွန်တော်သိခွင့်ရသည်။

"ကြည်လင်လင်း"

အင်း ... တော်တော်အဓိပ္ပာယ်ရှိတဲ့ နာမည်ပဲ။ ကြည်လင်လွန်းလို့ လင်းတောင်လင်းတယ်ဆိုတဲ့ သဘောပေါ့။ ဒါပေမဲ့ ကျွန်တော့်နာမည်ကျတော့ ...

"သီပေါ"





ဟု ကျွန်တော် မိတ်ဆက်လေရာ အားလုံးဝိုင်းရယ်တာ ခံရသည်။ ဆရာမပါ မျက်မှန်ပင့်တင်ပြီး ပြုံးပါသည်။

"သီပေါမင်းနဲ့ ဘာတော်သလဲကွယ်၊ ပြောပါဦး။ ဆွေတော်မျိုးတော် ဖြစ်နေရင်လည်း ဆုံတွေ့ရတာ ဝမ်းသာစရာပေါ့"

ကျွန်တော် စိတ်ရှုပ်ရှုပ်ဖြင့် ...

"ကျွန်တော့်ကို သီပေါနယ်မှာမွေးလို့ နာမည်မှည့်တာလို့ အမေက ပြောတယ်"

ဆရာမကိုတောင် ရိုရိုသေသေမဖြေဘဲ ခပ်ပြတ်ပြတ်ပြန်ဖြေမိသည်။ ဒီနာမည်ပြောတိုင်း တစ်မျိုးမဟုတ်တစ်မျိုး စိတ်ဝင်စားခံရတာကို ကျွန်တော် မကြိုက်ပါ။

ဆယ်တန်းကျူရှင်ဝိုင်းမှာ တစ်ပတ်မှာ ခြောက်ရက်တက်ရသဖြင့် ကျောင်းဆင်းလို့ ကျူရှင်ဆက်ဝင်ရတိုင်း သူနဲ့ကျွန်တော်တို့ ဆုံရပေမယ့် ဒီထက်ပိုပြီး မရင်းနှီးခဲ့ပါ။ သူကပဲ ယောကျ်ားလေးတွေကို အရောမဝင်ချင်လို့ မေးထူးခေါ်ပြောအဆင့်ကလွဲရင် မပိုခဲ့တာလား။ ကျွန်တော်ကပဲ ဒီထက်ပိုပြီး မရောတတ်ဘဲ ခပ်အေးအေးနဲ့ ရှက်သလိုလို ကြောက်သလိုလို နေတတ်ခဲ့လို့လားမသိ။ ကျွန်တော်နဲ့သူ မရင်းနှီးခဲ့ကြပါ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို သူငယ်ချင်းတွေက "လင်း"၊ "လင်း"နှင့် ခေါ်ပြီးတော့ စကားပြောကြတာမို့ ကျွန်တော့်စိတ်ထဲမှာလည်း သူ့ကို "လင်း"လို့သာ ခေါ်မိသည်။ အသားဝါညက်ညက်၊ လှကောင်းသေးသေး၊ တစ်စုံတစ်ခုကို စိတ်ဝင်စားရင် နဂိုပြူးဝိုင်းပြီးသား မျက်လုံးကို ပိုပြူးကြည့်တတ်၊ အချဉ်ထုပ်အစပ်တွေကို လက်ညှိုးလက်မနဲ့ကလော်ပြီး နှိက်စားကာ တရှူးရှူးတရှဲရှဲ ဖြစ်လျက် မျက်ရည်တောင် ဝဲလာလည်း ဂရုမစိုက်ဘဲ ဆက်စားတတ်၊ အဲဒီလက်ညှိုးလက်မမှာ ပေကျံကျန်ခဲ့တတ်တဲ့ ယိုစုံအရည်တွေကို ပါးစပ်ထဲထည့်စုပ်တတ်သော ကြည်လင်လင်းကို ကျွန်တော် နေ့စဉ်လိုလို ခိုးကြည့်တတ်ခဲ့တာကို ဝန်ခံပါမည်။

ဆယ်တန်းတစ်နှစ်ပတ်လုံး သေသေချာချာစကား မပြောဖြစ်ခဲ့ပေမယ့် ဆယ်တန်းအောင်စာရင်းထွက်ပြီးသော နေ့မှာတော့ ငုဝါတို့အိမ်မှာပဲဆုံပြီး ဆရာ၊ ဆရာမတွေကို ကန်တော့သည့်နေ့တွင် သူနဲ့ကျွန်တော် မှတ်မှတ်ရရ တစ်ကြိမ်သာ အကြာကြီး စကားပြောမိခဲ့ပါသည်။

"ငါတို့ဝိုင်းမှာ ခြောက်ဘာသာပါတာ နင်တစ်ယောက်ပဲရှိတယ်၊ ဝမ်းသာပါတယ်၊ နင် ဆရာဝန်လိုင်း ယူမှာပဲလား"





သူက ကျွန်တော့်ကိုအရင်လာမေးသည်။ ရုတ်တရက်တော့ ကျွန်တော် အိုးတိုးအမ်းတမ်းနဲ့ ကြောင်တောင်တောင်ဖြစ်ပြီး ဘာပြန်ပြောရမှန်းမသိ။

"ငါက ခြောက်ခုမှန်းတာ လေးခုပဲပါတယ်၊ ဒါပေမဲ့ အမှတ်ထွက်ရင်တော့ များမယ်ထင်ပါတယ်"

သူက ဆက်ပြောနေသဖြင့် ကျွန်တော် ရောယောင်ပြီး ခေါင်းညိတ်ကာ ...

"များမှာပါ"

ဟု စပြောမိသည်။

"နင်နဲ့ငါ ဆေး(၁)မှာ ဆုံကြတာပေါ့"

"မဟုတ်ဘူး၊ ငါ ဆရာဝန်မလုပ်ဘူး"

ကျွန်တော် ပြန်ဖြေတော့ သူ အံ့သြသွားပါသည်။

"ဒါဖြင့် ဘာလို့ ဆစ်(စ်)ဒီပါအောင်ဖြေလဲ"

သူ့မေးခွန်းကို ကျွန်တော် ရယ်ချင်သွားသည်။

"ဖြေတာကတော့ ကိုယ်ရတဲ့အပုဒ်တွေ ပါနေတော့ ဖြေလိုက်တာပေါ့။ ဒီလို အများကြီးပါဖို့လည်း စိတ်မကူးပါဘူး"

"စိတ်မကူးပေလို့ပဲ၊ စိတ်များကူးရင် မလွယ်ဘူး"

"လင်း ... အဲ ... အင်း ... ကြည်လင်လင်း ... နင်က ဆေးကျောင်းတက်မလို့လား"

www.burmeseclassic.com



"ငါ ကြိုမပြောချင်ဘူး"

"ဘာဖြစ်လို့လဲ"

"အမှတ်တွေထွက်လာမှ အမှတ်မမီရင် ရှက်စရာကြီး၊ ဒီတော့ မပြောသေးပါဘူး"

မပြောပေမယ့်လည်း သူ ဆေးကျောင်းတက်ချင်နေကြောင်း ကျွန်တော် ရိပ်မိပါသည်။ သူ့စကားတွေထဲမှာပဲ သူဖြစ်ချင်တာက ပေါ်လွင်နေတာ မဟုတ်လား။

"နင်ကရော"

သူ ကျွန်တော့်ကို ထပ်မေးပြန်သည်။

"ငါက ... အင်း ... ငါ့အမေဆီ ခဏလိုက်သွားမလို့"

"ဪ ... အင်း ... သိတယ်၊ နင့်အမေက သြစတြေးလျမှာ"

သူ ဒက်ခနဲပြောသဖြင့် ကျွန်တော် အံ့သြသွားပါသည်။

"နင် ဘယ်လိုလုပ်သိလဲ"

"နင့်အကြောင်းလား ငါ သိပါတယ်၊ နင့်အဖေက ရုပ်ရှင်မင်းသား ထက်မြက်ပဲ၊ အဲ ... ဟို ... ဦးထက်မြက်ပေါ့။ နာမည်ကြီးမင်းသားရဲ့သားကို ငါ မသိဘဲနေမလား"





ဒီတော့ သူ ကျွန်တော့်မိသားစုအကြောင်းလည်း သိပြီးနေလောက်ပြီဟု ကျွန်တော် မှန်းဆပါသည်။

"အေးဟာ ... နင် သိပါတယ်၊ အဖေနဲ့အမေက ကွာရှင်းပြီးသားလေ။ ငါ ရှစ်တန်းမှာကတည်းက။ အမေက စိတ်ပြေလက်ပျောက်ဆိုပြီး သူ့အဒေါ်ရှိတဲ့ သြစတြေးလျကို ခဏသွားမယ်ဆိုပြီး ..."

ကျွန်တော် ဆက်မပြောနိုင်တော့ဘဲ အလိုလိုစိတ်မကောင်းဖြစ်လာကာ အသံတိမ်ဝင်သွားပါသည်။ ကျွန်တော့်ကိုယ်ကျွန်တော်လည်း အတော်မုန်းသွားရပါသည်။ သူစိမ်းမိန်းကလေးတစ်ယောက်ရှေ့မှာ မိသားစုအဆင်မပြေမှုကို ညည်းပြပြီး ဝမ်းနည်းသွားမိ၍ပင်။

"အခု နင်က လိုက်သွားမလို့ပေါ့"

"တကယ်တော့ ငါ ဘာလုပ်ရမှန်း မသိလို့"

"ဘာကို ဘာလုပ်ရမှန်း မသိတာလဲ"

"အဖေက ရည်းစားတွေ တစ်ယောက်ပြီးတစ်ယောက် ထားနေတာကိုလည်း စိတ်ညစ်တယ်၊ နင် သိမှာပါ။ ဟိုမင်းသမီးနဲ့ လူသိရှင်ကြားတွဲပြလိုက်။ ဟိုအဆိုတော်နဲ့တွဲလိုက်။ ဟိုလုပ်ငန်းရှင်မိန်းမနဲ့ ယူတော့မလိုလိုဖြစ်လိုက်နဲ့ဆိုတော့ သူနဲ့နေရတာ ငါ စိတ်ညစ်လာတယ်။ ငါဒီမှာ



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းတက်ရင်လည်း ငါ့ကို ရုပ်ရှင်မင်းသားရဲ့သားဆိုပြီး လူသိများမှာကိုလည်း မခံချင်ဘူး။ ရုပ်ရှင်မင်းသားရဲ့သားပဲ ဘယ်လောက်ဖြစ်နေနေ ငါတို့မိသားစုက သူများမိသားစုလိုမဟုတ်ဘဲ တစ်ကွဲတစ်ပြားစီ ဖြစ်နေရတာပဲလေ၊ ဘာမှပျော်စရာမရှိဘူး"

သူက မျက်လုံးကိုဝိုင်းကာ ကျွန်တော် ရင်ဖွင့်သမျှ တအံ့တသြလိုလို နားထောင်နေသည်။ သူ အံ့သြလည်း အံ့သြစရာလေ။ သူနဲ့ကျွန်တော် ဒီနေ့မှာ သေသေချာချာ စကားပြောဖြစ်ကြပေမယ့် ကျွန်တော့်ရင်ထဲက ခံစားချက်ကို အကုန်ပြောပြမိနေတယ် မဟုတ်လား။

"တစ်ခုခုများ အပြောင်းအလဲ ကြုံရမလားဆိုပြီး ငါ့အမေနောက် လိုက်သွားကြည့်မယ်၊ ကျောင်းတစ်ခုခုတက်မယ်"

"နင်က ဘာဝါသနာပါလဲ"

"ဘာ,ဝါသနာပါမှန်းကို မသိဘူး"

"တစ်ခုခုတော့ ဝါသနာပါမှာပါ၊ နင် သတိမထားမိလို့ ဖြစ်မှာပေါ့"

"ဘာလို့ ငါ့ဝါသနာကို သိချင်ရတာလဲ"

"နင် ဝါသနာပါတဲ့ ပညာရပ်မျိုးပဲသင်ပေါ့လို့ အကြံပေးချင်လို့"





"နင်ကရော ဆရာဝန် တကယ်ဖြစ်ချင်တာလား"

"ဖြစ်ချင်တာပေါ့၊ ငါ လေးတန်းလောက်တည်းက ဒါကို ဖြစ်ချင်တယ်ဆိုပြီး ဦးတည်လာတာ။ ခုတော့ (ဒီ)နည်းသွားလို့ ဖြစ်ပါ့မလားဆိုပြီး စိုးရိမ်နေတယ်"

ထိုအချိန်မှာပင် ၎င်းက ဆရာ၊ ဆရာမတွေကန်တော့ဖို့ အဆင်သင့်ဖြစ်ပြီဖြစ်ကြောင်း လာပြောလေရာ သူနဲ့ကျွန်တော် စကားစ,ပြတ်သွားပါသည်။

အဲဒီနောက်မှာ ကျွန်တော် အမေ့နောက်လိုက်သွားဖို့ ပြင်ဆင်ရတာရော၊ သူနဲ့ကျွန်တော်လည်း ဖုန်းနံပါတ်ချင်း ဖလှယ်ရလောက်အောင် သိပ်မရင်းနှီးလှတာရောတွေကြောင့် လုံးဝအဆက်အသွယ်ပြတ်သွားပါသည်။

တစ်နှစ်လောက်ကြာတော့ ကျွန်တော်လည်း သူ့ကို အလိုလိုမေ့သွားကာ အတွေ့အကြုံ အသစ်အဆန်းတွေကြားမှာ ကျင်လည်လျက် အချိန်တွေကုန်ခဲ့ပါသည်။

❊ ❤ ❊



www.burmeseclassic.com

www.burmeseclassic.com



(လွန်ခဲ့သော သုံးနှစ်ခန့်အချိန်မှာ...)

တကယ်တော့ လင်းသည် ပါတီပွဲများကို သိပ်စိတ်ဝင်စားလှတာတော့ မဟုတ်။ သို့သော် ငုဝါကတော့ ဒီပွဲကိုသွားမှဖြစ်မည်ဟု တဂျီဂျီပူဆာပါသည်။

"မေမေကပြောတယ်၊ လင်းမပါရင် မသွားရဘူးတဲ့။ ဒီတော့ နင် လိုက်ခဲ့ပေးပါ လင်းရယ်"

"နင်နဲ့ ရန်ပြေ အီစီကလီဆိုတာ နင့်အမေသိရင် သိနေမှာနော်"

အောက်တိုဘာ(၃၁)ရက်နေ့ညမှာ ဟောလိုဝင်းပါတီတွေ လုပ်တတ်လာတာ ခေတ်စားလာတာ ကြာတော့မကြာသေးပေမယ့် လူငယ်အသိုင်းအဝိုင်းမှာတော့ မသွားဖူးရင် ခေတ်မမီသလိုဖြစ်နေ၍ ငုဝါက သွားလည်းသွားချင်သည်။ ပြီးတော့ ဒီနှစ်ရဲ့





ဟောလိုဝင်းဟုခေါ်သော သရဲညပါတီကို ငုဝါနဲ့ ကျောင်းမှာအီစီကလီဖြစ်နေသော ရန်ပြေရဲ့အိမ်မှာ လုပ်မည်ဆိုလျှင် ငုဝါတို့သွားချင်တာ ထိန်းလို့ကိုမရတော့။ ဘယ်သူဖျက်ဖျက် မပျက်နိုင်ပေါင်ဆိုတာမျိုး ဖြစ်နေသည်။

"သိပေမယ့် မေမေက ဘာပြောလဲဆိုရင် လင်းက သူငယ်ချင်းကောင်းတဲ့။ လင်းပါရင် စိတ်ချတယ်တဲ့။ လင်းက သူငယ်ချင်းကို အမှားမကြဲအောင်လည်း စောင့်ရှောက်မယ့်သူဖြစ်သလို တားမရဆီးရမလို့ အမှားလုပ်လာရင်လည်း လူကြီးမိဘကို ပြန်တိုင်ဖို့ ဝန်မလေးတဲ့ အမျိုးကောင်းသမီးလေးတဲ့ ... ကဲ။ ဒါကြောင့် လင်း သွားမယ်ဆိုမှ သွားခွင့်ပြုမယ်တဲ့။ ဒါမှ ငါ တစ်ခုခုမှားတာလုပ်ရင် မေမေချက်ချင်း ပြန်သိရမှာလေ ... ဟဲ ဟဲ"

"ဟော့ ... သွားချင်တာနဲ့ ငါ့ကို လာဖားမနေနဲ့"

"လုပ်ပါ လင်းရယ်၊ ရန်ပြေကလည်း ငါ့ကို သေချာလာခိုင်းထားလို့ပါ။ ပြီးတော့ နင့်ကိုလည်း အထင်ကြီးတယ်၊ နင်ကိုလည်း ခင်ချင်တယ်၊ ငါနဲ့ပတ်သက်ပြီး ခင်ချင်နေတာလေ၊ နင်ကတည်တော့ သူက စကားမပြောရဲဘူးတဲ့"

"အံမာ ... သူ စကားပြောရဲအောင်ပဲ ငါက သွားဖြီးပြနေရမှာလား"



www.burmeseclassic.com

www.burmeseclassic.com



ရန်ပြေက ငုဝါကို အသည်းအသန်လိုက်တုန်းက လင်း ဝင်ပါပြီး ရန်တွေ့ထားဖူးသဖြင့် လင်းကို အလိုလိုရှိန်ကာ မခေါ်ရဲ မပြောရဲတာမျိုးပါ။ အဲဒီကိစ္စ ဖြစ်ခဲ့တာကလည်း ကျောင်းစတက်တက်ချင်း တက္ကသိုလ်ကျောင်းသားကျောင်းသူဘဝရဲ့လွတ်လပ်တဲ့အရသာကို အပြည့်အဝအသုံးချလျက် ရန်ပြေတစ်ယောက် လုပ်ချင်ရာလျှောက်လုပ်ကြည့်တဲ့သဘော ဖြစ်ပါမည်။ ဒုတိယနှစ်လည်းရောက်ရော ကျောင်းစာတွေ၊ လစဉ်စာမေးပွဲတွေနဲ့ နပန်းလုံးရသောအခါ ရန်ပြေဟာ ငုဝါကို လိုက်စကားပြောဖို့ စာပေးဖို့ပင် အချိန်မပေးနိုင်တော့။ ဒါပေမဲ့ သူ, ငုဝါကို တကယ်ချစ်ပါကြောင်းတော့ ကြေညာထားဆဲ။ ဒုတိယနှစ်ရောက်တော့ ဆေးကျောင်းသားရည်,ဝလာကာ ကျောင်းစာကို ဘယ်လိုလေ့လာသင်ယူမှတ်သားရမယ်လို့ နားလည်လာသောအခါ ရန်ပြေ့ရဲ့အချစ်တွေလည်း တစ်စခန်း ပြန်ထလာ၊ ငုဝါတစ်ယောက်လည်း ပြန်ကြည်မလိုလို ဖြစ်လာနှင့် အီစီကလီဇာတ်လမ်း ရိုက်ကောင်းလာကြပြန်သည်။

ခုတော့ နောက်ဆုံးနှစ်အပိုင်း(က)ရောက်ချိန်မှာတော့ နောက်ထပ်အနာဂတ်ဆိုတာ မျှော်လင့်လာကြသောအခါ ဂုန်ပြေနဲ့ ငုဝါတို့အချစ်တွေ နည်းနည်းတော့ လေးနက်လာပြီဟု လင်း, ထင်သည်။ သူတို့သာ ကြည်တော့မလိုလို ဖြစ်လာပေမယ့် ပထမ





နှစ် ဖတ်(စ)အမ်ဘီမှာတုန်းက လင်းနဲ့ ရန်ပြေ ပြဿနာတက်ဖူးထားတာကြောင့် (ငုဝါကိစ္စကြောင့်) ခုထိ လင်းတို့သူငယ်ချင်းဖြစ်သေး။ မရင်းနှီးသေး။ ဒီတော့ ငုဝါက လင်းကို သူ့ရဲ့ရန်ပြေနှင့် ရင်းနှီးစေချင်တာလည်း ပါပါသည်။ ဒါကြောင့် ဒီပါတီကို အသည်းအသန်သွားချင်နေတာလည်း ဖြစ်မည်။

ဒါနဲ့ပဲ လင်းသည် တစ်ဦးတည်းသောသူငယ်ချင်းဖြစ်သော ငုဝါကြောင့် ဒီပါတီကို ရောက်လာရသည်။

"ဟောလိုဝင်းဆိုတော့ ကြိုက်သလို ရုပ်ဖျက်ပြီး ဝတ်လို့ရတယ်တဲ့"

"နေပါစေ၊ ငါ မဝတ်ချင်ဘူး၊ ဒီတိုင်းပဲ သွားမယ်"

ဟု ဆိုကာ လင်းကတော့ ပေါ့ပေါ့ပါးပါးပင် ဒူး:ဂျင်းစကတ်အတို အနက်လေးနဲ့ ခေါင်းစွပ်တွဲရက်ပါသောန်းရင့်ရောင်တီရှပ်လေးကိုသာ ဝတ်လာခဲ့သည်။ ခေါင်းစွပ်ကိုတော့ မစွပ်ဘဲ ဒီတိုင်းချထားရင်လည်းရသည်။ ရှူးအပါးလေးစီးကာ အအေးတစ်ခွက်နဲ့ ထိုင်နေသော လင်းသည် စင်ဒရဲလားင် ဝတ်ထားသော ငုဝါကို လိုက်ကြည့်နေမိ၏။ အင်း ...သူနဲ့ခြေ တိုင်ပင်ပြီးများ ဝတ်သလား မသိဘူး။ ရန်ပြေကလည်းပြင်ထဲက Prince charming (ပရင့်(စ)ချားမင်း)လိုလို ဝတ်စုံနဲ့သား။

www.burmeseclassic.com



ထိုအချိန်တွင် လင်းမြင်ကွင်းထဲကို ဝတ်ရုံနက်ဝတ်လျက် ဦးထုပ်အနက် ထိပ်ချွန်ချွန်ရှည်ရှည် ဆောင်းထားပြီးလျှင် လက်တစ်ဖက်မှာ တံမြက်စည်းချောင်းတစ်ချောင်း ကိုင်ထားသလို ကျန်လက်တစ်ဖက်မှာတော့ magic wand မက်ဂျစ်ဝမ်းထ်နှင်တံ ကိုင်ထားတဲ့ လူတစ်ယောက် ဝင်လာသည်။ ထိုသူက နောက်နောက်ပြောင်ပြောင်ဖြင့် သူ့တံမြက်စည်းကို ခွစီးပြလိုက်၊ နှင်တံထိပ်ဖြင့် တထိုးထိုးလုပ်ကာ ပြုစားဟန်ပြလိုက် လုပ်နေသည်။ ဩော် ... ဒါ Harry Potter ဟယ်ရီပေါ်တာပဲ။ သူ့မျက်နှာမှာ ဟယ်ရီပေါ်တာဝတ်တဲ့ မျက်မှန်ဝိုင်းလေးလည်း တပ်ထားတာပဲ။ ဟင် ... နေဦး၊ သူ့ကို ငါ သိတယ်။

လင်း ဦးနှောက်တွေ အဖြေရသောအချိန်တွင် ထိုသူကလည်း လင်းကို မြင်သွားသည်။ မြင်မြင်ချင်း အကြာကြီး ရပ်ကြည့်နေပြီးမှ လင်းဆီလျှောက်လာပါသည်။ လျှောက်လာတယ် ဆိုပေမယ့် ချက်ချင်းမရောက်နိုင်။ ခြံထဲမှာ တစ်ယောက်နဲ့ တစ်ယောက် နောက်ပြောင်နေသူတွေ။ ကခုန်နေသူတွေ။ ရပ်စကားပြောနေသူတွေ များပြားလှလေရာ ဟိုလူ့ရှောင် ဒီလူ့ရှောင်နဲ့ သူ လျှောက်လာရတာဖြစ်သည်။

"ဟေး ... ကျွန်တော် ခင်ဗျားကို သိတယ်လို့ ထင်လို့ပါ။ ဟုတ်တယ် မဟုတ်လား၊ ကျွန်တော်တို့ သိခဲ့ကြဖူးလား ဟင်"





လင်းသည် သူ့မှတ်မိသလိုလို၊ မမှတ်မိသလိုလို ဖြစ်နေတာကို စိတ်မဆိုးမိပါ။ ဒီ ငါးနှစ်အတွင်းမှာ လင်းရဲ့ဆံပင်တွေ တိုကပ်သွားပြီး ဗစ်တိုးရီးယားပုံစံ ဖြစ်သွားခဲ့တာကိုး။

"သိခဲ့ကြပါတယ်၊ ငါ ကြည်လင်လင်းလေ"

"ဟား ... ဟုတ်တယ်၊ လင်း ... လင်း ... ကြည်လင်လင်း ငါက ..."

"သိပေါပါ ... ငါ မှတ်မိပါတယ်"

"နင်က မှတ်ဉာဏ်တော်တော်ကောင်းတာပဲ၊ ငါ ရုပ်ဖျက်ထားတာတောင်"

"ဟယ်ရီပေါ်တာမျက်မှန် ဘယ်လောက်ဝတ်ဝတ် ဟယ်ရီပေါ်တာပုံ ဘယ်လောက်ဖမ်းဖမ်း နင့်ရုပ်က မပြောင်းပါဘူးဟယ်"

"ဟား ဟား ဟား ... ငါ့ရုပ်က ဘာဖြစ်နေလဲ"

"နင့်ရုပ်က သိပေါရုပ်ပဲ၊ ဘာဖြစ်ရမှာလဲ"

လင်း သတိထားမိတာကတော့ သိပေါဟာ လွန်ခဲ့တဲ့ ငါးနှစ်မှာ ဆုံခဲ့ဖူးတဲ့ပုံစံ ရှိမနေတော့တာပင်။ အရင်ကတော့ ဆုံတက်တေးလိုလို၊ လောကကြီးကို အလိုမကျနေသလိုလို၊ အားကြီးနေသလိုလိုပုံစံနဲ့ စကားလည်းသိပ်မပြောသော ကောင်လေး။ လင်းတို့မိန်းကလေးတစ်သိုက်ကတော့ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်က ရုပ်ရှင်မင်းသားရဲ့သားဆိုပြီး ဘဝင်ကိုင်နေတာ"

ဟု အတင်းတွေ ကျိတ်ပြောပြီး အမြင်ကတ်ခဲ့ဖူးသည်။ ဒါပေမဲ့ ဆယ်တန်းအောင်စာရင်း ထွက်သောအခါမှာတော့ သိပေါ်ဟာ တစ်ဖွဲ့လုံးမှာ (ဒီ)အများဆုံးနဲ့အောင်တဲ့သူ ဖြစ်သဖြင့် လင်းတို့ တော်တော်ချီးကျူးအံ့သြကြရသည်။ လင်းသည် အဲဒီတုန်းက စာတော်သူအဖြစ် အထင်ကြီးလွန်းလှကာ အရင်ဆုံးတောင် စကားစပြောခဲ့ဖူးသည်။ သူကလည်း လင်းတို့ထင်သလို မာနကြီးနေတာ မဟုတ်ဘဲ လင်းကို သူ့မိသားစုအကြောင်းတွေ၊ မကျေနပ်ချက်တွေ ရင်ဖွင့်ခဲ့သဖြင့် လင်း သူ့ကိုတကယ့်ပင် မှတ်မှတ်ရရ ဖြစ်ခဲ့ဖူးပါသည်။

ဒါပေမဲ့ သူနဲ့လည်း အဆက်အသွယ်မရှိလေရာ လင်း သူ့ကိုမေ့နေခဲ့တာ ကြာတောင်ကြာပြီ။ ခုတော့ ရုတ်တရက် ပြန်တွေ့တော့လည်း လင်း ချက်ချင်းပင် မှတ်မိနေပါသတဲ့။

"နင် အခု ဘာလုပ်နေလဲ"

"နင် အခု ဘာလုပ်နေလဲ"

လင်းတို့ ထိုစကားကို ပြိုင်တူပင်ပြောလိုက်မိကြရာ အံ့သြပြီး ရယ်မောမိကြသည်။





"မေး ... မေး ... ကြည်လင်လင်း နင်ပဲ အရင်မေးပါ၊ နင်က မိန်းကလေးဆိုတော့ ဦးစားပေးရမှာပေါ့"

"အေး ... မေးပါပြီ၊ ပြောပါဦး၊ နင် ဘာလုပ်နေလဲဆိုတာ"

"ငါ ဟိုမှာ ကျောင်းတက်တယ်၊ ကွန်ပျူတာ ပေါ့။ အခုတော့ ကျောင်းပြီးသွားလို့ ဒီကိုခဏပြန်လာလည်တာ။ သူငယ်ချင်းတစ်ယောက်ကခေါ်လို့ ဒီပွဲကိုလာတာပါ"

"ခဏပြန်လာတာဆိုတော့ ? "

"ဟုတ်တယ် ပြန်သွားဦးမယ်၊ ဟိုမှာ အမေတစ်ယောက်တည်းဟ။ သူနဲ့ နေပေးရမယ်၊ အဖေမှာက အဖော်တွေ အများကြီး အထီးမကျန်ဘူး။ အမေကတော့ သနားပါတယ် တစ်ယောက်တည်း ဖြစ်နေတာ၊ ငါ သူ့နားမှာရှိပေးမှ ဖြစ်မယ်လေ"

"အေးပေါ့ ... ဟုတ်တာပေါ့"

"နင်ကရော"

"ငါက အခု ဆေးကျောင်းတက်နေတုန်းပဲ Final Part(I) ဖိုင်နယ်ပါတ်ဝမ်း ရောက်နေပြီ၊ ကျောင်းပြီးဖို့ နှစ်နှစ်ခွဲလောက် လိုသေးတယ်"

"ဝမ်းသာပါတယ်ဟာ၊ နင် ဖြစ်ချင်တဲ့ ဆရာဝန်ဘဝကို ရတော့မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာ တွေ့လား ... ငုဝါလေ၊ အပြာဖျော့ဂါဝန်လေးနဲ့ ခေါင်းမှာ စိန်သရဖူနဲ့ ဒေါက်ဖိနပ် ဖန်အကြည်လေးနဲ့"

"ဪ ... ဪ ... စင်ဒရဲလား လုပ်ထားတာ ငုဝါလား"

"သူလည်း ငါနဲ့အတူတူပဲ၊ ငါတို့ဗိုင်းမှာ ငါနဲ့ ငုဝါက ဆေး(၁)မှာဝင်တယ်၊ ကျန်တဲ့ ဖော်ဖော်ရယ်၊ သဲပိုရယ်၊ သုတရယ်ကတော့ ကွန်ပျူတာဆိုင်းယင့်(စ်)ဝင်တယ်"

"ဟိုတစ်ယောက်ရော တရုတ်လေးအောင်ဝင်း"

"အောင်ဝင်းက နင်နဲ့မရှေးမနှောင်းပဲ အမေရိကား ထွက်သွားတယ်"

လင်းနဲ့ သီပေါတို့ ထိုညက စကားတွေအများကြီး ထိုင်ပြောခဲ့ကြသည်။ သူကလည်း သူနေထိုင်ရတဲ့နေရာဒေသသစ်တစ်ခုအကြောင်း၊ လူမျိုးခြားတွေအကြောင်း၊ ခုထိ သူ ဘယ်မှာအခြေချရမလဲ၊ သူ ဘာလုပ်ရမလဲဆိုတာ မသိသေးတဲ့အကြောင်းတွေ ပြောသည်။ လင်းကလည်း ဒီကအကြောင်းတွေ ရောက်တတ်ရာရာပြောသည်။

ငုဝါအမေက ဆယ်နာရီတော့ အိမ်ပြန်ရောက်ရမည်ဟု မှာလိုက်သဖြင့် ဆယ်နာရီထိုး, ထပြန်မှပဲ သူနဲ့လင်း စကားပြတ်တော့လေသည်။ လင်း ကားမောင်းထွက်လာသောအခါမှာ ငုဝါက ...





"ဟဲ့ ... နင့်ကို သူ e-mail တို့ ဖုန်းနံပါတ်တို့ ပေးလိုက်သေးလား"

ဟု သတိတရ မေးပါသည်။

"မပေးဘူး"

"တောင်းလိုက်ရောပေါ့"

"ဘာလို့တောင်းရမှာလဲ၊ သူမှမပေးတာ၊ ငါလည်းပေးဖို့ သတိမရဘူးလေ"

"နင်တို့ကလည်း"

"ဘာ ... နင်တို့ကလဲ,လည်း၊ ခဏပြန်ဆုံလို့ စကားပြောတာနော်၊ ဘာမှမဆိုင်ဘူး"

"အေးပါ ... အေးပါ၊ ဘာပြောလို့လဲ မလုံမလဲနဲ့ ... ဟီဟီ"

အဲဒီည ပြီးသွားတော့ လင်း သူ့ကိုမကြာခဏတော့ သတိရပေမယ့် သူနဲ့လင်းဟာ ဘယ်လိုမှ ပြန်ဆုံတွေ့စရာမရှိ။ ပြန်ဆက်သွယ်ကြစရာမရှိ။ တစ်ယောက်တစ်နေရာစီ အဝေးကြီးမှာ နေကြတဲ့သူတွေအဖြစ်သာ ခေါင်းထဲမှာ တွေးမိသဖြင့် ကြာတော့ အလိုလို မေ့သွားခဲ့ပြန်သည်။

❇ ❤ ❇



www.burmeseclassic.com

www.burmeseclassic.com



(လွန်ခဲ့သော တစ်နှစ်ခန့်က…)

ကျွန်တော်သည် ကောင်မလေး လက်ဆွဲခေါ်တဲ့နောက် လိုက်ပေးရင်း ပျင်းတောင်ပျင်းလာပေမယ့် ကောင်မလေး စိတ်ဆိုးသွားမှာစိုးပြီး မပြောရဲပြန်။ အမှန်တော့ ကျွန်တော် ရှော့ပင်းမောလ်တွေ သွားရတာ သိပ်စိတ်မပါလှ။ ဘယ်ရှော့ပင်းမောလ်သွားသွား ဘာမှထူးခြားတာလဲမရှိ။ ဒီပုံကဒီပုံပဲ။ ဆိုင်တွေကလည်း ဒါမျိုးတွေချည်းပဲ။ ဘယ်နိုင်ငံသွားသွား ရှော့ပင်းမောလ်တွေဟာ ပုံစံသိပ်မကွဲပြားလှသလို ဆိုင်တွေကလည်း အပြင်အဆင် အတူတူပါပဲ။ ဒါကို မိန်းကလေးတွေက ဘာကြောင့်များ ရှော့ပင်းလုပ်ရတာ ဈေးဝယ်ထွက်ရတာကို ဝါသနာပါကြသလဲ မသိ။

"ဒီအင်္ကျီလေး ဝတ်ကြည့်လိုက်ဦးမယ်၊ ကို ခဏစောင့်ဦး"





ကျွန်တော် စိတ်ညစ်သွားပြန်သည်။ အင်္ကျီတွေရွေးလိုက် ဝတ်လိုက်လုပ်ကာ နာရီဝက်လောက်ကြာဦးမှာမို့ ဒီဆိုင်ထဲက ထွက်ရဦးမယ်မထင်။ ဒါနဲ့ပဲ ဆိုင်ရှေ့ရပ်ရင်း iphone အိုင်ဖုန်းကို ကလိနေလိုက်သည်။

ကျွန်တော် ခေါင်းကြီးငုံ့ပြီး အသည်းအသန် ဖုန်းကို ကလိနေစဉ် ကျွန်တော့်ကျောကို တစ်စုံတစ်ယောက် ဝင်တိုက်လိုက်တာကြောင့် အနည်းငယ် ယိုင်သွားပါသည်။ ကျွန်တော်လှည့်ကြည့်လိုက်သည်။

"ဆောရီး … ဆောရီး … အယ် … ဟယ် … နင်"

"ဟာ … နင် … နင် … ကြည်လင်လင်းနော်"

ကျွန်တော် သူ့ကို တော်တော်ကြီး ငုံ့ကြည့်ရသဖြင့် သူ ဆယ်တန်းတုန်းက အရပ်အတိုင်းပဲ။ အရပ်လည်းတက်မလာဘူးဟု တွေးမိသည်။ ကြည်လင်လင်းကတော့ ထုံးစံအတိုင်း မျက်လုံးကျယ်ကျယ်တွေ ပိုပြီးပြူးကျယ်ဝိုင်းစက်အောင်ကြည့်ရင်း…

"နင် ပြန်ရောက်နေပြန်ပြီလား"

"အေး … ဟုတ်တယ်"

"ဟို … နင့်အဖေ အကယ်ဒမီထပ်ရလို့ လာတာလား"

"မဟုတ်ပါဘူး၊ အဲဒီမတိုင်ခင်လေးကတင် ငါ ပြန်ရောက်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်တော့ ပြန်သွားဦးမလဲ"

"မသွားတော့ပါဘူး"

"နင့်အမေတစ်ယောက်တည်း ဖြစ်နေတယ်ဆို"

"မေမေ ကင်ဆာနဲ့ ဆုံးသွားပြီ လင်း"

"အို ... ဟုတ်လား၊ ဆောရီးဟယ် ... ငါ စိတ်မကောင်းပါဘူး။ ဆုံးသွားတာ ကြာပြီလား"

"ခြောက်လလောက်ရှိပြီ"

ထိုအချိန်တွင် ကျွန်တော့်ကောင်မလေး ဆိုင်ထဲက ထွက်လာသည်။ ဒီတစ်ခါ အင်္ကျီဝယ်တာ အမြန်ဆုံးပဲ။ ကောင်မလေးက ပန်းရောင်ဖျော့ဖျော့ ဝတ်စုံလေးနှင့် ချစ်စရာကောင်းနေသော ကြည်လင်လင်းကို အကဲခတ်သလို တစ်ချက်ကြည့်ရင်း ကျွန်တော့်လက်မောင်းကို ချိတ်လိုက်သည်။ ကျွန်တော့်စိတ်ထဲ တစ်မျိုးတော့ ဖြစ်သွားသည်။ ကြည်လင်လင်းက ကျွန်တော်တို့ကို တစ်ချက် ဖျတ်ခနဲ စုံချည်ဆန်ချည်ကြည့်ပါသည်။

"နင် အခု ဘာလုပ်နေလဲ"

ကျွန်တော် မေးလိုက်တော့ သူ ပြုံးလိုက်ပြီး ...

"ငါ နင့်ကို ဟိုတစ်ခါ ပြန်တွေ့တုန်းက ပြောထားခဲ့တာ မှတ်မိရဲ့လား"

"မှတ်မိပါတယ်၊ နင် ဆေးကျောင်းတက်နေတယ် ဆိုတာလေ"





"အေးပေါ့ ... ခုလည်း ကျောင်းတက်နေဆဲပေါ့"

"ကျောင်းမပြီးသေးဘူးလား"

"ပြီးခါနီးပါပြီ Final Part II ဖိုင်နယ်လ်ပါတ်တူးလေ။ နောက်သုံးလလောက်ကြာရင် exam အိပ်ဖန်းဖြေရမယ်။ အကုန်အောင်ရင် ကျောင်းပြီးပြီပေါ့၊ မအောင်ဘဲ တစ်ဘာသာဖြစ်ဖြစ် ကျနေရင်တော့ ပြန်ဖြေရဦးမှာပေါ့"

"ဟာ ... မကျနိုင်ပါဘူး၊ နင် ဒီလောက်ကြိုးစားတာပဲ"

"အံမယ် ... ငါနဲ့ တစ်ခါတလေမှတွေ့ပြီး ငါ့အကြောင်း သိတာကျနေတာပဲ"

ကျွန်တော့်ကောင်မလေးက ကျွန်တော့်လက်မောင်းကို ဆွဲလှုပ်ရင်း ...

"အင်္ကျီဝယ်ပြီးရင် ရုပ်ရှင်ဝင်ကြည့်မလို့ဆို"

ဟု ကျွန်တော်တို့ရဲ့ တရင်းတနှီး ဆက်သွယ်မှုကို မကျေနပ်ဟန်ဖြင့် ဝင်ပြောပါသည်။ ဘာများမကျေနပ်စရာရှိလဲ။ လင်းနဲ့ ကျွန်တော့်ကောင်မလေးယှဉ်ရင် လင်းက ချစ်စရာကောင်း ရုံကလွဲပြီး ပိုမလှ ပိုပြီးဆွဲဆောင်မှုမရှိပါ။ ကျွန်တော့်ကောင်မလေး ကတော့ ကျွန်တော် အားလုံးထဲကရွေးပြီး ရည်းစားတော်ထားတာမို့ ဘယ်မိန်းကလေးနဲ့ယှဉ်ယှဉ် သူက နှာတစ်ဖျားသာအောင်လှ တာပါ။ အရပ်အမောင်းကလည်း လင်းလို ပုပြတ်ပြတ်လေးမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



အခွက်ပေနီးပါးရှိသော ကျွန်တော်ကိုပင် မီလုအောင်အရပ်မြင့်ပါသည်။

လင်းရဲ့အသားအရေမှာ ဝါနုစ်နုစ်လေးပေမယ့် ကျွန်တော့်ကောင်မလေးကတော့ ဖြူဖွေးဝင်းနုစ်နေသော အသားအရေနဲ့မို့ ထင်းနေသည်။ လင်းဟာ သူ့ကို ဘယ်လိုမှ ယှဉ်မရပေမယ့် ကောင်မလေးကြည့်ရတာ လင်းကို နုစ်လိုပုံမရဟု ကျွန်တော် ထင်မိသည်။

"ရုပ်ရှင်က မီပါတယ်၊ ဒါ ကိုယ်သူငယ်ချင်းလေ၊ ကြည်လင်လင်းတဲ့၊ ဆေးကျောင်းတက်နေတာ"

"ဟုတ်လား ... သိရတာ ဝမ်းသာပါတယ်"

"လင်း ... သူက ရွှေဝတီတဲ့၊ ငါ့ကောင်မလေး"

ကျွန်တော် ထိုသို့ မိတ်ဆက်ပေးလိုက်တော့မှ ကောင်မလေး ကျေနပ်သွားဟန်ရှိသည်။ လင်းက ကျွန်တော်တို့ကို ကြည့်လျက် ...

"နင်တို့နှစ်ယောက်စလုံး အရပ်မြင့်မြင့် ချောချောတွေဆိုတော့ သိပ်လိုက်တယ်လို့ မှတ်ချက်ပေးပါတယ်။ စားရသောက်ရမယ့် ပွဲရှိရင်လည်း ငါ့ကိုဖိတ်ဖို့မမေ့နဲ့နော်"

"ဟား ... ဖိတ်မှာပါ၊ မကြည်လင်လင်းက ကိုယ့်သူငယ်ချင်းပဲ၊ မမေ့ထားပါဘူး"





ကောင်မလေးက ဒီလိုတွဲပြောခံရတာကို ဝမ်းသာကျေနပ်ဟန်ဖြင့် လိုက်လိုက်လှဲလှဲပြုံးလေသည်။ ခုနကလို မနာလိုသလိုလို၊ မကျေနပ်သလိုလိုဟန်တွေ မတွေ့ရတော့ချေ။

"နင့်ဖုန်းနံပါတ် ပေးထားဦးလေ၊ ဖိတ်သာဖိတ်ခိုင်းနေတာ။ ငါက နင် ဘယ်မှာနေမှန်းလဲ မသိဘူး။ ဖုန်းနံပါတ်လည်း မသိဘူး"

"နင့်ဖုန်းနံပါတ် အရင်ပြောလိုက်၊ ငါခေါ်လိုက်မယ်။ နံပါတ်ပေါ်လာမှာပဲ။ saved ဖေ့ဖ်လုပ်ထားလိုက်ပေါ့"

ကျွန်တော့်ရဲ့နံပါတ်ကို ပြောပြလိုက်ပါသည်။ လင်းက သူ့ဟန်းဖုန်းကိုထုတ်ကာ ထိုနံပါတ်တွေကို ခေါ်သည်။ လင်းရဲ့ဖုန်းက HTC အိပ်ချ်တီစီဖုန်းဖြစ်သည်။ ကျွန်တော့်ဖုန်းသံမြည်လာလျှင် ဖုန်းထဲမှာပေါ်လာသော လင်းရဲ့နံပါတ်ကို မှတ်လိုက်ပါသည်။

"ဒီတစ်ခါတော့ အဆက်အသွယ်ပြတ်စရာ မရှိတော့ပါဘူး၊ ငါလည်း မြန်မာပြည်မှာ ပြန်နေတော့မယ်။ နင့်ဖုန်းနံပါတ်လည်း ရထားတယ်ဆိုတော့"

ကျွန်တော် ဒီလိုပြောတော့ လင်းက ပြုံးနေသည်။ ...ကျွန်တော် ဘာရယ်မဟုတ် တစ်ယောက်ကိုတစ်ယောက် ...ပြန်အလှန် ကြည့်နေမိပြန်သည်။ တကယ်တော့ စဉ်းစားကြည့်



www.burmeseclassic.com

www.burmeseclassic.com



ရင် လင်းနဲ့ကျွန်တော်ဟာ သိပ်ပြီးရင်းနှီးခင်မင်လှတဲ့ ငယ်သူငယ်ချင်းအစစ်ကြီးတွေမဟုတ်တာမို့ ပြန်တွေ့ကြပေမယ့် ပြောစရာစကားတွေ သိပ်အများကြီးရှိမနေပါ။ ဒါပေမဲ့ ဘာကြောင့်မှန်းမသိ၊ ကျွန်တော့်ရင်ထဲမှာတော့ လင်းနဲ့ကျွန်တော်ဟာ တော်တော့်ကို ရင်းနှီးနေသလို ခံစားရလေသည်။

ကျွန်တော့်ကောင်မလေးကတော့ ကျွန်တော်တို့ အကြည့်ချင်း ဖလှယ်နေကြတာကို မကြိုက်မှန်း ကျွန်တော် ခံစားလို့ရပါ...ည်။

...ဟုတ်တယ်လေ။ ဘယ်ရည်းစားကများ ကိုယ့်ရည်းစားကော...်ဟာ တခြားကောင်မလေးနဲ့ အကြည့်ချင်းဖလှယ်နေတာကို ကြည့်ဖြူပါ့မလဲ။

"ရုပ်ရှင်ကြည့်ဦးမှာလား ကို"

ကောင်မလေးက သတိပေးသလိုလို ပြောလိုက်တော့ လင်းလည်း သဘောပေါက်သွားဟန်ဖြင့် ...

"အေးဟယ် ... သိပေါ့ရယ်၊ ငါလည်း မအားလို့ နောက်မှပဲ ထပ်တွေ့မှ စကားတွေပြောကြတာပေါ့၊ ခုတော့ သွားလိုက်ဦးမယ်"

ဟု သူကပင် စတင်နှုတ်ဆက်ပါသည်။

"ဆုံမှာပါ၊ ငါ မြန်မာပြည်မှာပဲ ရှိနေတော့မှာပဲ"





လင်း အသာလက်ပြပြီး လှည့်ထွက်သွားပါသည်။ ကျွန်တော်တို့နဲ့တွေ့သောအထပ်မှ အောက်ကို စက်လှေကားဖြင့် ဆင်းသွားသည့် လင်းကို ကျွန်တော် လိုက်ကြည့်မိ၏။ လင်းက သေးသေးလေးပေမယ့် လူတွေကြားထဲ ရောက်သွားပြန်ရင်လည်း ပျောက်မသွားကြောင်း ကျွန်တော် သတိထားမိသည်။

"ရည်းစားဟောင်းလား"

ရွှေဝတီက ခနဲ့သလိုလိုလေး မေးသည်။

"မဟုတ်ပါဘူး ... သူငယ်ချင်းပါ"

"တစ်ယောက်နဲ့တစ်ယောက် မျက်လုံးချင်း စကားပြောနေလိုက်တာများ၊ ဝတီ့ကိုတောင် မေ့တော့မလို့"

"မမေ့ပါဘူး၊ ဘာလို့ မေ့ရမှာလဲ၊ ဒီကောင်မလေးကို ရအောင်မနည်းလိုက်ထားရတာ၊ မေ့စရာလား"

"ပြောတာပဲ၊ ဒါပေမဲ့ ခုနက ဆေးကျောင်းသူကိုကျပော့ တတမ်းတတကိုဖြစ်နေတာ"

"ဟုတ်လား ... ကို အဲဒီလိုဖြစ်နေသလားကွာ။ ကိုယ့်ဘာသာတောင် သတိမထားမိပါဘူး"

"အဲဒီတစ်ယောက်ကိုပဲ စွဲလမ်းနေတယ်ဆိုရင်လည်း ရတယ်နော်။ ခုပဲ ဝန်ခံလိုက်။ ဝတီက နှစ်ယောက်တစ်ယောက်တွဲမှာကိုတော့ လုံးဝလက်မခံနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com




"ဘာဖြစ်တာလဲကွာ၊ ဘာတွေ ပြဿနာရှာနေတာလဲ"

အဲဒီနေ့က ကျွန်တော် ကောင်မလေးစိတ်ပြေအောင် ဆော်တော်ချော့ယူရသည်။ ရုပ်ရှင်ကြည့်ရင်းလည်း နေကြာစေ့တွေ အခွံနွာပြီး ခွံ့ကျွေးကာ ချော့ရသည်။ ရုပ်ရှင်ပြီးတော့လည်း ညဘက်ရှော့ပင်းပတ်ဖို့ လိုက်လျောပေးရသည်။ သိန်းဂဏန်းတော် တော်လေးကုန်အောင် ဝယ်ခြမ်းချော့မော့ ပေးလိုက်တော့မှပဲ အကောက်ပြေသည်။ ကျွန်တော်လည်း ဒီတစ်ခါတည်းနဲ့ မှတ် [illegible]သားလောက် ဖြစ်သွားပါသည်။

အဲဒီရည်းစားတစ်ယောက်နဲ့ပဲ အချိန်ကုန်ခဲ့လေရာ ကျွန်တော် [illegible] လင်းကိုဆက်သွယ်ဖို့လောက်တောင် စိတ်မပါတော့ပြန် [illegible]

❋ ❤ ❋






www.burmeseclassic.com

www.burmeseclassic.com



## ၁

နိုက်ဂျူတီပြီး၍ ထွက်လာသောအခါ မနက်ခင်းနေရောင်ပေမယ့် လင်းရဲ့မျက်လုံးတွေ ကျိန်းစပ်သွားပါသည်။ ညက တစ်ညလုံး မအိပ်ထားရသဖြင့် သာမန်အလင်းရောင်လေးကိုပင် လင်း,မျက်လုံးတွေက ခံနိုင်ရည်မရှိသလို ဖြစ်နေသည်။ လင်း ကားထဲမြန်မြန်ဝင်ထိုင်လိုက်ပြီး နံနက်စောစောပေမယ့် နေကာမျက်မှန်ကို ထုတ်တပ်ပြီး ကားမောင်းလိုက်ပါသည်။

လင်း ကားလေးကို ဖြည်းဖြည်းမှန်မှန်သာ မောင်းလာခဲ့သည်။ လင်းရဲ့ကားက ရိုးရိုးသာမန်ဆလွန်းအဟောင်းလေးပေမယ့် စက်တော့ ကောင်းပါသည်။ ဖေဖေ မေမေတို့ကတော့...

"နိုက်ဂျူတီသွားရရင် ဖေဖေနဲ့မေမေ လိုက်ပို့မှာပေါ့ သမီးရယ်။ မနက်လည်း လာကြိုမှာပေါ့၊ ဘာလို့ ကိုယ့်ဘာသာ ကားမောင်းနေမလဲ"





ဟု စိုးရိမ်ပြီးပြောပေမယ့် လင်းက လက်မခံ။ လင်းက ကားမောင်းရတာကို ဝါသနာပါသည်။ သူများမောင်းပေးသောကားကို ဓိမ်နဲ့လိုက်မစီးချင်။ အထူးသဖြင့် ကိုယ်က အလုပ်သင်ဆရာဝန် ဖြစ်နေတာတောင် အဖေအမေတွေ ဒုက္ခခံပြီး အကြိုအပို့ လုပ်ရမှာကို မလိုလားတာဖြစ်သည်။

လင်းက ကားကို ဖြည်းဖြည်းမှန်မှန် မောင်းလာရင်း မီးပွိုင့်မှာ မီးနီသဖြင့် အသာရပ်လိုက်သည်။ နံနက်ရှစ်နာရီလောက် အချိန်မို့ ကားတွေလူတွေ ရှုပ်ထွေးနေပြီမို့ ကိုယ်ကလည်း အိပ်ရေးပျက်ထားသည်မို့ သတိထားပါသည်။

လင်း ကားရပ်ပြီး သိပ်မကြာခင်မှာပင် လင်း၏ကားနောက်မှာ ဝင်ရပ်လိုက်သောကားက လင်း၏ကားနောက်ဘန်ပါကို ဂျိတ်ခနဲ လာတိုက်မိလိုက်သံ ကြားလိုက်ရလေသည်။ နောက်က ဝင်တိုက်မိသော အရှိန်ကြောင့် လင်း၏ကိုယ်လေးပင် ရှေ့ကို ငိုက်ခနဲဖြစ်သွားသည်။ ငိုက်သွားသည့်အရှိန်ကြောင့် နဂိုကခေါင်းနည်းနည်းမူးနေသော လင်း၏ခေါင်းတွေ ထိုးကိုက်လာပါသည်။

အိမ်မြန်မြန်ပြန်ရောက်ပြီး အိပ်ချင်ပါသည်ဆိုမှ ကိုယ့်ကားကို သူများကားက နောက်ကဝင်တိုက်ခံရပြန်သဖြင့် စိတ်တော်တော်ညစ်သွားသည်။ ရှင်းရလင်းရဦးမယ်။ စကားတွေ ပြောရဦးမယ်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ကားမှ လူတစ်ယောက် ဆင်းလာနေစဉ် သင်းလည်း ကားမှန်ကို အသာချကာ စောင့်နေလိုက်သည်။

"ဆောရီးဗျာ ... ကျွန်တော် ... ဟာ ... ဟာ ... လင်း ... ကြည်လင်လင်းပါလား"

"ဟယ် ... သီပေါ"

လင်းသည် သီပေါနဲ့တိုက်တိုက်ဆိုင်ဆိုင် တွေ့ရသဖြင့် အံ့သြသွားသည်။

"နောက်ကကားတွေ ဆဲနေပြီ၊ နင့်ကားရော ငါ့ကားရော ဘေးချရပ်မှဖြစ်မယ်ထင်တယ်"

သီပေါက နောက်ကိုလှည့်ကြည့်ပြီးပြောသည်။

"အေး ... ဟုတ်တယ်"

လင်းလည်း ကားကိုမီးပြပြီး ပလက်ဖောင်းဘေးတစ်နေရာမှာ ခဏဝင်ရပ်လိုက်သည်။

လင်းတောင် ကားပေါ်ကမဆင်းရသေးခင်မှာ သီပေါအပြေးရောက်လာသည်။

"လင်း ... ဆောရီးပါဟာ၊ ငါ အတွေးလွန်သွားလို့ မီးပွိုင့်ရောက်မှ မီးနီနေတာတွေ့ပြီး ချက်ချင်းဘရိတ်အုပ်လိုက်မိတာတောင် မမီလိုက်ဘူး။ နင့်ကားကို ဝင်တိုက်မိတယ်"

"အေး ... အဲဒါဆိုလည်း လျော်ပေါ့ဟယ်"





"လျော်ပါ့မယ်ဟာ"

"အလကား နောက်တာပါ၊ နင်လျော်ပေးမ[illegible]မှန်း သိပါတယ်"

"လင်း နင် ဘာဖြစ်နေတာလဲ"

လင်း၏မျက်မှောင်လေးတွန့်ပြီး နားထင်လေးကို အသာနှိပ်နေသဖြင့် သီပေါ မေးလိုက်တာဖြစ်သည်။

"ခေါင်းကိုက်သွားလို့"

"ငါ့ကြောင့်လား"

"အစတည်းက အိပ်ရေးမဝလို့ ခေါင်းနည်းနည်းမူးနေတာလေ။ နောက်ကဝင်တိုက်တဲ့အရှိန်ကြောင့် လူက နည်းနည်းခေါင်းငိုက်သွားတာရော၊ စိတ်ညစ်သွားတာရော ပေါင်းပြီး ခေါင်းကိုက်သွားတာလေ။ ငါ ညကလုံးဝမအိပ်ရသေးဘူး"

"ဟင် ... ဘာဖြစ်လို့လဲ"

"နိုက်ဂျူတီ ဆင်းလာရတယ်လေ"

"သြော် ... ဟုတ်လား၊ နင် အခု ဆေးရုံမှာ အလုပ်ဝင်နေပြီလား"

"ဟောက်(စ)စပြီးဆင်းနေတာပါ။ ဆရာဝန်မဖြစ်သေးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"နင်တောင် ကျောင်းပြီးသွားပြီ၊ ငါလည်း နင့်ဖုန်းနံပါတ်သာ ယူထားတာ။ ဆက်တောင် မဆက်ဖြစ်ဘူး"

"ရပါတယ်"

"ကဲ ... အခု၊ နင်ဘယ်လိုလုပ်ချင်လဲ"

သီပေါက ကားနောက်ဘန်ပါကြီး တစ်ခြမ်းစောင်းပြုတ်ကျမလို ဖြစ်နေသော လင်း၏ကားကို လက်ညှိုးထိုးပြီးမေးလိုက်သည်။

"ဘာလုပ်ရမလဲ၊ ဝပ်ရှော့မှာ ပြင်ရမှာပေါ့။ နင် ဒုက္ခပေးလိုက်တာလေ"

"ဘယ်ဝပ်ရှော့မှာ ပြင်ချင်လဲ"

"မသိဘူး ... မစဉ်းစားချင်သေးဘူး။ အခုလောလောဆယ် ခေါင်းအရမ်းကိုက်တာပဲ သိတယ်။ အိမ်မြန်မြန်ပြန်ပြီး အိပ်ချင်လှပြီ"

"ဒါဆိုလည်း ပြန်လေ။ နင် နိုးတဲ့အချိန်ကျမှ ငါ့ကိုဖုန်းဆက်လိုက်။ ငါ လိုက်ပြင်ပေးမယ်၊ အဲ ... ဒါမှမဟုတ်"

သီပေါက ပြောရမှာ အားနာဟန်ဖြင့် လက်ကိုခါးတစ်ဖက် ခပ်ပြေပြေထောက်၊ ကျန်လက်တစ်ဖက်ရဲ့လက်ညှိုးနဲ့ နားထင်ကိုကုတ်လိုက်၊ မျက်ခုံးကိုကုတ်လိုက် လုပ်နေသဖြင့် လင်းလည်း သဘောပေါက်သွားပြီး ...





"ဘာလဲ ... ဘာပြောချင်လို့လဲ၊ နင့်ပုံစံက အားနာတဲ့ပုံ ဘာလို့ဖြစ်နေရတာလဲ"

"ဟို ... အဟဲ ... လျော်ကြေးပဲ ပေးလိုက်ရမလားလို့ပါ"

"နင့်သဘောပဲ၊ နင် အဆင်ပြေတာလုပ်"

"ငါကတော့ နင့်ကားကို ငါကိုယ်တိုင် လိုက်ပြင်ပေးချင်တာပေါ့"

"အေး ... အဲဒါလည်း ကောင်းတာပဲ ငါလုပ်စရာမလိုတော့ဘူးပေါ့"

"ဒါဆို ငါ ညနေသုံးနာရီလောက် ဖုန်းဆက်ရင် ရမလား"

"ရတော့ ရတယ်"

"ရတော့ ရတယ်ဆိုတာ ဘာကို ဆိုလိုတာလဲ"

"ဘာကြောင့်လဲ ဆိုတော့ ငါက နိုက်ဂျူတီပြန်ဝင်ရဦးမှာ သုံးရက်ဝင်ရမှာ။ ကားကို သွားပြင်နေရင် ငါက ဘာကားနဲ့သွားမလဲ"

"ငါ အကြံအပို့ လုပ်ပေးလို့ရတယ်"

"ကဲပါ ... အဲဒါ နောက်မှတိုင်ပင်ကြမယ်၊ ငါသွားတော့မယ်နော်။ အိမ်ရောက်မှ ရေချိုးမုန့်စား၊ ဆေးသောက်ပြီး အိပ်ရမှာမို့ပါ"

"ရတယ် ... သွားတော့ ... သွားတော့၊ ငါ နားလည်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



သီပေါသည် လင်းကားလေး ထွက်သွားတာကို ခါးခပ်ပြေပြေထောက် ရပ်ရင်းကြည့်ကျန်ခဲ့သည်။ စိတ်ထဲမှာ မျက်လုံးလေး ခပ်ရီရီ၊ မျက်တွင်းချောင်ချောင်၊ မျက်နှာလေးဖြူဖျော့ဖျော့၊ ဆံပင်လေးခပ်ပွပွနဲ့ ပင်ပန်းနေပုံပေါက်နေတဲ့ လင်းရဲ့ မျက်နှာလေးကို သတိတရရ ဖြစ်နေမိသည်။

လင်းနဲ့တွေ့တိုင်း ရင်ထဲမှာ ဘာတွေမှန်းမသိ ရှုပ်ထွေးလျှက် လင်းကို နောက်တစ်ခါ ထပ်တွေ့ချင်စိတ်တွေ ဖြစ်လာတတ်သည်။ သို့သော် သီပေါဘက်က တော်တော့်ကို နမော်နမဲ့နိုင်မှု၊ မေ့လွယ်မှုတွေကြောင့် ခဏခဏ လင်းနဲ့အဆက်အသွယ်ပြတ်သွားတာလည်းဖြစ်သည်။ တကယ်တော့ လင်းနဲ့ပြန်ဆုံရပြန်ရင်တော့ မဆုံဖြစ်ခဲ့တဲ့အချိန်တွေကို ပြန်နမြောနေမိကာ နောင်တရမဆုံး ဖြစ်နေတတ်သည်။

ဒီတစ်ခါတော့ လင်းနဲ့ အဆက်အသွယ်ပြတ်လို့ မဖြစ်တော့ဘူး။ အခုလို အကြာကြီးမတွေ့ဘဲ ပြန်တွေ့ကြရတော့မှ မတွေ့ခဲ့ရတဲ့ အချိန်တွေကို နမြောလို့မဆုံး ဖြစ်နေမိတယ် လင်းရယ်။

❊ ❤ ❊





## ၂

ကားကို ဝပ်ရှော့မှာ ထားလိုက်ရသည်ဖြစ်ရာ လင်း၏နိုက်ဂျူတီ ဆေးရုံအကြိုအပို့ကို သီပေါက တာဝန်ယူပေးပါသည်။ နှစ်ရက်လုံးလုံး သီပေါက အိမ်မှာလာခေါ် ဆေးရုံမှာ ညရှစ်နာရီဝင်ဖို့ သွားပို့ပေး၊ မနက်ကျ ပြန်လာကြိုပေး လုပ်သဖြင့် လင်း၏အသွားအပြန် ပြဿနာက အဆင်ပြေသွားပါသည်။

မနက်အစောကြီးဆို ဘယ်လိုမှ မထချင်တတ်သော သီပေါအတွက်တော့ ဒါဟာ အကြီးအကျယ် စိန်ခေါ်ပွဲကြီးလိုပဲ ဖြစ်ခဲ့သည်။ နှိုးစက်ပေးပြီး ထရသဖြင့် လင်းကို လာကြိုချိန်တိုင်း အိပ်ရေးမဝသော သူ့မျက်လုံးတွေကို လင်းက ရယ်လေသည်။

"မနက်ခြောက်နာရီကျမှ ထလာရတာပါဟယ်၊ တစ်ညလုံး အိပ်ရတဲ့လူကများ အိပ်ချင်မူးတူး ရုပ်ကြီးနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"တစ်ညလုံး ငါ အိပ်တယ်လို့ နင့်ကို ဘယ်သူကများပြောလဲ"

"အံမာ ... မအိပ်ဘူးလား"

"ငါက ညဆို တစ်နာရီ နှစ်နာရီမှအိပ်တာ အကျင့်ပါနေပြီ"

"နင့်ကို ငါပြောသားပဲ၊ လာမကြိုနိုင်ရင် မကြိုနဲ့၊ ငါကား ငှားပြီး ပြန်လို့လည်းရတယ်။ ဖေဖေ့ကိုတော့ ဒီတစ်ရက် နှစ်ရက် လာကြိုခိုင်းလည်းရတယ်"

"ငါ့ကြောင့် နင့်ကားဖြစ်ရတာလေ၊ ငါ့တာဝန်ပဲ ငါလုပ်ပေးရမှာပေါ့"

"ဩော် ... နင်က တာဝန်ကျေချင်တာ"

လင်းက ခနဲ့သလိုလေး ပြောသဖြင့် သီပေါ်မြန်မြန် ရှင်းပြရပါသည်။

"မဟုတ်ပါဘူး ... မဟုတ်ပါဘူး လင်းရယ်။ ငါ နင့်ကို တကယ်အကြိုအပို့လုပ်ချင်လို့ပါ၊ ဒီလိုပဲ အမြဲအကြိုအပို့ လုပ်နေချင်တယ်"

"အံမာ ... ဘာစကား ပြောတာလဲ"

"အမြဲတမ်း အကြိုအပို့ လုပ်ချင်တာလေ၊ ဘာစကားဖြစ် နေလို့လဲ"





သုံးရက်မြောက် နိုက်ဂျူတီလည်းအထွက်မို့ သီပေါ က လင်းကို အိမ်တိုက်ရိုက်ပြန်မပို့သေးဘဲ မနက်စာလက်ဖက် ရည်နဲ့မုန့် စားသောက်ဖို့ ခေါ်လာသဖြင့် သူတို့အတူ ဆိုင်တစ် ဆိုင်ဝင်ထိုင်ရင်း စကားတွေ ဟိုရောက် ဒီရောက် ပြောနေကြတာ ဖြစ်သည်။ မုန့်မျိုးစုံ၊ စားစရာမျိုးစုံရသော လက်ဖက်ရည်ဆိုင်ကြီး မှာ စည်ကားပြီး လူပေါင်းစုံ အသံတို့ဆူညံနေပေမယ့် သီပေါ်နဲ့ လင်းတို့ကတော့ နှစ်ယောက်တစ်ကမ္ဘာလိုဖြစ်ကာ စကားနိုင်လုနေ မိကြသည်။

သူတို့ကြားမှာ ဘာမှန်းမသိသော ပတ်သက်မှုက တော့ ရှိပေမယ့် ဒါကိုဖုံးကွယ်ဟန်ဆောင်လျက် အီစီကလီလိုလို ပုံစံ ဖမ်းနေမိကြသည်။

ပြန်တွေ့ကြချိန် သုံးရက်လေးအတွင်းမှာပဲ သူတို့ ရင်ထဲမှာတော့ တစ်စုံတစ်ရာ ရင်းနှီးမှုတစ်ခုက အခုမှစတင်ရှင် သန်လာသလိုလည်း အသီးသီး ခံစားနေကြရသည်။ ဘယ်တုန်းက အမြစ်တွယ်နေမှန်းမသိတဲ့ တစ်ယောက်အပေါ်တစ်ယောက် စိတ် ဝင်စားမှုဟာ အခုမှ ခေါင်းထောင်လာသလို ဖြစ်နေသည်။

"နင့်အကြောင်းတွေ ငါ ဘာမှမသိရသေးဘဲနဲ့ နင်ပြောသမျှ ယုံဖို့ လုံးဝမစဉ်းစားဘူးနော်"

"ငါ့အကြောင်း ဘာပြောစရာလိုလဲ၊ ဘာမှရှုပ်တာမရှိဘူး၊ ရှင်းရှင်းပဲ"



www.burmeseclassic.com

www.burmeseclassic.com



လင်းက သီပေါမျက်နှာကို ခပ်မှုန်မှုန်စိုက်ကြည့်ကာ အကဲခတ်ဟန်ပြုလိုက်သည်။ သီပေါဟာ မျက်ခုံးမည်းနက်နက်တွေနဲ့ မျက်တောင်တိုတို ထူထူစိပ်စိပ်တွေလည်း ရှိတာမို့ မျက်ဝန်းတစ်ဝိုက်ကတော့ တစ်မျိုးလေး ထင်ရှားနေသည်။ အသားအရေ တော်တော်ကိုဖြူတဲ့အထဲပါပြီး အရပ်မြင့်မြင့်မားမားနဲ့၊ ရုပ်ရည်ကလည်း ချောတဲ့အထဲပါတဲ့ ယောက်ျားလေးမို့ မိန်းကလေးဘိုင်းက ချစ်သူတော်ချင်စရာပုံစံမျိုး ဖြစ်နေသည်။

ဒီကြားထဲ အဖေက နိုင်ငံကျော်အကယ်ဒမီရုပ်ရှင်မင်းသားကြီး ဖြစ်နေသေးရာ သီပေါဟာ မိန်းကလေးအသိုင်းအဝိုင်းမှာတော့ ပေါ်ပြူလာဖြစ်ကို ဖြစ်မှာပါ။ သူ့ကိုဆို မင်းသားတစ်ပါးလို ဆက်ဆံမယ့် မိန်းကလေးတွေကြားမှာ အချစ်ဆိုတာလည်း လိုသလိုရနေမှာမို့ သူ့ဆီကစကားတွေဟာ ဆယ်ခွန်းမှာ ကိုးခွန်းဟာ ယုံဖို့မကောင်းတဲ့ စကားတွေချည်းပဲဖြစ်မည်။

"ရည်းစား ဘယ်နှယောက်ရှိလဲ"

"ရှိခဲ့လဲလို့မေး၊ အခု ဘယ်တစ်ယောက်မှ မရှိတော့ဘူး"

"လိမ်တာ"

"မလိမ်ပါဘူး၊ တကယ်မရှိတော့တာ။ တစ်ခါတလေ ရည်းစားမရှိဘဲ တစ်ယောက်တည်း နေကြည့်ချင်လို့"

"ငါကတော့ နင့်ရည်းစားစာရင်းထဲ မပါနိုင်ဘူးနော်။ စောစောစီးစီး ကြိုပြောထားမယ်"





လင်းက ပြောင်ပင် ဖွင့်ပြောချလိုက်သည်။ သီပေါက ဟက်ခနဲရယ်သည်။

"ကြိုက်တယ် ... နင် အဲဒီလို ပွင့်ပွင့်လင်းလင်း ပြောတာကို ကြိုက်တယ်၊ စိတ်ချပါ ငါကလည်း နင့်ကို သူငယ်ချင်းလိုပဲ ဆက်ဆံပါမယ်၊ သူငယ်ချင်းတွေမို့ အကြံအပို့လုပ်ပေးချင်တယ်၊ နင်အလိုရှိရင် နင့်ဘေးမှာ ငါအဆင်သင့်ရှိနေပေးမယ်၊ ဘယ်လိုလဲ အဲဒါဆို လက်ခံမလား"

"နင်နဲ့ ငါ ခုမှ ပြန်တွေ့ကြတာနော်။ အရင်က အဲဒီလောက်ကြီးလည်း မရင်းနှီးခဲ့ဘဲနဲ့"

"အခုမှ ပြန်ဆုံတွေ့ပြီး ခင်ရင်လည်းရတာပဲ၊ ဘာလဲ ... နင့်ဘက မကြိုက်မှာစိုးလို့လား"

"အစ်သလိုသာ မေးမနေနဲ့ မပြောဘူး"

"ကဲပါ လင်းရာ၊ ရှည်ရှည်ဝေးဝေးတွေ ပြောမနေပါနဲ့၊ ငါ နင့်အနားမှာ နေချင်တယ်။ နင်အလိုရှိရင် ကူညီချင်တယ်။ ငါ လိုအပ်တဲ့အခါလည်း နင် ငါ့ဘေးမှာနေပေးပါ။ ငါက တိုင်ပင်စရာရှိရင်လည်း နင် နားထောင်ပေးပါ။ ငါ အဲဒီလို ပုံစံမျိုးနဲ့ မိန်းကလေးတစ်ယောက်ကို ခင်မင်ချင်တယ်။ ရင်းနှီးချင်တယ်။ ဘာအနှောင်အဖွဲ့မှ မလိုဘူး။ ဘာကြိုးနဲ့မှချည်ဖို့ မလိုဘူးလေ။ အဲဒါမျိုးကို ခုလောလောဆယ် ငါ အရမ်းလိုအပ်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



လင်း သူ့ကိုငေးကြောင်ပြီး ပြန်ကြည့်နေမိသည်။

"ငါ တကယ်ပြောတာပါ။ ငါ တစ်ခါတလေကျရင် မိန်းကလေးတစ်ယောက်ကို သာမန်ပဲ ခင်မင်ချင်လို့ ရောတာပါ။ ဒါပေမဲ့ သူတို့ဘက်ကတော့ ခင်ရုံမင်ရုံအဆင့်ထက် ပိုတာကို လိုချင်လာကြတယ်။ သီပေါဟာ ငါ့ရဲ့ဘယ်သူဘယ်ဝါဆိုတဲ့ပုံစံနဲ့ တွဲပြချင်ကြတယ်။ ကြာတော့ ငါ အဲဒါကို sick ဆ(န်)ဖြစ်လာတယ်။ ငါ့ဘဝမှာ ရင်းရင်းနှီးနှီးဆွေးနွေးတိုင်ပင် အကြံပေးမှုနဲ့ စကားပြောလို့ရမယ့် မိန်းကလေး သူငယ်ချင်းမျိုး မရနိုင်တော့ဘူးလားလို့ တွေးမိပြီး နင့်ကို သတိရမိတတ်တယ်

လင်း မယုံနိုင်သလို ဖြစ်နေသည်။

"နင် တကယ်ပြောနေတာလား"

သီပေါ ခပ်သွက်သွက်ပဲ ခေါင်းညိတ်ပြမိ၏။ မညိတ်လို့မဖြစ်ဘူးလေ။ လင်းကို သူငယ်ချင်းအဖြစ် တွဲလိုပါတယ်ဆိုတာ လင်း သိမှဖြစ်မယ်။

"နင့်မှာ ယောကျ်ားလေးသူငယ်ချင်းတော့ ရှိမှာပေါ့"

"ရှိတယ်၊ ဒါပေမဲ့ ဘယ်သူမှ ငယ်သူငယ်ချင်း မဟုတ်ဘူး"

"ငါလည်း နင့်ရဲ့ငယ်သူငယ်ချင်း မဟုတ်ပါဘူး၊ ဆယ်တန်းတစ်နှစ်လုံး အတူတူတက်ခဲ့တာတောင် စကားတစ်ခွန်းမပြောဖြစ်ခဲ့ကြပါဘူး"





"ဆယ်တန်းအောင်တုန်းက စကားပြောဖြစ်ကြတယ်လေ။ အဲဒါ ငါ့ဘဝမှာ မှတ်မှတ်ရရ ဖြစ်ခဲ့တယ်။ အဲဒီထဲက နင်ဟာ ငါ့သူငယ်ချင်းလို့ စိတ်ထဲမှာ မှတ်ထားခဲ့မိတယ်"

သီပေါက ဆယ်တန်းအောင်သည့်နေ့က အကြောင်းသည့်ပြောလေရာ လင်းရဲ့စိတ်ထဲမှာတော့ သူ ဒါကိုသတိရနေသေးပါလားလို့ ထင်မိသည်။ လွန်ခဲ့တဲ့ ရှစ်နှစ်ဆိုသော အချိန်ကာလဟာ တစ်စုံတစ်ရာကို သိပ်မှတ်မှတ်ရရ မရှိခဲ့ရင် အလွယ်တကူမေ့လို့ ရလိုက်နိုင်တာမျိုး မဟုတ်လား။

"ဘယ်လိုလဲ"

သီပေါက ကလေးဆန်စွာပင် သူ့ရဲ့ညာဘက်လက်သန်းတစ်ချောင်းကို ခပ်ကွေးကွေးလေးလုပ်ရင်း လင်း မျက်နှာရှေ့ လာထိုးပြကာ မေးသည်။ ခေါ်မလား ခေါ်ရင် နင့်လက်သန်းလာချိတ် ဆိုတဲ့ပုံစံ။ လင်း ရယ်ချင်သွားပါသည်၊ လင်းတွင် ယောကျ်ားလေးသူငယ်ချင်းတွေ ရှိပါသည်။ ဆေးကျောင်းအသိုင်းအဝိုင်း၊ ဆေးရုံအသိုင်းအဝိုင်းဆိုတာက ယောကျ်ားလေး၊ မိန်းကလေး တရင်းတနှီး ခင်ခင်မင်မင် ပေါင်းသင်းဆက်ဆံတတ်ကြသော အသိုင်းအဝိုင်းမို့ လင်းတွင် ယောကျ်ားလေးသူငယ်ချင်းမိတ်ဆွေများပါ။ သီပေါကို သူငယ်ချင်းတစ်ယောက်အဖြစ် ထပ်ပြီးလက်ခံနိုင်စရာလည်း မရှိပါဘူးဟု လင်း တွေးမိလေသည်။

www.burmeseclassic.com



လင်း သူမ၏ညာဘက်လက်သန်းလေးဖြင့် သီပေါ၏လက်သန်းကို ချိတ်လိုက်ပါသည်။ သီပေါ ဝမ်းသာသလိုဖြင့် ဟားခနဲရယ်၏။

“သိပ်ပျော်မနေနဲ့ ရိုးရိုးသားသား သူငယ်ချင်းအဆင့်ပဲ ရမယ်နော်၊ အဆင့်မတိုးနဲ့”

“မတိုးဘူး ... မတိုးဘူး ... စိတ်ချ”

“နင်က ရည်းစားများတော့ နင်နဲ့ငါ သိပ်တွဲရင် တခြားလူတွေက ငါ့ကို နင့်ရည်းစားလို့ ထင်မှာစိုးရိမ်တယ်၊ ငါ အဲဒီလို အထင်မခံချင်ဘူး”

“အေး ... ကောင်းပြီး ဒါဆို နင်နဲ့ငါ တွဲသွားတိုင်း ငါ့လည်ပင်းမှာ စာချိတ်ထားမယ်၊ သူနဲ့ကျွန်တော် ရည်းစားမဟုတ်ပါဘူး၊ သူငယ်ချင်းတွေပါခင်ဗျာလို့လေ”

လင်း သီပေါကို မျက်စောင်းကြီးထိုးပြီး လက်မောင်းကို တစ်ချက်ပိတ်ရိုက်လိုက်ပါသည်။

“ကဲ ... သူငယ်ချင်းတွေဖြစ်တဲ့အတွက် ဖုန်းလည်းအပြန်အလှန်ဆက်မယ်။ မက်ဆေ့ချ်တွေပို့မယ်၊ တစ်ယောက်က လိုအပ်ရင် နောက်တစ်ယောက်က ကူညီဖို့လည်း အသင့်ဖြစ်နေရမယ်၊ မွေးနေ့တွေကျရင် သူကြိုက်တာ ကိုယ်ကြိုက်တာလေးပေါ့ လက်ဆောင်ပေးကြမယ်၊ တိုင်ပင်၊ ဆွေးနွေး၊ အကြံပြုစရာ၊ ဝေဖန်စရာရှိရင်လည်း အားမနာတမ်းဝေဖန်ပြောဆိုကြမယ်”





“အဲဒါ စည်းကမ်းချက်တွေလား”

“သတ်မှတ်ချက်တွေပါ”

“သီပေါရယ် ... သူငယ်ချင်းဖြစ်ရင်လည်း ဖြစ်ပြီပေါ့၊ ဘယ်ကဘယ်လို ပေါ်လာမှန်းမသိတဲ့ သတ်မှတ်ချက်တွေနဲ့။ ငါ့မှာလည်း ယောကျ်ားလေးသူငယ်ချင်းတွေ ရှိပါတယ်၊ နင့်လို ကြောင်တောင်တောင် သတ်မှတ်ချက်တွေ မထားပါဘူး”

“အလကားနောက်တာပါ လင်းရယ်။ ဘာပဲဖြစ်ဖြစ် နင်နဲ့ငါ ခင်ရတာ ငါ တကယ်ဝမ်းသာတယ် သိလား”

လင်းကတော့ ဘာအဓိပ္ပာယ်တွေမှန်းမသိ၊ ဘာကြောင့်မှန်းမသိ အခုမှ သူငယ်ချင်းဖြစ်ချင်၊ ခင်ချင်နေသော သီပေါကို လက်ခံခင်မင်လိုက်တာဟာ မမှားပါဘူးဟု သူမဘာသာ ဆုံးဖြတ်နေလေသည်။

❄ ❤ ❄



www.burmeseclassic.com

www.burmeseclassic.com



## ၃

“နင် အခု ဘာလုပ်နေလဲ”

“ဆေးရုံမှာ အလုပ်လုပ်နေတယ်၊ ခဏခဏမက်ဆေ့(ချ်)ပို့မနေနဲ့”

“သတိရနေတယ်”

“နောက်ထပ် မက်ဆေ့(ချ်)ဝင်လာရင် ငါ ဖုန်းပိတ်ပြီ”

“ဟား ဟား”

သီပေါ ရယ်သံကိုရေးပို့လိုက်ပြီး မက်ဆေ့(ချ်)ပို့တာကို ရပ်လိုက်ပါသည်။ ကော်ဖီဆိုင်ထဲမှာ ထိုင်နေရင်း ဖုန်းဖြင့် လင်းဆီ မက်ဆေ့(ချ်)တွေ ပို့နေမိတာဖြစ်သည်။ သီပေါ၏အမူအရာကို အကဲခတ်နေသော မိုးဦးက ပြုံးစေ့စေ့လုပ်ရင်း ...

“ဘယ်သူလဲကွ”





ဟု မေးလိုက်လေသည်။

“သူငယ်ချင်းပါ”

“ဩော် ... ဩော် ... သိပြီ၊ လင်း ဆိုတာလား”

“ဟောကောင် ... ကြည်လင်လင်းကွ၊ လင်းလို့ခေါ်စရာ အကြောင်းမရှိဘူး”

“မင်းပြောတော့ သူငယ်ချင်းဆို၊ ဘာလို့ နာမည်ကအစ သဝန်တိုနေတာလဲ”

“လင်းက သူငယ်ချင်းသန့်သန့်လေးကွ၊ ဘာမှအနှောင်အဖွဲ့မရှိဘူး၊ ဒါပေမဲ့ လင်းကို ငါစောင့်ရှောက်ရမယ့်တာဝန်ရှိတယ်၊ ဘယ်သူကမှ လင်းကို ထိကပါးရိကပါးပြောတာ မကြိုက်ဘူး၊ လင်းဟာ ငါနဲ့ပဲဆိုင်တယ်”

“မင်းတို့ဟာကလည်းကွာ၊ ဘာတွေမှန်းမသိဘူး”

“ဘာတွေမှန်းမသိလဲ ဒီတိုင်းနေလိုက်ကွာ”

မိုးဦးက လက်အသာပိုက်၍ သီပေါကို ဖော့စေ့ကြည့်ပါသည်။

“ဒါဖြင့် ငါမေးမယ်၊ မင်း အဲဒီ ကြည်လင်လင်းအပေါ် လုံးဝမရိုးမသားစိတ် မဖြစ်ဘူးလား၊ သူငယ်ချင်းလိုပဲ တကယ်သဘောထားနိုင်လား”

သီပေါ မဆိုင်းမတွ ဖြေလိုက်ပါသည်။

www.burmeseclassic.com



"သူငယ်ချင်းလေ ... သူငယ်ချင်းပဲပေါ့၊ ငါ သူ့ကို ပြန်တွေ့ချိန်မှာ ငါ့စိတ်ထဲမှာ သူဟာ အကြာကြီးကွဲနေတဲ့ သူငယ်ချင်းတစ်ယောက်အဖြစ် တကယ်ခံစားရတယ်၊ ဘာကြောင့်မှန်းမသိ သူ့ကို အရမ်းခင်မိတယ်"

"ကြည်လင်လင်းကရော အဲဒီသဘောအတိုင်းပဲလို့ ထင်လား"

"ဟာ ... ထင်တာမဟုတ်ဘူး။ သိကိုသိတာ၊ လင်းက ငါ့ထက်တောင် ပိုသေချာသေးတယ်၊ သူက ကြိုပြောထားတာ၊ သူငယ်ချင်းတွေလိုပဲ ခင်ကြမယ်။ ဘာအဲနှောင်အဖွဲ့မှ မထားကြေးတဲ့"

"မင်းတို့ဟာကလည်း အထူးအဆန်းပဲ၊ ငါတော့ ဒီလိုပုံစံနဲ့ ပတ်သက်တာဟာ သိပ်ကြာရှည်မခံဘူးလို့ မြင်တယ်"

"ဘာကိုကြာရှည်မခံရမှာလဲ"

"မင်းတို့ထဲက တစ်ယောက်ယောက်ကတော့ စိတ်ပြောင်းရင် ပြောင်းလာနိုင်တယ်၊ ပြောင်းလာနိုင်တာတောင် မဟုတ်ဘူး။ ပြောင်းနေရက်သားနဲ့ ကိုယ့်စိတ်ကိုယ်လိမ်ညာပြီး သူငယ်ချင်းတွေပါလို့ အော်နေတာလည်း ဖြစ်နိုင်တာပဲ"

မိုးဦး အဲဒီလိုဝေဖန်တော့ သိပေါ မခံချင်။ သူ့စိတ်ထဲမှာ လင်းကို ခင်စရာကောင်းသော သူငယ်ချင်းကလေးအဖြစ်





အမြစ်တွဲနေပြီ။ လွန်ခဲ့တဲ့ ရှစ်နှစ်ကာလကတည်းက လင်းကို သူကျိတ်ပြီး ခင်ခဲ့ရတာမို့ ဒါဟာ လုံးဝပြောင်းလဲစရာမရှိလို့တောင် ဆင်သည်။

"လင်းဟာ လွန်ခဲ့တဲ့ရှစ်နှစ်ထဲက ငါ့စိတ်ထဲမှာ အရမ်းခင်ချင်ခဲ့တဲ့ သူငယ်ချင်းပဲ။ ဒါကြောင့် အခုအခြေအနေပေးလို့ ပြန်တွေ့ရတော့ သူငယ်ချင်းအဖြစ် လက်တွဲမိကြတယ်ဒါပဲ၊ ဘာမှမရှုပ်ဘူး"

"အေး ... ဒါဆို သေချာလား၊ မင်း, ငါနဲ့လောင်းမလား"

"အောင်မာ အလောင်းအစားတွေ ဘာလို့ ငါ စိတ်ဝင်စားရမှာလဲ"

"ငါလောင်းမှာက သန့်သန့်လေးပဲ၊ ဘာမှ မရှုပ်ဘူး။ ဘယ်သူ့ကိုမှ ထိခိုက်တာမရှိဘူး"

သိပေါ အသံမထွက်ဘဲ နှုတ်ခမ်းလှုပ်ရုံ အမူအရာဖြင့် မိုးဦးကို ပျစ်ပျစ်နှစ်နှစ် ဆဲပြလိုက်မိ၏။

"ငါတို့ဘာသာ သူငယ်ချင်းလို ခင်တာမင်တာ တွဲတာ မက်ဆော့(ချ်)တွေ အပြန်အလှန်ပို့တာကို ဘာကြောင့်ကြည့်မရ ဖြစ်နေတာလဲ"

"အမြင်ကတ်တာကွ၊ တစ်ခုခုကို လိမ်ညာဖုံးကွယ်ပြီး သူငယ်ချင်းတွေပါလို့ အသံကောင်းဟစ်နေလို့။ မင်းတို့



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်ပုံစံက မှုမှန်မဟုတ်ဘူး။ ဘာတွေဟန်ဆောင်နေကြမှန်း မသိဘူး။ ချစ်ရင်ချစ်တယ် ကြိုက်ရင်ကြိုက်တယ် ပြောလိုက်ကြတာလည်း မဟုတ်ဘူး။ သူငယ်ချင်းလိုပဲဆက်ရှ်ခေါ်မည်ခိုင် ဓာတ်လမ်းနဲ့ စကြတာမို့လို့ အမြင်ကတ်လို့"

မိုးဦးက တော်တော့်ကို ခေတ်ကျန်ခဲ့ပြီဖြစ်သော ဂန္ထဝင်အချစ်ဝတ္ထုကြီးတစ်ပုဒ်ရဲ့ခေါင်းစဉ်ကို ပြန်သုံးပြီး ဝေဖန်သဖြင့် သီပေါ တမင်ပဲ ဟားတိုက်ရယ်ပြလိုက်ပါသည်။

"ဘာလောင်းချင်တာလဲ၊ ပြောပါဦး"

"မင်းတို့ အဲဒီလို ဟန်ဆောင်နေကြတာ ဘယ်လောက်ခံမလဲ သိချင်တာပါ၊ မင်းပဲ အရင်စပြီး မနေနိုင် မထိုင်နိုင်နဲ့ လင်းကို ငါချစ်နေပါပြီ ပြောမလား၊ ဟိုဘက်က လင်းပဲ မင်းကိုချစ်နေတာပါလို့ ဝန်ခံမလား၊ ဘယ်သူအရင်စမလဲ သိချင်တာ"

သီပေါ ပြုံးနေမိ၏။

"ငါက အရင်ဆုံးစပြီး စည်းဖောက်တဲ့လူဖြစ်ရင် မင်းနိုင်တယ်၊ ငါ့ဘက်ကတော့ ဘာမှမပြောင်းလဲဘူး၊ လင်းက ငါ့ကိုချစ်လာတယ်ဆိုရင် ငါနိုင်တယ် ဘယ်လိုလဲ"

"အိုကေ ... အဲဒီလို ဝန်ခံတာကို ကြိုက်တယ်။ ငါကတော့ မင်းဟာ ကြည်လင်လင်းကို ဆယ်တန်းထဲက တိတ်တိတ်





ကြိုက်လာတာ၊ ခုလို ပြန်ဆုံမှ ပေါက်ကွဲပြီး ကြိုက်လာမယ် ထင်ထားတဲ့သူ"

"ကောင်းပြီကွာ၊ မင်းနိုင်ရင် ဘာလုပ်မလဲ"

"ဘာမှမလုပ်ပါဘူး၊ ယောကျ်ားလေးတွေချင်းပဲကွာ။ ဘီယာတစ်ဝိုင်းပေးရုံပါပဲ။ ဘာမှမလိုချင်ဘူး မင်းတို့ကို ကြည့်မရလို့ အလောင်းအစားလုပ်တာ မင်းရဲ့လင်းကိုလည်း ဂုဏ်သိက္ခာမထိခိုက်စေချင်ဘူး"

"ဒါဖြင့် ငါနိုင်ရင်ရော"

"မင်း ကြိုက်တာပြောလေ"

"မင်းလိုပါပဲ၊ ဘီယာတစ်ဝိုင်းပေါ့၊ ဒါအပျော်စကားနိုင်လုရင်း လောင်းကြေးလုပ်တာပဲ ကြီးကြီးကျယ်ကျယ်တောင်းဆိုစရာ မရှိဘူး။ ပြီးတော့ လင်းလည်းမသိစေချင်ဘူး"

"အေးပါ ... ငါ နားလည်ပါတယ်"

ဒီလိုနဲ့ပဲ မိုးဦးနဲ့နောက်ပြောင်ရင်း အလောင်းအစားတစ်ခု ဖြစ်လာခဲ့ပါသည်။

လင်းက ဆေးရုံဂျူတီတွေနဲ့ မအားလပ်သလို သီပေါကလည်း ကွန်ပျူတာပိုင်းဆိုင်ရာ အသုံးအဆောင်တွေ၊ ကွန်ပျူတာပစ္စည်းတွေ အမျိုးစုံရောင်းသော ဆိုင်ကြီးကိုဖွင့်ပြီး စီးပွားရေးလုပ်နေလေရာ သူတို့ရဲ့ field ဖီးလ်ထဲက တစ်ယောက်တစ်နေရာ

www.burmeseclassic.com



စီလို ဖြစ်နေသည်။ သို့သော် ဖုန်းမက်ဆေ့(ချ်)တွေ အပြန်အလှန် ပို့ကာ ဆက်သွယ်နေမိကြတာမို့ တစ်ယောက်ဘာလုပ်နေသလဲ၊ ဘယ်ရောက်နေသလဲဆိုတာ အမြဲမပြတ် သိနေပါသည်။ အရင် အခါတွေတုန်းကလို နှစ်နဲ့ချီပြီး အဆက်အသွယ်ပြတ်သွားတာမျိုး လည်း မဖြစ်တော့ချေ။

လင်း အားသောနေ့တွေ ဆိုရင်တော့ သူတို့ဆုံဖြစ် ကြသည်။ လင်း ဈေးပင်းလုပ်ချင်ရင် သီပေါ အဖော်လိုက်ပေး သည်။ လင်း ဆံပင်ပြင်မယ်ဆိုရင် သီပေါက လင်းကိုဆိုင်မှာထား ခဲ့ပြီး အင်တာနက်ကဖေးဆိုင်တစ်ဆိုင်သွားကာ အချိန်ဖြုန်းရင်း စောင့်ပေးသည်။

အားရက်တွေမှာ DVD ခွေတွေကြည့်ပြီး အချိန် ဖြုန်းတတ်သော လင်းကြည့်ချင်တဲ့ခွေတွေ သွားရွေးရင် သီပေါ မညည်းမညူ လိုက်ရွေးပေးသည်။ အကြာကြီးရွေးလည်း စိတ် ရှည်လက်ရှည် စောင့်ပေးတတ်သည်။ လင်း DVD ရွေးနေကျဆိုင် က ဗိုလ်တထောင်မြို့နယ်ထဲမှာရှိသည့် (၄၇)လမ်းကဆိုင်မှာ အမြဲ မို့ အဲဒီဆိုင်က သီပေါနဲ့လင်းလာလျှင် မှတ်မိနေပြီ။

"အရင်က ငါ တစ်ယောက်တည်း လာလာရွေးနေကျလေ အခု နင်ပါလာတော့ နင်နဲ့ ငါ့ကို တွဲသိနေပြီ။ အတွဲလို့ ထင်နေဦးမယ်၊ နောက် နင်လိုက်မလာရင် ကောင်းမယ်"





တစ်ရက်ကတော့ လင်း စိတ်ရှုပ်သလိုလေး ပြော လာပါသည်။

"နင်ပဲ ဆိုင်ရှင်ကို ဒါ ကျွန်မသူငယ်ချင်းလေ၊ သူလည်း DVD ခွေတွေ စိတ်ဝင်စားလို့ လိုက်လာတာလို့ ပြောပြီး သားပဲ၊ ဘာမှ ထင်စရာမရှိပါဘူး"

"ဟိုတစ်နေ့က နင်မပါဘဲလာတော့ မေးတဲ့ပုံစံကို ငါမကြိုက် ဘူး"

"ဘယ်လိုမေးလို့လဲ"

"တစ်ယောက်တည်းလား တဲ့"

သီပေါက လင်း၏ပြောပြဟန်ကို ရယ်မောမိသည်။

"ဒီလောက်လေး မေးတာနဲ့ပဲ"

"ဘာ ဒီလောက်လေးလဲ၊ နှစ်ယောက်လာနေကျ တစ် ယောက်တည်း ဖြစ်သွားလို့ ဒီလိုမေးတာ စိတ်ထဲမှာမကြိုက် ဘူး။ နောက် နင်မလိုက်နဲ့တော့"

"ဟောဗျာ ... နေရင်းထိုင်ရင်း ဘာဖြစ်ရတာလဲ"

"အဲဒီလောက်ကြီး တွဲနေတော့ သူများတွေက အတွဲထင် တော့တာပေါ့"

"ဘယ်မှာတွဲလို့လဲ၊ နင်လည်း တစ်ပတ်မှာ နှစ်ရက်လောက် လေးအားတာ။ နှစ်ရက်မှာ တစ်ရက်လောက်ပဲ အတူတူ တွေ့ဖြစ်တာလေ။ ကျန်တဲ့နေ့တွေ တွေ့မှမတွေ့ရဘဲ၊



www.burmeseclassic.com

www.burmeseclassic.com



အတွဲသာဆိုရင် နင့်ဆေးရုံ အကြိုအပို့လည်း ငါလာမှာပဲ။ ဆေးရုံမှာ Lunch လန့်ရှုံထွက်စားရင်လည်း ငါရောက်လာမှာပဲပေါ့"

"သူ့ပြောလိုက်ရင် ဆင်ခြေချည်းပဲ"

လင်းက ခုတလောမှာမှ ဂျိုဂျောင်လုပ်လာပြီး သီပေါနဲ့ တွဲကြတာ မကြိုက်သလို ပြောလာသောကြောင့် စကားများကြရသည်။

"အခုမှ ဘာဖြစ်လာရတာလဲ။ အရင်တလောကတော့ နင်ပဲ ငါဘယ်လိုက်လိုက် ခေါ်တာပဲ"

သီပေါကလည်း အလျှော့မပေးဘဲ ရအောင်ပြန်ငြင်းမိသည်။ ဟုတ်တယ်လေ ဟိုတလောလေးကတော့ လင်း ဆေးရုံအားရက်တွေ သိရတိုင်း ...

"လင်း ဘယ်သွားစရာရှိလဲ"

ဟုမေးလျှင် ...

"ဒီအပတ် ရှော့ပင်;လုပ်မယ်"

"ငါ လိုက်ခဲ့မယ်၊ နင့်ကိုလာခေါ်မယ်လေ"

ဟူ၍ ပြန်မေးတဲ့အခါ ...

"အိုကေ ... ကောင်းသားပဲ၊ ငါလည်း အဖော်မဲ့နေလို့။ ၄ဝါကလည်း ဘဲရသွားပြီဆိုတော့ ငါနဲ့ ဘယ်သွားသွား မလိုက်တော့ဘူး"





လင်းက လိုက်လိုက်လျောလျောပဲ အတူလိုက်မှာကို လက်ခံတတ်သည်။ လင်းမှာ သူငယ်ချင်း ရင်းရင်းနှီးနှီး ပေါင်းတာဆိုလို့ ၄ဝါတစ်ယောက်ပဲရှိကြောင်း သီပေါသိထားပါသည်။ ၄ဝါနဲ့သာ ဈေးအတူသွား၊ စာအတူကျက် စသဖြင့် အတူတွဲလုပ်ခဲ့ပြီးမှ ယောက်(စ)ဆာဂျင်ဘဝတွင် ၄ဝါမှာ သူနဲ့အရွယ်တူ ကျောင်းအတူတူပြီးသော ရန်ပြေဆိုသူကို အဖြေပေးလိုက်လေရာ ၄ဝါတွင် ရည်းစားရသွားတော့သည်။ ဒီတော့ လင်းမှာတစ်ယောက်တည်း ဘက်ပဲ့ပြီး အဖော်မဲ့သလို ဖြစ်နေတုန်း သီပေါက ရောက်လာခဲ့သလို ဖြစ်သွားပါသည်။

ဟိုတလောလေးတွေကတော့ ဖုန်းမက်ဆေ့ချ်တွေ အပြန်အလှန်ပို့ပြီး နင် ဘယ်တော့အားမလဲ။ ဘာလုပ်မလဲတွေ အသိပေး ဆက်သွယ်ဖြစ်ကြတာမို့ လင်း ဘယ်သွားသွား၊ ဘာလုပ်လုပ် သီပေါ လိုက်ပါခွင့်ရသည်။ သိခွင့်ရသည်။ အခုရက်ပိုင်းကျမှ မကြိုက်သလိုလိုပြောလာတော့ သီပေါ စိတ်ဆိုးသွားပါသည်။ ငါတို့က ရိုးရိုးသားသားတွဲတာပဲ။ ဘယ်သူ့ဂရုစိုက်စရာရှိလဲ။

"နင် ငါ့ဘေးမှာ ရှိရှိနေတော့ တချို့တွေက ရည်းစားထင်ပြီး"

လင်း ဆက်မပြောဘဲ အအေးပိုက်တံကို ပုလင်းထဲမှာ လှည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်တချို့လဲ ... ဟား ဟား ... ဘာလဲ၊ နင့်ကိုကြိုက်တဲ့ကောင်တွေကလား"

"နင် စဉ်းစားကြည့်ပါလား၊ ငါ့လိုမိန်းကလေးမှာ စိတ်ဝင်စားချင်တဲ့သူ ရှိနိုင်တယ်လို့"

"ဒါဆို ငါလည်း ဘာထူးလဲ၊ နင်နဲ့တွဲတွဲနေတော့ ငါ့အတွက် ရည်းစားရာရ ခက်သွားတာပဲ"

"ဒါဖြင့် ခပ်ကင်းကင်း နေလိုက်ကြရအောင်"

"ဟ ... ဘာဖြစ်တာလဲ၊ ဘာမှမဆိုင်တာ။ ငါကသဘောပြောတာပါ။ ငါမရချင်လို့ပါ ရချင်ရင် လွယ်လွယ်လေးနဲ့ရပါတယ်။ နင့်အတွက်က ငါရှိနေလို့ ခက်ခဲနေမယ်ဆိုရင် ဘယ်ကောင်လဲ ငါ့ကိုပြော၊ ငါသွားရှင်းပြပေးမယ်။ လင်းဟာ ကျွန်တော့်ရည်းစား မဟုတ်ပါဘူး။ သူငယ်ချင်းပါခင်ဗျား၊ ရည်းစားစကားပြောချင်ရင် ပြောနိုင်ပါတယ်လို့"

"နင် တမင်ကတ်သီးကတ်သတ် ပြောနေတာ"

ဆိုပြီး လင်းက သီပေါ၏လက်မောင်းကို တဘုန်းဘုန်းထုလေသည်။ သူ့ဘာသာ ဘာတွေမကျေမနပ်၊ မကျေမလည် ဖြစ်နေမှန်း မသိရတာကြောင့် သီပေါလည်း လင်းထုသမျှ မရှောင်ဘဲ တင်းခံနေလိုက်ပါသည်။ အချက်နှစ်ဆယ်လောက် စိတ်ကြိုက်ထုပြီးမှ ...





"အား ... နာလိုက်တာ"

"အံမာ ... သူကများ နာရသေးတယ်၊ ငါက အထုခံရတဲ့သူ"

"နာတာပေါ့၊ ငါ့လက်က နုနုလေး၊ နင့်လက်မောင်းက သံခဲလိုမာနေတာ။ ဘာတွေလုပ်ထားမှန်း မသိ"

"ကစားထားတာလေ၊ ယောကျ်ားဆိုတာ လက်မောင်းရိုးပိန်ပိန် ခါးပိန်ပိန်နဲ့ဆို ကြည့်မကောင်းဘူး။ အားကိုးထိုက်တဲ့ပုံ မပေါက်ဘူး။ တစ်ခုခု ကာကွယ်ဖို့ ချဟဲ့ နက်ဟဲ့ဆိုရင် သူ့အရိုးသူ သယ်နေရတာနဲ့တင် သုံးစားလို့မရရင် ဘယ်နေရာသွား အားကိုးတော့မလဲ၊ ဒါကြောင့် ငါက အခုခေတ်ယောကျ်ားလေးတွေ ပုံစံနဲ့မတူအောင် ကစားထားတာ"

လင်း သူ့လက်မောင်းတွေကို ကြည့်မိသည်။ အခုခေတ်မှာက ကြည့်လိုက်ရင် ယောကျ်ားမှန်း၊ မိန်းမမှန်း ခွဲခြားလို့ရအောင် ယောကျ်ားလေးတွေဟာ ပိန်ခွဲ့နေပြီး အလှတောင်ပြင်ကြသေးတာမို့ လင်းလည်း အဲဒီပုံစံတွေကို မကြိုက်ပါ။ အခိက,ကတော့ Asia အရှေ့မှာ ဒီဖက်ရှင်တွေက ခေတ်စားနေတာမို့ မြန်မာပြည်မှာလည်း ပျံ့နှံ့နေတာဖြစ်သည်။ လင်းကတော့ အဲဒီစံတွေကို မကြိုက်ပါ။ ဟောလီးဝုဒ်က နာမည်ကြီးမင်းသားတွေ

www.burmeseclassic.com



လို ယောက်ျားပီပီသသ ရင်အုပ်ကားကား၊ ပခုံးဖြောင့်ဖြောင့်၊ ခါးမတ်မတ် အရပ်မြင့်မြင့်နဲ့ ဘော်ဒီလည်း အကြီးကြီးမဟုတ် သလို ပိန်ပိန်သေးသေး ခါးနွဲ့နွဲ့တွေလည်း မဟုတ်ဘဲ ကြည့်ကောင်း တောင့်မတ်သောပုံစံမျိုးကိုသာ သဘောကျပါသည်။

သီပေါပုံစံက အဲဒီလိုဖြစ်အောင် ကစားထားပုံရသည်။ သူ့အရပ်အမောင်း ခြောက်ပေလောက်ဟာ ကိုယ်လုံးကိုယ်ထည် အနေတော်နဲ့ ကြည့်ကောင်းလှသည်။ အားလုံးထဲမှာ ထင်းနေ အောင် ပေါ်လွင်လှသည်။ တခြားကောင်လေးတွေလို နားမဖောက်၊ မျက်ခွံမဆိုး၊ ဆံပင်အရောင်မဆိုး၊ ဖက်ရှင်ကျကျလည်း ဝတ်မပြ ပါဘဲ သီပေါပုံစံက တစ်မျိုးတစ်ဘာသာ ကြည့်ကောင်းလှပါသည်။

"နင်တို့နှစ်ယောက်က တကယ်ဟယ် တစ်ယောက်ကကျ တော့ မြင်မားမိုးထိုးပြီး ထင်းနေတာ။ နင်ကကျတော့လည်း သေးကွေးပုညက်ပြီး ဘယ်လိုလေးမှန်းမသိဘူး လုံးလုံးလေး နဲ့ ချစ်စရာကောင်းတယ်။ တစ်ယောက်နဲ့တစ်ယောက် i နဲ့ t လို အရပ်ချင်းမမျှပေမယ့် it အစ်(ထ်)ဆိုတဲ့ စာလုံး လိုပဲ တွဲဖက်လို့ ရနေတယ်"

ဟူ၍ ငုဝါကတော့ ပယ်ပယ်နယ်နယ် ဝေဖန်တတ် ပါသည်။

"ငါတို့ ရည်းစားမဟုတ်ဘူး၊ သူငယ်ချင်းလို တွဲကြတာ"





"ယုံအောင်လည်းလိမ်ပါ လင်းရယ်"

"ဘာမှလိမ်စရာမရှိဘူး၊ တကယ်ပြောနေတာ"

ဒါပေမဲ့ ဘယ်သူမှမယုံကြပါ။ ငုဝါလည်းမယုံ၊ ဆေးရုံကလုပ်ဖော်ကိုင်ဖက်တွေလည်း မယုံ။

အဲဒီ မယုံကြတဲ့သူတွေထဲမှာ ဒေါက်တာထိပ်ခေါင် ဆိုသော လူတစ်ယောက်ကတော့ ယုံပါသည်ဟု တစ်ရက်မှာပြော လာသည်။ ဒေါက်တာထိပ်ခေါင်မှာ ဘွဲ့ရပြီး ဆေးရုံတာဝန်ထမ်း ဆောင်နေဆဲမှာ ဘွဲ့လွန်တန်းဖြေဖို့ ဆက်ကြိုးစားနေသော ဆေး ပညာဘွဲ့လွန်ကျောင်းသားတစ်ပိုင်း၊ ဆရာတစ်ပိုင်း ဖြစ်ပါသည်။ ဘာမျိုးရိုး အကုန်လုံးဆရာဝန်တွေ၊ အထူးကုတွေဖြစ်ကာ ဆရာဝန် အသိုင်းအဝိုင်းမှ ဆင်းသက်လာသူ။ မျိုးရိုးကောင်း၊ ရုပ်ရည်သန့်၊ ဘွဲ့လွန်ပညာသင်ဆဲ ယောက်ျားကောင်းတစ်ယောက်ထံမှ ...

"ကြည်လင်လင်းမှာ ချစ်ရတဲ့သူ, မရှိသေးခဲ့ရင် ကျွန်တော် ချစ်တဲ့စကား ပြောချင်တယ်။ လက်ထပ်ကြဖို့အထိ ရည်ရွယ် ထားချင်ပါတယ်"

ဆိုသော propose ပရိုပို့စ်စကားကို ကြားလိုက်ရတဲ့ ... က လင်းသည် လေထုထဲမျောနေသလို ဖြစ်သွားပါသည်။

လင်း ဖြစ်ချင်တာဒါပဲ ဟု ဦးနှောက်ထဲမှာ အကြိမ် ကြိမ် အော်ဟစ်နေပါသည်။ လင်းလိုချင်တာ ဒါပဲ။ ဆရာဝန်



www.burmeseclassic.com

www.burmeseclassic.com



လင်မယား စုံတွဲတွေကို အားကျမိတတ်ခဲ့တာ ငယ်ငယ်တည်းက။ အဖေဆရာဝန် အမေဆရာဝန်၊ အဘိုး အဘွား၊ ဦးလေး အဒေါ် ဆရာဝန်သားသမီးလည်း ဆရာဝန်ဆိုသော အသိုင်းအဝိုင်းမျိုးကို ကြားသိရလျှင် လင်းမှာ အတော်အားကျလေးစားနေမိတတ်တဲ့ စိတ်ဓာတ်တစ်မျိုးကိုလည်း ပိုင်ဆိုင်ထားပါသည်။

အခုတော့ လင်းစိတ်ကူးယဉ်ခဲ့ဖူးသော အခြေအနေမျိုးရောက်ရအောင် လမ်းခင်းလာခဲ့ပြီတည်း။ ဘယ်လောက် အံ့အားသင့်စရာကောင်းလဲ။ ဒေါက်တာထိပ်ခေါင်လို လူရည်သန့် ဘွဲ့လွန်တက်ဆဲ ဆရာဝန်တစ်ယောက်မှာ ရွေးချယ်စရာတွေအများကြီးရှိရက်နဲ့ ဟောက်(စ)ဆာဂျင်ဆင်းခါစ ကျောင်းပြီးစ ဆရာဝန် မဖြစ်တဖြစ် လင်းလို မိန်းကလေးကို ရွေးသတဲ့။ ပြောရရင် လင်းဟာ သိပ်ပြီးထူးထူးခြားခြား ပိုလှနေတာ မဟုတ်ပါပဲ လင်းကို သူ ရွေးချယ်လိုခြင်းသည် မယုံနိုင်စရာပင် ကောင်းနေပါသည်။

"လင်း ... ဟေ့ ... လင်း ... လင်း ... လင်း ... လင်း"

လင်းကိုခေါ်တာ မကြားသလိုလိုဖြစ်နေတော့ သီပေါလည်း စိတ်မရှည်တော့ဘဲ လင်းနာမည်ကို ဆက်တိုက်ခေါ်ရင်း လင်း၏ပခုံးကို သူ့ပခုံးနဲ့ တိုက်လိုက်ပါသည်။

"ဘယ်လိုဖြစ်နေတာလဲ"

"ခေါ်နေတာ ကြားမှမကြားတာ"





"ကြားပါတယ် မထူးချင်လို့"

"ပြော ... နင့်ရဲ့တစ်ယောက်က ဘယ်သူလဲ၊ ဘယ်ကလဲ"

သီပေါက လင်း အမူအရာကို အကဲခတ်မိပြီး မေးလိုက်ပါသည်။

"ဘယ်ကဖြစ်ဖြစ် နင်နဲ့ ဘာဆိုင်လဲ"

"ဆိုင်တာပေါ့၊ နင်က ငါ့သူငယ်ချင်းပဲ။ နင်မသင့်တော်တာနဲ့ မတွေ့ရလေအောင် စောင့်ရှောက်ရမယ့်တာဝန် ငါ့မှာရှိတယ်"

"နင် သိရတော့ရော ဘာဖြစ်မှာမို့လဲ"

"သြော် ... ပြောပြီးပါပကော၊ သင့်တော်၏ မသင့်တော်၏ ကြည့်ရှုအကဲခတ်ပေးမလို့ပါဆို"

"နေပါစေဟယ် ... နင်အကဲခတ်လို့ နင်မကြိုက်ပါဘူးဆိုလည်း ငါက နောက်ဆုတ်ဖို့ မစဉ်းစားပါဘူး"

"အိုး ဟိုး ... တော်တော့်ကို သေချာနေတာပါလား။ ဘယ်တုန်းကများ ဒီလောက်ထိ အခြေအနေထိတောင် ဆုံးဖြတ်ထားလိုက်တာလဲ၊ ညံ့တယ် ... ညံ့တယ်။ ငါ တော်တော်ညံ့တယ်၊ နင်နဲ့ ဒီလောက်ခင်နေပြီးတော့တောင် ဘာတစ်စွန်းတစ်စမှ အကဲမခတ်ဖြစ်ခဲ့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



သီပေါ ရင်ထဲမှာ မကျေမနပ်တော့ ဖြစ်သွားပါသည်။ ရင်ထဲမှာ မနာလိုတာလား၊ ဘာလားမသိ။ လင်းဟာ သူ့တစ်ယောက်တည်းကို ခင်ခင်မင်မင် ပေါင်းနေရာက သူ့ထက်ပိုပြီး တွယ်တာရမယ့်သူ ရှာတွေ့ရခြင်းကို မကျေနပ်သလိုလို။ သို့သော် ပြန်တွေးကြည့်တော့လည်း လင်းကို သူက ချစ်သလားဆိုတော့လည်း ချစ်လည်းမချစ်နိုင်။ ချစ်သလား မချစ်သလားကို သေသေချာချာ၊ ရေရေရာရာ မကွဲပြားတာလည်း ဖြစ်နိုင်သည်။

သို့သော် သူ လင်းနဲ့တွေ့နေရရင် ပျော်သည်။ လင်းနဲ့စကားနိုင်လုရရင် ပျော်သည်။ စကားနိုင်လုရင်း ရန်ဖြစ်ကာ စိတ်ကောက်တတ်သော လင်းကို စ,ရတာ ချော့ရတာပျော်သည်။ လင်း ဆံပင်သွားပြင်ပြီး ပြန်ထွက်လာရင် ကောင်းတာဆိုးတာ ဝေဖန်ပြီး ကဲ့ရဲ့ရတာကိုပျော်သည်။ ဖုန်းသိပ်မပြောဖြစ်ကြပဲ မက်ဆေ့(ချ်)တွေသာ အပြန်အလှန် မမောတမ်း နာရီနဲ့ချီပြီး ပို့ရတာကိုပျော်သည်။

လင်းရှေ့မှာ တစ်ခါတလေ နည်းနည်းပါးပါးလောက်နေမကောင်းဖြစ်ပြတဲ့အခါ လင်းက ဟိုစမ်းဒီစမ်း အပူချိန်တိုင်း ရင်ဘတ်ကို နားကြပ်နဲ့နားထောင် ဟိုဆေးဒီဆေးသောက်ခိုင်းတာမျိုးကို နှစ်သက်မက်မောသည်။ လင်းက သူ့ကိုပဲ ဂရုစိုက်နေရာကနေ ဘယ်လိုကဘယ်လို နောက်ထပ်ယောက်ျားတစ်ယောက်ဆီကို



အာရုံတွေ ရောက်သွားရသနည်း။ မယုံနိုင်စရာ။ လင်းရဲ့အာရုံတွေ ထဲမှာ သူပဲရှိခဲ့တယ် ထင်ခဲ့တာ။

"ငါနဲ့ မိတ်ဆက်ပေးမှာလား"

"ဘာလို့ မိတ်ဆက်ပေးရမှာလဲ"

"ငါက နင့်သူငယ်ချင်းလေ"

"မိတ်ဆက်ပေးရလောက်အောင် အခြေအနေမရှိသေးဘူး။ တစ်ယောက်ကိုတစ်ယောက် လေ့လာတုန်းပဲ ရှိသေးတယ်။ အဲဒီအချိန်မှာ နင့်ကိုခေါ်သွားပြီး မိတ်ဆက်ပေးရင် ဘယ်ကောင်းမလဲ"

"ခေါ်သွားပြီး မဟုတ်ဘူး၊ မတော်တဆ တွေ့သလိုမျိုးလုပ်ပြီး မိတ်ဆက်ပေးလည်း ရတာလဲ"

"နင် တော်တော်သဘောကျနေတဲ့သူကို ငါ တွေ့ရမှဖြစ်မယ်။ နင့်အတွက် ငါ့မှာတာဝန်ရှိတယ်လို့ ခံစားရတယ်"

လင်းက အသံထွက်ပြီးရယ်သည်။ တစ်ခါတစ်ခါကျ သီပေါဟာ ပေါတောတောနဲ့။ သူ့ကိုယ်သူ လင်းရဲ့အုပ်ထိန်းသူ ကြီးလိုလို လုပ်ပြတာကို လင်းရယ်ချင်သည်။

အစကတော့ သီပေါကို ခင်မင်ရစဉ်မှာ လင်းမကြာ ခဏတော့ သံသယဝင်ဖူးသည်။ သူ ငါ့ကိုများကြိုက်နေမလား။ အခု သူငယ်ချင်းယောင်ဆောင်ပြီး နောက်ကျရင် ဖွင့်ပြောလာမလား

www.burmeseclassic.com



ဆိုတာမျိုး။ ဒါပေမဲ့ လင်း အခုလို လင်းဘက်မှာလည်း ရွေးချယ်စရာတစ်ယောက် ပေါ်လာပြီလို့ ပြောပြလိုက်ပြန်တော့ သူ့ပုံစံက မနာလိုဝန်တိုခြင်းမရှိ။ အမူအရာ ပြောင်းလဲခြင်းမရှိဘဲ လင်းရဲ့ အချစ်ရေးကိုပင် စိတ်ဝင်တစား ဝင်ပါချင်ဟန်ပြသောအခါ လင်း သူ့ကို သံသယရှင်းသလိုပင်။ သူ လင်းကို တကယ်ခင်တာလည်း ဖြစ်နိုင်တယ်။ သူ့ပုံစံက အစ်ကိုကြီးတစ်ယောက်လိုပဲ လင်းရွေးချယ်မယ့်သူဟာ ဘယ်သူဘယ်ဝါလဲဆိုတဲ့ အချက်ကို အလေးအနက်ထားနေပုံရတယ်။

"အခုစောသေးတယ်။ နောက်မှ မိတ်ဆက်ပေးတော့မယ်"

"ဘာလဲ ... လက်ထပ်တဲ့အထိ ရောက်ပြီးမှလား"

သီပေါ ရွှဲ့မေးပေမယ့် လင်းမဖြေပါ။ ခပ်ပြုံးပြုံးသော မျက်လုံးလေးတွေနဲ့ သီပေါကိုသာ မလွှတ်တမ်း အကဲခတ်နေခဲ့ပါသည်။

❄ ❤ ❄





၄

ထမင်းစားချိန် နေ့လယ်မှာ ခဏအားသဖြင့် လင်း ဟန်းဘက်(ခ)အိတ်လေး ကောက်လွယ်ပြီး ထွက်လာခဲ့သည်။ လင်းထွက်လာစဉ် မျက်နှာချင်းဆိုင်မှလာသော ဒေါက်တာထိပ်ခေါင်နဲ့ ဆုံပါသည်။ နှစ်ယောက်သား နှုတ်ဆက်ပြုံး အပြန်အလှန်ပြုံးလိုက်ကြပြီးလျှင် ...

"ဘယ်လဲ ကြည်လင်လင်း"

"ကျွန်မ ဗိုလ်ချုပ်ဈေးဘက် ခဏလေး ပြေးလိုက်ဦးမလို့"

ရန်ကုန်ဆေးရုံကြီးနဲ့ ဗိုလ်ချုပ်ဈေးဆိုတာ သိပ်ပြီးဝေးလှတာ မဟုတ်သဖြင့် ခဏထွက်သွားလို့ ရပါသည်။

"အင်္ကျီချုပ်ဆိုင်လေ အပ်ထားတာကြာပြီ၊ ဖုန်းဆက်မေးတော့ ဒီနေ့ရပါပြီ၊ လာရွေးပါဆိုလို့"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် လိုက်ခဲ့ရင် ရမလား။ အားမနာနဲ့နော်၊ ရရင် ရတယ်၊ မရရင် မရဘူးပြောပါ"

"ဟို ... ဆရာ အားလို့လား"

"အားပါတယ်။ ကြည်လင်လင်းနဲ့လည်း အပြင်မှာ မုန့်လေးဘာလေးစားရင်း စကားပြောချင်လို့ပါ"

နေ့စဉ်ဆေးရုံမှာသာ ဆုံတွေ့စကားပြောပြီး ကိုယ့်အိမ်ကိုယ် ပြန်ကြရသည်မို့ ဒေါက်တာထိပ်ခေါင်က လင်းနဲ့အပြင်မှာဆုံပြီး စကားပြောချင်ပုံရသည်။ သူ့အမူအရာကတော့ ဒီလိုခွင့်တောင်းလိုက်ရတာကိုပင် ရှက်ကိုးရှက်ကန်းဖြစ်လျက် မျက်နှာမထားတတ်သလို ဖြစ်နေသည်။

"ဆရာ အားတယ်ဆိုလည်း လိုက်ခဲ့လို့ ရပါတယ်"

"ကျွန်တော့်ကားနဲ့သွားရင် ဖြစ်မလား"

"ဖြစ်ပါတယ်"

"ကြည်လင်လင်း ဘာစားပြီးပြီလဲ"

"မေမေ ထမင်းဘူးထည့်ပေးလိုက်တာမို့ စားဖြစ်ပါတယ်။ ဒါပေမဲ့ နည်းနည်းပဲစားဖြစ်တယ်၊ ဒီနေ့စားမကောင်းလို့လေ ... ဟင်း ဟင်း"

"ဒါဖြင့် ကျွန်တော်နဲ့ အပြင်မှာ မုန့်စားမယ်ပေါ့နော်"





လင်း အသာအယာ ခေါင်းညိတ်လိုက်ပါသည်။ လင်းလည်း ဒါကို လိုလားပါသည်။ နေ့စဉ် ဆေးရုံဝန်းကျင်မှာသာ တွေ့ဆုံစကားပြောရတာအပြင် တခြားတစ်နေရာမှာ ဆုံပြီးစကားပြောရရင် ဒေါက်တာထိပ်ခေါင်ရဲ့ စိတ်နေသဘောထားတွေ၊ ခိတ်ကူးတွေကို ပိုပြီးလေ့လာအကဲခတ်လို့ ရ၍ပင်။

ဒေါက်တာထိပ်ခေါင်ကားက ဆူဇူကီးအာရ်ပလပ်စ် အနီရဲလေးဖြစ်သည်။ လင်းက ကားထဲဝင်ထိုင်ပြီး ...

"ဒီကားလေးကို ကျွန်မ အရမ်းသဘောကျနေတာလေ၊ ဝယ်ချင်ပေမယ့် ဈေးကြီးလို့ မဝယ်နိုင်ဘူး"

ဟု ရယ်မောပြောမိသည်။

လင်း၏အဖေရောအမေပါ ယုဇနပလာဇာတွင် ပါတိတ်အမျိုးစုံရောင်းချသော ဆိုင်ခန်းနှစ်ခန်းတွဲဖွင့်ထားသော သာမန်ကုန်သည်များသာဖြစ်သည်။ ညီအစ်မနှစ်ဦးတည်းသာရှိသော လင်းတွင် လင်းကအစ်မကြီးဖြစ်ကာ လင်း၏ညီမမှာ လင်းနဲ့ အသက်ဆယ်နှစ်ကွာသဖြင့် အခုမှ အထက်တန်းကျောင်းတက်ခါစရှိသေးသည်။

ရိုးရိုးကုန်သည်များမို့ ကျိကျိတက် ချမ်းသာလှတာမဟုတ်ဘဲ လူတန်းစေ့နေနိုင်ရဲ့ ဝယ်နိုင်ရဲ့ သုံးနိုင်ရဲ့သာ။ ရပ်ကွက်သန့်သန့် မြို့လယ်မကျတကျမှာ နှစ်လွှာတွဲ တိုက်ခန်းရယ်၊ ဈေး



www.burmeseclassic.com

www.burmeseclassic.com



ထွက်ရင်သုံးဖို့ လုပ်ငန်းသုံး လိုက်ထရပ်တစ်စီးရယ်၊ လင်း ကျောင်း တက်မှသာ လင်းကျောင်းသွားဖို့ ဝယ်ပေးထားရ သော ၈၆/၈ မော်ဒယ်လ် စုပါဆလွန်းလေးရယ်ဖြင့် ဘဝကိုသက်သောင့်သက်သာ လူတန်းစေ့နေနိုင်ကြသော အသိုင်းအဝိုင်းသာဖြစ်သည်။

ဒေါက်တာထိပ်ခေါင်တို့ကျတော့ မျိုးနဲ့ရိုးနဲ့ အထူးကု ဆရာဝန်ကြီးတွေ ဖြစ်ကြသလို ကိုယ်ပိုင်ဆေးခန်းကြီးတွေလည်း ဖွင့်ထားနိုင်ကြသူတွေဖြစ်သည်။

“ကျွန်တော်က ဒီကားကို လဲမလို့လေ၊ ကြည်လင်လင်း ကြိုက်တယ်ဆိုတာနဲ့ မလဲတော့ရင် ကောင်းမယ်လို့တော ပြန်စဉ်းစားနေပြီ”

“ဆရာက ဘာကားနဲ့ လဲချင်လို့လဲ”

“နည်းနည်း Classic ကလပ်စစ်ဖြစ်အောင် ဆလွန်းခေ ကြီးကြီး ခန့်ခန့်လေး စီးမလားလို့ပါ။ ခုတလော Hyundai Sonata ဟန်းဒေးဆိုနားတား ဆိုတာ ဝင်လာလို့ စီးကြည့် ချင်နေတယ်”

“မဆိုးပါဘူး၊ အဲဒီကားလည်း ကောင်းတာပဲ”

“ကားဆို ဂျပန်ကားကပဲ ဈေးကွက်ထဲမှာရှိပြီး နာမည်လည် ရတော့ ကိုရီးယားထုတ်ကို ဝယ်ကြည့်ရမှာ လန့်နေတယ် ကိုရီးယားတွေက ခုမှဈေးကွက်ထဲဝင်လာတာလေ။ ဂျပ





ကားကတော့ နှစ်ပေါင်းများစွာ သုံးလာတာဆိုတော့ စိတ်ချ နေပြီ။ တိုရိုတာအုပ်စုကိုတော့ အကြိုက်ဆုံးပဲ”

“ဆရာက ကားအကြောင်း စိတ်ဝင်စားတယ် ထင်တယ် နော်”

“ဟုတ်တယ် ... ကျွန်တော်သာ ဆရာဝန်လိုင်းမယူဖြစ်ရင် အင်ဂျင်နီယာလုပ်ဖြစ်မယ် ထင်တယ်၊ အမှန်တော့ ကျွန် တော်က Mechanical မက်ကယ်နီကယ်အင်ဂျင်နီယာဖြစ် ချင်တာ။ စက်တွေပြင်ရတာ၊ တီထွင်ရတာ ဝါသနာပါတယ် လေ”

“ဒါပေမဲ့ ဆရာ မရွေးချယ်ခဲ့ဘူးနော်”

“မိဘတွေကြောင့်ပေါ့ဗျာ၊ ဆရာဝန်မျိုးရိုးအဖြစ် နာမည် ထွက်ရတာကို ဂုဏ်ယူကြတော့ ဆရာဝန်ဟလွဲရင် ဘာမှ မရွေးစေချင်ကြဘူး”

“ဟုတ်တယ်နော် ... ဆရာတို့မိသားစုက နာမည်ကြီးပါ တယ်၊ ‘ခေါင်’မိသားစုဟေ့ဆိုတာနဲ့ ဆရာဝန်တွေချည်း ပဲ”

“ဆရာ ... ဆရာနဲ့မခေါ်ပါနဲ့လား”

ဒေါက်တာထိပ်ခေါင်က ရုတ်တရက် ပြောလိုက်လေ ရာ လင်း စူးစမ်းသလို ပြန်ငဲ့ကြည့်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာဆိုတာက တပည့်တစ်ယောက်က ခေါ်သလို ခံစားရလို့ပါ။ ကြည်လင်လင်းကိုလည်း ကျွန်တော် တစ်ခါမှ စာမသင်ပေးခဲ့ဖူးတော့ ကျွန်တော်တို့နှစ်ယောက်က ဆရာတပည့် မဟုတ်ဘူးလေ။ ဆရာတပည့်ဆိုပြီး စည်းခြားသွားမှာစိုးလို့ ... ဟင်း ဟင်း"

"ဆရာဝန်ချင်းချင်းပေမယ့် ဆရာက ကျွန်မထက် ဝါကြီးပြီး ပညာလည်းပိုတတ်လို့ လေးစားတဲ့အနေနဲ့ ခေါ်တာပါ။ ကျွန်မကတော့ ဆရာလို့ခေါ်ရတာ ပိုကြိုက်ပါတယ်။ ဒါပေမဲ့ ဆရာ မကြိုက်ရင်လည်း တခြားပြောင်းခေါ်ပါ့မယ်၊ ကိုထိပ်ခေါင်လို့ပဲ ခေါ်မယ်နော်"

မိုလ်ချုပ်ဈေးထဲ ဝင်လာပြီဖြစ်သဖြင့် ဒေါက်တာထိပ်ခေါင်က ကားပါကင်ရှာလိုက်ပါသည်။

"ကြည်လင်လင်းရဲ့ဆိုင်က ဘယ်နားလဲ"

"အရှေ့ဘက်တန်း အပေါ်ထပ်မှာပါ"

"ကားက အထဲဝင်လာမိပြီ"

"ရပါတယ်၊ နေရာရတဲ့ဆီပဲရပ်ပါ၊ ကျွန်မတို့ လမ်းလျှောက်သွားကြတာပေါ့"

ကားနေရာရသဖြင့် ဝင်ရပ်လိုက်ပါသည်။ လင်းကားထဲက ထွက်လိုက်သလို ဒေါက်တာထိပ်ခေါင်ကလည်း သူ့





ဘက်ခြမ်းမှ ထွက်လိုက်ပြီး လင်းဘက်လျှောက်လာကာ အတူယှဉ်လျှောက်လိုက်သော မြင်ကွင်းကို တစ်စုံတစ်ယောက်မြင်ပြီး ...

"ဟော့ ... ဟော့ကောင် သီပေါ၊ ဟိုမှာ မင်းရဲ့လင်းကွ၊ ဟုတ်တယ် မဟုတ်လား"

ဟု အကြောင်းကြားလျှင် သီပေါ လှုပ်လှုပ်ရှားရှားဖြစ်သွားပါသည်။ သီပေါ မျက်လုံးတွေ မှေးစင်းပြီး ကြည့်လိုက်၏။ လင်း ... ကြည့်စမ်း။ ကွယ်ရာမှာ ခိုးလုပ်နေတာပေါ့လေ။ သီပေါ ရုတ်တရက် ထိုသို့တွေးလိုက်ပြီး မကျေမနပ်ဖြစ်သွားပါသည်။

ငါမေးတော့ မပြောဘူး။ မိတ်ဆက်ပေးပါဆိုတော့ မပေးဘူး။ တစ်ယောက်နဲ့တစ်ယောက် လေ့လာတုန်းပါတဲ့။ ဒါလားလေ့လာတာ။ နှစ်ယောက်တွဲ ကြည်နူးပြုံးပျော်ပြီး လက်ချင်းချိတ်မတတ် တွဲလျှောက်နေတာ။ သီပေါ လျှို့ဝှက်စွာ နှုတ်ခမ်းကို အသာကွေးပြီး ပြုံးလိုက်လေသည်။

လင်း ... ဒီနေ့ ဆေးရုံဂျူတီရှိကြောင်း မက်ဆေ့ချ်ရထားသဖြင့် ဒါ ဆေးရုံက ခဏထွက်လာတဲ့ပုံစံပင်။ ဘာကြောင့် ဆေးရုံက ခဏထွက်လာကြောင်း ပြောနိုင်သလဲဆိုတော့ လင်းရဲ့ ဝတ်စားဆင်ယင်မှုက ဆေးရုံအလုပ်ဝင်ရင် ဝတ်နေကျပုံစံမျိုးဖြစ်၍ပင်။ အလုပ်မသွားရင်တော့ တခြားနေရာတွေ သွားတဲ့အခါ



www.burmeseclassic.com

www.burmeseclassic.com



ဒူးဖုံးစကတ်တိုလေးတွေ၊ စကတ်ကားကားရှည်ရှည်လေးတွေ၊ ဂျင်းနံ့စကတ်လေးတွေနဲ့ လည်ပင်းပိတ်တီရှပ်တို့၊ ရ[illegible]မိတ်အင်္ကျီတို့ကို ဝတ်တတ်ပြီး ခုတလောမှ ပြာလဲ့နက်မှောင်နေအောင် သွားဖြောင့်ထားသော ပခုံးကျော်ဆံပင်လေးကို ဖြန့်ချထားတတ်ပါသည်။ အလုပ်သွားရင်တော့ ပိုးပျော့စလေးတွေ၊ ချည်ထည်နဲ့ရက်သော ချိတ်ဆင်လေးကို ဝမ်းဆက်ဝတ်တတ်ပြီး ဆံပင်ကိုတော့ ကလစ်လေးဖြင့် ဆွဲသိမ်းထားတတ်သည်။ အခုတောင် လင်းဆံပင်ကို စုစည်းဖိညှပ်ထားသော ကျောက်စီဆံညှပ်ဟာ သီပေါ ဗန်ကောက်ခဏသွားတုန်း ဝယ်လာပေးတာဖြစ်သည်။ ဒီနေ့ဝတ်လာသော ပိုးပျော့စ ခရမ်းရင့်ရောင်ပေါ်မှာ လှုပ်ရှားလိုက်တိုင်း လက်လက်လက်လက်လေးတွေ ဖြစ်တတ်သော အစမှာလည်း သီပေါ ဗန်ကောက်ကပဲ ဝယ်လာပေးတာဖြစ်ကြောင်း မှတ်မိသွားသည်။

"မိဘက ပါတိတ်ဆိုင်ဖွင့်ထားပြီး ပါတိတ်လည်း မဝတ်ဘူး"

ဟု လင်းကို သူ စေဖန်စဉ်က ...

"ပါတိတ်ကြီး မကြိုက်ပါဘူး။ အဘွားကြီးနဲ့တူတယ်လို့ထင်တယ်"

"အဲဒီအပျော့တွေက ခဏခဏ ထဘီပြင်မဝတ်ရဘူးလား။ ပါတိတ်က မပျော့ဘူးလေ"





"ငါ့ထဘီက ချိတ်နဲ့ချိတ်ပြီးဝတ်ရတဲ့ ထဘီလေ၊ ငါ့ထဘီမှ သိပ်ဝတ်လေ့မရှိတာ၊ ထဘီဘယ့်မြဲမလဲ။ ဒီတော့ ခါးအတွင်းမှာချိတ်နဲ့ အသေချိတ်ဝတ်ထားလိုက်တော့ ပုံလည်းမပျက်ဘူး၊ ခဏ ခဏလည်း ပြင်မဝတ်ရဘူးပေါ့"

သီပေါသည် လင်း ထဘီရှည်ရှည်လေးနဲ့ လမ်းလျှောက်သွားပုံကိုကြည့်ပြီး လင်းအကြောင်းကို တွေးနေမိသည်။

"သူ့ဘေးကကောင် ဘယ်သူလဲ သီပေါ"

"ဘယ်သိမှာလဲကွ"

"ဟော့ကောင်"

"ငါ လိုက်သွားလိုက်ဦးမယ်"

သီပေါ သူငယ်ချင်းမှာ တအံ့တဩ ရေရွတ်ကျန်ခဲ့သည်။ ချက်ချင်းပဲ မိုးဦးဆီ မက်ဆေ့(ချ်)ပို့လိုက်မိ၏။

"သီပေါတော့ သူ့ရဲ့လင်းကို ဘဲတစ်ကောင်နဲ့ တွဲသွားတာတွေ့လို့ သေလုမြောပါး ပြေးလိုက်သွားပြီကွ"

မိုးဦးနဲ့ သီပေါ၏အလောင်းအစားကို စိတ်ဝင်စားသော သူငယ်ချင်းက ထိုမက်ဆေ့(ချ်)ကိုပို့ပြီး သူ့ဘာသာသဘောကျပြုံးလျက် သီပေါ၏ကျောပြင်ကို လိုက်ငေးနေလေသည်။

သီပေါက လင်းတို့နောက် လိုက်သွားသည်ဆိုပေမယ့် လင်းကို လိုက်နှုတ်ဆက်တာတော့မလုပ်၊ ဘာမင်ပဲ နောက်ကောင်ခဲ့လိုက်သလိုဟန်ဖြင့် ခပ်လှမ်းလှမ်းကသာ လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဪ ... လင်း အကျီချုပ်ဆိုင်လာတာပဲ။ သီပေါသည် သူလိုက်ပို့ပေးတတ်သော အကျီချုပ်ဆိုင်ကို လင်း လာတာဖြစ်ကြောင်း သိသွားပါသည်။ အပ်ချုပ်ဆိုင်ကိုတောင် ခေါ်ရတယ်ဆိုတော့ ဒီကောင့်အခြေအနေက မဆိုးဘူးပဲ။ လင်း တော်တော်အရေးပေးချင်ပုံရတယ်။

လင်းတို့ ပြန့်ထွက်လာတော့မှ သီပေါသည် တမင်ပဲ မျက်နှာချင်းဆိုင်မှ လျှောက်လာဟန်ဆောင်ပြီး သူတို့ကို မမြင်ချင်သလိုလုပ်လျက် လျှောက်လာလိုက်ပါသည်။

လင်းသည် ရှေ့တည့်တည့်မှ ဘောင်းဘီအိတ်နှစ်ဖက်ထဲ အသာလက်နှိုက်ကာ လျှောက်လာသော သီပေါကိုမြင်လျှင် စိတ်အတော်ရှုပ်သွားသည်။ သီပေါကတော့ နေကာမျက်မှန်တပ်လျက်သားနဲ့မို့ လင်းတို့ကို မြင်သလား၊ မမြင်သလားမသိ။ လင်းကတော့ သူ့ကိုမြင်တာနဲ့ စိတ်ရှုပ်ကာ ဒီလမ်းပေါ်ကနေ ဘယ်လိုလမ်းခွဲထွက်စရာရှိမလဲတောင် စဉ်းစားလိုက်သေးသည်။

"ဟာ ... လင်း"

သီပေါသည် ခုမှတွေ့လိုက်ဟန်ပြုပြီး လင်းကို နှုတ်ဆက်လိုက်ပေမယ့် စိတ်ထဲမှာ ရယ်ချင်နေသည်။ မျက်လုံးထဲက အမူအရာတွေကို တွေ့မှာစိုးတာနဲ့ နေကာမျက်မှန်ကိုတောင် မချွတ်ရဲ။

"သီပေါ"





"နင် ဈေးလာတယ် ဟုတ်လား၊ ငါကဆေးရုံဂျူတီရှိတယ် ထင်လို့"

"ရှိတယ်လေ၊ အခု ခဏထွက်လာတာ။ အကျီရွေးစရာရှိလို့"

"နင်အားတဲ့ရက်ကျမှ ငါနဲ့လာရွေးမယ်ပြောထားပြီး အခု လာရွေးလိုက်တယ်ပေါ့"

လင်း ဘာပြောရမှန်းမသိ ဖြစ်သွားပါသည်။ အမှန်တော့ အရင်ကဆို သီပေါနဲ့ တော်တော်များများ တွဲသွားတွဲလာ လုပ်မိခဲ့တာတွေ ရှိခဲ့သည်။ အခုကျတော့ လင်းမှာ စဉ်းစားရမယ့် ဒေါက်တာထိပ်ခေါင် ရှိလာတာရော အသိုင်းအဝိုင်းထဲမှာလည်း ဟိုကမေး ဒီကမေး လုပ်လာတာများတာရောကြောင့် ဆင်ခြင်သင့်တယ်လို့ တွေးမိပြီး လင်း ခုတလောမှာ သူနဲ့အတူတွဲသွားဖို့ကို ရှောင်မိပါသည်။

ခုတော့ သူနဲ့မှ တည့်တည့်တိုးလေရာ လင်းမှာ လိမ်ညာစကား ရှာမရဖြစ်နေသည်။ ဒေါက်တာထိပ်ခေါင်ကတော့ ညာတတ်လှုကြီးလူကောင်းတစ်ဦးပီပီ လင်းတို့ကို အေးအေးဆေးဆေး စောင့်လျက်သား အကဲခတ်နေသည်။

သီပေါကတော့ ဒေါက်တာထိပ်ခေါင်ကို တမင်ပင် သိသာသာ စိုက်ကြည့်ကာ နေကာမျက်မှန်တွေကို ခေါင်းပေါ်



www.burmeseclassic.com

www.burmeseclassic.com



ပင့်တင်လိုက်လေသည်။ လင်းသည် တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် အကဲခတ်နေကြသော ယောကျ်ားနှစ်ယောက်တို့ကို တစ်လှည့်စီ ကြည့်လိုက်ပြီးမှ ...

"ကိုထိပ်ခေါင် ... သူကလေ ကျွန်မရဲ့ငယ်သူငယ်ချင်းတစ်ယောက်ပါ၊ သီပေါတဲ့"

"ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ်"

ဒေါက်တာထိပ်ခေါင်က လက်ကမ်းပေးသည်။ သီပေါကလည်း မဆိုင်းမတွပင် ပြန်၍လက်ဆွဲနှုတ်ဆက်လိုက်ပါသည်။

"သီပေါ ... ဒေါက်တာထိပ်ခေါင်တဲ့၊ post grade ပို့(စ) ဂရိတ်(ထ်)တက်နေတာ၊ ငါနဲ့ ward ဝဒ်(စ်)အတူတူပဲလေ"

"သိရတာ ဝမ်းသာပါတယ် ဒေါက်တာ"

"ဒေါက်တာတွေ ဘာတွေ ခေါ်မနေပါနဲ့ဗျာ၊ နာမည်ခေါ်ရင် ရပါတယ်၊ ကြည်လင်လင်း မိတ်ဆွေလည်း ကျွန်တော် မိတ်ဆွေပေါ့"

ဟင် .... ဘာသဘောကြီးလဲ။ သီပေါ ခေါင်းထဲ ထိုသို့တွေးလိုက်ပြီး လင်းကို အဓိပ္ပာယ်ပါပါ ကြည့်လိုက်၏။ လင်း ... နင် ငါ့ကို လှို့ထားတယ်။ ဒါ နင့်ဘဲဘဲ မဟုတ်လား။

"နင် ဘယ်လာတာလဲ သီပေါ"





"ဒီလိုပဲ ပျင်းတာနဲ့ လျှောက်သွားနေတာ၊ ဩော် ... ဒါနဲ့ ကိုထိပ်ခေါင်နဲ့ လင်းကို မုန့်လိုက်စားဖို့ ဖိတ်ပါရစေ၊ ဇော်ဂျီဟောက်(စ)မှာ သွားထိုင်ရအောင်။ လာပါ လိုက်ခဲ့ပါ။ မိတ်ဆွေဖြစ်အထိမ်းအမှတ်ပေါ့"

"အို ... နေပါစေ၊ ငါတို့ ဆေးရုံပြန်တော့မှာ"

"ခဏလေးဖြစ်ဖြစ် ထိုင်ရင်ရပါတယ်၊ နာရီဝက်လောက် အပြင်မှာ အချိန်ပိုဖြုန်းလို့ ရပါတယ်နော် ကိုထိပ်ခေါင်"

ဒေါက်တာထိပ်ခေါင်မှာ အီလည်လည်တော့ ဖြစ်သွားပါသည်။ သူက ကြည်လင်လင်းနဲ့သူ နှစ်ယောက်တည်း သီးသန့် အချိန်ဖြုန်းချင်တာ။ အခုတော့ ဒီသကောင့်သားက ကြိုပြောပြီး ဖိတ်နေပြီဟုတွေးကာ အခြေအနေကို စိတ်တိုင်းမကျသလို ဖြစ်နေသည်။ ဘာတွေမှန်းမသိဘူး။ ကြည်လင်လင်းနဲ့ အဒီကောင်နဲ့ ကြည့်ရတာ ဘာတွေလှို့ဝှက်ချက်ရှိမှန်း မသိဘူး။ သူတို့ကြည့်ရတာ သိပ်ပြီးရင်းနှီးသလိုလို၊ မရင်းနှီးသလိုလို ပုံစံမို့ မှန်းရခက်တယ်။

"လာပါ ... လင်းရဲ့၊ နင်ကလည်း သူငယ်ချင်းချင်းတွေကို ပြုံးပြုံးပျာပျာ ငြင်းနေလိုက်တာ ငါတစ်ခါကျွေးလိုက်ရလို့ နောက်တစ်ခါ ပြန်ကျွေးရမယ်လို့ မှတ်မထားပါဘူး"

"မဟုတ်ဘူး ... ကိုထိပ်ခေါင်က ငါ့ကို မုန့်ကျွေးမယ်လို့ အရင်ပြောထားတာ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာထိပ်ခေါင်သည် ကြည်လင်လင်း၏ ပွင့်လင်းသော ငြင်းဆိုမှုကို တအံ့တသြ ဖြစ်သွားပါသည်။ ဒါဟာ တော်ရုံတန်ရုံ ရင်းနှီးရုံလောက်နဲ့တော့ ပြောင်ပြောရဲမယ်မထင်။

သီပေါသည် ရုတ်တရက်တော့ စိတ်ထဲမှာ တင်းခနဲ ဖြစ်သွားပါသည်။ လင်းက ဒီလူနဲ့နှစ်ယောက်တည်း ရှိချင်တာနဲ့ပဲ ငါ့ကို ဖယ်ထုတ်ရသလား။ ငြင်းရသလား။ ဒီလူက ဘယ်လောက်တောင် အရေးပါနေပြီမို့လဲ။ လင်း ဘာကို ဖုံးကွယ်ထားသလဲ။

သီပေါ အနည်းငယ် မျက်မှောင်ကြုတ်မိတော့ လင်း နည်းနည်းနောင်တရသလို ဖြစ်သွားပါသည်။ ငါ ဒီလောက်ထိ ပြောလိုက်ဖို့မသင့်သေးဘူး။ ကိုထိပ်ခေါင်ဘက်ကို အလေးသာမှန်း သိပ်သိသာသွားစေတယ်။

"ဩော် ... ဟုတ်လား၊ ဒါဆိုလည်း ရတယ်လေ"

"ဒီလိုပါ ... ဒီလိုလုပ်ပါလား၊ ကြည်လင်လင်း သူငယ်ချင်း ဖိတ်ခေါ်တာ လက်ခံလိုက်ပါ၊ ကျွန်တော် အရင်ပြောထားတာတွေ ဘာတွေ စဉ်းစားမနေပါနဲ့၊ ကြုံတုန်း အချင်းချင်း ပိုရင်းနှီးအောင် စကားပြောကြရတာပေါ့။ ကျွန်တော်က မိတ်ဆွေသစ်ထပ်ရတာကို ဝမ်းသာတဲ့သူပါ။ အထူးသဖြင့် ကြည်လင်လင်းရဲ့ငယ်သူငယ်ချင်းနဲ့ ဆုံရတော့ ပိုပြီးရင်းနှီး ခင်မင်ချင်ပါတယ်"





"ဟုတ်ပြီကွ ... ကိုထိပ်ခေါင်ရဲ့စကားတွေ မိုက်တယ်ဗျာ၊ ဟဲ ဟဲ ... လင်း ... နင်မဆိုးဘူး၊' လူရွေးတော်တယ်"

လင်းမှာ ရုတ်တရက် သီပေါပြောချလိုက်သော စကားကြောင့် ရဲခနဲဖြစ်သွားသည်။ ပြီးတော့ ဒေါက်တာထိပ်ခေါင် ငိုနေတာကိုမေ့ပြီး သီပေါ၏လက်မောင်းကို ထုချလိုက်မိတော့သည်။

"အား ... သေပါပြီ ခင်ဗျ"

"ဘာတွေ လျှောက်ပြောနေတာလဲ၊ နင့်ပါးစပ်က စည်းကမ်းကိုမရှိဘူး"

"တော်ပြီ ... ထုရုံထုနော်၊ ဆိုက်ခေါက်လိမ်တာ၊ နားရွက်လိမ်ဆွဲတာတွေ ဆက်မပါလာနဲ့တော့"

ဒေါက်တာထိပ်ခေါင်ကတော့ တရင်းတနှီးလက်ပွန်းတတီးရှိလှသော သူတို့ရဲ့ဆက်ဆံရေးကို မသိမသာပင် အကဲခတ်လျက် သက်ပြင်းချနေလေသည်။

✲ ❤ ✲



www.burmeseclassic.com

www.burmeseclassic.com



## ၅

"လင်း ... ငါ အရမ်းစိတ်ညစ်နေတယ်၊ ခဏ စကားပြော ဖို့ အချိန်ပေးနိုင်မလား"

လင်းသည် ဝင်လာသော မက်ဆေ့(ချ်)ကြောင့် မျက်မှောင်ကြုတ်ပြီး စဉ်းစားမိသည်။ သီပေါဆီမှာ အရမ်းစိတ် ညစ်နေတယ်ဆိုတဲ့ စကားမျိုး မကြားရသလောက် ရှိခဲ့တာမို့ သူ ဘာများအဆင်မပြေဘူးလဲလို့ စဉ်းစားနေမိသည်။

လင်း အလုပ်လုပ်နေတတ်မှန်းသိလို့ သူက ဖုန်းကို စကားပြောဖို့ ဘယ်တော့မှခေါ်လေ့မရှိဘဲ မက်ဆေ့ချ်သာ ပို့တတ် သူဖြစ်သည်။ အခုလည်း မက်ဆေ့ချ်သာ ပို့ထားလေရာ ဆေးရုံမှာ ခဏထိုင်နားတုန်း ဖုန်းကိုစစ်စဉ် ဖတ်မိတာဖြစ်သည်။

လင်းလည်း သူ့ဆီ မက်ဆေ့(ချ်)ပြန်ပို့လိုက်ပါသည်။





"ဘာဖြစ်နေတာလဲ"

"စကားပြောဖို့ အချိန်ပေးနိုင်မလား"

"ဘာတွေစိတ်ညစ်စရာရှိလို့လဲ"

"တွေ့မှပြောပြချင်တယ်"

"ဒါဖြင့် ငါ ညနေငါးနာရီ ဂျူတီပြီးရင် တွေ့မလား"

"နင် ဆေးရုံမှာ ပင်ပန်းထားတာ၊ ရေချိုးပြီး ခဏနားလိုက် ပါဦး။ ငါ ခုနစ်နာရီလောက် လာခေါ်မယ်"

"ညဘက်ကြီး"

"နင်တို့လမ်းထိပ်တင်လေ၊ လမ်းထိပ်ကဆိုင်မှာ ထိုင်မယ်"

"သဲသဲကို ခေါ်ခဲ့မယ်"

"ရတယ် ... ခေါ်ခဲ့"

"ဒါဆို ငါစောင့်နေမယ်"

မက်ဆေ့(ချ်)တွေ အပြန်အလှန်ပို့ပြီး လင်း ဖုန်းကို ပြန်ပိတ်လိုက်သည်။ လင်း သီပေါနဲ့ တော်တော်လေးတွဲသွား ...လာ လုပ်ပေမယ့် ညဘက်တွေတော့ အတူတွဲသွားလေ့မရှိပါ။ ...လိုမျိုး တွေ့ရမည်ဆိုလျှင် လင်းရဲ့ညီမဖြစ်သူ သဲသဲကို ခေါ် ...ရှိပါသည်။

လင်း ခဏထိုင်နေတာကို အခန်းပြင်က ဖြတ်သွား ...ာ ဒေါက်တာထိပ်ခေါင် မြင်လျှင် အခန်းဝမှာပြုံးပြီး လာရပ် ...သို့ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ခဏဝင်လာပြီး စကားပြောလို့ရမလား"

ဟု ယဉ်ကျေးစွာ ခွင့်တောင်းပါသည်။

"ရတယ် ... ရပါတယ် ကိုထိပ်ခေါင်"

"ကြည်လင်လင်း တစ်ယောက်တည်း အေးအေးဆေးဆေး နားချင်နေတယ် ထင်လို့"

"ကိစ္စမရှိပါဘူး၊ ဒီနေ့ ကျွန်မ သိပ်မပင်ပန်းပါဘူး"

"ဟုတ်တယ်နော်၊ ဒီနေ့အလုပ်လုပ်ရတာ အဆင်ပြေနေတယ်၊ အရေးပေါ်လူနာနဲ့ သိပ်မတွေ့ရသေးသလိုပဲ"

"ပြောတာ စောနေပါဦးမယ်၊ ကိုထိပ်ခေါင်ရယ် ဂျူတီက ပြီးသေးတာ မဟုတ်ဘူး"

ထိုအချိန်တွင် လင်း၏ဖုန်းမှ မက်ဆေ့(ချ်)ဝင်သံ ထပ်ကြားရလျှင် လင်းသည် ...

"ခဏနော် ... ကိုထိပ်ခေါင်၊ ဘယ်သူ့ဆီကလဲ ကြည့်ချင်လို့"

စိတ်ထဲမှာ သီပေါဆီကထင်ကာ ချက်ချင်းပင်ဖွင့်ကြည့်လိုက်မိသည်။

"ငါ ခုနက မေ့သွားတယ် လင်း၊ နင်နဲ့-ငါ နှစ်ယောက်တည်းပဲ စကားပြောချင်တာ။ သဲသဲကိုခေါ်လာလို့ မဖြစ်ဘူး"





"ဒါဆို ဆေးရုံကအပြန်ပဲ တွေ့မယ်လေ"

"ငါ လာစောင့်နေမယ်"

"မစောင့်နဲ့၊ ဘယ်လာရမလဲပဲပြော"

"အဲမှာ ... ငါနဲ့တွဲသွားရင် အထင်လွဲမယ့်လူ ရှိလာလို့ ဒီလေသံ ဖြစ်လာတာပေါ့လေ"

ဒေါက်တာထိပ်ခေါင်သည် ပြုံးလိုက်၊ မက်ဆေ့(ချ်)ဝင်လာလျှင်ဖတ်လိုက်၊ ပြန်ရိုက်ပို့လိုက် လုပ်ကာ သူရှိတာကို မေ့နေသော ကြည်လင်လင်းကို အကဲခတ်နေပါသည်။ သူရှိနေတာကိုတောင် စကားမပြောနိုင်ဘဲ ဘယ်သူ့ဆီကိုများ အရေးတကြီး မက်ဆေ့(ချ်)ပို့ရသနည်း။ သူဟာလည်း ယောက်ျားတစ်ယောက်ပီပီ ကြည်လင်လင်းရဲ့အမူအရာတွေကို အကဲခတ်နိုင်သည်ဖြစ်ရာ ကြည်လင်လင်းဟာ သူ့ကိုလက်ခံဖို့ ရာနှုန်းတော်တော်များကြောင်း မှန်းဆတတ်ပါသည်။ သူ့ကိုဆို အထင်ကြီးခြင်း၊ လေးစားခြင်းတွေပါသောအကြည့်နှင့် ကြည့်လေ့ရှိသည့် ဒီမိန်းကလေးဟာ သူ့ကို ဘယ်လိုမှ မငြင်းနိုင်ဟုလည်း ယုံကြည်ထားပါသည်။

အဲဒီလို အကဲခတ်လို့ရသော မိန်းကလေးက အခုကျ သူ့ကို အရေးမလုပ်နိုင်လောက်အောင် ဘာများအရေးကြီးနေသနည်းဟု စဉ်းစားနေသည်။

"ငါ central hotel စင်ထရယ်ဟိုတယ်လ် ကော်ဖီဆိုင်က စောင့်နေမယ် ... အိုကေ"



www.burmeseclassic.com

www.burmeseclassic.com



လင်းသည် သီပေါ၏ နောက်ဆုံးမက်ဆေ့(ချ်)ကိုဖတ်လိုက်ပြီးမှ ဖုန်းကိုအသာပြန်ခေါက်ပိတ်လိုက်ပါသည်။ လင်းခေါင်းမော့လိုက်တော့ လင်းကို အကဲခတ်နေသော ဒေါက်တာထိပ်ခေါင်၏ မျက်လုံးတွေနဲ့ ရင်ဆိုင်ရလေသည်။

"ကိုထိပ်ခေါင် ရှိရက်နဲ့ စကားမပြောဖြစ်ဖူး ဖြစ်နေတယ်၊ ဆောရီးနော်"

"ရပါတယ်။ ကြည်လင်လင်း တစ်ယောက်တည်း ရှိနေတာကို ကျွန်တော်က ဝင်လာတဲ့သူပါ၊ ကြည်လင်လင်းစကားမပြောဖြစ်ရင်လည်း ကိစ္စမရှိပါဘူး"

"ကိုထိပ်ခေါင်တို့ exam အိပ်ဇင်း ဘယ်တော့လဲ"

"နောက်လထဲမှာ"

"အောင်ရင် M.Sc အမ်အက်(စ)စီ ရပြီပေါ့"

"အဲဒါနဲ့ မပြီးသေးပါဘူး ကြည်လင်လင်းရယ်၊ သိတဲ့အတိုင်းပဲ M.R.C.P အမ်အာစီပီ ထပ်လိုချင်သေးတော့ စာက ကျက်နေရဦးမှာပဲ"

"ကိုထိပ်ခေါင်က ဆေးပညာကို ဝါသနာမပါဘဲ သင်သာသင်ရပေမယ့် ဘွဲ့လွန်တွေ ထပ်တက်ဖို့တော့ စိတ်ပါသားပဲနော်"





"ကျွန်တော်က တစ်ခုခုကို လုပ်ရပြီဆိုရင် ထိပ်ဆုံးရောက်တဲ့အထိ လုပ်တတ်တဲ့အကျင့်ရှိတယ်"

"ဟင်း ဟင်း ... ဒါကြောင့်လည်း နာမည်ကိုက ထိပ်ခေါင်ဖြစ်နေတာ"

"လူနဲ့နာမည် လိုက်သွားတာပေါ့လေ။ ကြည်လင်လင်းလည်း နာမည်နဲ့လူနဲ့ လိုက်ပါတယ်။ မျက်နှာလေးကကြည်ပြီး လင်းဝင်းနေတာပဲလေ"

"ကိုထိပ်ခေါင်ကလည်း မြှောက်နေပြန်ပြီ၊ မုန့်ကျွေးရတော့မယ်ထင်တယ်"

"ညနေဂျူတီပြီးရင် အပြန်မှာတစ်ခုခုစားကြမယ်လေ ဘယ်လိုလဲ။ ကြည်လင်လင်း မကျွေးပါနဲ့ ကျွန်တော်ကျွေးမှာပါ။ ကျွန်တော်က အကြီးပဲ။ ကလေးဆီက ညာမစားချင်ပါဘူး"

"ဟို ... အဲ ... အဟင်း ... ဆောရီးပါ ကိုထိပ်ခေါင်၊ ကျွန်မ သွားစရာလေးရှိလို့ စီစဉ်ပြီးသား ဖြစ်နေတယ်"

"ဩော် ... ဟုတ်လား၊ ဒါဆိုလည်း ကိစ္စမရှိပါဘူး၊ နောက်ကြုံတဲ့အခါပေါ့"

အဲဒီလို ကြည်လင်လင်း ငြင်းလိုက်တုန်းကတော့ စိတ်ထဲမှာ ရှင်းနေခဲ့ပေမယ့် ထိုညနေဘက်မှာ ကြည်လင်လင်းဟာ ဘယ်သူနဲ့ရှိနေသလဲဆိုတာ အမှတ်မထင် သိလိုက်ရသော



www.burmeseclassic.com

www.burmeseclassic.com



အခါမှာ ဒေါက်တာထိပ်ခေါင်၏စိတ်ထဲတွင် တော်တော်ကို မခံချိမခံသာဖြစ်သွားရပါသည်။ သူကလည်း အိမ်အပြန်မှာ central hotel ရှေ့က ဖြတ်အမောင်းမှာ အမှတ်မထင် ဟိုတယ်ဘက်ငဲ့အကြည့်တွင် ကြည်လင်လင်းနဲ့အတူ ရယ်ကာမောကာ ရပ်စကားပြောနေသော သီပေါကို လှမ်းမြင်လိုက်ပါသည်။ ကြည်လင်လင်းကားပေါ်က ဆင်းလာတာကို ရပ်စောင့်နေပုံရသော သီပေါနှင့် ကြည်လင်လင်းတို့ ဟိုတယ်ရဲ့ကော်ဖီဆိုင်ထဲ တွဲဝင်သွားတာကို အသာငေးမိရာ ကားချင်းတောင် ပွတ်မိမလို ဖြစ်သွားရတော့လေသည်။ သူ့ရင်ထဲ ဒီကိစ္စကို လုံးဝမရှင်းတော့သလို တနုံ့နုံ့ခံစားလိုက်ရသည်။

ဘာသဘောလဲ။ ဒါ ဘာတွေလဲ။ တကယ်ဆို ကြည်လင်လင်းဟာ ငါ့ကိုလက်ခံမယ်ဆိုရင် ငါသာလျှင် သူ့ရဲ့ ပထမဦးစားပေး စဉ်းစားနေရာပေးစရာ ဖြစ်ရမှာလေ။ အခုတော့ သီပေါနဲ့ချိန်းထားပြီးတာနဲ့ပဲ ငါ့ကို နောက်ပို့လိုက်တဲ့သဘောလား။ သီပေါနဲ့ချိန်းထားတာကို ဘာကြောင့် မဖျက်နိုင်ရသလဲ။

ဒေါက်တာထိပ်ခေါင်သည် ကားမောင်းလာရင်း အရင်တစ်ပတ်က သူတို့သုံးယောက်ဆုံဖြစ်သွားကြတုန်းက သီပေါနဲ့ ကြည်လင်လင်းတို့၏ စကားအပြောအဆို၊ အမူအရာတွေကို လှေ့လာရသမျှတို့အား တစ်ခုချင်း ပြန်စဉ်းစားမြင်ယောင်ကြည့်





လာမိပါသည်။ အဲဒီတုန်းက သုံးယောက်ထိုင်နေကြတယ် ဆိုပေမယ့် တကယ်တော့ သူသာဘေးရောက်နေကာ သီပေါနဲ့ ကြည်လင်လင်းကတော့ သီးသန့်စကားဝိုင်းတစ်ခု ဖြစ်နေခဲ့သည်။

စကားပြောရင်း မကြာခဏ သီပေါရဲ့လက်မောင်းကို ရိုက်မလို၊ ထုမလို လက်ပြင်လိုက်ပြီးမှ သူရှိနေတာကို သတိရပြီး ဣန္ဒြေပြန်ဆယ်လိုက်ရတဲ့ ကြည်လင်လင်းရဲ့အမူအရာတွေကို အခုမှ ပြန်မြင်ကြည့်လာမိသည်။

ယောကျာ်းလေးတစ်ယောက်နဲ့ အဲဒီလို ရိုက်ပုတ်စကားပြော ဆက်ဆံတတ်တာမျိုးကို သူ အတော်လေးကသိကအောက်ဖြစ်ရသည်။ ကြည်လင်လင်းလို အေးအေးနေတတ်ပြီး ဣန္ဒြေသိက္ခာရှိတဲ့ မိန်းကလေးက ဒီ သီပေါဆိုတဲ့ကောင်ကို ဘာကြောင့် ဒီလောက်ထိ တရင်းတနှီး ဆက်ဆံရသလဲဆိုတာ တွေးမရချင်။

သီပေါကလည်း သူရှိနေတာတောင် အားမနာ ကြည်လင်လင်းရဲ့မျက်နှာကို မလွှတ်တမ်း စိုက်ကြည့်စကားပြောဟန်မှာ သူ့အသည်းကို လာဆွသလို ခံစားရစေလေသည်။ ဘာကယ်ဆို သူငယ်ချင်းလို့တောင် ယုံဖို့မကောင်းတော့။ တစ်ယောက်ကိုတစ်ယောက် သိပ်သံယောဇဉ်ကြီးကြတဲ့ ချစ်သူစုံတွဲပုံစံတောင် ပေါက်နေတာ။



www.burmeseclassic.com

www.burmeseclassic.com



ဘာကြောင့်လဲ ... ဘာကြောင့် ကြည်လင်လင်းက "ငယ်သူငယ်ချင်း"တွေပါလို့ မိတ်ဆက်ပေးရသလဲ။ သူတို့ချင်း ရည်းစားဟောင်းလား။ တစ်ယောက်နဲ့တစ်ယောက် ကြိုက်နေရက်နဲ့ ဟန်ဆောင်ပြီး သူငယ်ချင်းတွေအဖြစ် နေပြနေတာလား။

ဒေါက်တာထိပ်ခေါင် အတွေးတွေနဲ့ ရှုပ်ထွေးနေချိန်မှာ ကြည်လင်လင်းကတော့ သီပေါပြောသမျှ မေးလေးထောက်ကာ နားထောင်ပေးလို့ ကောင်းနေခဲ့သည်။

"အဖေ နောက်အိမ်ထောင်ပြုတာကို မပြောပါဘူး။ မေမေနဲ့ကွဲပြီးကတည်းက တစ်နေ့ကျ သူ ဘယ်သူ့ကိုအတည်ထပ်ယူမလဲဆိုတာ စဉ်းစားပြီးသားပါ။ အခုတော့ နင်ပဲစဉ်းစားကြည့် ဘယ်လောက်ရှက်စရာကောင်းလဲ"

လင်း သီပေါကို နားလည်သလို အသာလိုက်ခေါင်းညိတ်မိ၏။

"ယူစရာရှားလို့ကွာ"

"ဒီခေတ်မှာက အသက်ချင်း နှစ်ဆယ် သုံးဆယ်ကွာလည်း ပိုက်ဆံချမ်းသာတဲ့ယောကျ်ားဆိုရင် ဘယ်မိန်းကလေးမဆို အတည်လက်ထပ်ယူမယ်ဆိုတာနဲ့ ဝမ်းသာအားရလက်ခံမှာပဲလေ"





"ငါ နားလည်တယ်၊ အဲဒါကို ငါနားလည်တယ်၊ ငါ ရှက်တာက ငါ့ရဲ့ရည်းစားဟောင်းနဲ့မှ ယူရလားလို့ပါ"

"နင့်ရည်းစားဟောင်းမှန်း သူ, မသိလို့ပေါ့"

"အဖေမသိလည်း ဟိုကောင်မက သိတာပဲ၊ လက်ခံရဲတာ အံ့သြတယ်"

"အေးလေ ... ရွှေဝတီက နင့်ကျလမ်းခွဲခဲ့ပြီး နင့်အဖေကျမှ ယူတယ်ဆိုတာတော့ ,တော်တော်ရှက်စရာကြီး"

ဖြစ်ပုံက သီပေါရဲ့ရည်းစားဟောင်း ဖြစ်ခဲ့သော ရွှေဝတီက သီပေါအဖေ နာမည်ကြီးရုပ်ရှင်မင်းသားကြီး ထက်မြက်နဲ့ လက်ထပ်မည်ဆိုတာ သိလာ၍ သီပေါ ဒေါသဖြစ်နေတာဖြစ်သည်။ လင်းလည်း စကြားကြားချင်းက တော်တော့်ကို အံ့သြသွားသေးသည်။ သီပေါနေရာမှာ ခံစားကြည့်မိပြီး သီပေါကို တော်တော်သနားရမလို ဖြစ်နေသည်။ အဖေယူမယ့်မိန်းမက သူ့ရည်းစားဟောင်းဆိုတော့ ဘယ်လောက်အံ့ခရခက်မလဲ။ ဘယ်လောက် မျက်နှာပူမလဲ။

"ဘယ်တော့ ယူမှာတဲ့လဲ"

"အဖေပြောတော့ မယူမဖြစ်တော့လို့ ယူရမှာတဲ့၊ ဟာ ... ဟာကွာ ... ပြောရတာ တော်တော်ရှက်စရာကောင်းတယ်။ မြန်မြန်လက်ထပ်ကြမယ် ပြောတယ်။ လက်မှတ်ထိုးပြီးရင် ဒင်နာနဲ့ ဧည့်ခံပွဲ အကြီးအကျယ်လုပ်မှာတဲ့ ရှစ်(ထ်)"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ဟဲ့ ... တော်ပြီ မဆဲနဲ့။ ငါ့ရှေ့မှာမဆဲနဲ့လို့ နင့်ကို ဘယ်နှခါပြောရမလဲ"

"ဆဲမယ် ... ဆဲချင်နေတယ်၊ စိတ်ထဲမှာ ပျစ်ပျစ်နှစ်နှစ်ကို ဆဲနေတာ"

"အေးပါ ... ထားပါ၊ ငါ နားလည်ပါတယ်၊ နင်လည်း ခံစားရမှာပေါ့"

"ခံစားရတယ် ... ခံစားရတယ်၊ အေး ... ခံစားရတယ် ဆိုတာကို တလွဲတွေးမနေနဲ့၊ ငါ သူ့ကိုဆက်ပြီးစိတ်ဝင်စားလို့ မရတော့လို့ ငါကိုယ်တိုင် ကျေကျေနပ်နပ် လမ်းခွဲခဲ့တာ အသည်းမကွဲဘူး။ ဘာမှမဖြစ်ဘူး။ ငါ အခုဖြစ်နေတာက ရှက်တာ။ ရှက်နေတာ ... နင်စဉ်းစားကြည့်၊ ငါက ငါ့အဖေကို သတိတရ သွားတွေ့ချင်ရှင်တောင် သူရှိနေရင် ဘယ်လိုလုပ် သွားချင်တော့မလဲ။ သူမို့ မျက်နှာမပူတယ်။ လုပ်ရဲတယ်"

သီပေါက အဖေနဲ့အတူ မနေပါ။ သူ့ဘာသာကွန်ဒိုတစ်ခန်း ဝယ်နေကာ၊ စိတ်ပါမှ အဖေကိုသွားတွေ့သူဖြစ်ပါသည်။ သူတို့သားအဖ ဆက်ဆံရေးကတော့ သိပ်ပြီးမနွေးထွေးလှသလို သိပ်လည်းမအေးစက်လှ။ တစ်ပတ် ဆယ်ရက်တစ်ခါတော့ သူ့အဖေက သားဆီဖုန်းဆက်၊ လာတွေ့ ဒါမှမဟုတ် သီပေါက အဖေဆီသွား၊ ထမင်းတွေ ဘာတွေ အတူစားပြီး



ပြန်လာတတ်သည်။ အဖေ့မွေးနေ့၊ သားဖြစ်သူမွေးနေ့တွေဆိုရင်တော့ အမှတ်တရဆုံကြပြီး တစ်နေကုန် အတူရှိတတ်သည်။ ဘုန်းကြီးဆွမ်းကပ်တဲ့အခါကပ်သည်။ မကပ်ရင် တစ်နေရာရာမှာ ငွေသွားလှူကြသည်။ ထိုသို့သော ဆက်ဆံရေးမျိုးမှာ အခုတော့ ရွှေဝတီကြောင့် ပြက်တောက်ပစ်ရတော့မလို ဖြစ်နေသည်တည်း။

"ငါ မိန်းကလေးတစ်ယောက် အကြောင်းကို ကွယ်ရာမှာ အတင်းပြောတတ်တဲ့ လူစားမျိုးတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ရွှေဝတီအကြောင်းတော့ နည်းနည်းပြောပြချင်တယ်၊ နင် ငါ့ကို အတင်းပြောတတ်တဲ့ကောင်လို့တော့ မထင်နဲ့"

"အေးပါ ... ပြောပါ၊ ငါ နားထောင်ချင်ပါတယ်"

"တကယ်တော့ ရွှေဝတီက ငွေမက်တယ်ဟ။ သူတို့အခြေအနေက သာမန်မိသားစုပုံစံလောက်ပဲရှိတာ။ တိုက်ခန်းလေးတစ်ခန်းနဲ့ အသင့်အတင့် နေနိုင်ရုံဆိုတော့ သူက အဲဒါကို မကျေနပ်ဘူး။ ကားစီးချင်တယ်၊ ပိုက်ဆံသိပ်သုံးချင်တယ်၊ သူများတွေ နိုင်ငံခြားထွက်လည်နိုင်တာမျိုးကို သိပ်အားကျတယ်။ သူ့ပါးစပ်က အမြဲပြောတာ ကြားနေရတယ်လေ။ တခြားမိန်းကလေးတွေ ကားကိုယ်တိုင်မောင်းပြီး ဝယ်ခြမ်းနိုင်တာကို သိပ်အားကျတာပဲတဲ့။ အဲဒါမျိုး သိပ်ဖြစ်ချင်တာပဲတဲ့"

www.burmeseclassic.com

www.burmeseclassic.com



လင်းက ရွှေဝတီလို ချောချောလှလှ ကောင်မလေး၏ စိတ်ဓာတ်ကို မကဲ့ရဲ့မိပါ။ ဒါ လူတိုင်းဖြစ်ချင်တဲ့ဆန္ဒပဲ။ ဘယ်သူမဆို ကားစီးချင်တယ်၊ ပိုက်ဆံသုံးချင်တယ်။ နိုင်ငံခြားကို သွားလည်ချင်တယ်။ ဟန်းဖုန်းအကောင်းစား သုံးချင်တယ်ဆိုတော့ ဒါဟာ အပြစ်ပြောစရာမရှိဘူး။ သူလိုချင်တာ ဖြစ်ချင်တာကို ဝန်ခံရဲတာတောင် ချီးကျူးရမလိုပဲ။ တချို့တွေကျ လူရှေ့သူရှေ့မှာ ဟန်ဆောင်ပြီး ဒါတွေမလိုချင်ပါဘူး။ မသုံးချင်ပါဘူး။ ပကာသန မမက်ပါဘူးတွေ အော်ပြနေတာရှိတယ်။ လူမှန်ရင်တော့ အကောင်းကြိုက်ကြတာချည်းပဲ။ မနေချင်ဘူး၊ မစားချင်ဘူး၊ မသုံးချင်ဘူး ဆိုတာဟာ လိမ်တာပဲ။

"နင်လည်း သူဌေးပဲဟာ၊ နင့်ကျ ဘာလို့အပိုင်မချည်ထားလဲ"

"ငါ သူ့ကိုမချစ်မှန်း သိတယ်တဲ့"

"ဩော် ... ဒါဖြင့် သူက ပိုက်ဆံလည်းချမ်းသာ၊ သူ့ကိုလည်းချစ်တဲ့သူကို လိုချင်တာပေါ့"

"တောက် ... ငါ့အဖေကိုမှ ယူရတယ်လို့"

"ဒေါသဖြစ်မနေပါနဲ့တော့ သီပေါရယ်၊ နင်လည်း ဘာမှ လုပ်လို့မှ မရတော့တာကို"

"ရှက်စရာ ကောင်းတယ်ကွာ၊ မယူရင်မဖြစ်တော့တဲ့ အခြေအနေဆိုတာကို နင် ဘယ်လိုနားလည်လဲ"





လင်း မဖြေဘဲ ခေါင်းညိတ်မလိုလိုသာ ပြမိ၏။ တစ်ခုခုတော့ သိတာပေါ့။ ဒါပေမဲ့ တိုက်ရိုက်ကြီး မပြောချင်ဘူး။

"ငါ့ရဲ့အဖေတွေအမေတွေ မောင်နှမကို ငါက ဘယ်လိုမျက်နှာနဲ့ ရင်းနှီးရမှာလဲ။ စဉ်းစားကြည့် ... လုံးဝအဓိပ္ပာယ်မရှိတာကြီး"

သီပေါ စိတ်ရှုပ်ရှုပ်ဖြင့် မျက်နှာကိုသာ ခပ်ကြမ်းကြမ်း ပွတ်ပစ်နေလေသည်။ သူ့မျက်နှာဖြူဖြူမှာ သူ့လက်နဲ့ပွတ်ပစ်သည့်ဒဏ်ကြောင့် နီရဲသွားပါသည်။

"ကျေးဇူးပဲ လင်းရာ။ နင် ဆေးရုံမှာ ပင်ပန်းလာတာကို ငါက နားမလည်ပေးဘဲ ငါ့ရဲ့ဒုက္ခတွေ ညည်းပြတာကို နားထောင်ပေးတဲ့အတွက် ကျေးဇူးပါပဲ။ နင်က ငါ့အတွက် တကယ့်ကို အဖော်ကောင်းပါ"

"ရပါတယ် သီပေါရယ်"

"နင်တို့အခြေအနေကရော ဘယ်လိုလဲ"

"ဘာ နင်တို့အခြေအနေလဲ"

"ဒေါက်တာထိပ်ခေါင်လေ"

"စဉ်းစားတုန်းပဲ"

"ဘာတွေ စဉ်းစားနေတာလဲ၊ ဒီလူက လူကောင်းပါ၊ ပြီးတော့ နင်တို့ဆရာဝန်ချင်းချင်းဆိုတော့ နားလည်မှုပိုရှိတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



“သူ့ကို ငါ အခုမှ စသိရတာ၊ နည်းနည်းတော့ လေ့လာရဦးမှာပေါ့။ လူတစ်ယောက်ရဲ့အပြင်သဏ္ဌာန်နဲ့ အခြေအနေကိုကြည့်ပြီး မဆုံးဖြတ်ချင်ဘူး။ ဘာမှလဲ လောစရာမရှိဘူး၊ ငါက ခုမှပေါက်(စ)ဆာဂျင်ဖြစ်ခါစလေး ရှိသေးတာ”

“ဟဲ ဟဲ … အမေကပြောတယ် ငယ်သေးတယ် ဆိုတာမျိုးလား”

“အံမယ် … ငါ့ပဲ အတင်းလိုက်ယှုနိုင်းနေ နင်ကျတော့ရော။ ထားလိုက်ရတဲ့ ရည်းစားတွေ လက်ဆယ်ချောင်းတောင်ကျော်တယ်။ ပြီးတော့ တစ်ယောက်မှလည်း အတည်တကျမဖြစ်ဘူး။ သူတို့ဘက်က ဘယ်သူမှ မမှားဘူး။ သူတို့အားလုံး နင့်ကို ချစ်ကြတယ်၊ နင်သာ မျောက်စိတ်လို အငြိမ်မနေနိုင်တာ”

“စိတ်မငြိမ်တာ မဟုတ်ပါဘူး။ ငါလည်း တစ်ယောက်တွေ့လိုက်။ စိတ်ထဲမှာ ချစ်လာသလိုလိုဖြစ်လိုက်။ ရည်းစားဖြစ်ကြည့်လိုက် ပြီးနည်းနည်းကြာလာရင် အလိုလိုနေရင်းပျင်းလာတယ်။ ရည်းစားကို မထားချင်တော့သလို ဖြစ်လာတယ်။ တစ်ယောက်တည်းနေရင် ကောင်းသား၊ ရည်းစားထားမိတော့ အလုပ်ရှုပ်ရတယ်ဆိုပြီး နှောင်တရလာတယ်။ အဲဒါနဲ့ မပြတ်ပြတ်အောင် ဖြတ်မိရော”





“နောက်တော့လည်း နောက်တစ်ယောက် ရှာတွေ့ပြန်ရော၊ ဟင်း …။ နင်ဟာကလည်း ကိုယ့်အပြစ် ကိုယ်လွှတ်အောင် ဆင်ခြေပေးချင်ရင်လည်း ကောင်းတဲ့ဆင်ခြေပေးပါဟယ်”

“လင်း … နင်ကရော ဒေါက်တာထိပ်ခေါင်ကို ချစ်လား”

“မမေးနဲ့ မဖြေဘူး”

လင်းက မျက်စောင်းကြီးထိုးပြီး ဖြေသဖြင့် သီပေါ ဘဟားဟား ရယ်သည်။ ဘာပဲဖြစ်ဖြစ် လင်း့ကို ရင်ဖွင့်လိုက်ရတော့ စိတ်ထဲမှာ ခံစားနေရတာတွေ နည်းနည်းလျော့သွားသလိုတော့ ဖြစ်သွားပါသည်။ လင်းကို သူ ဘာဖြစ်လို့များ အဲဒီလောက်အောင် တွယ်တာနေမိသလဲ မသိချေ။ သူ တစ်ခုခု အဆင်မပြေဖြစ်တိုင်း၊ တစ်ခုခု စိတ်ညစ်တိုင်း လင်းဆီပြေးလာပြီး ရင်ဖွင့်ချင်သည်။ လင်းနဲ့စကားတွေ ပြောလိုက်ချင်သည်။ အဲဒီလိုလုပ်လိုက်ရမှ ရင်ထဲမှာ နေသာထိုင်သာရှိကာ စိတ်လက်ပေါ့ပါးသွားတတ်မြဲ ဖြစ်နေသည်။ ဒီတော့ သူ့ဘဝမှာ လင်း မရှိလို့မဖြစ်သလိုမျိုး ဖြစ်နေပါသည်။

ခုထိတော့ လင်းအပေါ် သူ ရိုးသားနေသေးသည်ဟု ထင်ပါသည်။ သူငယ်ချင်းတစ်ယောက်ဖြစ်သူ မိုးဦးနဲ့တစ်ခါက အလောင်းအစားသဘော ပြောခဲ့သလိုမျိုး စိတ်မပြောင်းသေးဘူးထင်ပါရဲ့။ ရည်းစားတွေ တစ်ယောက်ပြီးတစ်ယောက် ထားခဲ့ပေ



www.burmeseclassic.com

www.burmeseclassic.com



မယ့်လည်း တကယ်ချစ်တယ်ဆိုတာ ဘယ်လိုမျိုးလဲ။ တကယ်ချစ်လာရင် ဘယ်လိုခံစားရသလဲ ဆိုတာတော့ သူ မသိသေးလေရာ လင်းအပေါ်မှာရှိသော တွယ်တာမှုကို ခေါင်းစဉ်မတပ်တတ်သေးပါ။

သိပေါသည် လင်းရဲ့ပြုံးရယ်နေသော မျက်နှာလေးကိုကြည့်ရင်း ဒီတစ်ညနေတော့ တော်တော်စိတ်ချမ်းသာသွားခဲ့ကြောင်း မငြင်းချင်တော့ပေ။

❄ ❤ ❄





၆

ဒေါက်တာထိပ်ခေါင်က ဖိတ်စာတစ်စောင် လာဖိတ်ပါသည်။ မင်္ဂလာနှစ်ပတ်လည် ညစာစားပွဲ ဖိတ်ကြားလွှာဖြစ်လေသည်။

“ကျွန်တော့်မိဘတွေရဲ့ နှစ်ပတ်လည်မင်္ဂလာပါ၊ သိပ်များများစားစား ဖိတ်တာမဟုတ်ဘူး၊ ဆွေမျိုးအသိုင်းအဝိုင်းနဲ့ နီးစပ်ရာ မိတ်ဆွေသူငယ်ချင်းတွေ get together ဂတ်(ထ်) တူဂဲသား လုပ်တဲ့သဘောပါပဲ။ ကြည်လင်လင်းနဲ့မိသားစုလို့ ရေးထားတော့ မိဘတွေရော ညီမလေးကိုပါ ဖိတ်တဲ့သဘောပါ”

“ကိုထိပ်ခေါင်တို့အိမ်မှာ လုပ်တာနော်”

“ဟုတ်တယ် ... ခြံထဲမှာပဲ ပြင်ဆင်ပြီး ညှော်ခံမှာပါ။ ဆက်ဆက်လာနော်”



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာထိပ်ခေါင်ပုံစံက လင်းဟာ သူ့ရဲ့တစ်ခုံတစ်ရာ ပတ်သက်ရမည့် မိန်းကလေးဖြစ်၍ သူ့မိသားစုအလယ်မှာ အသိပေးချင်ဟန်ဖြစ်နေသည်။ လင်း ဒါကိုကျေနပ်ပါသည်။ သူတို့ဘက်က အသိုင်းအဝိုင်း ကောင်းလွန်းလှတာမို့ ကိုယ့်ဘာသာတောင် နည်းနည်းအားငယ်မိသလို ဖြစ်နေခဲ့သည်။ လင်းမိဘတွေကလည်း ဘွဲ့ရပညာတတ်တွေပေမယ့် ကုန်သည်မျိုးရိုးမို့ ကုန်သည်အလုပ် လုပ်ကြတာကြောင့် သူတို့ဘက်လိုတော့ နာမည်ကြီးဆရာဝန်ကြီးတွေ မဟုတ်တာကို တစ်ခါတလေ စိုးရွံ့မိသည်။ လင်းတို့မိသားစု အသိုင်းအဝိုင်းမှာတော့ ဆရာဝန်ဆိုတာ လက်ရှိုးရေလို့ရတဲ့ ဂုဏ် ဖြစ်နေခဲ့သည်။

လင်းသည် ထိုနေ့ကို ဆက်ဆက်လာပါမယ်ဟု ကတိပေးလိုက်ပါသည်။ လင်းနဲ့ ဒေါက်တာထိပ်ခေါင်တို့ကြားတွင် တစ်ဖက်နဲ့တစ်ဖက် နားလည်မှုရှိနေကာ လင်းအဖြေမပေးရသေးပေမယ့် လင်းရဲ့အဖြေကိုလည်း ဒေါက်တာထိပ်ခေါင်က နားလည်ထားသလို ဖြစ်နေသည်။ ဂျူတီတူသော နေ့တွေမှာ ဆေးရုံကင်န်တင်းတွင် ထမင်းအတူတူစားတတ်သော၊ လက်ဖက်ရည်အတူတူသွားသောက်တတ်သော လင်းတို့ကို အများကတော့ လင်းတို့ကြားတွင် ပတ်သက်မှုရှိနေပြီဟု ထင်ကြမှာပင်။





"နင်နဲ့ ဒေါက်တာထိပ်ခေါင်နဲ့ပဲ အဆင်ပြေမှာပါ။ သီပေါကတော့ နင်နဲ့စရိုက်မတူဘူး၊ ပြီးတော့ သူက ရည်းစားများတယ်၊ နင်နဲ့မတန်ဘူး။ နင်က သန့်သန့်လေးနေတာ"

ငုဝါတောင် တစ်ရက်မှာ ထိုသို့ပြောလာသည်။ ထိုအခါ လင်းက ငြင်းမိသည်။

"သီပေါနဲ့ ငါက သူငယ်ချင်းပါဟယ်၊ ဘာမှမဆိုင်ပါဘူး"

"နင်တို့ကြည့်ရတာ သိပ်တရင်းတနှီး ရှိလွန်းနေတယ်လေ၊ ငါက နင်တို့ကြိုက်နေပြီတောင် ထင်တာ။ နင်ညာနေတာလား"

"မညာပါဘူး၊ ဘာလို့ ညာရမှာလဲ"

"အေး ... ဒါဖြင့်လည်း ပြီးရော၊ နင် သူ့ကို သွားမကြိုက်မိစေနဲ့။ နင်ပဲ အသည်းကွဲရမှာ၊ သူ့ပုံစံက ဘယ်သူ့ကိုမှ အလေးအနက်မထားတဲ့ပုံစံ"

ငုဝါကတော့ ထိုသို့ပင် ဝေဖန်ပါသည်။ လင်းကိုယ်တိုင်လည်း သီပေါ၏အမူအကျင့်တွေကို သိပ်မကြိုက်လှ။ ကောင်မလေးတစ်ယောက်တွေ့ရင် ချစ်တယ် ကြိုက်တယ်ဆိုပြီး ရည်းစားဖြစ်ကြည့်လိုက်၊ တော်ကြာ မကြိုက်နိုင်တော့ပါဘူးဆိုပြီး ထမ်းခွဲလိုက် ခဏ ခဏ လုပ်တာကို မနှစ်မြို့လှပါ။ ရည်းစားထားရဘူးလို့ မဆိုလိုပါ။ ရည်းစားထားတာ ထားပေါ့။ ဒါပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



တော်ကြာ တစ်ယောက်နဲ့ကြိုက်လိုက်၊ တော်ကြာကွဲလိုက်နဲ့ ခြောက်လအတွင်းမှာ သုံးလေးယောက် ပြောင်းတာကိုတော့ လင်းစိတ်တိုင်းမကျချေ။ သို့သော် ဒါဟာ သူ့ရဲ့ကိုယ်ရေးကိုယ်တာဖြစ်တာမို့ လင်း မဝေဖန်ဖြစ်ခဲ့ပါ။

"သူက နင့်ဆီ စိတ်လည်လာပြီး နင့်ကိုကြိုက်တယ် ဖြစ်လာရင် မယုံနဲ့ သိလား"

"အံမာ ... သူ့ကိုများ ငါက ပြန်ကြိုက်စရာလား"

"အေးပါ ... နင့်စိတ်နင် သေချာရင် ပြီးတာပဲ။ တော်ကြာ စိတ်ပါသွားမှာစိုးလို့ သတိပေးထားတာ"

"စောင့်ကြည့်ပါဟယ်၊ သူလည်း ငါ့လိုပုံစံကို မကြိုက်ပါဘူး။ ငါက သူ့အတွက် မိတ်ဆွေကောင်းတစ်ယောက်လို အစစအရာရာ တိုင်ပင်လို့ရတဲ့သူမို့ သူ ငါ့ကိုခင်တာပါ။ သူ့စိတ်ထဲမှာ ရိုးသားတယ်လို့ ငါထင်တယ်"

လင်း အသေအချာပင် ပြောလိုက်ပါသည်။ ငုဝါကတော့ "ဘာပဲဖြစ်ဖြစ် စောင့်ကြည့်မယ်"ဆိုသော စကားတစ်ခွန်းကိုတော့ ပြောဖြစ်အောင် ပြောခဲ့ပါသေးသည်။

ဒေါက်တာထိပ်ခေါင်မိဘတွေ၏ ညစာစားပွဲလုပ်ရန် တစ်ရက်အလိုတွင် လင်းထံ သီပေါဆီမှ မက်ဆေ့(ချ)တစ်ခုဝင်လာပါသည်။





"လင်း မနက်ဖြန်ညနေ ခြောက်နာရီလောက် အဆင်သင့် ပြင်ဆင်ထားပါ၊ ညစာစားပွဲတစ်ခု သွားသလိုမျိုးလေး ပြင်ထားပါ။ ငါ လာခေါ်မယ်"

လင်း တော်တော်အံ့သြသွားပါသည်။ တိုက်ဆိုင်လှချည့်လား။ ဒေါက်တာထိပ်ခေါင်တို့အိမ်ကိုလည်း လင်း ခြောက်နာရီလောက် ပြင်ဆင်ပြီး ထွက်ရမှာကိုများ သီပေါ ကြိုသိလို့လားဟုပင် သံသယဖြစ်သွားမိပါသည်။

လင်း မက်ဆေ့(ချ)ချက်ချင်း ပြန်ပို့လိုက်မိ၏။

"ငါ မအားဘူး"

"ဘယ်သွားစရာရှိလို့လဲ၊ နင့်ဆေးရုံဂျူတီမရှိဘူးဆိုတာ ငါသိတယ်"

လင်းသည် သီပေါရဲ့မက်ဆေ့(ချ)ကိုဖတ်ပြီး ကိုယ့်ဘာသာ နောင်တရသွားပါသည်။ လင်းရဲ့တစ်လစာဂျူတီချိန်တွေကို ဘာကြောင့်များ သူ့ကိုအသိပေးထားမိသနည်း။ သူကရော ဘာဖြစ်လို့ အားလုံးကို မှတ်ထားရသနည်း။

"ငါ သွားစရာရှိတယ်"

"ရှိရင် ဖျက်လိုက်ပါ လင်း။ ငါ တကယ်ပဲ အကူအညီလိုလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



လင်း မက်ဆေ့(ချ)ပို့မနေနိုင်တော့ ဒီတစ်ခါမှာတော့ သီပေါဖုန်းကိုသာ ခေါ်လိုက်တော့သည်။ အဲဒီလို အပြန်အလှန် စာရေးပြီး ငြင်းနေလို့ကတော့ ပြီးတော့မှာ မဟုတ်ဘူး။

"အေး ... လင်း ပြောလေ"

လင်းဖုန်းနံပါတ် ပေါ်လာတာနဲ့ သီပေါ ချက်ချင်း ဖွင့်လိုက်ပြီး အသံပြုပါသည်။

"သီပေါ ... ငါ တကယ် အဲဒီနေ့ မအားတာ"

"ခဏလေးတောင် မရဘူးလား။ ခြောက်နာရီထွက်သွားပြီး ခုနစ်နာရီ နင့်ကိုပြန်ပို့ပေးမယ်"

"ငါသွားရမယ့် ညစ်ခံပွဲကလည်း ခြောက်နာရီစမှာ၊ ပြီးတော့ ငါက အိုက်တင်ကြီးခံပြီးတော့ ခုနစ်နာရီ ရှစ်နာရီပွဲပြီးခါနီးမှ ရောက်သွားရတာ မဖြစ်ချင်ဘူး"

"ဟား ဟား ဟား"

"ဘာရယ်တာလဲ"

"ငါ ရိပ်မိပြီ၊ နင် ဒေါက်တာထိပ်ခေါင်နဲ့ ပတ်သက်တဲ့ နေရာတစ်ခုကို သွားမလို့ မဟုတ်လား"

"ဟုတ်တယ်"

လင်း မငြင်းချင်တော့သဖြင့် ဝန်ခံလိုက်ပါသည်။

"သူက ဘာပွဲလဲ၊ သူ့မွေးနေ့လား"





"သူ့မိဘတွေရဲ့မင်္ဂလာနှစ်ပတ်လည်ပါ"

"အဲဒါ သူ့ပွဲမှ မဟုတ်တာ။ ဥပမာ ... ထားပါတော့ဟာ သူ့မွေးနေ့ဆိုရင်တော့ နင် ပျက်ကွက်လို့မကောင်းဘူးပေါ့။ အခုဟာက သူ့မိဘပွဲဆိုတော့"

"အဲဒီပွဲလည်း ငါ မပျက်ချင်ဘူး။ သူတို့မိသားစုပွဲမို့ သူတို့ခြံထဲမှာ လုပ်မှာလေ"

"ငါပြောတဲ့သဘောကလည်း မပျက်ရပါဘူး၊ နည်းနည်း နောက်ကျမှ ရောက်တော့ရော ဘာဖြစ်လဲ။ ရတာပဲ။ နင့်ကို impression အင်ပရက်ရှင်း မကောင်းမှာစိုးလို့လား။ အဲဒါ သိပ်တော့မဆိုင်ပါဘူး။ ညစ်ခံပွဲက ခြောက်နာရီစတာနဲ့ ခြောက်နာရီကြီး ရောက်ရမယ်လို့ ဘယ်သူမှ မသတ်မှတ်ပါဘူး"

"ခြောက်နာရီစပေမယ့် ခြောက်နာရီခွဲလောက်ရောက်ရင် အကောင်းဆုံးပေါ့၊ နေစမ်းပါဦး ... ငါ့ကို အရေးတကြီး အဖော်ခေါ်ရအောင် နင့်ပွဲက ဘာမို့လို့လဲ"

သီပေါ တစ်ချက် သက်ပြင်းချလိုက်သံသဲ့သဲ့ကို ကြားလိုက်ရသည်။ ခဏလေး အသံတိတ်ပြီးမှ ...

"သူတို့ညစ်ခံပွဲ လုပ်ကြမှာလေ"

ဟူသော ခပ်တိမ်တိမ်အသံဖြင့် တုံ့ပြန်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ဆိုတာ ဘယ်သူဘယ်ဝါရယ်လို့ သေသေချာချာ အမည်တပ်ပြီး မပြောပေမယ့်လည်း အဲဒီ"သူတို့"ဆိုတာကို လင်း အလိုလို သိပြီးသလို ဖြစ်နေပါသည်။ သူ့အဖေနဲ့ ရွှေဝတီတို့ မင်္ဂလာဆောင်ခဲ့ပွဲ လုပ်တာပဲရယ်လို့ လင်း သိလိုက်ပါသည်။

"အေးဟယ် ... ငါ စိတ်မကောင်းပါဘူး"

"ဘာကို စိတ်မကောင်းတာလဲ"

"နင့်အတွက်ပါ"

"ဘာမှ စိတ်မကောင်းစရာ မရှိဘူး လင်း။ ငါ အသည်းကွဲနေတာ မဟုတ်ဘူး။ ရှက်နေတာ"

"ရှက်ရင် မသွားနဲ့ပေါ့"

"ငါ့အဖေက ဒီအကြောင်းကို ဘာမှမသိဘူး၊ သူက ငါ့ကို သိပ်လာစေချင်နေတယ်။ ငါ အဖေ့ကို တစ်ခါမှ သူ့စိတ်ချမ်းသာအောင် ဘာမှမလုပ်ပေးခဲ့ဖူးဘူး။ သူ့ကိုဆို အမြဲ အတိုက်အခံလုပ်ပြီး သူစိတ်ဆင်းရဲအောင် ဘယ်လိုလုပ်ရမလဲပဲ အမြဲစဉ်းစားပြီး လုပ်ခဲ့တာတွေရှိတယ်။ ဒီတစ်ခါတော့ ထပ်မလုပ်ချင်ဘူးလို့ တွေးမိတယ်။ အဖေ အသက်လည်းကြီးပြီ လင်း။ သူ့အသက် ငါးဆယ်ကျမှ ဒီမိန်းကလေးကို ယူတယ်ဆိုတာဟာ သူကိုယ်တိုင်လည်း အိမ်ထောင်တစ်ခုနဲ့ အခြေတကျဖြစ်ချင်လို့၊ တည်ငြိမ်ချင်လို့ပဲလို့





ထင်တယ်။ သူ ပျော်နေတာကို ငါ မဖျက်ဆီးသင့်တော့ဘူးလို့ ထင်တယ်"

လင်း သူတို့သားအဖအကြောင်း သိထားသည်မို့ သီပေါပြောသမျှ နားလည်ပေးလို့ ရပါသည်။ သီပေါဟာ အဖေနဲ့ အမေမှာ အမေ့ကို ပိုချစ်၊ အမေမှန်သည်ဟုထင်၊ အဖေကိုသိပ်ကြည်လင်ခဲ့သူ ဖြစ်လေရာ ဘယ်တော့မှ အဖေနဲ့အဆင်ပြေသည်ရယ်လို့ မရှိခဲ့ပါ။

ဒီမြန်မာပြည်ပြန်ရောက်တော့ သူ့အဖေက သူပိုင်သော ရုပ်ရှင်၊ ဗီဒီယို၊ တေးစီးရီး ထုတ်လုပ်ရေးကုမ္ပဏီကို သူ့အား လွှဲပေးချင်သည်။ အောင်မြင်ပြီးသားကုမ္ပဏီမို့ သားကိုဆက်လက်လုပ်စေချင်သည်။ အင်မတန် လွယ်ကူသောလမ်းမျိုးဖြစ်သည်။ အဖေ့ကြောင့် အနုပညာလောကမှာလည်း အဆက်အသွယ်မပြတ်ရှိလေရာ သီပေါ ဆက်လုပ်လျှင်လည်း အောင်မြင်မှာ သေချာသည်။

သို့သော် သီပေါက လက်မခံ။ အဖေပေးတာမယူ။ အဖေ့ပိုက်ဆံမသုံး။ အဖေ့အိမ်မှာ မနေဟု ဆန့်ကျင်ကာ အမေဝယ်ထားသော ကွန်ဒိုအခန်းမှာ သွားနေလျက် အမေပေးခဲ့သောအမွေငွေလေးတချို့ဖြင့် ကွန်ပျူတာပစ္စည်းအရောင်းဆိုင်ကိုဖွင့်ပြီး စီးပွားရှာလေသည်။ အဲဒီနောက်မှာ သူနဲ့သူ့အဖေဟာ သိပ်တည့်သည်



www.burmeseclassic.com

www.burmeseclassic.com



ရယ်လို့မရှိဘဲ မကြာခဏစကားများကြရကြောင်း၊ အဖေ ဒါလုပ်ဆို သူက ဟိုဟာတမင်လုပ်ပြီး ဆန့်ကျင်ကြောင်းတွေ လင်းအမြဲ ကြားဖူးပြီးသား ဖြစ်နေပါသည်။

"အေး ... ဟုတ်ပါပြီ၊ နင့်အဖေဆီသွားမှာ ငါက ဘာလို့ ပါရမှာလဲ။ နင်တစ်ယောက်တည်း အဲဒီညှိခံပွဲကို တက် ရင်ဖြစ်တာပဲ"

"ရွှေဝတီရှေ့မှာ နင်နဲ့ တွဲသွားချင်တာ"

"ဟင် ... ဘာရယ်။ ဘာဖြစ်တယ်"

"ကျွတ် ... ဟာကွာ၊ ငါ ဘယ်လိုပြောရမလဲ မသိဘူး၊ ရွှေဝတီက နင်နဲ့ တစ်ခါ ဆုံဖူးတယ်လေ။ အဲဒီတည်းက အလိုလိုနေရင်း နင့်ကို မနာလိုဖြစ်နေတယ်။ ငါနဲ့တစ်ခုခု စကားများတိုင်း နင့်နာမည်ကိုထည့်ပြောပြီး ငါ့ကို ခနဲ့တတ် တယ်၊ သူ့စိတ်ထဲမှာ ငါ နင့်ကိုသံယောဇဉ်ကြီးတာကို မနာလိုဘူးတဲ့။ နင်ဟာ တစ်နေ့ကျ သူ့ဆီကနေ ငါ့ကို လုယူသွားမယ်လို့ ထင်တယ်တဲ့။ အဲဒီလိုကို ပြောဖူး တာ"

လင်း စိတ်ရှုပ်ရှုပ်ဖြင့် ဖုန်းနားထောင်ရင်း ခေါင်းကို တောင် ယောင်ပြီးခါယမ်းမိသည်။

"သူ့မနာလိုရအောင် ငါက သူ့လောက်လည်း မလှပါဘူး"





"အဲဒါတွေကြောင့် မနာလိုတာတော့ မဟုတ်ဘူး၊ ငါက နင်နဲ့ ပြန်ဆုံရတော့ သိပ်ကိုဝမ်းသာအားရ ဖြစ်သွားတာ ကို မနာလိုတာတဲ့"

"ဘာတွေလဲဟာ၊ ရှုပ်နေတာပဲ"

"ရှုပ်နေရင်လည်း ရှင်းအောင်စဉ်းစားမနေနဲ့တော့ လင်း ရာ။ ငါ့အဖေကိုငဲ့ပြီး သူ့ညှိခံပွဲကို သွားရပေမယ့် ရွှေဝတီအမြင်မှာ ငါတစ်ယောက်တည်း ဖြစ်နေတာကိုကျ မခံချင်ဘူး။ ဒါကြောင့် သူ့မနာလိုတဲ့ နင်နဲ့တွဲပြီးသွားချင် တာ"

"အံမာ ... ငါ့ကို နင့်ရည်းစား ထင်သွားမှာပေါ့၊ ဘယ်ဖြစ် မလဲ"

"ခဏဖြစ်ဖြစ် ဟန်ဆောင်ပေးရင် ရတာပဲ၊ ငါတို့တကယ့် ရည်းစားမှ မဟုတ်တာ"

"သိပေါ့ရယ် ... ငါ အဲဒီလိုကြီးတော့ မပါချင်ဘူးဟယ်"

"လုပ်ပါ လင်းရယ်၊ နင့်ကို ငါ တကယ်လိုအပ်လို့ခေါ်တာ ပါ။ နင် ဒေါက်တာထိပ်ခေါင်တို့ဆီလည်း အချိန်မီရောက် ရပါစေမယ်လို့ ငါကတိပေးတယ်။ တစ်နာရီပဲ အချိန်ပေး ပါ၊ ခြောက်နာရီအရောက်သွားပြီး ခုနစ်နာရီမှာပြန်မယ်၊ နင့်ကို ဒေါက်တာထိပ်ခေါင်တို့ အိမ်ထိအောင် ငါလိုက်ပို့ ပေးပါမယ်"



www.burmeseclassic.com

www.burmeseclassic.com



"နင်လိုက်ပို့ပေးတော့ အပြန်ကျ ငါက ဘယ်လိုပြန်မလဲ"

"အပြန်လည်း လာခေါ်ပါ့မယ်

"ဟာ ... အဲဒီလိုကြီးတော့ မကောင်းပါဘူး"

ဒေါက်တာထိပ်ခေါင် ဒါကိုသိသွားမှာစိုးရိမ်ပြီး လင်းငြင်းမိပါသည်။ သူငယ်ချင်း ယောကျ်ားလေးတစ်ယောက်က အကြိုအပို့လုပ်ပေးတယ်။ ညဘက်လည်း တွဲထွက်လို့ရတယ်ဆိုသော အမြင်မျိုး ဒေါက်တာထိပ်ခေါင်မြင်ပြီး အထင်လွဲမှာစိုးရိမ်မိလေသည်။

"ငါ အိမ်ထဲထိ မဝင်ပါဘူး၊ အပြင်မှာပဲ ကားရပ်ပြီးစောင့်နေမယ်"

သီပေါကလည်း လင်း ဘာကိုစိုးရိမ်သလဲဆိုတာသဘောပေါက်ပြီး သူ လုပ်ပေးနိုင်တာ ပြောလေသည်။

"အကောင်းဆုံးကတော့ ငါ နင့်ကို မကူညီဘဲ ကိုယ့်ဘာသာစီစဉ်ပြီးသားကိုပဲ မဖျက်ရင်ကောင်းမယ်"

"ဟာ ... ဟာ ... လင်းရယ်၊ အဲဒီလိုတော့ မလုပ်လိုက်ပါနဲ့ဟာ။ Please ပလိ(စ်) ပလိ(စ်)ပါကွာ၊ ဒီတစ်ခါပဲကူညီရုံပါ။ နောက်တစ်ခါဆိုတာ မရှိတော့ပါဘူး။ ဒီတစ်ခါပြီးရင် နင့်ကို ငါ မနှောင့်ယှက်တော့ပါဘူး"





လင်းမှာ အကြံရခက်နေသည်။ အမိက,ကတော့ တော်ချင်း၊ အချိန်ချင်းဟိုက်နေ၍ ကြံရခက်နေတာသာ ဖြစ်ပါသည်။ သီပေါနဲ့ ညှော်ခံပွဲအတူတူသွားရမှာမို့ စိတ်ထဲမှာ မသွားချင်တာရှိ။ စိုးရွံ့ထိတ်လန့်တာလည်း မရှိပါ။ တကယ်တော့ သီပေါကိုကူညီချင်ပါသည်။ ကြံကြံဖန်ဖန် အချိန်ချင်း သွားတိုက်နေ၍ ခွဲမရ ဖြစ်နေတာပင်။

"လင်း ... လင်း ... ဟေ့ ... လင်း ... ဘာဖြစ်နေတာလဲ၊ ဖုန်းများချသွားပြီလားလို့ကွာ"

"သီပေါရယ် ... နင် တကယ်ဒုက္ခပေးတယ်၊ စကတည်းကကြိုပြောပါလား။ အဲဒါဆိုရင် ငါ ကိုထိပ်ခေါင်တို့အိမ်ကို မလာနိုင်တဲ့အကြောင်း ကြံဖန်ငြင်းလို့ ရသေးတယ်။ ခုတော့ ငါ လာဖြစ်တဲ့အကြောင်း ကတိပေးပြီးနေပြီ"

"အေးလေ ... မသွားဖြစ်မှာမှ မဟုတ်တာ။ အချိန်နည်းနည်းလေး နောက်ကျမှာပဲ။ နင်က အဖြစ်သည်းနေတာပါ။ နောက်ကျမှရောက်လို့ သူရည်ရွယ်တဲ့သူအဖြစ် မရွေးတော့ဘူးဆိုလည်း မရွေးနဲ့ပေါ့။ တကယ်ချစ်တဲ့သူဆိုရင် ဒီလောက်တော့ လက်ခံနိုင်ရမှာပေါ့"

လင်း သူ့စကားကို ရယ်ပစ်လိုက်သည်။

"ဘာရယ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"နင့်ပါးစပ်က တကယ်ချစ်တာတွေ ဘာတွေ ထည့်ပြောနေလို့။ နင်ကျတော့ရော ချစ်တတ်လို့လား"

"မသိဘူးလေ၊ ငါက သဘောပြောတာပါ"

"အချစ်အကြောင်းဖြင့် မသိဘဲနဲ့ ဆရာကြီးလေသံနဲ့"

"နင်ကရော သိလို့လား"

"နင့်ထက်တော့ သာပါတယ် သီပေါရယ်၊ ငါက ရည်းစားတွေ ဗျောက်သောက်ထားပြီး အချစ်ကို လိုက်ရှာနေတာ မဟုတ်ဘူး"

"စကားနိုင်မလုတော့ပါဘူး လင်းရာ။ နင့်အိမ်ကို ငါ ငါးနာရီလေးဆယ့်ငါးမှာ လာခေါ်မယ်။ လိုက်ခဲ့ပေးပါနော်_ လင်း"

လင်းသည် သီပေါ မမြင်နိုင်မှန်းသိပေမယ့် ခေါင်းကို ယောင်၍ညိတ်လိုက်မိပါသည်။ ပြီးတော့ လင်း ဖုန်းကိုခေါက်ပိတ်လိုက်ပါသည်။ သို့သော် သီပေါ ဖုန်းပြန်မခေါ်ပါ။ လင်းဘာမှပြန်မပြောလဲ သူက လင်းရဲ့စိတ်ကို သိနားလည်ပြီးသားလိုဖြစ်နေခဲ့၍ပင်။

❄ ❤ ❄





## ၇

"ဟာ ... လင်း"

သီပေါသည် အိမ်ရှေ့ဧည့်ခန်းမှာ ထိုင်စောင့်ရင်း ာ:ကစားဂျာနယ်ကို ထိုင်ဖတ်နေရာမှ ရေမွှေးနံ့သင်းသင်းလေးနဲ့ ေတ့ ရောက်လာသော အရိပ်ကြောင့် မော့ကြည့်လိုက်ပါသည်။ ုံ:ကျော်ရုံ ဆံပင်တွေကို အသာသိမ်းပြီး ဆံထုံးလိုလိုလေး ပြင်ဆင်ထားကာ မြန်မာ၀တ်စုံလေး ၀တ်ထားသောလင်းကို တွေ့တွေ့ ျင်း သူ တစ်ခဏ်းခေါကာ ငေးမောကြည့်မိသွားပါသည်။

လင်းကို ဒီလိုပြင်ဆင်ထားတဲ့ ပုံစံလေးနဲ့ သူ,တစ် ါမှ မတွေ့ဖူးခဲ့ပါ။ လင်းဟာ မိတ်ကပ်ပါးပါးနှင့် မျက်ခုံးမွှေးလေး ရှိရုံ နှုတ်ခမ်းဆိုးဆေးဆိုးရုံ ပုံစံလေးနဲ့သာ အမြဲပြင်ဆင်တတ် း:သော့ သီပါသည်။ ဒါကြောင့် အဲဒီပုံစံက သူ့မျက်စိထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



တော့ရှိးနေပေပြီ။ အခုကျတော့ တစ်မျိုးပြင်ဆင်ထားတာလေးနဲ့ ဆိုတော့ ထူးဆန်းနေပါသည်။

ဆံပင်တွေကို ဆံထုံးလေးထုံးကာ ခေါင်းလျှပ်လိုက်ရင် လျှပ်တုတ်လျှပ်တုတ် ဖြစ်သွားသော ဆံထိုးလေးလို စိုက်ထားသေးသည်။ ဝတ်ထားသော မှန်ဇာကြည်ပြာရောင်က အပြာဖြစ်တယ်ဆိုရုံလေးမို့ တော်တော့်ကို ဖျော့လွင်နေသည်။ ထိုမှန်ဇာကြည်ပြာရောင်ကို လက်ရှည်ရင်ဖုံးလေး ချုပ်ဝတ်ထားသည်။ မှန်ဇာမို့ရင်ဘတ်နားနေရာတွေမှာကျတော့ အတွင်းက ပိုးသားခံချုပ်ထားပြီး လည်ပင်း၊ ပခုံးနဲ့ လက်မောင်းတစ်လျှောက်မှာတော့ မှန်ဇာအကြည်ဖုံးထားသည့် အသားဝါဝါလေး မြင်ရသည်က တစ်မျိုးလေးလှနေသည်။

နှင်းဆီပွင့်အဖြူလေးတွေပါသော အပြာဖျော့ချိတ်လုံချည်လေးဝတ်ကာ စိန်လုံးလေးတွေ တန်းထားသော အဖြူရောင်ဒေါင့်မြင့်လေးနဲ့ ခေါက်လက်ကိုင်အိတ် ငွေရောင်နဲ့ ဣန္ဒြေရလေး ပြင်ဆင်ထားပါသည်။ မျက်ခွံမှာ အပြာရောင်လဲ့လဲ့လေးတင်ထားပြီး ဆိုးနေကျ ပန်းရောင်ဖျော့ဖျော့ မဟုတ်ဘဲ ပန်းဆီရောင်နှုတ်ခမ်းဆိုးဆေးတို့ဖြင့် သာမန်ထက်ပိုပြင်ဆင်ထားတာမို့ လင်း တော်တော်လှနေပါသည်။

"ဘာကြည့်တာလဲ၊ ငါ ဘာဖြစ်နေလို့လဲ"





"လှလို့"

"အံမာ"

"တကယ်ပြောတာ၊ နှင် ဒီလောက်ပြင်တတ်မယ်တောင် မထင်ဘူး။ ပြင်ထားတော့ ပိုလှသွားတာပေါ့"

"အပိုတွေ ပြောမနေနဲ့ မြန်မြန်သွား မြန်မြန်ပြန်မှာနော်"

လင်းက လောသလိုလေးပြောသည်။ အစီအစဉ်ကဆော့ သီပေါက လင်းကို ညစ်ခံပွဲခေါ်သွား၊ အတူတွဲတက်၊ လေးဆယ့်ငါးမိနစ် တစ်နာရီလောက် အချိန်ဖြုန်းပြီးလျှင် လင်းရဲ့အိမ်ကို ပြန်လာပို့၊ လင်းက အဲဒီကျမှ ကိုယ့်ကားနဲ့ကိုယ် ဒေါက်တာဆိပ်ခေါင်ဆီ သွားမည်ဟူသော အစီအစဉ်ဖြစ်ပါသည်။

"နှင်က ဒီပုံပဲလား"

လင်းက သီပေါဝတ်ပုံစားပုံကို တစ်ချက်ဝေ့ကြည့်ပြီးပြောပါသည်။ သီပေါက ဖြစ်သလိုပုံစံဖြင့် အထဲက အဖြူရောင်ရှပ်လက်ရှည်အပြင် ကုတ်အင်္ကျီအနက်သာ ဝတ်ထားပြီး ကုတ်အင်္ကျီကို ကြယ်သီးမတပ်ထားပါ။ နက်(ခ)တိုင်လည်းမပါတဲ့ပုံစံဖြင့် ဝတ်ထားသည်။ စတိုင်လ်ပန့်နှံ့အနက်ရောင် ခပ်ပွပွရှူး(စ)အနက်တို့ကို ဝတ်ထားပုံမှာလည်း ပွဲတစ်ပွဲသွားဟန်မပေါက်ဘဲ သာမန်ဝတ်ရိုးဝတ်စဉ်ပုံစံမျိုးလို ဖြစ်နေပါသည်။

"ဒီပုံပဲပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်အဖေရဲ့ပွဲ သွားတာဟယ်"

"ဂျင်းနဲ့တီရှပ် မဝတ်ရင် ပြီးတာပဲ မဟုတ်လား"

"နှင့်မှာကလေ ပေးစရာဆင်ခြေက အမြဲရှိတယ်နော်"

"ဘာဖြစ်လို့လဲ လင်းရဲ့။ ငါ့ပုံစံက ကလေးပုံမပေါက်ဘူး မဟုတ်လား"

"အေးပါ ... နှင့်သဘောပါ၊ ငါကတော့ နင်က သေသေချာချာ ပြင်ထားပါဆိုလို့ ပြင်ထားလိုက်ရတာ။ ဒီလိုမှန်းသိရင် အခုလောက် မပြင်ပါဘူး"

"ပြင်ထားတော့လည်း လှတာပေါ့ လင်းရဲ့။ နှင့်ရဲ့ဒေါက်တာထိပ်ခေါင်တို့ပွဲကို သွားတဲ့အခါကျ အဆင်သင့်လေးလုပ်ပြီးသား ဖြစ်သွားတာပေါ့"

သီပေါနဲ့ လင်းတို့ တွဲထွက်လာတော့ မေမေက ရပ်ကြည့်ပြီး ကျန်ရစ်ပါသည်။ မေမေ မကြာခဏတော့ မေးဖူးပါသည်။

"သမီးနဲ့ သီပေါတို့က ဘယ်လိုအခြေအနေလဲ"

ဟု မေးတိုင်း လင်းတို့ ဘာမှမဟုတ်ပါဘူး၊ သူငယ်ချင်းတွေပါလို့ ဖြေရပေါင်းလည်း မနည်းတော့။ လင်း၏မေမေက သမီးတွေကို ထိန်းသင့်သလောက်သာထိန်းလျက် သိပ်ပြီးဝင်ရောက်စွက်ဖက်တာမျိုး မရှိတာမို့ ဒီမေးခွန်းအပြင် ပိုသောမေးခွန်းကို ဘယ်တုန်းကမှ မေးလေ့မရှိပါ။ အခုလည်း လင်း ပြင်ဆင်နေတာမြင်တော့ လင်းပြောထားသော ဒေါက်တာထိပ်ခေါင်တို့ပွဲကို သွားမည်ဟု မေမေက ထင်ထားပုံရသည်။

သို့သော် လင်းကတော့ လိပ်ပြာလုံချင်သဖြင့် ...

"သီပေါက သူ့အဖေရဲ့မင်္ဂလာဧည့်ခံပွဲကို တက်ပါလို့ ဖိတ်ထားတယ် မေမေ။ လင်း အဲဒီပွဲကိုအရင်သွားရမယ်။ ပြီးမှ ကိုထိပ်ခေါင်တို့ပွဲကို သွားမယ်နော်"

မေမေက လင်းကိုသာ အကဲခတ်ရင်း ခေါင်းအသာညိတ်ခဲ့သည်။ လင်း၏ရွေးချယ်မှုမှာ ဘယ်သူဆိုတာ မေမေ သိချင်ပုံရသော်လည်း ခုထိ မမေးသေးပါ။

သီပေါ၏အဖေနေထိုင်ရာ ခြံကျယ်ကြီးရဲ့မှာတော့ ကားတွေ အထပ်လိုက် အထပ်လိုက် ရပ်နေတာ တွေ့ရသည်။ သီပေါက အခြေအနေကို စိတ်မကြည်သလိုဖြင့် သူ့အကျင့်အတိုင်း အစ်ချက်တိုးတိုးဆဲလိုက်ပါသည်။ ပြီးတော့ လင်းကို မျက်လုံးစွေကြည့်၏။ လင်းက ဆဲတာမကြိုက်ဘူးဟု ခဏခဏ ပြောသလို သူ ဆဲတိုင်းလည်း လင်း သူ့ကို အပြစ်တင် ဝေဖန်တတ်သဖြင့် အခုလည်း သူ့ဘာသာမေ့ပြီး "ရှစ်(ထ်)"လုပ်ပြီးမှ လင်းကို မျက်စိစွေကြည့်သည်။

"ဘာလဲ"







www.burmeseclassic.com

www.burmeseclassic.com



လင်းက ကားများများရပ်ထားခြင်းကို စိတ်မှန်းဖြင့်ကြည့်ရင်း ခြံထဲမှာ လူတော်တော်များနေပြီလို့တွေးလျက် စိတ်ရှုပ်ပြီး သီပေါကို "ဘာလဲ"ဟု ခပ်မာမာ မေးလိုက်၏။

"ငါ ဆဲလိုက်မိတယ်၊ နင် ငါ့ကို လိမ်ဆွဲတော့မလားလို့ကြောက်ပြီးကြည့်တာ"

"အရေးထဲမှာ"

"ဘာကိုအရေးထဲမှာလဲ"

"ဒီမှာ မတွေ့ဘူးလား။ ကားတွေအများကြီး အထဲမှာလူတွေများနေပြီပေါ့။ ပြီးတော့ ဝင်သွားတဲ့လူတွေကို ငါကြည့်ပြီးမှ ငါ့ကိုယ်ငါ နောင်တရသွားတယ်"

"ဘာတွေ နောင်တရစရာတွေ့လို့လဲ"

"အခု ဧည့်ခံပွဲကခြံပွဲ၊ ဒင်နာပါတီပွဲလေ အီဗနင်းဒရက်(စ) ဝတ်ရမှာ။ ငါက ဒီလိုကြီးဝတ်လာမိတယ်။ ဧည့်ခံပွဲဆိုတော့ ငါက မျက်စိထဲ ထိုင်မသိမ်းဝတ်တဲ့ပွဲပဲ မြင်မိလို့"

"ဒီပုံပဲ လှတယ်၊ ဘာမှနောင်တရစရာမရှိပါဘူး။ အီဗနင်းဝတ်စုံတွေကြားမှာ မြန်မာဆန်ဆန်လေး ဝတ်ထားတာဘယ်လောက်ကျက်သရေရှိလဲ"

"ဒါကတော့ နင့်အပြောကိုး"





"ကဲပါ ... လင်းရာ။ ဝတ်စုံကိစ္စ ပြဿနာတက်မနေပါနဲ့။ ငါလည်း ကားပါကင်ရပြီ ဆင်းရအောင်ပါ။ ဒီမှာဝင်တာနောက်ကျရင် နင့်ကိုကိုဒေါက်တာဆီလည်း ရောက်မှာနောက်ကျလိမ့်မယ်"

"ဘာ ... ကိုကိုဒေါက်တာလဲ။ သီပေါနော် ... အဲဒီလိုမစပါနဲ့ ပြောထားတာ မရဘူး။ သူနဲ့ ငါဟာ ဘာမှမဆိုင်သေးဘဲနဲ့"

"နောက်တော့ ဆိုင်လာမှာများ"

သီပေါနှင့် လင်းတို့ စကားနိုင်လုရင်း ခြံထဲလမ်းလျှောက်ဝင်လာပါသည်။ သာမန်အချိန်တွေဆို ကားကိုတောက်လျှောက်မောင်းဝင်သွားလို့ရအောင် အုတ်ခင်းလမ်း လုပ်ထားပေမယ့် အခုလို ဧည့်ခံပွဲအချိန်မှာတော့ ခြံထဲကို ကားမောင်းဝင်လို့ မဖြစ်ချေ။ ဒါနဲ့ပဲ လမ်းလျှောက်ဝင်လာရပါသည်။

ခြံထဲမှာတော့ မီးတိုင်များ၊ မီးအိမ်ပုံစံ မီးသီးများ၊ ဒစ္စကိုလိုက်(ထ်)များ အပြည့်ထွန်းထားသဖြင့် လင်းနေသည်။ မြက်ခင်းတွေပေါ်မှာတော့ စားပွဲကုလားထိုင်တွေ အပြည့်ခင်းထားပါသည်။ စတိတ်အသေးစား ခပ်နိမ့်နိမ့်လေးကို ဆင်ထားပြီး စတိတ်ရဲ့နောက်ခံမှာတော့ ...

"ထက်မြက်နှင့် ရွှေဝတီ"

မင်္ဂလာဧည့်ခံပွဲ



www.burmeseclassic.com

www.burmeseclassic.com



ဟူ၍ ပြုံးပြုံးပြက်ပြက်လက်နေသော စာလုံးကြီးဖြင့် အလှဆင်ထားပါသည်။ ထိုစတိတ်ပေါ်မှာတော့ ကာရာအိုကေစက်ကြီးရှိလျက် ဝါသနာပါသူတွေကတော့ တက်ဆိုနေကြလေပြီ။

“ဟော ... ဟိုမှာ ဖေဖေပဲ လင်း။”

သီပေါသည် သူ့အဖေစုံတွဲကို လှမ်းတွေ့တွေ့ချင်းပဲ လင်းကို ကပ်ပြောလိုက်သလို ဖျတ်ခနဲ လင်း၏လက်ဖဝါးကိုပါ တွဲလိုက်ပါသည်။ လင်း ရှန်းတော့ ရှန်းချင်ပေမယ့် ရှန်းလည်း သီပေါက လွှတ်ပေးမယ် မထင်လေရာ ငြိမ်ပြီးပါလာရသည်။

သီပေါ၏အဖေ ရုပ်ရှင်မင်းသားကြီးကို လင်း ဆုံဖူးတာ ဒါ ပထမဦးဆုံးအကြိမ် ဖြစ်ပါသည်။ သူဟာ ရုပ်ရှင်မင်းသားကြီးမို့ သူ့ကို လင်း မြင်ဖူးပြီးသားဖြစ်ပေမယ့် လူချင်း အပြင်မှာဆုံရတာတော့ ဒါဟာ ပထမဦးဆုံးဖြစ်လေသည်။

ဦးထက်မြက်ကတော့ အနောက်တိုင်းဝတ်စုံဖြူကို သပ်ရပ်သားနားစွာ ဝတ်ဆင်ထားပါသည်။ ရုပ်ရှင်မင်းသားမို့ အသက်ငါးဆယ် ဖြစ်နေပေမယ့်လည်း အရွယ်တင် နုပျိုလျက် ချောမောဆဲဖြစ်ပါသည်။ ဦးထက်မြက်နဲ့ လက်ချင်းချိတ်ထားသော ရွှေဝတီကတော့ အဖြူရောင် ပြုံးပြုံးပြက်ပြက် လက်နေသည့် လက်ပြတ်ညနေခင်းဝတ်စုံ၊ တံတောင်ဆစ်ကျော်ရှည်သော ပိုးလက်အိတ်၊ ခေါင်းမှာစိန်သရဖူတို့ဖြင့် ပြိုင်ဘက်မရှိလှပနေပါသည်။ လင်းတောင် သူမ၏လှပမှုကို ငေးသွားရပါသည်။





“ဟော ... သား ရောက်လာတယ်”

လင်းတို့ အနားရောက်သွားတော့ ဦးထက်မြက်က ဝမ်းသာအားရ ပြောလေသည်။ ရွှေဝတီကတော့ လင်းနှင့်သီပေါကို အပြန်အလှန် မျက်လုံးဝေ့ကြည့်ရင်း အသာအယာ ပြုံးလေသည်။ ထိုအပြုံးရဲ့အဓိပ္ပာယ်ကတော့ “ငါထင်တဲ့အတိုင်းပဲ မဟုတ်လား” ဆိုသော အဓိပ္ပာယ်မျိုးမှန်း လင်း အလိုလို ခံစားလို့ရလေသည်။

“လင်း ... ဒါ ကိုယ့်ဖေဖေ”

သီပေါက သူ့ကိုယ်သူ “ကိုယ်”ဟုသုံးနှုန်းလိုက်သလို လင်း၏လက်ကို တွဲထားရာမှ ချက်ချင်းပခုံးကို သိုင်းဖက်ပြီး မိတ်ဆက်ပေးလေသည်။ လင်း သီပေါကို ဇော်တော်ဒေါသဖြစ်သွားပါသည်။ ဒီလောက် လုပ်ပြစရာ မလိုဘူးဟုထင်သည်။

“ဖေဖေ ... ဒါ လင်းတဲ့။ ဒေါက်တာကြည်လင်လင်းပေါ့”

“သြော် ... သြော် ... ဟုတ်လား၊ သိရတာ ဝမ်းသာပါတယ်၊ သားက တစ်ခါမှ မခေါ်လာပြဖူးဘူး၊ ဒီတစ်ခါပဲ တွေ့ဖူးတော့တယ်၊ အရင်ကတည်းက ကြားတော့ကြားဖူးပါတယ်၊ သားမှာ လင်းဆိုတဲ့ မိန်းကလေးတစ်ယောက် ရှိတယ်လို့”

လင်း ပိုပြီး ဒေါသဖြစ်ချင်သလိုဖြင့် သီပေါကို စိုက်ကြည့်ပေမယ့် သီပေါက လင်းရဲ့မျက်လုံးတွေကို အဆုံမခံဘဲ



www.burmeseclassic.com

www.burmeseclassic.com



…ောင်နေသည်။ ကြည့်စမ်း … သူ ဘာတွေပြောထားလို့ သူ့အဖေ ကြားဖူးနေတာလဲ။ လင်း သီပေါနဲ့ ရန်ဖြစ်ရတော့မည်။

"ဝတီ … ဒါ ကိုယ့်သားပဲ။ တစ်ဦးတည်းသောသားပေါ့။ ဝတီ့ကို ပြောပြပြီးသားပါ၊ အခုမှ ဆုံကြတာ"

"ဟင်း ဟင်း … ဟုတ်တယ်"

လင်းကတော့ ရှေ့ဝတီ အမူအရာတွေကို အံ့သြနေသည်။ ဘယ်လိုမျက်နှာမျိုးနဲ့များ ဒီသားအဖကို ရင်ဆိုင်ရဲသလဲ။ သီပေါ မျက်နှာကတော့ မှန်တေနေကာ လင်းကိုဖက်ထားသော လက်တွေပင် ပိုတင်းကျပ်သွားလျက် လင်းကို သူ့ကိုယ်နဲ့ကပ် လိုက်သလိုဖြုကာ …

"ကျွန်တော်တို့ တစ်နေရာမှာ သွားထိုင်မယ် ဖေဖေ။ ဖေဖေလည်း ဧည့်ခံရဦးမှာ။ သွားပါ ကျွန်တော်တို့ကို အထူးတလည် ဧည့်ခံမနေပါနဲ့"

"အေး … ကောင်းပြီ၊ သွား … သွား၊ နေရာလိုက်ချပေးတဲ့သူနောက် လိုက်သွားလေ"

ပွဲက စနစ်ကျပါသည်။ ဧည့်ခံပွဲလာသော ဧည့်သည်တွေ နေရာလိုက်ရှာနေစရာ မလိုပါ။ နေရာလိုက်ချပေးသော ဝန်ထမ်းသီးသန့်နဲ့မို့ လင်းနဲ့ သီပေါ်ကို သူတို့ပဲ လမ်းပြခေါ် ဆောင်သွားသဖြင့် စားပွဲတစ်ခုမှာ နေရာရပါသည်။ ဆယ်ယောက်





…ိုင်းမို့ တခြားဧည့်သည်တွေလည်းရှိကာ ထိုဧည့်သည်အကုန်လုံး …မှာ အနုပညာလောကမှလူတွေ ဖြစ်နေသည်။

သူတို့ကလည်း လင်းတို့ကိုမသိ။ လင်းလည်း သူတို့ …ကိုမသိကျွမ်းသဖြင့် ပြုံးပြကြရုံကလွဲရင်စကားမပြောဖြစ်ကြ။ သူတို့ …က သီပေါကိုလည်း မင်းသားထက်မြက်၏သားမှန်း သိပုံမရ …ချေ။

"သီပေါ … နင် ငါ့အကြောင်းတွေ ဘာပြောထားလို့လဲ"

လင်း မျိုသိပ်ထားရသမျှ ထိုင်ထိုင်ချင်းပဲ ချက်ချင်း …မေးမိ၏။

"ဘာပြောလို့လဲ၊ ဘာမှအပိုမပြောဘူး။ လင်းဆိုတာရှိတယ်၊ သူဟာ ကျွန်တော့်အတွက် အရေးပါတယ်ဆိုတာလောက်ပဲ"

"ဘာလို့ သူငယ်ချင်းပါလို့ မပြောလဲ"

"နင်မသိပါဘူး လင်းရာ၊ အဖေက ခုမှသာ သားပြောထားဖူးလို့ သိပါတယ် ဘာညာနဲ့ ဟန်ဆောင်ကောင်းပြီး ဖြီးတာ။ ဒါ သူ့အတတ်ပညာပဲ၊ သူ့ကို လူတစ်ဖက်သား ခင်သွားအောင် ပြောတာပဲ၊ တကယ်တော့ နင့်အကြောင်း ပြောဖူးတာ တစ်ခါပဲရှိတယ်။ သူလည်း သိပ်စိတ်အဝင်စား



www.burmeseclassic.com

www.burmeseclassic.com



ကြီး မဟုတ်ဘူး။ သေသေချာချာ နားထောင်တာ မဟုတ်ဘူး။ မှတ်မှတ်ရရ တစ်ခါပဲ ပြောပြဖူးတာ။ အဲဒါကိုရော ချပြီး ကြားဖူးနေပါတယ်တွေ ဘာတွေ လုပ်ပစ်လိုက်တာပါ"

"ဘာကြောင့် ပြောပြဖူးရတာလဲ၊ တကယ်ဆို တစ်ခါမှတောင် ပြောပြဖို့ မလိုဘူး"

"သီးသန့်ကြီး ပြောပြတာ မဟုတ်ပါဘူးဟာ၊ နင်သွားသွားနေတဲ့ DVD ဆိုင်အကြောင်း အဖေ့ကို ပြောပြရင်း စကားစပ်မိလို့ ပြောမိသွားတဲ့သဘောပါ။ အဲဒီဆိုင်အကြောင်းပြောတယ်၊ အဖေက စိတ်ဝင်စားသွားတယ်၊ ငါ ဘယ်လိုသိလဲဆိုတာ သူ မေးတယ်။ ငါက နင်နဲ့သွားရင်း ရောက်ဖူးတယ်ဆိုတာမျိုး ပြောရင်းနဲ့ပါ"

"နောက်ပြီး ငါ့ပခုံးဖက်တာကို ငါ,မကြိုက်ဘူး"

"အသားယူပြီးဖက်တာ မဟုတ်ပါဘူးကွာ၊ တမင်ဟိုကောင်မရှေ့မှာမို့"

သီပေါမှာ 'အမြှုပ်ထွက်မတတ် ချော့နေရသဖြင့် စိတ်တောင် ညစ်လာပါသည်။

"နင်ပဲ ဘာလေ ကူညီရကျိုး မနပ်တဲ့ကောင်' ငါ့ကို ကွယ်ရာမှ အသုံးချနေတာ၊ လုံးဝမကျေနပ်ဘူး"





လင်း စိတ်တိုတိုဖြင့် သီပေါ ဗိုက်ကို လိမ်ဆွဲလိုက်မိပါသည်။

"အား ... မလုပ်ပါနဲ့ လင်းရာ၊ နာတယ်ဟ"

သီပေါ ရှုံ့မဲ့ပြီး လင်းလက်ကို ပြန်ဖမ်းချုပ်ထားလိုက်သည်။ အဲဒီနောက် သူ,လင်းရဲ့လက်ကို လုံးဝမလွှတ်တော့ဘဲ တစ်ချိန်လုံး ဆုပ်ကိုင်ထားလိုက်ပါသည်။ ထိုသို့ လက်တွဲပြီး ထိုင်နေရသောအခါ သူ့စိတ်ထဲတွင် တော်တော့်ကိုကြည်နူးပြီး ကျေနပ်နေမိပြန်သည်။

"သီပေါ ... ငါ့လက်ကို ပြန်လွှတ်ပေးတော့၊ ငါနဲ့ နင် လက်တတွဲတွဲလုပ်နေတာ မကောင်းဘူး"

"ဒီမှာ ... နင့်ကိုရော ငါ့ကိုပါ ဘယ်သူဘယ်ဝါဆိုပြီး သိတဲ့သူ မရှိပါဘူး လင်းရယ်"

"သိသိ မသိသိ ငါနဲ့ နင်နဲ့ သက်ဆိုင်တဲ့သူလို သဘောမျိုးနဲ့ လက်တွဲထားတာ မကောင်းဘူး"

"ဒါဆိုလည်း တကယ်ပဲ သက်ဆိုင်သူဖြစ်လိုက်ပေါ့ လင်းရာ။ ဘာခက်တာမှတ်လို့"

"ဘာ ... ဘာပြောလိုက်တယ်"

လင်း အလန့်တကြားပင် သူ့လက်ကို ချောင်ချော ဖြုတ်ချလိုက်ပြီး သီပေါ မျက်နှာကို စူးစိုက်ကြည့်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါ သွားတော့မယ် သီပေါ"

လင်း ချက်ချင်းပဲ စားပွဲမှ ထလိုက်ပါသည်။

"လင်း ... လင်း ... ဆောရီးပါကွာ၊ မသွားပါနဲ့"

သီပေါ ကမန်းကတန်း ထလိုက်ခဲ့ပါသည်။ လင်း ရှေ့ကထွက်သွားတဲ့နောက် သီပေါ လျှင်မြန်သောခြေလှမ်းတွေနဲ့ လိုက်သွားသောအခါ မင်းသားကြီး ထက်မြက် ဒါကိုမြင်သွားပြီး ...

"ဟေး ... သား၊ ပြန်တော့မလို့လားကွ"

"ပြန်တော့မယ် ဖေဖေ၊ လင်းလည်း ပြန်ချင်နေပြီ"

"ဟား ဟား ... ကောင်မလေး စိတ်ကောက်သွားပြီ ထင်တယ်"

"သွားလိုက်ဦးမယ် ဖေဖေ"

"ပွဲပြီးအောင်နေပါကွာ၊ စိတ်ကောက်တာကို ပြန်ချော့ပြီး ခေါ်လာခဲ့ပါ"

သီပေါ စကားမြန်မြန် ဖြတ်သွားပြီး ခြံဝရောက်နေပြီဖြစ်သော လင်းနောက် အပြေးလိုက်သွားမိသည်။ ခြံပြင်ရောက်မှပဲ လင်းကို မီတော့သည်။

"လင်း ... လင်း ... လင်း ... လင်း"

"ဘယ်လိုဖြစ်နေတာလဲ"

"နင်က စူပုပ်နေတာကိုး"





"စူပုပ်မှာပေါ့၊ နင် ငါ့ကို ရိသဲ့သဲ့ပြောတာ လုံးဝမကြိုက်ဘူး။ ငါက နင့်အတွက် အပေါစားမဟုတ်ဘူး။ နင့်ကိုခင်လို့ ကူညီတာ လိုက်လျောတာတွေကို အထင်သေးတဲ့စကားပြောခံရတာ ငါ့ရင်ထဲမှာ နာတယ်"

"အဲဒီလို ... ဟာကွာ ... အဲဒီလိုသဘော မဟုတ်ပါဘူး လင်းရာ။ ငါ အဲဒီလို မရည်ရွယ်ပါဘူး"

"နင်တို့ယောက်ျားလေးတွေစိတ်က အဲဒီလိုပဲ အခွင့်အရေးရရင် ရသလို ယူချင်ကြတယ်"

"ငါ အခွင့်အရေးယူတာ မဟုတ်ဘူး လင်း"

သီပေါ စိတ်မရှည်တော့ဘဲ လင်းရှေ့ ပိတ်ရပ်လိုက်ကာ လင်းကို တည့်တည့်စိုက်ကြည့်ပြီး ပြောလိုက်ပါသည်။ ခြံအပြင်ဘက် ကားပါကင်လုပ်သော နေရာမှာမို့ မှောင်တစ်ဝက်၊ သမ်းမီးတိုင်ရဲ့အလင်းရောင်ကြောင့် လင်းတစ်ဝက်ဖြစ်နေသော အခြေနေတွင် လင်းရဲ့မျက်လုံး အရောင်လက်လက်လေးတွေကို မြင်နေရသည်။ မှောင်မည်းနေသော ကောင်းကင်ထက်က မှိတ်တုတ်မှိတ်တုတ် လင်းနေသော ကြယ်ပွင့်လေးတွေလိုမျိုး၊ စိန်လုံးလေးတွေ အဖျပ်ဖျပ်တောက်ပနေသလိုမျိုး အင်မတန်မှလှသော မျက်လုံးတွေကို သီပေါရင်ထဲ မြတ်နိုးသွားပါသည်။

"ငါ ... ငါ ... နင့်ကို တကယ်ချစ်နေပြီထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



သီပေါ ရုတ်တရက် ပြောချလိုက်ပါသည်။ လင်းက ရုတ်တရက် လန့်သွားသလိုဖြင့် ခြေတစ်လှမ်း နောက်ဆုတ်လိုက်ကာ ...

"သီပေါ် ... တော် ... တော် ... နင် လွန်လာပြီ"

ဟု ဒီစကားကို လက်မခံချင်ဟန်ဖြင့် ငြင်းပစ်လိုက်လေသည်။

"ငါ တကယ်ပြောတာ လင်း။ လင်းကို ချစ်တယ်ဆိုတာ တကယ်ပြောတာ။ အပျော်စမ်းသပ်ချင်လို့ မဟုတ်ဘူး။ ငါ့ဘဝမှာ ဘယ်မိန်းကလေးမှ နင့်လောက် ငါ့ကိုလွှမ်းမိုးနိုင်တာ မရှိဘူး"

"ကဲ ... ကဲ ... ပြောဦး ... ပြောဦး"

လင်းသည် ဒေါသတကြီးဟန်ဖြင့် သီပေါ၏ ရင်ဘတ်ကို ပိတ်တွန်းလိုက်ပါသည်။ လင်းရဲ့တွန်းအားက မပြင်းပေမယ့် သီပေါမှာ ရုတ်တရက်မို့ နောက်ကိုအနည်းငယ် ယိုင်သွားပါသည်။ လင်းက ရှေ့တိုးလာပြီး ထပ်တွန်းပစ်ပါသည်။ လင်းကဆောင့်တွန်းလိုက်၊ သီပေါက ခြေတစ်လှမ်းဆုတ်လိုက် လုပ်နေရာမှ ...

"လင်း ငါ တကယ်ပြောနေတာနော်၊ နင့်ကို ငါ ချစ်တယ်ဆိုတာ တကယ်ပြောတာ"

ဟု ဆက်ပြောနေမိသည်။





"ပြောစရာလား ... ပြောစရာလား၊ နင်နဲ့ငါ သူငယ်ချင်းလေ။ ရည်းစားစကား ပြောစရာလား။ ချစ်တယ်ပြောစရာလား။ ငါတို့ ရိုးရိုးသားသားပဲ ခင်ကြမယ်လို့ ကတိထားပြီးသားလေ"

"ဘယ်သူကမှ ကတိမပေးဘူး"

"ပေးရမယ် ... နင် ကတိပေးရမယ်၊ နင် ငါ့ကိုမချစ်ရဘူး။ နင်နဲ့ ငါ ဘယ်တော့ဖြစ်ဖြစ် သူငယ်ချင်းပဲ"

"လင်း ... လင်း ... အဲဒီလို ခေါင်းမမာစမ်းပါနဲ့ဟာ။ သူငယ်ချင်း မဖြစ်ချင်ဘူး"

"ကဲ ... ကဲ ... မဖြစ်ချင်ဦး၊ မဖြစ်ချင်ဦး"

လင်းသည် ဘာကိုဒေါသကြီးနေသည် မသိ၊ သီပေါ၏ ရင်ဘတ်ကို ထုရိုက်တွန်းထိုးနေပါသည်။ သီပေါ၏ ရုပ်အင်္ကျီလည်ပင်းကို ဆောင့်ဆွဲသလို ကုတ်အင်္ကျီကိုလည်း ဆွဲကာဆောင့်လိုက်၊ ရင်ဘတ်ကို ထုလိုက် တွန်းလိုက် လုပ်ကာ တုံ့ပြန်နေလေသည်။

"လင်း ငါတို့ကားပေါ်တက်မှဖြစ်မယ်၊ ကားပေါ်က ဆင်းလာတဲ့လူတွေ ကြည့်ကုန်ပြီ"

အခုမှ ညှော်ခံပွဲကို လာကြသော ကားတစ်စီးတလေပေါ်မှ လူတချို့ သီပေါနဲ့ လင်းတို့၏ပဋိပက္ခကို မြင်သွားပြီး သိသိသာသာ ကြည့်နေကြတာကြောင့် သီပေါသည် လင်း၏လက်

www.burmeseclassic.com



ကောက်ဝတ် နှစ်ဖက်ကို ဖမ်းဆုပ်လိုက်ပြီး သတိပေးလိုက်ရပါ သည်။ လူတွေသာမရှိရင်တော့ လင်း ကြိုက်သလောက်ရိုက်ရိုက် ထုထု၊ ပေါက်ကွဲချင်သလောက်ပေါက်ကွဲ လွှတ်ပေးထားမိမှာပင်။ ဒီလိုအခြေအနေမှန်ကို လင်း လက်မခံနိုင်တာကို စဉ်းစားမရပေ မယ့် လင်း ရင်ထဲမှာရှိသော အမှန်တရားကိုလည်း သိပေါ် သိချင် သည်။ သူငယ်ချင်းချင်း ရည်းစားစကား ပြောရုံလေးနဲ့ ဒီလောက် ပေါက်ကွဲဖို့ မလိုဟု တွေးရင်း လင်းကို အေးအေးဆေးဆေးပြန် ချော့ရပါမည်။

“ငါဘာသာပြန်မယ်”

“ရွဲ့မနေနဲ့ နင့်ဘာသာ ပြန်လို့ရမလား။ ဒီလမ်းအရှည်ကြီး ကိုပဲ လမ်းမရောက်အောင် လျှောက်ဦး။ လမ်းမထွက်ပြီး ဒီလိုဝတ်စားထားတဲ့ပုံနဲ့ ကားတားဦး။ နင် ဘယ်လိုဒု ရောက်သွားမယ်ဆိုတာရော တွေးမိရဲ့လား”

သီပေါပြောတာ မှန်နေသဖြင့် လင်းလည်း ဆော ကြီးအောင့်ကြီးပင် တံခါးကိုဆွဲဖွင့်ပြီး ထိုင်လိုက်ပါသည်။ သီပေ ကားကို မောင်းထွက်လာခဲ့ပြီး လမ်းမပေါ်ရောက်မှ ...

“လင်း ... ငါ နင့်ကိုချစ်တယ်လို့ပြောတာဟာ တကယ် ပြောတာပါ။ အဲဒီအတွက် နင် ဘာမှလက်မခံနိုင်စရာ ဘူး။ စိတ်ဆိုးစရာလည်း မရှိဘူး”

ဟု ထပ်ပြောမိပြန်သည်။





“ဘာလဲ ... နင်က ငါ ကိုထိပ်ခေါင်ကို လက်ခံတော့မှာ မို့ မနာလိုဖြစ်ပြီး ဖျက်လိုဖျက်ဆီး လုပ်ချင်လို့ ဒီလိုဝင် နှောင့်ယှက်တာလား”

“ဟုတ်တယ် ... မနာလိုဘူး။ အဲဒီလူကို နင် လက်ခံလိုက် မှာကို မနာလိုဘူး လင်း”

“နင် ငါ့ကို တမင်နှောင့်ယှက်ချင်လို့ ပြောတာ၊ နင့်စကား ကို လုံးဝမယုံဘူး၊ နင်လိုလူမှာ ဘာမှယုံကြည်စရာမရှိဘူး”

“ငါက ဘာဖြစ်နေလို့ ယုံကြည်စရာ မရှိတာလဲ”

လင်း မဖြေပါ။ အံကိုကြိတ်ထားသောအသံဖြင့် ...

“ဒီနေ့ကစပြီး နင်နဲ့ငါ အဆက်အသွယ်ဖြတ်တယ်။ နင် ငါနဲ့ ဘာမှပတ်သက်စရာ မရှိတော့ဘူး သီပေါ”

“နေစမ်းပါဦး လင်းရဲ့။ နင့်ကို ‘ချစ်တယ်’ဆိုတဲ့စကားမျိုး ငါ တစ်ယောက်တည်းတင် နင့်ဘဝမှာ ပြောဖူးတဲ့လူမဟုတ် ဘူး။ ဒေါက်တာထိပ်ခေါင်လည်း ပြောဖူးတယ်။ နင်ဆေး ကျောင်းတက်တုန်းကလည်း ပြောဖူးတဲ့လူတွေရှိတယ်၊ အဲဒီ လူတွေတုန်းကတော့ ခါးခါးသီးသီး မဖြစ်ဘဲ ငါ့ကျမှ ဘာလို့ ခါးခါးသီးသီး ဖြစ်ရလဲ။ ပြန်မချစ်နိုင်တာတွေ၊ ချစ်နိုင်တာတွေ ထားပါတော့၊ ဒီစကားလေးတစ်ခွန်းတည်း နဲ့ ဘာမှ ခါးခါးသီးသီး ဖြစ်နေစရာမလိုဘူး”



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်တယ် ... ဖြစ်တယ်။ နှင်းဆီက ကြားရလို့ ခါးခါးသီးသီး ဖြစ်တာ။ နင်ပဲ ရိုးရိုးသားသား ခင်ကြမယ်လို့ ကတိပေးခဲ့ပြီး ဒီလိုပြောလာလို့ ငါ ခါးသီးနေတာ"

"လင်း ... နင်, ငါ့ကို ငြင်းမနေနဲ့။ နင့်ကို ငါ တစ်ခါမှ ကတိမပေးဖူးဘူး"

"နင်နဲ့ ငါ ပြိုင်မငြင်းချင်ဘူး သီပေါ၊ နင့်စိတ်ထဲ မြဲမြဲမှတ်ထားဖို့က ခုချိန်ကစပြီး နင်နဲ့ ငါ ဘာမှမဆိုင်တော့ဘူး"

သီပေါလည်း စိတ်ထဲမှာ တင်းခနဲ ဖြစ်သွားသည်မို့ ကားကို ဒေါသတကြီး မောင်းနှင်ပစ်မိသည်။ လင်းကို သူမအိမ်ရှေ့မှာ ချပေးပြီးလျှင် ...


"စိတ်ချ လင်း။ နင်နဲ့ငါ ဘာမှမဆိုင်တော့ဘူး"

ဟု တစ်ခွန်းပြောခဲ့ကာ ကားကို ဒေါသတကြီး မောင်းနှင်ထွက်လာခဲ့မိတော့လေသည်။

❊ ❤ ❊








www.burmeseclassic.com

www.burmeseclassic.com



သီပေါ ရင်ဖွင့်ဝန်ခံလိုက်သော အခါမှာတော့ မထူးဆန်းလှသလို မိုးဦးက တဟားဟား ရယ်ပါသည်။ မိုးဦးနဲ့ ဘီယာ တစ်ဝိုင်းကြေး လောင်းထားမိသဖြင့် ခုတော့ သီပေါက ရှုံးရသူမို့ မိုးဦးကို ဒကာခံရပါသည်။

"ငါ မပြောဘူးလား။ ကာယကံရှင်တွေက အမှန်တရားကို မမြင်ပေမယ့် ဘေးလူအနေနဲ့ကြည့်ရင်တော့ မြင်ရတယ်လို့"

သီပေါ မချိတရိပြုံးရင်း ...

"ဒါပေမဲ့ မင်းရဲ့ထင်မြင်ချက်က ငါ့အတွက်ပဲ မှန်ရင်မှန်မယ်။ လင်းအတွက် မမှန်ဘူးကွ။ လင်း ဒါကို ခါးခါးသီးသီးကို ဖြစ်နေတာ။ ငါ ဒါလေးပြောလိုက်တာပဲ မတွေ့သလို မတန်သလိုနဲ့"

ဟု ခပ်တိမ်တိမ်အသံနဲ့ ပြောမိသည်။





"ငါ အခု နိုင်တယ်လို့ ဝန်မခံပါဘူးကွာ၊ မင်းရဲ့လင်းက လည်း သူ့ကိုယ်သူ ဟန်ဆောင်နေတယ်လို့ မြင်တယ်။ ဒါကြောင့် ဒီတစ်ခါ မင်းတိုက်တာ သောက်ပေမယ့် နောက်တစ်ပတ်ကျ ငါ ပြန်တိုက်မယ်"

"မင်းက လင်းကို တစ်ခါမြင်ဖူးရုံကလွဲရင် အနီးကပ် တစ်ခါမှလည်း စကားမပြောဖူးဘဲနဲ့ ဘယ်လိုလုပ်သိလဲ"

တစ်ခါက မိုးဦးကို လင်းနဲ့မိတ်ဆက်ပေးဖူး၍ ဆုံဖူးတာကလွဲရင် မိုးဦးဟာ လင်းကို ခဏခဏဆုံတွေ့စကားပြောခွင့် ရတာလည်းမဟုတ်ဘဲ ဘာကြောင့် လင်းကို အကဲခတ်လို့ နိုင်မည်နည်း။

"လင်းမှာ စိတ်နှစ်ခွ ဖြစ်နေတာပါကွာ၊ သူ့ရင်ထဲမှာ မင်းကို နေရာပေးချင်တယ်။ ဒါပေမဲ့ သူလိုချင်တဲ့ အရည်အသွေးမျိုး၊ အရည်အချင်းမျိုးနဲ့ ပြည့်စုံတဲ့ ဒေါက်တာထိပ်ခေါင်ကိုလည်း လက်တွဲချင်တယ်။ အကယ်၍ မင်း,သာ သူ့ကို ချစ်ပါတယ် ပြောမလာရင် သူ့အတွက် ရွေးချယ်ရတာ လွယ်သွားပြီလေ။ စိတ်ရှင်းရှင်းနဲ့ ရွေးနိုင်တယ်။ အခုတော့ မင်းက သူ့ဆုံးဖြတ်ချက်ကို ဝင်နှောင့်ယှက်သလို ဖြစ်သွားတယ်။ မင်းကပါ သူ့ကိုချစ်တယ် ဖြစ်လာတော့ သူ့အတွက် ဒေါက်တာထိပ်ခေါင်ကို ရွေးချယ်ရတာဟာ ခက်ခဲသလို ဖြစ်သွားပြီပေါ့။ မင်း သူ့ကိုချစ်ရပါ့မလားလို့ ခါးခါးသီးသီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပြပြီး မင်းကို တမင်မုန်းပစ်လိုက်တာပေါ့၊ ဒါဟာ သူ့စိတ်ထဲက မရိုးသားမှုပဲ။ ရိုးသားတဲ့သူတွေဟာ ဒီလိုမဖြစ်ဘူး။ ဒီကိစ္စကို အေးအေးဆေးဆေး တုံ့ပြန်နိုင်တယ်"

မိုးဦး ဆရာကြီးလုပ်ပြီး ပြောတာကို သီပေါ လက်တော့မခံပေမယ့် အငြင်းမပွားချင်တာမို့ ဘာမှမပြောတော့ပါ။ သို့သော် လင်း၏တုံ့ပြန်မှုကြောင့် စိတ်လေသလိုဖြစ်ကာ လောလောဆယ်တော့ အနီးပတ်ဝန်းကျင်မှာရှိသော ကောင်မလေးတစ်ယောက်ကို ကောက်ပြီးရည်းစားထားပစ်လိုက်သည်။ ကောင်မလေးကတော့ သီပေါ၏ကွန်ပျူတာပစ္စည်းအရောင်းဆိုင်နားမှာရှိသော တယ်လီဖုန်းဟန်းဆက်အရောင်းဆိုင် ဖွင့်ထားသူလေးဖြစ်သည်။ အရင်ထဲကလည်း မျက်လုံးချင်းစကားပြောသလိုလို ဘာလိုလိုပုံစံမို့ ရည်းစားဖြစ်ဖို့ တော်တော်လွယ်ပါသည်။

မိုးဦးက သီပေါနဲ့အတူ ရှယ်ယာဝင်ပြီး ကွန်ပျူတာဆိုင်ဖွင့်တဲ့အထဲပါသူမို့ ဆိုင်မှာ အမြဲရှိလေရာ သီပေါ၏အခြေအနေကို ဝေဖန်မဆုံး ဖြစ်နေသည်။

"မတွေ့ဖူးပါဘူးကွာ၊ အသည်းကွဲရင် သူများတွေတော့အရက်သောက်မယ်၊ စိတ်လေမယ်ပဲ ကြားဖူးတယ်။ သီပေါတို့ကျတော့ ချက်ချင်းပဲ ရည်းစားတစ်ယောက် ကောက်ထားလိုက်တယ်"

"တစ်ယောက်မဟုတ်ဘူး သုံးယောက်ကွ"





သီပေါ ပြန်ပြောလိုက်တော့ မိုးဦး တအံ့တသြဖြင့် မျက်လုံးပြူးကြည့်ပြ၏။

"ဒီတစ်ပတ်မှာပဲ နှောက်ထပ်နှစ်ယောက်ဆီက အဖြေရတယ်"

"သုံးယောက်တစ်ပြိုင်တည်းကြီး ရည်းစားထားတာ ကြည့်လုပ်ပါဦးကွာ၊ ပြဿနာတွေ ဖြစ်ရကုန်မယ်"

"လင်းက သူ့ကိုယ်သူ သိပ်အထင်ကြီးတယ်၊ သူ့ကိုယ်သူငါနဲ့အဆက်အသွယ်ဖြတ်ပြီး နေပြနိုင်တယ် ထင်နေတာကိုငါ မခံချင်ဘူး။ ငါ ဒီလိုရည်းစားသုံးယောက် တစ်ပြိုင်တည်းထားပြီး တွဲနေတာမြင်ရင် သူ ဘယ်လိုမှ နေနိုင်မှာမဟုတ်ဘူး။ ငါ့ကို ဆုံးမချင်တဲ့လေသံနဲ့ ပြန်ဆက်သွယ်လာမှာ မြင်ယောင်သေးတယ်"

"ဩော် ... ဟော် ... လက်စသတ်တော့ လင်း ပြန်ခေါ်တာ လိုချင်လို့"

သို့သော် သီပေါထင်သလို ဖြစ်မလာခဲ့ပါ။ သူသွင်းသိအောင် တမင်ပဲ လင်းညီမတက်တဲ့ကျူရှင်နားမှာ ကောင်မလေးသုံးယောက်ကို တစ်လှည့်စီတွဲသွားပြီး အအေးဆိုင်ထိုင်ပြတာ။ လင်းရဲ့သူငယ်ချင်း ငုဝါနဲ့တော့ ရှော့ပင်းမောလ်တစ်ခုမှာ မတော်တဆဆုံသဖြင့် အဲဒီနေ့က တွဲသွားသော ရည်းစားနဲ့ မိတ်ဆက်



www.burmeseclassic.com

www.burmeseclassic.com



ပေးလိုက်တာတွေ လုပ်ပေးမယ့် (ဒါတွေ လင်းပြန်သိမှာ သေချာပေမယ့်) လင်း သူ့ကိုလုံးဝ ဆက်သွယ်မလာခဲ့ပါ။

လင်းဆီက အဆက်အသွယ်လည်းမရ၊ ဘာသတင်းမှလည်း မကြားရသောအခါ သူ မနေနိုင်တော့။ တစ်ရက်မှာတော့ လင်းညီမလေး သဲသဲ ဝိုင်းကျူရှင်တက်စရာ လမ်းတစ်ဝိုက် မယောင်မလည်လုပ်ပြီး လှုယောင်ပြပါသည်။ သဲသဲကတော့ သူ့အစ်မနဲ့ သီပေါတို့အခြေအနေကို သိပုံမရ။ သီပေါကို မြင်တော့ ဝမ်းသာအားရပင် ...

"ကိုသီပေါ ... ကိုသီပေါ"

ဟု အော်ခေါ် နှုတ်ဆက်ပြီး ပြေးလာတွေ့သည်။

"သဲသဲရဲ့ဝိုင်းက ဒီနားလေ"

"အေး ... ဟုတ်သားပဲ၊ ငါမေ့နေတာ။ အခု ပြီးပြီလား"

"မပြီးသေးဘူး၊ ဒီနေ့ နှစ်ဘာသာ ဆက်သင်ရမှာလေ။ physics ဖစ်ဆစ်(စ)ဆရာ ထွက်သွားလို့ ကြားထဲမှာနာရီဝက်နားချိန် အချဉ်ထုပ်ခဏ ထွက်ဝယ်တာ။ ဟိုမှာ သဲသဲသူငယ်ချင်းတွေ ထွက်လာပြီ၊ သွားတော့မယ်"

"ဟ ... နေဦး ... နေဦး ... သဲသဲ"

"ဘာလဲ ... ကိုသီပေါ"

"နင့်အစ်မလေ လင်းလေ ငါ့အကြောင်း ဘာပြောသေးလဲ"





"ဟိ ဟိ ... မမကြီးနဲ့ မခေါ်ဘူးလား"

"ဒီလိုပါပဲ"

"ဟိုတလောက ကိုသီပေါကိုပဲ ဒီနားကဆိုင်လေးမှာ ရည်းစားတွေ တစ်ယောက်ပြီးတစ်ယောက်နဲ့ လာထိုင်တာ သဲသဲတွေ့ပါတယ်။ ဒါပေမဲ့ မမကြီးကို ပြန်ပြောတော့ သူဘာမှ မပြောဘူး"

သီပေါ စိတ်ညစ်သွားပါသည်။ လင်း တစ်ခုခုဆဖန်ပြောဆိုတာကို သူ ကြားချင်နေသည်။

"မမကြီးက ဟောက်(စ)ပြီးတော့မှာလေ၊ အဲဒါ ဟောက်(စ)ပြီးရင်တော့ စေ့စပ်မယ်လို့ ဖေဖေတို့ကို ပြောထားတယ်"

"ဟင် ... ဟင် ... ဘာရယ် ... ဘာစေ့စပ်မှာလဲ"

"ဦးထိပ်ခေါင်နဲ့လေ၊ ကိုသီပေါ မသိဘူးလား"

သီပေါ ရင်ထဲ တဒိုင်းဒိုင်း ဆောင့်ခုန်လာကာ ချက်ချင်းရူးတော့မလို ဖြစ်သွားပါသည်။

"ကိုသီပေါနဲ့ မခေါ်ပေမယ့် စေ့စပ်ပွဲကျရင်တော့ ဖိတ်ဖို့ သဲသဲ ပြောပေးပါမယ်၊ ကဲ ... သဲသဲ သွားပြီနော်၊ သူငယ်ချင်းတွေ စောင့်နေပြီ"

သီပေါ ငူငူငေါင်ငေါင်ကြီးရပ်ပြီး ကျန်ရစ်ခဲ့ပါသည်။ လင်း ဆုံးဖြတ်ထား မြန်လှချည့်လား။ ပြတ်သားလှချည့်လား။

www.burmeseclassic.com



ဘာကြောင့် ငါ့ကိုမရွေးချယ်ချင်ပဲ ဒေါက်တာထိပ်ခေါင်ကိုရွေးချယ်ချင်ရသလဲ။ ငါတို့နှစ်ယောက်ကို ယှဉ်ရွေးစရာလို့ကို လင်းမသတ်မှတ်ခဲ့ဘူးလား။ လင်းရဲ့ခေါင်းထဲမှာ ရင်ဘတ်ထဲမှာ ငါတစ်နေရာမှာ ရှိမနေဘူးလား။

သီပေါသည် ကားကိုမောင်းလာရင်း သူနဲ့ လင်းပတ်သက်ခဲ့ရတာတွေကို ပြန်စဉ်းစားလာပါသည်။ သူတို့သူငယ်ချင်းတွေအဖြစ် ခင်ခင်မင်မင် တွဲခဲ့ကြစဉ် တစ်လျှောက်လုံး လင်းရဲ့အမူအရာတွေကို သီပေါ လေ့လာနိုင်ခဲ့ပါသည်။ လင်း သူ့အပေါ် တွယ်တာ။ သံယောဇဉ်ရှိတာ။ ဂရုစိုက်တာ။ သူနဲ့ပတ်သက်ရင် သူ့အကြိုက် တော်တော်များများကို တစ်ခါပြောဖူးရုံနဲ့ လင်းမှတ်ထားတာတွေဟာ ဟန်ဆောင်နေခဲ့တာမှ မဟုတ်တာ။ လင်းရင်ထဲမှာ တကယ့်ကို လှိုက်လှိုက်လှဲလှဲ သီပေါအပေါ် တွယ်တာခဲ့တာပါဟု သံသယမရှိ ပြောနိုင်ပါသည်။ တစ်ခါတစ်ရံ သီပေါပင်လျှင် "လင်း ငါ့ကို ချစ်ရင်ချစ်နေနိုင်တယ်"ဆိုသော အတွေးမျိုးဝင်မိတဲ့အထိ လင်း သူ့အပေါ် ဦးစားပေးဂရုစိုက်မှုတွေကို အဖြေထုတ်မိခဲ့ဖူးသည်။

ခုတော့ လင်းက ပြတ်သားလှချည့်လား။ နင့်ကိုတော့ မရွေးဘူး။ သူ့ကိုပဲ ရွေးကိုရွေးမယ်လို့ လုပ်ပြသွားတာဘာသဘောလဲ။





သီပေါသည် အဲဒီနေ့ကစပြီး လင်းကို အဝေးကနေစောင့်ကြည့်နေခဲ့မိတော့သည်။ လင်း ဆေးရုံသွားတာ၊ ပြန်တာ။ ဒေါက်တာထိပ်ခေါင်နဲ့ မကြာခဏ တွဲထွက်တာတွေကို နောက်ယောင်ခံလိုက်ကြည့်မိပါသည်။ ဒေါက်တာထိပ်ခေါင်ကတော့ အမှုမဲ့အမှတ်မဲ့မို့ သိချင်မှ သိမှာပေမယ့် လင်းကတော့ သီပေါကို ရိပ်ခနဲပဲမြင်မြင်၊ ဖျတ်ခနဲပဲမြင်မြင်။ မှတ်မိနေတာမို့ သီပေါနောက်က လိုက်သမျှအခါတိုင်းကို သိနေလေသည်။

"ကိုယ် ပြောတာ အဲဒါပဲ၊ လင်း ဘယ်လိုသဘောရလဲ"

"ဟင် ... ရှင် ... ဘာများလဲ ကိုခေါင်"

"ဟောဗျာ ... လင်း မကြားဘူးလား"

"အဟင်း ... လင်း လမ်းဘေးကို အာရုံရောက်သွားလို့"

အမှန်တော့ လင်းသည် သီပေါ နောက်ကပါလာပြန်ပြီဟာတွေးကာ စိတ်ရှုပ်နေသဖြင့် ဒေါက်တာထိပ်ခေါင် ပြောလိုက်တာကို မကြားလိုက်ခြင်း ဖြစ်ပါသည်။

"ကိုယ်တို့စေ့စပ်ပြီးတာနဲ့ ကိုယ်လည်း M.Sc အမ်အက်(စ)စီဖြေဖို့ ပြင်ဆင်ရတော့မယ်၊ ဖြေပြီးတာနဲ့ အောင်သွားရင်တော့ လက်ထပ်ကြတာပေါ့လို့"

"မအောင်ရင် လက်မထပ်ဘူးပေါ့"

"အဲဒီသဘော မပြောပါဘူး လင်းရယ်၊ အောင်မယ်လို့ကိုယ့်ဘာသာ သေချာနေတော့ အောင်တာနဲ့ လက်ထပ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်မယ်။ ကိုယ်တို့ စာတွေအတူတူ ဆက်ကျက်ကြပြီး M.R.C.P အမ်အာရ်စီပီ တက်ကြမယ်လေ"

"ဒါဆို မိသားစု plan ပလန်တွေ ဘာတွေ မရှိတော့ဘူးလား"

"လင်းက စာတွေဆက်မသင်ချင်ဘူးလား၊ လင်းအသက်က ငယ်ငယ်လေး ရှိသေးတာ။ ဟောက်(စ)ပြီးတာနဲ့ ပုံမှန်စာဆက်လုပ်ရင် M.Sc က ရဖို့လွယ်ပါတယ်။ ကလေးရှိလာရင် လင်းဘဝတိုးတက်မှု နှောင့်နှေးသွားမယ်"

လင်းက ကလေးချစ်တယ်။ ပြည့်စုံတဲ့ မိသားစုလေးရှိပြီးမှ ကိုယ်လုပ်ချင်တာ ဆက်လုပ်မယ် ... ဟု လင်း တစ်ခါက ပြောခဲ့ဖူးတာကို သူ ဘာကြောင့် မေ့သွားရသလဲဆိုပြီး လင်းတော်တော်စိတ်ပျက်သွားပါသည်။ ဒေါက်တာထိပ်ခေါင်သည် အဘက်ဘက်က ဘာမှအပြစ်ပြောစရာမရှိသော ယောကျ်ားတစ်ယောက်၊ လင်းအပေါ်လည်း တကယ်မေတ္တာရှိသော ယောကျ်ားတစ်ယောက် ဖြစ်ပေမယ့် သူက တစ်ဆိတ်တော့ လွှမ်းမိုးလွန်းပါသည်။

လင်းကို ဒါပြီးရင် ဒါလုပ်၊ ဒါပဲကောင်းတယ် ဟိုဟာမ ကောင်းဘူး စသဖြင့် ရှေ့ဆောင်လမ်းပြ လုပ်သလိုလိုဖြင့် လင်း ဖြစ်ချင်တာတွေကို သူ ဖြစ်ချင်တာနှင့် လဲလှယ်ပစ်တတ်သော အတ္တမျိုးတော့ရှိလေသည်။





သို့သော် ဒါဟာ စိတ်ပျက်လောက်စရာ။ လက်သင့်ခံနိုင်လောက်စရာ မရှိတာမို့ လင်းသည်းခံနိုင်ပါသည်။ လင်းဒီလူကို ရချင်လို့။ ဒါပဲဖြစ်ချင်လို့ ဆုံးဖြတ်ပြီးပြီ။ လင်း နောင်တရချင်ပါ။ တစ်ခါတစ်ရံမှာတော့ လင်းသည် သီပေါ၏လင်းကိုဦးစားပေးတတ်ပုံ။ လင်းအကြိုက်လိုက်တတ်ပုံတွေကို သတိရထတ်တာ သူ့ကို စကားပြောချင်စိတ်တော့ ဖြစ်မိသည်။

ဒါပေမဲ့ လင်း သူ့ကိုမယုံ။ သူ့အနီးဝန်းကျင်မှာသူ, လက်တည့်စမ်းပြီး ရည်းစားထားစရာ ကုန်သွားလို့ လင်းဘက်လှည့်လာသည်ဟု ယူဆပြီး သူ့ကိုစိတ်နာမိသည်။ သူတကယ်မချစ်ဘဲ လင်းကို ညာတာဟု ထင်မိသည်။ ခုတလောသည်း သူ လင်းနောက် တကောက်ကောက်လိုက်နေတာကိုလင်း သိနေရသည်။ လင်း အိမ်ကအထွက်၊ ဆေးရုံအသွား၊ ဆေးရုံအပြန်၊ အိမ်ထဲအဝင် စသဖြင့် ဘယ်အချိန်ပဲသွားသွား သူနောက်ကပါနေသည်။ ဘယ်လိုများ လာစောင့်ပြီး ချောင်းနေသည်သိ။ သူနဲ့လင်းလည်း အဆက်အသွယ်ပြတ်နေတာမို့ လင်းရဲ့အချိန်ဇယားတွေကို သူ သိနေစရာမရှိ။ ဒါပေမဲ့ သူကတော့ သိနေသည့်အလား လင်း ဘယ်အချိန်ထွက်လိုက် ထွက်လိုက်နောက်ကလိုက်လို့ရနေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါတွေအပြင် အခုလိုမျိုး အားရက်တွေမှာ ဒေါက်တာထိပ်ခေါင်နဲ့ ဟိုသွားဒီသွားလုပ်လည်း သူ ပါကိုပါနေတာမို့ လင်း ကြာတော့ စိတ်အနှောင့်အယှက်တစ်ခုလို ဖြစ်လာသည်။

ဒီနေ့တော့ ဈေးစပ်လက်စွပ်ဝယ်ရန် အတူထွက်လာပြန်ရာ သီပေါရဲ့အနက်ရောင် နက်မှောင်နေသော 4WD ကားကြီးက ပါလာပြန်သည်။ ရတနာဆိုင်ထဲဝင်ပြီး လက်စွပ်အတူရွေးကြတော့လည်း တွေ့နေရသည်။ ဒေါက်တာထိပ်ခေါင်ကသာ သီပေါကို တစ်ခါသာ ဆုံဖူးသည်မို့ မမှတ်မိတာလား။ သတိမထားမိတာလား မသိ။ သူကတော့ နောက်ယောင်ခံလိုက်လာသူ ပါနေမှန်းတောင် မသိ။

"ဘာမှမလိုတော့ဘူးနော်၊ ဝတ်မယ့်အဝတ်အစားလည်း ဒီဇိုင်နာနဲ့အပ်ပြီးပြီ။ ဖိနပ်လက်ကိုင်အိတ်တွေလည်း အကုန်ဝယ်ပြီးပြီ။ ိပ်ကပ်ပြင်မယ့်သူလည်း ရက်ချိန်းပြီးပြီ။ ဓာတ်ပုံဗီဒီယိုလည်း ချိန်းပြီးပြီ။ အခု နောက်ဆုံးအဖြစ် လက်စွပ်လည်း ဝယ်ပြီးပြီဆိုတော့ အဲဒီရက်ရောက်ဖို့ စောင့်ရုံပဲ လိုတော့တယ်ပေါ့ ... ဟုတ်လား လင်း"

ဒေါက်တာထိပ်ခေါင်က လက်စွပ်ဆိုင်မှအထွက်တွင် ကြည်ကြည်နူးနူး ပြောပါသည်။ သူ့ပုံစံကတော့ ဈေးစပ်ပွဲရက်ကို လက်ချိုးရေနေသလိုပင်။





"တစ်ခုခု စားကြရအောင်။ လင်း ဘယ်မှာစားချင်လဲ"

"လင်း သိပ်တော့ မဆာဘူး"

"ကိုယ်က ထမင်းစားမကောင်းလို့ ဗိုက်ဆာလာပြီ။ လင်း မဆာပေမယ့် အရည်တော့ သောက်လို့ရတယ်မဟုတ်လား"

"ကိုခေါင် စားပါ။ လင်းကို အားမနာပါနဲ့၊ လင်း အရည် သောက်မှာပေါ့"

"အားနာတယ်ဆိုတဲ့စကား မသုံးပါဘူးကွာ၊ ကိုယ်တို့က အားနာရမယ့်သူမှ မဟုတ်တာ"

ဒေါက်တာထိပ်ခေါင်၏ ဦးဆောင်မှုဖြင့် နာမည်ရှိသော ဆိုင်တစ်ဆိုင်ထဲ ဝင်လိုက်ကြပါသည်။ ဆိုင်က ဥရောပ အစားအစာအပြင် တရုတ်စာတချို့၊ ထိုင်းစာတချို့နှင့် ကော်ဖီ အအေး ဘာဂါ စသဖြင့် တွဲရောင်းပါသည်။

ဒေါက်တာထိပ်ခေါင်ကတော့ နာနတ်သီးထမင်းကြော်တစ်ပွဲမှာကာ လင်းကတော့ ဖျော်ရည်တစ်ခွက်မှာလိုက်ပါသည်။ မှာထားတာတွေ ထိုင်စောင့်နေတုန်း လင်းတို့စားပွဲနားကို မှန်းဆို သီပေါ ရောက်ချလာတော့၏။

"ဟဲလို ... ဒေါက်တာ၊ ဟဲလို ... လင်း"

လင်းမှာ သီပေါ ဒီလိုဝင်လိုက်လာပြီး ဒီထိရောက်လာကာ စကားပြောမည် မထင်ထားလေရာ လန့်သွားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါက်တာထိပ်ခေါင်ကတော့ မျက်နှာပျက်ချင်သလိုလို ဖြစ်နေသည့် လင်းကို တစ်ချက်အကဲခတ်လိုက်ပါသည်။

"မှတ်မိလား ... ကျွန်တော် လင်းရဲ့သူငယ်ချင်း သီပေါလေ"

"သြော် ... မှတ်မိပါတယ်"

"ခဏထိုင်မယ်နော်"

သီပေါက ခွင့်တောင်းရုံတောင်းပြီး ဘယ်သူ့ခွင့်ပြုချက်မှ မရခင် ခုံတစ်လုံးမှာ ထိုင်လိုက်ပြီး ဖြစ်နေတော့သည်။ သူ့မျက်နှာကတော့ တကယ့်ကို ရင်းနှီးဖော်ရွေဟန်ပေါက်နေကာ နှောင့်ယှက်သည်ရယ်လို့တောင် ထင်စရာမရှိ။

"လင်း ... နင်တို့စေ့စပ်တော့မယ်ဆိုတာ ငါတောင်မသိရဘူး။ သဲသဲပြောမှ သိလို့"

လင်းမှာ ဘာပြန်ပြောရမှန်းမသိဖြစ်ပြီး နှုတ်ဆိတ်နေသည်။ ဒီကိစ္စတွေဖြစ်သွားတာ သိပ်မြန်နေခဲ့တာကိုး။ သီပေါ လင်းကို ရည်းစားစကားပြောသဖြင့် စိတ်ဆိုး၊ လမ်းခွဲ၊ နောက်တစ်ပတ်မှာ ချက်ချင်း ဒေါက်တာထိပ်ခေါင်ကို အဖြေပေး။ ဒေါက်တာထိပ်ခေါင်ကလည်း စေ့စပ်ထားချင် စသဖြင့်တွေဆက်တိုက် အစဉ်လိုက် ဖြစ်သွားသဖြင့် သီပေါနဲ့မတွေ့ဖြစ်ကြတော့သော နှစ်လလောက်အတွင်း အခြေအနေတွေ ပြောင်းကုန်တာ ဖြစ်ပါသည်။





"သြော် ... ဟုတ်လား၊ သီပေါ မသိဘူးလား"

ဒေါက်တာထိပ်ခေါင်က လူကြီးပီပီ အားနာပြီး ဝင်ပြောပေးလိုက်ပါသည်။ အရင်ကတော့ လုံးထွေးရင်းနှီးလှသော လင်းဟာ ခုတော့ သီပေါအပေါ် စိမ်းသလိုဖြစ်နေတာကို သတိထားမိပေမယ့် ဘာပြဿနာမှန်းတော့ သူ မသိချေ။

"လင်းက ကျွန်တော့်ကို စိတ်ဆိုးပြီး မခေါ်တော့ဘူး။ အဆက်အသွယ် ဖြတ်ထားတယ်"

"အဟင်းဟင်း ... ညီလေးတို့ဟာလည်းကွာ၊ ကလေးတွေ ကျီနေတာပဲ"

ဒေါက်တာထိပ်ခေါင်သည် ယောက်ျားချင်းမို့ သီပေါ၏ တမ်းတနေသော မျက်လုံးတွေကို သိပ်မကြိုက်လှပါ။ ဟန်ဆောင်ပြီးသာ ပြုံးရယ်စကားပြောနေရလေသည်။

"ကလေးမဟုတ်တော့တာမို့ ကလေးစကား မပြောမိတာနဲ့"

"သီပေါ ... နင် ဘယ်လိုဖြစ်နေလဲ၊ တော်စမ်း"

လင်းသည် သီပေါ၏ စကားအသွားအလာကို မကြိုက်တော့သဖြင့် သီပေါစကားမဆုံးခင်မှာ ဖြတ်အော်လိုက်တော့သည်။ ဒေါက်တာထိပ်ခေါင်က မျက်ခုံးပင့်ပြီးကြည့်သည်။

"မတော်ပါဘူး၊ ငါ ပြောချင်တာပြောရဖို့ လာတာ"



www.burmeseclassic.com

www.burmeseclassic.com



"သီပေါ ... နင် မရိုင်းနဲ့နော်။ ငါတို့နှစ်ယောက်တည်း ရှိနေချိန်မှာ နင့်ကို ဘယ်သူမှ မဖိတ်ခေါ်ဘဲ အတင်းဝင်ထိုင်ပြီး နှောင့်ယှက်တာ လုံးဝမကောင်းဘူး။ နင်ပြောချင်တာ ပြောမယ်ဆိုတဲ့အထိ ဖြစ်လာတာတော့ ရိုင်းတယ်"

"ဆောရီး ဒေါက်တာ။ ကျွန်တော် ရိုင်းတာမဟုတ်ဘူး။ ဒါပေမဲ့ ဒေါက်တာသိအောင် ပြောထားချင်တာပါ။ လင်းဟာ ကျွန်တော့်သူငယ်ချင်း မဖြစ်ထိုက်ဘူး။ သူဟာ ကျွန်တော့်သူငယ်ချင်း မဟုတ်ဘူး"

ဒေါက်တာထိပ်ခေါင် ရုတ်တရက်တော့ ဘာမှန်းစဉ်းစားမရဖြစ်ပြီး သီပေါပြောမယ့်စကားကို အာရုံစိုက်နားထောင်လိုက်ပါသည်။ အဲဒီလို နားထောင်စဉ် စက္ကန့်ပိုင်းလေးမှာတော့ သူ့စိတ်ထဲမှာ ရီးရီးသားသား ထင်ထားတာပါ။ သူတို့ချင်းရန်ဖြစ်ပြီး မတည့်တော့တာမျိုးလား။ ဒါကြောင့် သီပေါဟာ လင်းကို သူငယ်ချင်း မဖြစ်ချင်တော့ပါဘူး ပြောသလား။

သို့သော် ...

"သူ့ကို ကျွန်တော် ချစ်နေတာ။ မြတ်နိုးနေတာ မြတ်မြတ်နိုးနိုးကို ချစ်တာ။ ကျွန်တော့်အတွက် လင်းဟာ တစ်ယောက်တည်းပဲ။ တစ်သက်လုံးအတွက် ဒီတစ်ယောက်တည်းပဲ"





ဟု သီပေါက စိန်ခေါ်သလို ပြောလိုက်သောအခါ ဒေါက်တာထိပ်ခေါင် ရုတ်ခြည်းဒေါသဖြစ်သွားပါသည်။

"ဘာ ... ဘာကွ"

"ကျွန်တော့်ရဲ့အချစ်ကို လာကြေညာတာပါ။ ကျေးဇူးတင်ပါတယ်။ သွားလိုက်ပါဦးမယ်"

သီပေါ ရုတ်ခနဲ ထသွားပါတော့သည်။ လင်းတို့နှစ်ယောက်ကြားမှာ တိတ်ဆိတ်ပြီး ကျန်ရစ်ခဲ့ပါသည်။

❋ ❤ ❋



www.burmeseclassic.com

www.burmeseclassic.com



# ၉

လင်းက ဒေါက်တာထိပ်ခေါင် မေးလာမယ်ထင်ပြီး ဖြေဖို့အသင့်ပြင်နေခဲ့သည်။ သို့သော် အံ့ဩစရာ (စိတ်လည်းကျဉ်းကျပ်စရာ) ကောင်းလှစွာပင် သူက မမေးဘဲ နေနေခဲ့သည်။ သီပေါ လာပြောသွားပြီးနေ့က အပြန်လမ်းမှာလည်းမမေး။ တခြားသောအကြောင်းအရာတွေကိုသာ စကားမပြတ်စတမ်း ပြောနေခဲ့သည်။ ထိုနေ့က လင်းဟာ သူ့မျက်နှာတကြည့်ကြည့်နှင့် သူမေးလာမှာကို စောင့်နေခဲ့ပေမယ့် သူက ဒီအကြောင်းအရာကို အစပင် မဖော်ခဲ့ပါ။ သူတို့ကြားမှာ ဘာမှမဖြစ်ခဲ့ဘူးသလို ပုံစံဖမ်းပြီး စကားတွေဖောင်ဖွဲ့နေတာကိုက မှုမမှန်သလိုပုံစံဟု လင်းယူဆမိသည်။





အဲဒီရက်နောက်ပိုင်းလည်း လင်းတို့ နေ့စဉ်လိုတွေ့နေကြပေမယ့် ဒေါက်တာထိပ်ခေါင်ဟာ လင်းနဲ့ သီပေါကိစ္စကို လုံးဝအစမဖော်ပါ။ ထိုအခါ လင်းမှာအတော်ပင် စိတ်ကျဉ်းကျပ်ရသည်။

သူက မမေးလေ။ လင်းဘက်က စိတ်မလုံလေဖြစ်လာရသည်။ သီပေါကတော့ လင်းဆီ မပြတ်မက်ဆေ့(ချ်)တွေပို့လေသည်။ ပို့တဲ့မက်ဆေ့(ချ်)တွေကတော့ တစ်မျိုးတည်း၊ အကြောင်းအရာတစ်ခုတည်းသာ ဖြစ်ပါသည်။

"လင်းကို ချစ်တယ်"

ဟူသော အကြောင်းတွေကို လင်း အစကတော့ Delete ဒီလိတ်လုပ်ပစ်သေးသည်။ တစ်နေ့ကို ဆယ်ခါလောက်ဒါပဲ ဝင်နေသော မက်ဆေ့(ချ်)တွေကို လင်း မကျေမနပ်ဖြင့် ဖျက်ပစ်ရင်း နောက်တော့ မဖျက်တော့ဘဲ ထားထားလိုက်ပါသည်။ ဒီမက်ဆေ့(ချ်)တွေကို ဖျက်ပစ်နေတာထက်စာရင် သူဒီလိုမပို့တော့အောင် လုပ်ပစ်တာသာ အကောင်းဆုံးဟု တွေးမိသည်။

လင်းမှာ ဒီလိုမဖွင့်မပြော မရှင်းမလင်းဘဲ နေနေရတဲ့ အခြေအနေကြီးကို မျိုသိပ်စောင့်စည်းမနေနိုင်တော့တဲ့အဆုံး တစ်ရက်မှာတော့ ဒေါက်တာထိပ်ခေါင်ကို လင်းပဲစပြီး ပြောလိုက်ပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုခေါင့်မှာ လင်းကို မေးစရာရှိမနေဘူးလား"

ဒေါက်တာထိပ်ခေါင်က ဘာမှမဖြေဘဲ ပြုံးရုံပြုံးပါသည်။

"အရင်တစ်ပတ်က သီပေါနဲ့တွေ့ခဲ့တဲ့ ကိစ္စလေ"

"လင်းက ဘာမေးစေချင်လို့လဲ"

"ကိုခေါင့်စိတ်ထဲ ခိုးလိုးခုလုဖြစ်ပြီး မေးတဲ့တစ်ခုခုကို ကြားချင်တာပါ။ ဘာကို မေးစေချင်တာရယ်တော့ မရှိပါဘူး"

"မေးစရာမလိုဘူး ထင်လို့လေ"

"ဘာကြောင့်လဲ"

"လင်း သူနဲ့အရင်တွေ့တာပဲ၊ သူ့ကိုတောင် မရွေးချယ်ဘဲ ကိုယ့်ကိုရွေးတယ်ဆိုတာဟာ သူနဲ့ကိုယ် ယှဉ်မရတဲ့အချက်ပဲပေါ့။ သူဟာ ကိုယ့်ထက် ရုပ်ရည်ရော၊ ချမ်းသာကြွယ်ဝမှုရော သာပါတယ်။ ဒါပေမဲ့ သူ့ကို လင်း မရွေးခဲ့ဘဲ ကိုယ့်ကိုရွေးတယ်ဆိုတာဟာ ကိုယ့်ကို လင်း ပိုလက်ခံနိုင်လို့ပေါ့"

"လင်းတို့ သူငယ်ချင်းလိုပဲ ခင်ကြမယ်လို့ အစကတည်းက စည်းခြားထားပြီးသားပါ။ သူက ဖောက်လာတာ။ သူ ဒီလိုဖြစ်လာမယ်လို့တောင် လင်း ထင်မထားဘူး"

"ကိုယ်ကတော့ ထင်ထားပါတယ်"





"ရှင် ဘာကိုလဲ"

"သီပေါက လင်းကို စိတ်ဝင်စားနေမယ်လို့"

လင်း ဘာပြောရမှန်းမသိ ဖြစ်သွားပါသည်။

"လင်းက သိပ်အချောအလှကြီး မဟုတ်ပေမယ့် လင်းအနားမှာ ကြာကြာနေမိရင် လင်းရဲ့ချစ်စရာကောင်းတဲ့ ပုံစံလေးတွေကို သတိထားမိလာပြီး စွဲလမ်းလာနိုင်တဲ့ ဆွဲဆောင်မှုမျိုး ရှိတယ်။ ဒီတော့ သူ လင်းကိုချစ်တာ မဆန်းပါဘူး"

"ကိုခေါင် နည်းနည်းမှ စိတ်အနှောင့်အယှက် မဖြစ်ဘူးလား"

"မဖြစ်ပါဘူး၊ ဘာကိုဖြစ်ရမှာလဲ။ လင်းကို ယောကျ်ားတစ်ယောက်က ချစ်နေတာကို မချစ်ပါနဲ့လို့ လိုက်ပိတ်ပင်လို့မှ မရတာ။ လင်းဘက်က မပါရင် ပြီးတာပဲ"

"အို ... လင်းက ဘာလို့ပါရမှာလဲ"

လင်း ဒေါသတကြီးပုံစံဖြင့် ကမန်းကတန်း ငြင်းမိပါသည်။

လင်းစိတ်ထဲမှာ ရှင်းသွားရမည့်အစား မရှင်းနိုင်ဘဲ ဖြစ်နေသည်မှာ ဒေါက်တာထိပ်ခေါင်၏ရင်ထဲမှာ ဘာတွေသံသယရှိနေမလဲဆိုတာ ခန့်မှန်းမိ၍ပင်။ သူ ဘယ်လောက်ပဲ ဟန်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



နေနေ သူ့ရင်ထဲမှာ မရှင်းဘူးဆိုတာ လင်း အလိုလိုခံစားလို့ရနေသည်။ သူဟာ လင်းကိုပါ မယုံသင်္ကာသလို ဖြစ်နေသည်ဟု လင်း ယူဆမိလေသည်။

လင်းတို့ကြားမှာ ဘာမှန်းမသိတဲ့ အလွှာပါးပါးတစ်ခု ခံနေသလိုပဲ တစ်ယောက်နဲ့တစ်ယောက် အရိပ်အခြည်ကြည့်ပြီး စကားပြောနေရတဲ့ ရက်တွေတောင် များလာပါသည်။ စေ့စပ်ပွဲရက် ရောက်ခါနီးလေလေ လင်းစိတ်တွေ မပျော်လေလေ ဖြစ်လာသည်။ စေ့စပ်ပြီး မကြာခင် လင်းတို့ လက်ထပ်ရမည်ဖြစ်ရာ လက်ထပ်ပြီးရင် လင်းတို့အဆင်ပြေပါ့မလား။ ပျော်ပါ့မလားလို့ လင်း တစ်ခါတစ်ရံ တွေဝေမိသည်။

ဒါတွေ ဒီလိုဖြစ်လာရတာ သီပေါကြောင့်ဟု လင်း တွေးမိတိုင်း သူ့ကိုဒေါသဖြစ်မဆုံးတော့။ သီပေါ ဝင်မနှောင့်ယှက်ခင်တုန်းက လင်းနဲ့ဒေါက်တာထိပ်ခေါင်တို့ တော်တော့်ကိုအဆင်ပြေ ချောမွေ့နေခဲ့တာ။ သူ ဝင်နှောင့်ယှက်လိုက်မှ လင်းတို့ကြားမှာ မပြေလည်မှု စတင်လာသလို ဖြစ်လာခဲ့သည်။ အချင်းချင်း အပြင်ပန်းမှာ ပြေလည်နေပေမယ့် ဒေါက်တာထိပ်ခေါင် စိတ်ထဲမှာလည်း သီပေါနဲ့ လင်းကိစ္စကို ပြေလည်လို့မရနိုင်သလို လင်းရင်ထဲမှာလည်း ဒေါက်တာထိပ်ခေါင်၏သံသယကို သိပြီး ဘယ်လိုမှ ပြေလည်လို့ကိုမရ။





တစ်ရက်မှာတော့ လင်းညီမ သဲသဲကို ကျူရှင်ပို့ပြီးအပြန် သီပေါရဲ့ကား နောက်ကပါလာတာကို လင်းတွေ့ပါသည်။ လင်း တမင်ပဲ ကားကို ကန်တော်ကြီးထဲ ချိုးကွေ့ဝင်လိုက်ပါသည်။ အဲဒီတော့ သီပေါရဲ့ကားက ပါလာသည်။ လင်း ကားရပ်ပြီး ကားပေါ်က ဆင်းလိုက်လျှင် သီပေါကပါ ကားပေါ်က ဆင်းလာပြီး ဖြစ်နေသည်။

“သီပေါ”

လင်းအနားကို သီပေါ ရောက်လာမှန်းသိပေမယ့် လင်း တမင်ပဲ ခပ်မာမာအသံဖြင့် ခေါ်လိုက်ပါသည်။ သီပေါက ခပ်ပြုံးပြုံး မျက်နှာဖြင့် ...

“လင်း ဘာပြောစရာရှိလို့လဲ”

“ဟုတ်တယ် ... ပြောစရာရှိတယ်၊ ပြောစရာရှိလို့ကို တမင်နင့်ကိုစောင့်နေတာ”

“ပြော ... ပြော”

“နင် ... ဘာရည်ရွယ်ချက်နဲ့ ငါ့ကို နှောင့်ယှက်နေတာလဲ”

“ဘယ်မှာနှောင့်ယှက်လို့လဲ”

“နှောင့်ယှက်တယ်လေ၊ ဒါ နှောင့်ယှက်နေတာလေ။ ငါ ဘာသာငါ ရွေးချယ်ချင်တဲ့လူကို ရွေးချယ်ပြီး စေ့စပ်ခါနီး



www.burmeseclassic.com

www.burmeseclassic.com



မှာမှ နင်ဝင်နှောင့်ယှက်လို့ ငါ ဘယ်လောက်စိတ်ဆင်းရဲရတယ်ထင်လဲ"

"လင်းကို ငါ ချစ်လို့ ချစ်တယ်ပြောတာ၊ ပြောခွင့်မရှိဘူးလား"

"နင် ဘာလို့ ကိုခေါင့်ရှေ့မှာ လာပြောလဲ"

"တမင် သူသိစေချင်လို့"

"နင်ဟာ သိပ်ကို အတ္တကြီးလွန်းတယ်၊ ကိုယ်လုပ်ချင်တာကိုပဲ ဦးစားပေးတယ်"

"ဘာဖြစ်လဲ၊ သူသိတော့ ဘာဖြစ်သေးလဲ၊ အဲဒီအတွက်ကြောင့် သူက နင့်ကို ပြဿနာရှာနေတာလား။ သံသယဖြစ်နေတာလား၊ အိုကေ ... ဒါဆို နင် သူနဲ့လက်မတွဲနဲ့ပေါ့၊ ဘာဖြစ်သေးလဲ"

"နင် အဲဒီရည်ရွယ်ချက် ရှိကိုရှိလို့ ကိုခေါင့်ကို တမင်လာပြောတာ"

"သူ သံသယဖြစ်ရင်လည်း ဘာလွှမ်းနေစရာလိုလဲ လင်းရာ။ ငါ့ဆီ ပြန်လာခဲ့ပါ။ ငါက နင့်ကို အချိန်ပြည့်လက်ကမ်းကြိုနေတဲ့သူပါ"

"ဘာ ... ဘာ နင့်ဆီ ပြန်လာခဲ့ပါလဲ။ နင်နဲ့ငါ အရင်က ဘာဆိုင်လို့လဲ"





"လင်း ... နင်နဲ့ ငါ အရင်က ခင်မင်ကြတယ်ဆိုပေမယ့် ငါတို့ကြားမှာ တစ်ခုခု မရှိခဲ့ဘူးလို့ နင် အာမခံရဲလား"

"တော်စမ်း ... တော်စမ်း။ နင့်စကားတွေ တစ်ခုမှ ငါမယုံဘူး။ နင် ငါပျော်နေတာ မနာလိုလို့ တမင် လိုက်နှောင့်ယှက်နေတာ"

"နင် မပျော်ပါဘူး လင်းရယ်။ နင် မပျော်ပါဘူး၊ အဲဒါ ငါ သိပါတယ်။ နင် ငါ့ကို ဘယ်လိုမှ လိမ်လို့မရဘူး"

"သီပေါ"

လင်း အသံပြတ်ဖြင့် အော်ချလိုက်ပါသည်။ ဖြတ်သွားဖြတ်လာတွေကတော့ လင်းတို့ကို ကွက်ကြည့် ကွက်ကြည့် လုပ်သွားကြပါသည်။ လင်းမှာ သီပေါကို နိုင်အောင်မပြောနိုင်တာရော ဒေါသဖြစ်တာရော ပေါင်းပြီး မျက်ရည်ဝဲလာသည်။ လင်း သူ့ကို စိတ်ရှိလက်ရှိ ရိုက်ပစ်လိုက်ချင်သည်။

"ငါ နင့်ကို မုန်းတယ်"

သီပေါက ထီမထင်သလို မျက်နှာဖြင့် ကြည့်ရင်း ခဲ့းတွန့်ပါသည်။

"နင် ငါ့ကို မနှောင့်ယှက်ပါနဲ့။ ဒီလောက် နှောင့်ယှက်ရင် ကျေးဇူးပါ။ နင် ဒီလိုနှောင့်ယှက်လို့လည်း ငါနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကိုခေါင်က လမ်းခွဲသွားမှာတော့ မဟုတ်ဘူး။ ငါတို့ချင်းနားလည်မှုရှိပြီးသား။ ဒီတော့ နင် မျှော်လင့်တာမျိုးဘာမှ ဖြစ်လာတော့မှာ မဟုတ်ဘူး”

“ငါက မျှော်လင့်နေတာ မဟုတ်ဘူး။ မဖြစ်,ဖြစ်အောင် လုပ်မှာ”

သီပေါက ဘာကို ဆုံးဖြတ်လိုက်သည်မသိ ထိုစကားကိုပြောပြီးပြီးချင်းပဲ ချာခနဲလှည့်ထွက်သွားကာ ကားတံခါးကို အဝေးမှ ရီမုဒ်ဖြင့် ကြိုဖွင့်ထားလိုက်သည်။ ရီမုဒ်ဖြင့်ဖွင့်လိုက်သံ “တွီ ... တွီ”ဟု နှစ်ချက်မြည်သလို ကားမီးလုံးတွေလည်း ဖျတ်ခနဲ နှစ်ချက်ပွင့်ပါသည်။

လင်းကတော့ သီပေါနောက် ပြေးလိုက်သွားမိ၏။ ပြီးတော့ သီပေါရှေ့ ပိတ်ရပ်ပစ်လိုက်ပါသည်။

“သီပေါ ... နင် ဘာလုပ်မှာလဲ။ ဘာလုပ်ဖို့ စဉ်းစားထားတာလဲ၊ ငါ့ကို ပြောစမ်း”

“အချိန်ကျရင် နင်သိမှာပေါ့”

“အေးနော် ... နင် ငါတို့ကို တစ်ခုခုမကောင်းတာလုပ်ကြည့်။ နင့်ကို ငါ တစ်သက်မကျေဘူးမှတ်။ ဘယ်တော့မှ နင့်ကို အမုန်းမပြေဘူးမှတ်”





“လင်း ... နင့်ကိုယ်နင် သိပ်အထင်မကြီးပါနဲ့။ နင် ငါ့ကို ဘယ်တော့မှ မုန်းလို့မရပါဘူး။ ပါးစပ်ကသာ မုန်းတယ်လို့ဟန်ဆောင်ရေရွတ်နေပေမယ့် နင့်ရင်ထဲမှာ တကယ်တော့”

သီပေါ တမင် ဘာမှဆက်မပြောတော့ဘဲ လင်းကို တမင်ဝင်တိုက်ပစ်ကာ သူ့ကားဆီကိုသာ ခြေလှမ်းကျဲတွေဖြင့် လျှောက်သွားပါသည်။ လင်းသည် လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လျက် ကျန်ရစ်ခဲ့သည်။ လင်း သူ့ကိုနိုင်အောင် ပြောချင်ပေမယ့် လင်းမှာပြောစရာစကား မရှိတော့သလို ဖြစ်နေသည်။ သူ အဲဒီလောက်ထိ ခေါင်းမာပြီး ကောက်ကျစ်တတ်မယ်လို့ လင်း ထင်မထားခဲ့ပါ။ သူ့မှာ ဘာကောက်ကျစ်သောအကြံများရှိမလဲ လို့တွေးကာ လင်းမပျော်တော့ပါ။ လင်းတို့ကို သူ ဘာဒုက္ခပေးဖို့ ကြံစည်ထားသလဲလို့ တွေးမိတိုင်း လင်း အလန့်တကြား ချွေးပြန်ရစမြဲဖြစ်သည်။

လင်းတို့ရဲ့ စေ့စပ်ပွဲထဲ ဝင်လာပြီး လင်းကို သူချစ်နေကြောင်း အော်ပြောခြင်းနဲ့ အများအမြင်မှာ အထင်မှားစေမှာလား။ ဒါမှမဟုတ် ကိုခေါင့်ကို လင်း ကွယ်ရာမှာ သွားတွေ့ပြီး လင်းနဲ့သူ ချစ်သူဖြစ်ခဲ့ကြပါသည်လို့ပဲ လီဆယ်ပြီး အထင်လွဲအောင် ပြောမလား။ သူ အဲဒီလိုတွေ လုပ်ချင်ရင် လုပ်နိုင်တာမို့ လင်း အဲဒါကို လန့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

လင်းတို့ ဘာမှမသက်ဆိုင်ခဲ့ကြပေမယ့် အဲဒီလို နှောင့်ယှက်လိုက်ခြင်းဟာ မရှိခဲ့သော သံသယတွေကို မွေးယူလိုက်စေတာမျိုးပဲမို့ ကိုခေါင်တို့ အသိုင်းအဝိုင်းမှာ သံသယရှိလာမှာကိုလင်း ကြောက်ပါသည်။ လင်းကို ကိုခေါင် ကိုယ်တိုင်က မယုံတော့မှာ လင်း ကြောက်မိလေသည်။

"လင်း ဒီရက်ပိုင်း မျက်နှာလေးချောင်ပြီး ရွှင်လည်းမရွှင်ဘူး။ နေမကောင်းဘူးလား"

ကိုခေါင်က လင်းကို သတိပြုမိကာ မေးလာပါသည်။ လင်း အမြန်ပင် ဟန်ဆောင်လိုက်ရ၏။

"လင်း ဘာမှမဖြစ်ပါဘူး"

"စေ့စပ်ခါနီးမှ သတို့သမီးလောင်း နေမကောင်းဖြစ်နေရင် မကောင်းဘူးနော်"

"လင်း နေကောင်းပါတယ်။ လင်း ဝေခွဲရခက်နေလို့ပါ"

"ဟင် ... ဘာကိုလဲ"

လင်း တမင်ပဲ တခြားအကြောင်းအရာကို ဆွဲယူချင်တာမို့ ဒီစကားကို စလိုက်တာဖြစ်ပါသည်။

"လင်း ဟောက်(စ်)ဆင်းတာ ပြီးခါနီးပြီ။ အဲဒါ ဆေးရုံမှာပဲ အလုပ်ဝင်ရင် ကောင်းမလား။ Teaching (တီးချင်း) ပိုင်းကိုယူရင် ကောင်းမလားလို့"





"ဆေးရုံမှာ လုပ်ရင်တော့ တက်လမ်းပိုများတာပေါ့။ ကျောင်းမှာစာပြန်သင်ရင်လည်း ကောင်းတာပါပဲ။ စာနဲ့အဆက်အသွယ် မပြတ်တော့ M.Sc ဖြေဖို့ လျှောက်တာပေါ့"

"ကိုခေါင်က လင်းကို ဘာဖြစ်စေချင်လဲ"

"လင်းကိုလည်း ကိုယ့်လို ပညာတော်သင်သွားရတဲ့ဆရာဝန်တစ်ယောက် ဆေးကုတဲ့ ဆရာဝန်တစ်ယောက်ပဲ ဖြစ်စေချင်တယ်၊ လင်း ဘာကိုမှတွေဝေစရာမလိုဘူးလေ၊ ကိုယ်ထင်တာတော့ လင်းဟာ ဒီတစ်ခုတည်းကို တွေဝေတာမဟုတ်ပါဘူး။ လင်းမှာ စိတ်အနှောင့်အယှက်ဖြစ်စရာရှိကို ရှိနေလို့ပါ"

လင်း အသံတိတ်ကာ ငြိမ်နေလိုက်ပါသည်။ လင်း အမူအရာကိုပြင်မှဟုလည်း ကိုယ့်ကိုယ်ကိုယ် သတိပေးနေရလေသည်။ ကိုခေါင် သတိထားမိလွန်းရင် မကောင်းတော့ဘူး။

သီပေါတစ်ယောက်လည်း အခုရက်ပိုင်းမှာ လင်းကို မက်ဆေ့(ချ်)လည်းမပို့။ ဖုန်းလည်းမဆက်။ လင်းတို့သွားလေရာ ကြောင်ခိုးဝှက် လိုက်ကြည့်တာမျိုးလည်း မလုပ်သဖြင့် လင်း ပြီး သတိနဲ့နေနေမိသည်။ မုန်တိုင်းထန်ခါနီး ငြိမ်သက်နေသလို မျိုးနဲ့ တူနေသည်ဟု လင်း ထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



သီပေါက လူကြည့်တော့သာ ရွှတ်နောက်နောက်ပုံစံမျိုးနေပြခဲ့ပေမယ့် သူ လုပ်ချင်တာရှိရင် ဘာကိုမှ ဂရုမစိုက်တတ်ဘဲ တစ်ဇွတ်ထိုးလုပ်တတ်သောစိတ်ဓာတ်မျိုးရှိကြောင်း လင်း သိထားပါသည်။

ဒါကြောင့် သီပေါ ဘယ်နေ့ပေါ်လာမလဲ။ ဘာလုပ်ဦးမလဲဆိုတာကိုသာ စိတ်တထင့်ထင့်နှင့် စောင့်ကြည့်နေမိရသည်။

❄ ❤ ❄





## ၁၀

"ဟယ် ... သီပေါ ... နင် ဘာဖြစ်လာတာလဲ"

ငုဝါက ဆေးရုံလူနာခုတင်ပေါ်တွင် ပွန်းရာပဲ့ရာတွေနဲ့ လဲနေသော သီပေါကိုမြင်တော့ အံ့သြတကြီးမေးလိုက်သည်။

"ရန်ဖြစ်လာတာ"

"ဟဲ့ ... နင်ကလည်း မကြီးမငယ်နဲ့"

"ရန်ဖြစ်တာပဲ ကြီးမှငယ်မှ သတ်မှတ်ချက်ရှိသေးလားဟာ"

"ဘယ်လိုဖြစ်တာလဲ ပြောပါဦး"

"ငါ ကားမောင်းလာတုန်း ငါ့ရှေ့ကတက္ကစီ တုံ့ခနဲထိုးရပ်သွားပြီး ကားနောက်ခန်းမှာစီးလာတဲ့ လူနှစ်ယောက်က ကားတံခါးဖွင့်ဆင်းတယ်၊ ဆင်းပြီးပြီးချင်း ကားရှေ့ခန်းမှာ



www.burmeseclassic.com

www.burmeseclassic.com



မောင်းလာတဲ့ ဒရိုင်ဘာကို တံခါးဖွင့်ဆွဲထုတ်ပြီး ဝိုင်းထိုးတော့တာပဲ။ အဲဒါနဲ့ ငါလည်း ဒီတိုင်းပစ်မထားခဲ့နိုင်တာနဲ့ ဝင်ဖျန်ဖြေတော့ ငါပါ ထိုးတဲ့ကြိတ်တဲ့အဖြစ်ရောက်သွားတာပေါ့"

"ဘယ်ထိသွားသေးလဲ"

"ပွန်းရာပဲ့ရာလောက်ပါပဲ၊ ကျောရိုးနည်းနည်းနာသွားတယ် ခေါင်းကိုထိပေမယ့် သွေးမထွက်ဘဲ ဘုထွက်သွားတယ် ခေါင်းမူးတယ်ပြောလို့ သူတို့ ခေါင်းကို ဓာတ်မှန်ရိုက်မှာမို့ စောင့်နေရတယ်"

"အေး ... ဟုတ်တယ်ဟဲ့၊ ခေါင်းထိပြီး ခေါင်းထဲမူးနေရင်တော့ ဓာတ်မှန်ရိုက်ကြည့်တာ အကောင်းဆုံးပဲ"

"ခေါင်းထဲသွေးယိုပြီး သေတတ်တာ ငါသိပါတယ်၊ ငါက သေရမှာလည်းမကြောက်ပါဘူး၊ သေရင်လည်း ပြီးသွားတာပဲ"

"The other side(သည်အားသားဆိုက်ဒ်)ကိုရောက်ဖူးသွားတာပေါ့၊ ဟဲ ဟဲ ... နင့်အကြောင်း ငါ လင်းကို သတင်းပို့လိုက်ပါ့မယ်၊ လင်းက ဒီမှာမဟုတ်ဘူးလေ၊ အလုပ်သမားဆေးရုံမှာ"





"ငါသိပါတယ်"

သီပေါ ထိုမျှသာပြောပြီး စိတ်ထဲမှာ လင်း လာတွေ့တာလည်းမဟုတ်ပါဘူးဟု သူ့ဘာသာ ဆက်ပြောနေမိသည်။ ဆေးရုံက ဆရာဝန်တွေ သူ့ကို ဓာတ်မှန်ရိုက်စရာရှိတာတွေရိုက်ပေး၊ အဖြေပြန်စောင့်၊ ပွန်းရာပဲ့ရာတွေ ဆေးထည့်၊ လက်ဖျံမှာ သုံးလက်မလောက် ကွဲထွက်သွားပြီး အသားပေါ[illegible]အရေပြားလန်ထွက်သွားတာမို့ ပြန်ချုပ် စသဖြင့် ကုသပေးသမျှခံယူနေရတာနဲ့ ဆေးရုံက တော်တော်နှင့် ပြန်ခွင့်မရသေး။

သီပေါမှာ ဘယ်သူ့ကိုမှလဲ အရေးလုပ်ပြီး အကြောင်းကြားစရာ မရှိတာမို့ ဘယ်သူ့မှလဲ အကြောင်းမကြားပါ။ အလုပ်အတူတွဲလုပ်သော သူငယ်ချင်း မိုးဦးကိုပင် အကြောင်းကြားမနေတော့ပါ။ ဘာမဟုတ်တာလေးနဲ့ ဆေးရုံပြေးလာရ၊ စိတ်ပူပန်ရဖြစ်နေမှာစိုး၍ အကြောင်းမကြားတာဖြစ်သည်။

ဆေးရုံကတိုက်သော အကိုက်အခဲပျောက်ဆေး ဘာညာသောက်ပြီး လူက အိပ်ချင်သလိုလိုဖြစ်လာ၍ ဆေးရုံခုတင်ပေါ် ခဏလှဲအိပ်နေစဉ် အနားကို တစ်စုံတစ်ယောက်လာရပ်လိုက်ကြောင်း ခံစားရသဖြင့် မှိတ်ထားသောမျက်[illegible]တွေ ဖွင့်ကြည့်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... လင်း"

"နင် အိပ်နေတယ်ထင်လို့ အသံမပေးတာ"

"မအိပ်ပါဘူး၊ ဆေးအရှိန်နဲ့ဆိုတော့ အိပ်ချင်သလိုလိုဖြစ်လာလို့"

"ဒါဆို အိပ်လိုက်လေ"

"မအိပ်တော့ပါဘူး၊ ငါ အိမ်ပြန်ချင်နေပြီ၊ ပေးမပြန်သေးလို့"

"နင့် Result(ရီဇော့ထ်)တွေ ငါဖတ်ကြည့်ပြီးပါပြီ၊ ဘာမှမဖြစ်ဘူး၊ တော်ကြာ ပေးပြန်တော့မှာပါ"

"ငဝါ သတင်းပို့လိုက်လို့ ရောက်လာတာလား"

လင်း ခေါင်းအသာညိတ်ပါသည်။

"နင် လာကြည့်မယ်တောင် မထင်ဘူး"

"လာကြည့်ပါတယ်၊ ဘာလို့ မကြည့်ရမှာလဲ၊ နင်နဲ့ငါ ရန်သူတွေမှ မဟုတ်တာ"

"နင်ပဲ ငါ့ကို မုန်းတယ်ဆို"

"သီပေါနော် ... ငါ နင့်ကို စိတ်ပူလို့လာကြည့်တာကို ခနဲ့မနေပါနဲ့၊ နင်နဲ့ငါ ရန်သူတွေမဟုတ်ဘူး၊ သူငယ်ချင်းပါ၊ သူငယ်ချင်းဟောင်းသံယောဇဉ်နဲ့ လာကြည့်တာပါ"





သီပေါ အဓိပ္ပါယ်မဲ့ရယ်သည်။ ဘာပဲဖြစ်ဖြစ် လင်းသူ့ကို ပစ်ပစ်ခါခါမုန်းလို့မရတာ သူသိရသဖြင့် ဒီဒဏ်ရာတွေရတာတောင် ဝမ်းသာမိတော့သည်။ ရင်ထဲမှာ အောင့်မနေနိုင်တော့သဖြင့် ဖွင့်ပြောမိ၏။

"ဒါဆို ဒီလိုဒဏ်ရာတွေရတာပဲ ကျေးဇူးတင်ရမလို ဖြစ်နေပြီ"

"ပေါက်ကရတွေ၊ ဒဏ်ရာရတာပဲ ကျေးဇူးတင်ရသေးသတဲ့"

"နောက်မို့ နင် ငါ့ကို လာတွေ့မှာမဟုတ်ဘူးလေ"

"ဘယ်လိုဖြစ်တာလဲ ပြောပါဦး"

"ငဝါ ပြောပြီးပြီမဟုတ်လား"

"သေချာအောင် ထပ်မေးတာလေ"

"ငါ သူများကိုကူညီလို့ ဒီလိုဖြစ်တာကို နင် မယုံဘူးလား"

"ယုံပါတယ်၊ ဒါပေမဲ့ နင်နဲ့ ရန်ငြိုးရန်စရှိလို့ နင့်ကိုပါ ရိုက်သွားလားသိချင်လို့"

"ဘယ်သူက ရန်ငြိုးရန်စက ရှိရမှာမို့လဲ"

"မသိဘူးလေ၊ နင်က ရည်းစားများတော့ ရည်းစားဟောင်းတွေရဲ့အစ်ကိုတွေ မောင်တွေက မကျေနပ်ရင်လည်း ဝိုင်းရိုက်လို့ရတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"နင်ပဲ ကြဲကြဲဖန်ဖန်တွေးတတ်တယ်၊ လာစစ်တဲ့ ရဲအရာရှိ တောင် အဲဒီလိုမတွေးဘူး၊ ငါ ပြောတဲ့အတိုင်း လက်ခံတာ ပဲ"

"သူတို့က နင့်အကြောင်းမှ ငါ့လောက်မသိတာ"

သီပေါသည် ကြည်လင်လန်းဆန်းပြီး ရှင်းနေသည့် လင်းမျက်နှာလေးကိုသာ မလွှတ်တမ်းစိုက်ကြည့်နေမိသည်။ လင်းဟာ ငေးကြည့်နေရလောက်အောင် မလှပါ။ ဒါပေမဲ့ လင်း ဆီမှာ ဘာမှန်းမသိတဲ့ ဆွဲဆောင်မှုလေးကတော့ရှိနေသည်။ ကြာကြာ ကြည့်လေ ရင်ထဲမှာ ငြိလာလေလေဆိုသော ဆွဲဆောင်မှုမျိုးလေး နှင့် လင်းကို စွဲလမ်းလာတတ်တာမျိုး ဘယ်ယောကျ်ားလေးမဆို ခံစားရမှာသေချာသည်။ ကြည်လင်လင်းဆိုသော အမည်လေးနှင့် လိုက်အောင် ကြည်လင်ဝင်းပနေသည့် မျက်နှာလေးကိုက ဘယ် မိန်းကလေးမှ မယှဉ်နိုင်သော အလှအပမျိုးဖြစ်နေသည်။

"လင်း ... နင် အရမ်းလှလာတယ်"

"ဟယ် ... တော်စမ်း ... ငါ နင့်ကို ခင်လို့လာကြည့်တာ၊ ဖောက်မလာနဲ့"

"ငါ နင့်ကို တကယ် ..."

သီပေါ စကားမဆက်ဖြစ်တော့။ သူတို့အနားသို့ ဝဒ်တာဝန်ကျဆရာဝန် ရောက်လာ၍ပင်။





"ဩော် ... ကြည်လင်လင်းပါလား"

"ဟုတ်ကဲ့ ဆရာ၊ ကျွန်မသူငယ်ချင်း ဒီရောက်နေတယ်ဆို လို့ လာကြည့်တာပါ"

"ဘာမှ စိုးရိမ်စရာအခြေအနေမရှိပါဘူး၊ အားလုံးကောင်း ပါတယ်၊ အခု ဆေးရုံက ဆင်းချင်ရင် ဆင်းလို့ရပြီ"

"ဝမ်းသာလိုက်တာ ဒေါက်တာ၊ ကျွန်တော်လည်း မြန်မြန် အိမ်ပြန်ချင်နေတာ"

"အိမ်က ဘယ်သူမှလာမခေါ်ကြဘူးလား"

"ကျွန်တော့်ဘာသာပြန်မှာပါ၊ ဒီလာတုန်းကလည်း ကျွန် တော် ကိုယ်တိုင် ဒဏ်ရာတွေနဲ့ပေမယ့် ကျွန်တော့်ထက် အခြေအနေဆိုးတဲ့ တက္ကစီမောင်းတဲ့သူကို ကျွန်တော့်ကား ပေါ်တင်မောင်းပြီး ရောက်လာတာပဲလေ"

တက္ကစီဒရိုင်ဘာကတော့ ခေါင်းကွဲသဖြင့် လေးချက် ချုပ်ရပြီး လက်အဆစ်လွဲသောကြောင့် ကျောက်ပတ်တီးစည်းထား ရကြောင်း သီပေါ သတင်းပြန်ရထားပါသည်။

"အခုအပြန်မှာတော့ ဒီကထိုးပေးထားတဲ့ အကိုက်အခဲ ပျောက်ဆေးအရှိန်နဲ့ဆိုတော့ ကားမောင်းဖို့မသင့်ဘူး၊ တစ် ယောက်ယောက် မောင်းပေးမယ့်သူ ခေါ်လိုက်ပါလား"



www.burmeseclassic.com

www.burmeseclassic.com



လင်း ဒီအတိုင်း ငြိမ်နားထောင်မနေနိုင်တော့ဘဲ ဝင်ပြောလိုက်ပါသည်။

"ဒီလိုလုပ်ပါလား သီပေါ၊ နင့်ကားကို ငါ မောင်းပြီး လိုက်ပို့ပေးမယ်လေ၊ ငါ့ကားကို ဆေးရုံထဲမှာရပ်ထားခဲ့ရင် ရတယ်၊ ငါ့မှာက ဝင်ခွင့်လက်မှတ်ရှိတယ်၊ အကြာကြီး ရပ်ထားလို့လည်းရတယ်"

"ငါ့ဆီလိုက်မောင်းပို့ပြီး နင်က ကားကို တစ်ခေါက်ပြန် လာယူရဦးမှာပေါ့၊ အလုပ်ရှုပ်တာပေါ့"

"ဘာဖြစ်လဲ နင် အခက်အခဲဖြစ်နေလို့ ကူညီတာပဲ"

တာဝန်ကျဆရာဝန်ကတော့ သီပေါတို့ တိုင်ပင်နေတာကို နားထောင်ရင်း လက်မှတ်ထိုးစရာရှိသည်များကို လက်မှတ်ထိုးနေသည်။

"မောင်ရင် ... ဒီမှာလက်မှတ်ထိုးပြီးရင် ဆင်းလို့ရပြီနော်၊ ကိုယ်တိုင်ကားမောင်းမပြန်ပါဘူးဆိုတဲ့ လက်မှတ်တော့ထိုး စရာမရှိပါဘူးဟုတ်တယ် မဟုတ်လား ... ဟား ဟား"

ဆရာဝန်က နောက်နောက်ပြောင်ပြောင်ပြောရင်း ကားမောင်းမပြန်စေချင်ကြောင်း သတိပေးလေသည်။

သီပေါလည်း လင့်းနဲ့အတူတူ ဆေးရုံထဲကထွက် လာပြီးသည်အထိ စဉ်းစားရခက်နေသည်။ လင်း သူ့အတွက်နဲ့





ဟိုသွားလိုက် ဒီသွားလိုက်ဖြစ်ပြီး အလုပ်ရှုပ်မှာကို အားနာသည်။ သူ့အနေနဲ့ကတော့ ဒီလောက်ဒဏ်ရာလေးနဲ့ ကားမောင်းပြန်ရင် လည်း ရပါသည်။ သို့သော် တာဝန်ကျဆရာဝန်၏ သတိပေးစကား ကို လင်းလည်းကြားသည်ဖြစ်ရာ ခုဆို လင်းက ခွင့်ပြုမည်မထင် ပေ။

"ကဲ ... ကားသော့ပေးပါ မောင်သီပေါ"

လင်းက ပြောင်စပ်စပ်မျက်နှာလေးဖြင့် ကားသော့ ကို လက်ဖြန့်တောင်းလေသည်။ သီပေါ နောက်ဆုံးတော့ လင်း လက်ထဲ ကားသော့အပ်လိုက်ရလေသည်။

"နင့်ကားကို ငါ တစ်ခါမှ မမောင်းဖူးဘူး"

"ဖြည်းဖြည်းစမောင်းပေါ့"

"ကားကလည်းဟယ် ရှုပ်ပွနေတာပဲ၊ ငါလိုက်စီးတိုင်း ရှင်းပေးရပေါင်း မနည်းတော့ဘူး"

လင်းက မြည်တွန်တောက်တီးလျက် ပွစနေသော ဒီဒီအချပ်များ၊ တစ်ရှူးစများ၊ ပီကေဘူးခွံများ ခြေနင်းမှာ ဖြစ် သလိုပစ်ချထားသော Air Freshner(အဲဖရက်ရှ်နာ)ဘူး စသဖြင့် တွေကို ခပ်မြန်မြန်ပဲ ကောက်သိမ်းဖယ်ရှားနေပါသည်။ သီပေါ က လင်းလက်ကိုဆွဲထားရင်း ...

"ရှင်းမနေပါနဲ့ လင်းရာ၊ နောက်လည်းပြန်ပွမှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဟုပြောပြီး တားလိုက်သည်။

လင်း ကားစမောင်းတော့ သီပေါက ဆားခုံမှာ ခုံနောက်မှီကို လျှောချထိုင်ရင်း လင်းကို ငေးမောကြည့်ကာ ငြိမ်သက်တွေးတောလျက်ပါလာခဲ့သည်။

"လင်း ..."

"ဘာလဲ"

လင်းသည် သီပေါ ကိုယ့်ကို တစ်ချိန်လုံးစိုက်ကြည့်ပြီး ပါလာမှန်းသိသည့်အတွက် စိတ်လှုပ်ရှားနေမိတာတော့အမှန်ပင်။ သီပေါကိုလာတွေ့ပြီးမှ ငါမှားပြီလားလို့ ခဏခဏနောင်တရပြီး စိတ်မကောင်းဖြစ်နေပေမယ့် သီပေါကို ဒီတိုင်းကြီး ဥပေက္ခာပြုပြီးတော့လည်း မထားခဲ့နိုင်ပြန်။

သူ့မှာ ဘယ်သူ့သံယောဇဉ်မှလဲ ရှိတာမဟုတ်တာမို့ လေပေတေတေနဲ့ ကားကိုယ်တိုင်မောင်းပြီး ပြန့်မယ့်ပုံစံကို မြင်ယောင်တာမို့ ခုတော့ သူ့ကို အိမ်တိုင်ရာရောက် ကားမောင်းပို့မိသည်အထိ ဖြစ်လာပါသည်။

ငုဝါဆီက ...

"လင်း _ သီပေါဟယ် လမ်းမှာ ရန်ဖြစ်လို့တဲ့၊ ဒဏ်ရာတွေနဲ့ OPD အိုပီဒီမှာရောက်နေတယ်၊ နင် လာကြည့်ချင်မလား မသိဘူးဆိုပြီး ဖုန်းဆက်ပြောတာ"





ဟု သိရရချင်း လင်း ချက်ချင်း ထရပ်လိုက်ပြီးသား ဖြစ်သွားခဲ့သည်။

"သူ ဘာမှတော့ စိုးရိမ်စရာ မရှိပါဘူးနော်"

"ဘာမှတော့ ကြီးကြီးမားမားမဖြစ်ပါဘူး၊ နင့်ကိုပြောလိုက်မယ်လို့ သူ့ကိုတော့ အသိပေးလိုက်မိတယ်လေ"

"ရပါတယ် ငါ သူ့ကိုလာကြည့်ချင်ပါတယ်"

ငုဝါက လင်းတို့အကြောင်း သိပ်တော့မသိလှ။ ဘာက်(စ)ဆင်းကြတဲ့ အချိန်လောက်မှာ ငုဝါနဲ့ လင်းတို့လည်း ဆားရုံမတူတာတွေ၊ ပို့စတင်မတူတာတွေကြောင့် သိပ်ပြီး အဆက်သွယ်မရှိတော့သလိုဖြစ်သွားလေရာ ငုဝါက လင်းတို့ကို ခင်မင်နေဆဲ၊ စိတ်ကောက်ပြီး ရန်ဖြစ်လိုက်၊ ပြန်ပြေလည်လိုက်၊ ရည်းစားသည်းမဟုတ်၊ သူငယ်ချင်းလည်းမဟုတ်ပုံစံနဲ့ တွဲနေဆဲဟု ထင်ပုံသည်။

လင်းသည် ဇဝေဇဝါတွေဖြင့် ကားကို မောင်းထွက်လာကာ သီပေါရှိသောဆေးရုံကိုရောက်၊ သီပေါလဲလျောင်းနေရာဆောင်နားရောက်မှ ကိုယ့်ကိုယ်ကိုယ် နောင်တရခဲ့သူသာဖြစ်လေသည်။ သီပေါနဲ့ပတ်သက်ရင် လင်းဘက်မှာ အားနည်းချက်ကမိုကို ရှိနေလေသည်။ အဲဒီအားနည်းချက်ကသာ ဘာမှန်းမသိအဖြေရှာမရတာမျိုးပင်။



www.burmeseclassic.com

www.burmeseclassic.com



အခုလည်း လင်းကိုယ်တိုင် သီပေါကားကိုယူမောင်းပြီး သီပေါနေထိုင်ရာ ကွန်ဒိုအခန်းကို လိုက်ပို့ပေးမိပြန်သည်။

"လင်း ..."

"ဘာလဲလို့ ဖြေနေတယ်လေ၊ ငါပြန်ဖြေတော့လည်း နင်က ဘာမှ ပြောမှမပြောတာ"

"နင့် ဘာတွေးနေလဲ"

"အမှန်အတိုင်းပြောမယ်"

"ပြော"

"နောင်တရနေတယ်"

"ဘာကိုနောင်တရတာလဲ"

"နင့်ကိုလာကြည့်မိတာရော အခုလို နင်နဲ့အတူတူပြန်လာတာရော"

"ဒေါက်တာထိပ်ခေါင်က သိပ်ကိုသဝန်တိုတတ်တဲ့လူလား၊ နင့်ကို ဟိုလူနဲ့မတွဲရ၊ ဒီလူနဲ့စကားမပြောရတားတဲ့လူလား"

သီပေါက လင်း၏စကားအသွားအလာကို သုံးသပ်ပြီး ဒေါက်တာထိပ်ခေါင် အထင်လွဲမှာစိုး၍ လင်း နောင်တရနေသည်ဟု ယူဆလိုက်ပါသည်။

"မဟုတ်ဘူး ... သူ့ကြောင့် မဟုတ်ဘူး၊ ငါကိုယ်တိုင်က မြင်စေတာ"



"နင်က အိပ်လျှို့ဝှက်တယ် လင်း၊ တစ်ခါတလေကျ နင့်ကို ငါ မခန့်မှန်းတတ်ဘူး"

"တကယ်တော့ နင် ငါ့အပေါ် ကောင်းတဲ့လူမဟုတ်ဘူး၊ ငါ့ကို စိတ်အနှောင့်အယှက်လည်းပေးတယ်၊ ငါ နင့်ကို အပြတ်ဖြတ်လိုက်ဖို့ ကောင်းတယ်"

"နင်က ကိုယ့်ကိုယ်ကိုယ် ညာနေတာပါ လင်းရယ်၊ ငါ့လောက် နင် ဘယ်သူ့အပေါ်မှ သံယောဇဉ်မပိုနိုင်ပါဘူး"

"သီပေါ် တော်တော့၊ ဘာမှ မပြောနဲ့တော့၊ ဒီနေ့ နင်နဲ့ငါ တွေ့တာ နောက်ဆုံးပဲ၊ ငါ နင့်ကို ဘယ်တော့မှ ထပ်မတွေ့တော့ဘူး ငါတကယ်ပြောတာ၊ ငါ တကယ်ဆုံးဖြတ်ပြီးပြီ"

"ဟား ဟား ..."

သီပေါက ခနဲ့သလိုအသံဖြင့် ရယ်သည်။ လင်းအခုမှ တော်တော်ဒေါသထွက်ကာ ကားတောင်ဆက်မမောင်းချင်သလောက်အောင် ဖြစ်သွားပါသည်။ သီပေါကို လင်း နိုင်အောင်ပြောမယ်ဟု ရည်ရွယ်ပေမယ့် ဘယ်တော့မှလဲမနိုင်။ သူ့ပြောနေသာတွေမှန်လျက် လင်း ရင်ထဲကို လာလာထိသလို ခံစားရလေသ လင်း သူ့ကို မဲပြီး ဒေါသဖြစ်လေလေ။

"နင့် ဆေးစပ်ပွဲကို ငါ မလာရဘူးလား၊ ငါ့ကို မဖိတ်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



လင်း အဖြေရခက်သွားပြန်သည်။ သူနဲ့လင်းက ရင်းနှီးတဲ့သူငယ်ချင်းတွေ ဖြစ်ရက်သားနဲ့ မဖိတ်ဘူးဆိုတာတော့ မကောင်းဘူး။

"ဖိတ်မှာပေါ့ ... ဒါပေမဲ့ ... ..."

လင်း ဆက်ပြောရမှာ မရဲသလိုဖြစ်ကာ အကြာကြီး တိတ်နေမိ၏။

"ဘာ ... ဒါပေမဲ့လည်း ..."

"........."

"ပြောလေ လင်း၊ ဘာ ... ဒါပေမဲ့တာလဲ"

"နင် ငါတို့ကို ..."

လင်း မပြောချင်တော့ဘဲ အသံထပ်တိတ်သွားမိ သည်။ လင်း မပြောပေမယ့် သီပေါကတော့ ခပ်ပြုံးပြုံးဖြင့် အစ ထုတ်ရင်း မျက်ခုံးတွေ မြင့်တက်လာပါသည်။

"ဟား ဟား ဟား ဟား"

သီပေါ အသံကျယ်ကြီးဖြင့် အော်ရယ်လိုက်သည်။

"ငါ သိပြီ ... ငါ သိပြီ၊ နင်တို့ကို ငါ နှောင့်ယှက်မယ် ပွဲဖျက်မယ် ထင်နေတယ် မဟုတ်လား"

"........"





"စိတ်ချ လင်း။ ငါ မစားရတဲ့အမဲကို သဲနဲ့ပက်တတ်တဲ့ လူစားမျိုး မဟုတ်ဘူး။ ငါ အဲဒီလောက် မရိုင်းဘူး"

"မဟုတ်ပါဘူးဟယ် ... ငါက အဲဒီသဘောနဲ့တော့ နင့်ကိုမတွေးပါဘူး။ ဆောရီးပါဟယ် ... ငါ နင့်ကိုဖိတ်ချင်ပေမယ့် ကိုခေါင့်စိတ်ထဲမှာ သံသယဝင်မှာ စိုးတာလည်း ပါပါတယ်"

လင်းမှာ သီပေါထံမှ ခံပြင်းသောစကားကြောင့် အလျင်အမြန် ဖြေရှင်းလိုက်ရပါသည်။ သို့သော် သီပေါ လင်းကို ဘာမှမတုံ့ပြန်တော့ဘဲ ငူငူကြီးလုပ်ပြီး ပါလာလေသည်။ လင်းသည်: သီပေါအပေါ် မဟုတ်တာ မမှန်တာတွေ တွေးထားမိသည့် ကိုယ့်ကိုယ်ကိုယ်ပင် ပြန်မုန်းသွားပါသည်။

"ရောက်ပြီ သီပေါ၊ နင့်ကို ငါတွဲရဦးမလား"

သီပေါနေသော ကွန်ဒိုဝင်းထဲရောက်တော့ လင်းမေး မိမေးရာ မေးလိုက်ပါသည်။

"ငါ လူမမာ မဟုတ်ဘူး တွဲမနေနဲ့"

"ငါ နင့်အခန်းထိ လိုက်ခဲ့ပေးရဦးမလား"

"မလိုဘူး ရတယ်"

"ငါ့ကို စိတ်မဆိုးပါနဲ့ သီပေါရယ်။ တကယ်တော့ နင် ကိုခေါင့်ရှေ့မှာသာ ပေါက်ကရတွေ လာမပြောရင် နင့်ကို



www.burmeseclassic.com

www.burmeseclassic.com



ငါ စေ့စပ်ပွဲဖိတ်ရဲပါတယ်၊ အခုတော့ ကိုခေါင်က သံသယ ရှိနေလို့ပါ"

"ဒီမှာ လင်း၊ ငါ နင့်ကိုချစ်တယ်လို့ လာပြောတာဟာ ပေါက်ကရတွေပြောတာ မဟုတ်ဘူး"

"နင် နင့်အဖေကိစ္စကြောင့် စိတ်လေနေတုန်း ..."

"ဘာမှ စိတ်မလေဘူး။ နင့်ကို တကယ်ချစ်လာလို့ပြော တာ။ အဲဒါ ဘယ်တော့မှ မပြောင်းလဲဘူး။ ဒါပေမဲ့ ငါဟာ ငါချစ်ရတဲ့သူ အရှက်ကွဲရလောက်အောင်ဖြစ်မယ့် ကိစ္စမျိုး ဘယ်တော့မှ လုပ်မှာမဟုတ်ဘူး၊ နင့်ကို ဒီလူနဲ့မဆုံစည်း ရအောင် တခြားနည်းနဲ့ လုပ်ရင်လုပ်မယ်။ လူတွေအများ ကြီးရှေ့မှာ အရှက်ခွဲပြီးတော့မှ နင့်ကို ငါ့ဘက်ပြန်ရောက် လာအောင် ဆွဲယူမယ့်လူ မဟုတ်ဘူး"

လင်း ရင်ထဲတုန်ခိုက်လာကာ မျက်ရည်တွေဝဲလာ မိသည်။ လင်း ကားပါကင်မှာ ရပ်ကျန်ခဲ့ပေမယ့် သီပေါက လင်း ကို လုံးဝလှည့်မကြည့်တော့ဘဲ ကွန်ဒိုအခန်းကိုတက်ဖို့ ဓာတ်လှေ ကားဆီသွားနေတော့လေသည်။

❄ ❤ ❄





၁၁

လင်းတစ်ယောက် စိတ်မကောင်းခြင်းများစွာနဲ့ နိုး ဘစ်ဝက် အိပ်တစ်ဝက်ညကို ဖြတ်သန်းနေစဉ် လင်းရဲ့အိပ်ရာဘေး မှာတင်ထားသော မိုဘိုင်းလ်ဖုန်းအသံ မြည်လာပါသည်။ စားပွဲ တင်နာရီကိုကြည့်လိုက်တော့ ညနှစ်နာရီခွဲကို ညွှန်ပြနေသည်။ လင်း အိပ်ချင်မူးတူးဖြင့် ဖုန်းကိုဖွင့်နားထောင်လိုက်ပါသည်။

"ဟဲလို"

"လင်း"

"ဟဲလို ... ဟဲလို ... သီပေါလား၊ သီပေါလား"

လင်းသည် ဖုန်းမှာပေါ်နေသော ဖုန်းနံပါတ်ပိုင်ရှင် ကို မကြည့်မိဘဲ ဖုန်းဖြေပြီးမှ ခပ်တိုးတိုးအသံကြောင့် သီပေါဟု ထင်လိုက်သလို ဖုန်းမှာပေါ်နေသော အမည်ကိုပါ ကြည့်လိုက်ပြီး ငြင်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"သိပေါ ဘာဖြစ်တာလဲ"

"လင်း ... လင်း ... ဆောရီးပါကွာ၊ ငါ ဘာဖြစ်မှန်းမသိဘူး။ နေလို့မကောင်းလို့ နင့်ဆီ ဆက်တာပါ"

"ဟင် ... ဟင် ... ဟုတ်လား။ ဘယ်လိုနေမကောင်းတာလဲ၊ ဘာဖြစ်တာလဲ၊ ခေါင်းမူးလား အန်လား နှလုံးခုန်မြန်နေလား"

လင်းသည် သူ ခေါင်းထဲထားတယ်၊ ခေါင်းမှာသွေးမထွက်ဘူး။ ဓာတ်မှန်တော့ ရိုက်တယ်။ ခေါင်းထဲမှာ သွေးယိုစီးမှုမရှိဘူးဆိုသော အဖြေကို ရထားတယ် ဆိုတာတွေ ဆက်တိုက်တွေးမိသဖြင့် သူ့ ခေါင်းထဲမှာ တစ်ခုခုများ ဖြစ်သလားလို့ တွေးမိကာ ထူပူသွားပါသည်။ ချက်ချင်းလို လူက ထရပ်ပြီးသား ဖြစ်သွားကာ မေးခွန်းတွေ ဆက်တိုက်မေးသလို လိုအပ်ရင် သွားကြည့်ဖို့ အင်္ကျီလည်း အဝတ်ဗီရိုကိုတောင် ဖွင့်ပြီးနေပြီ။

"ငါ့ကို ချုပ်ထားတဲ့ဒဏ်ရာက အရမ်းကိုက်ခဲနေတယ်၊ ပြီးတော့ ငါ ကိုယ်တွေလည်း အရမ်းပူလာတယ်။ ခေါင်းတောင်ထူလို့ မရဘူး၊ အဲဒါ ငါ ဘာဆေးသောက်ရမလဲ ဟင်"

"ကိုယ်ပူတယ် ... ဟုတ်လား၊ တော်သေးတာပေါ့"

"ကိုယ်ပူတာပဲ တော်သေးတယ် ပြောရသေးလားဟာ"





"ငါက ခေါင်းမူးပြီး အန်တယ်ထင်လို့"

"အန်တော့ အန်ချင်နေတယ်၊ ဒါပေမဲ့ ငါ ဘာမှမစားထားလို့ အန်လို့မရဘူး။ လေတွေပဲ ပျို့နေတယ်"

"အဲဒါ အဖျားကြီးလို့ ဖြစ်လိမ့်မယ်၊ နင့်ကို ဆေးရုံက ဘာဆေးတွေ ပေးလိုက်လဲ"

"ဆေးဝယ်ခိုင်းလိုက်တယ်လေ။ ရေးပေးလိုက်တယ်"

"ဟဲ့ ... အဲဒါ ဝယ်ပြီးပြီလား"

"မဝယ်ရသေးဘူး"

"ဟာ ... နင်ကလည်းလေ၊ ပေါ့ပေါ့ဆဆ သိပ်နေတာပဲ။ ကဲ ... ဒါဖြင့် နင့်မှာ ဘာဆေးရှိလဲ"

"ဘာဆေးမှမရှိဘူး ထင်တာပဲ"

"ထင်တာပဲ မလုပ်နဲ့၊ နည်းနည်းပါးပါး ရှာကြည့်ဦး။ ဆေးထည့်တဲ့ ဗီရိုတို့ ဘာတို့"

"ဘာဆေးဗီရိုမှ မရှိဘူး"

"သေချာရဲ့လား"

"သေချာပါတယ်ဟယ်၊ ငါ့အိမ် ငါသိတာပေါ့"

လင်း အကြံအိုက်သွားပါသည်။ သူ့ကိုဆေးညွှန်မလို့ ဟာ သူ့မှာ ဘာဆေးမှ မရှိဘူးဆိုတော့ ခက်သွားပင်။



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီးပါ လင်းရာ။ ငါ အခု ကိုယ်ပူသက်သာအောင် ဘာလုပ်ထားရမလဲပဲ ပြောလိုက်ပါ"

"လက်ကလည်း ကိုက်တယ်ဆို"

"အင်း"

"နင်တော့လေ ဆေးစာရေးပေးလိုက်တာကို ဝယ်ဖို့သင့်တယ်"

"မဆူပါနဲ့ လင်းရာ၊ ငါ နေမကောင်းရတဲ့အထဲ။ ကဲ ... နင် ပြန်အိပ်ရင်လည်း အိပ်တော့"

"ဘယ်လိုလုပ် အိပ်လို့ရတော့မလဲ၊ နင်ပဲ ငါ့ကိုနှိုးပြီးတော့ စိတ်ပူအောင်ပြောထားတာ၊ ငါက အိပ်လို့ရမလား"

"အား ... အီး ... ဟင်း ဟင်း ... ချမ်းလိုက်တာ ချမ်းလိုက်တာဟာ၊ ကိုယ်တွေကျုံ့ပြီး အရိုးထဲမှာကျ စိမ့်ပြီး ချမ်းတယ်၊ ငါ ... ငါ ... စောင်ခြုံပြီး ကွေးတော့မယ် လင်း၊ နင်လည်း ပြန်အိပ်တော့"

"သီပေါ ... သီပေါ ... ဟဲ့ ... နေဦး ... ဟာ ... ဖုန်းချသွားပြီ"

လင်း တစ်ယောက်တည်း ဗျာများကာ ရေရွတ်မိသည်။ နာရီကြည့်လိုက်တော့ သုံးနာရီထိုးခါနီးကို ညွှန်ပြနေသည်။ ဒီလိုအချိန်ကြီး သူ့ဆီသွားရင် ကောင်းပါ့မလား။ ယောကျာ်းလေး





တစ်ယောက်အိမ်ကို ... ဆိုသောအသိနဲ့ ထသွားလိုက်ဖို့ နှောင့်နှေးသလို တစ်ယောက်တည်း ပြုစုမယ့်သူလည်းမရှိ၊ သောက်စရာဆေးလည်းမရှိဘဲ အဖျားကြီးနေမည့် သီပေါကိုလည်း စိတ်မချနိုင်ပြန်။ လင်း တကယ်ပင် ဝေခွဲရခက်နေလေပြီ။

ညီမလေး သဲသဲကို အဖော်ခေါ်ပြီးသွားဖို့လည်း မဖြစ်ချေ။ သဲသဲက နောက်နေ့တွေဆိုရင်ပဲ ဆယ်တန်းစာမေးပွဲစဖြေတော့မှာဖြစ်ရာ ဒီကိစ္စအတွက် အိပ်ရေးပျက် စိတ်ပင်ပန်းရတာမျိုး မဖြစ်စေချင်ပါ။

လင်း ထလိုက်ထိုင်လိုက် ကားသော့နဲ့ ဟန်းဘက်(ခ)အိတ် ကောက်ကိုင်လိုက် ဗျာများနေသည်။ တဖြည်းဖြည်းနဲ့ နာရီလက်တံတွေသာ တရွေ့ရွေ့ ပြောင်းသွားသည်။ လင်းမှာ တိကျသေချာသောအဖြေကို မရနိုင်သေး။ နောက်ဆုံးတော့ သုံးနာရီခွဲ ကျော်ကျော်လောက်မှာ လင်းသည် သီပေါ၏ဖုန်းကို ထပ်ခေါ်မိပါသည်။

"ကျွန်တော် သီပေါပါ၊ ဖုန်းလက်ခံရန် မအားလပ်သေးတာမို့ မိတ်ဆွေပြောလိုသော အကြောင်းအရာတွေကို ဖုန်းထဲမှာ ပြောထားခဲ့နိုင်ပါတယ်။ ဖုန်းနံပါတ်လေးလည်း ပြောခဲ့ဖို့ မမေ့နဲ့နော်။ ကျွန်တော် အဆင်ပြေတဲ့အချိန် ပြန်ဆက်သွယ်ပါမယ်၊ ကျေးဇူးတင်ပါတယ်ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဟူသော သီပေါ အသံထည့်ထားသော ဖြေကြားသံနှင့်အတူ စကားသံတို့အဆုံးမှာ မိမိပြောလိုရာပြောပြီး အသံသွင်းခဲ့နိုင်ကြောင်း အချက်ပြသော "တူ"ဟူသော အသံရှည်လေး ပေါ်လာပါသည်။ ဒီမြန်မာပြည်မှာ သိပ်မသုံးသေးသော အလိုအလျောက်ဖြေကြားသံကို ကိုယ့်ကိုယ်ပိုင်စကားသံဖြင့် ထည့်ထားခြင်းဖြစ်သည်။ များသောအားဖြင့် ဖုန်းပိတ်ထားရင်ဖြစ်ဖြစ်၊ ဆက်သွယ်လို့မရသော တစ်နေရာရောက်နေရင်ဖြစ်ဖြစ် ဖုန်းခေါ်မိရင် "လူကြီးမင်း"နှင့်စသော အလိုအလျောက်ဖြေကြားသံ့တွေသာ မိုဘိုင်းလ်ဖုန်းတွေထဲမှာ သုံးကြပေမယ့် သီပေါကတော့ သူ့ဖုန်းထဲမှာ သူ့အသံဖြင့် ထည့်ထားခြင်းဖြစ်သည်။

ဖုန်းပိတ်ထားပြီး ဖုန်းတောင်ထ,မကိုင်တော့သော သီပေါကြောင့် လင်း ပိုပြီးစိတ်ပူသွားပါသည်။ ဒါနဲ့ပဲ လင်းသည် စာတစ်စောင် ကောက်ရေးပြီး အိမ်ကထွက်လာခဲ့မိသည်။

"ဖေဖေနဲ့ မေမေ ...

လင်း မနက်လေးနာရီထိုးခါနီးမှာ အပြင်ခဏထွက်သွားပါတယ်။ သီပေါ အဖျားကြီးပြီး နေမကောင်းလို့ ဖုန်းဆက်လိုက်တာကြောင့် အကူအညီတစ်ခုခုပေးဖို့သွားတာပါ။ တစ်ခုခု လင်းကိုပြောစရာရှိရင် လင်း ဖုန်းကိုဆက်လိုက်ပါ ...





ဖေဖေနဲ့ မေမေ့ဆီက ခွင့်ပြုချက်မယူဘဲ အခုလို ထွက်သွားမိတဲ့အတွက် ခွင့်လွှတ်ပါ"

လင်းသည် မနက်လေးနာရီ မနက်အစောကြီးမှာ တစ်ယောက်တည်း ကားမောင်းပြီး သီပေါနေထိုင်ရာ ကွန်ဒိုအခန်းကို ထွက်လာခဲ့မိတော့သည်။ လင်း အိတ်ထဲမှာလည်း ပါရာစီတမောလ်လို အဖျားကျဆေး၊ ဖော်တာရင်လို အကိုက်အခဲပျောက်သောက်ဆေးတချို့ ထည့်ယူလာခဲ့ပါသည်။

လင်းသည် ဒီတစ်ကြိမ်သာ သီပေါနေသော ကွန်ဒိုအခန်းထဲကို ဝင်ဖူးမှာဖြစ်သည်။ သီပေါက တစ်ယောက်တည်းနေသဖြင့် လင်း•အဲဒီအခန်းထဲဝင်ရင် မသင့်တော်တာမို့ လင်း ဘယ်တော့မှ မဝင်ဖြစ်ခဲ့ပါ။ သူ့အခန်း ဘယ်အထပ်မှာ နံပါတ်ဘယ်လောက်မှာသာ သိထားပါသည်။ လင်း ထိုအထပ်ကို ဓာတ်လှေကားဖြင့် တက်လာခဲ့သည်။

သီပေါနေသော အခန်းရှေ့ရောက်တော့ ဘဲလ်ခလုတ်ကို နှိပ်လိုက်ပါသည်။ တင်းတောင် ... တင်းတောင် ဟူသော အသံကြားပြီးသည့်တိုင် တံခါးလာမဖွင့်။ လင်း စိတ်ပူသွားပါသည်။ သူ လုံးဝမထ,နိုင်အောင်များ အဖျားကြီးနေပြီလား။

လင်းလက်ထဲမှာ ပါလာသောဖုန်းဖြင့် သီပေါ၏ဖုန်းကို ခေါ်လိုက်ပါသည်။ အကြာကြီး ဖုန်းခေါ်သံကြားနေရလျှင်



www.burmeseclassic.com

www.burmeseclassic.com



လင်း စိတ်မရှည်တော့။ သူ ဖုန်းမကိုင်ပါမလား။ သူ့အသံဖြင့် ပြန်ဖြေကြားနေတာကိုများ ထပ်ကြားရဦးမလား။ လင်း ဖုန်းလည်း ခေါ်၊ လက်ကလည်း ဘဲလ်ကို ထပ်နှိပ်နှင့် လက်နှစ်ဖက်လုံးမနား ရအောင် အလုပ်ရှုပ်နေတော့၏။

အတွင်းမှ တံခါးဖွင့်သံ ကြားလိုက်ရတော့ လင်း ဝမ်းသာသွားသည်။ သစ်သားတံခါးကြီး ပွင့်သွားသောအခါ အပြင်မှာ ခြင်လုံသံဆန်ခါတံခါးတစ်ထပ် ပိတ်ထားသေးပေမယ့် ဘယ်သူ ဘယ်ဝါရပ်နေကြောင်း မြင်နိုင်ပါသည်။

"ဟင် ... လင်း"

"နင့်ကို စိတ်ပူလို့လာတာ"

"လင်းရယ် ... မနက်အစောကြီး"

"တံခါးဖွင့်ဦးလေ"

"အင်းပါ"

သီပေါသည် အင်မတန်မှ ထူထဲသောလည်ပိတ် ခေါင်းစွပ်ဆွယ်တာကြီး ဝတ်ထားပါသည်။ မျက်နှာတစ်ခုလုံး အဖျားသွေးဖြင့် နီရဲနေကာ မျက်လုံးတောင် ကောင်းကောင်းမဖွင့် နိုင်သလို ဒယီးဒယိုင်လည်း ဖြစ်နေသည်။

လင်းကို တံခါးဖွင့်ပေးပြီးသောအခါ သူ ကြမ်းပြင်မှာ ထိုင်ချလိုက်တော့သည်။





"ဟဲ့ ... ဟဲ့ ... ဘယ်လိုဖြစ်တာလဲ"

"ခေါင်းတအားကိုက်တယ်ဟ။ တံခါးဘဲလ်ကို အဆက်မပြတ်နှိပ်နေလို့သာ အားတင်းပြီး ထ,လာရတာ"

"ထ ... ထ ... ငါ ကော်ဖီပူပူလေးဖျော်ပြီး ဆေးတိုက်မယ်"

"ဒီမှာထိုင်နေရင် မရဘူးလား"

"ကြမ်းပြင်က အေးကအေးနဲ့၊ နင့်အိပ်ရာထဲ ပြန်သွားပါဟယ်၊ နင်ကလည်း ယောကျ်ားဖြစ်ပြီး ပျော့လိုက်တာ၊ စစ်မြေပြင်မှာ ဒဏ်ရာရတဲ့ စစ်သားတွေဆို ဒဏ်ရာနာရက်ကြီးနဲ့လည်း ကုန်းရုန်းထပြီး ဆင်းသွားတာပဲ"

"အဲဒါ ရုပ်ရှင်ထဲမှာ ကြည့်ကောင်းအောင်ပြတာ။ အပြင်မှာဆို ဘယ်သူမှ အဲဒီလောက် ခံနိုင်ရည်ရှိမှာ မဟုတ်ဘူး"

"အရေးထဲ ပြန်ငြင်းနေရသေးတယ်၊ ကဲ ... ထ၊ ငါ့တွဲရမလား"

"ငါ အဘိုးကြီးမဖြစ်သေးဘူး၊ မတွဲနဲ့"

သီပေါ သူ့ဘာသာ နေမကောင်းဖြစ်ပြီး လင်းကို ...ကာ ရန်လုပ်နေမှန်း သိသဖြင့် လ ... ...က်အငြင်းမပွားတော့ ...ဘဲ သူ့ကိုထားကာ မီးဖိုချောင်ဘက် ဝင်လာခဲ့ပါသည်။

www.burmeseclassic.com



မီးဖိုချောင်မှာ သိပ်အသုံးပြုပုံမရသလို သစ်လွင်နေသည်။ ကြည့်ရတာ သူ သိပ်ချက်ပြုတ်စားပုံမရ။ ဒါပေမဲ့ ယောက်ျားလေးနေသောအိမ်မို့ အမှိုက်တွေတော့ ပွရှုပ်နေသည်။ အာလူးကြော်အိတ်က စားရက်ကြီး တိုးလိုးတန်းလန်း ဖွင့်လျက်သား စားပွဲပေါ်မှာ၊ သောက်လက်စ ဖန်ခွက်တစ်ခုထဲမှာ ဖျော်ရည်ဖင်ကပ်ဖြင့် ဆေးလည်းမဆေးသလို ဗေစင်မှာလည်းမရှိဘဲ ဖြစ်သလိုတင်ထားပုံရသည်။ ကျန်တာတွေကတော့ တစ်ရှူးအမှိုက်တွေ၊ မြေပဲလှော်ခွံတို့၊ မုန့်အကျိုးအကြေတို့၊ ထမင်းစေ့တချို့တို့ ဟိုတစ်ဝက် ဒီတချို့ ပြန့်ကျဲပွစနေသည်။

လင်း အဲဒါတွေကို ရှင်းမနေအားဘဲ ရေနွေးကျိုသော လျှပ်စစ်ရေနွေးအိုးဖြင့် ခလုတ်နှိပ်ရေနွေးကျို၊ နံရံကပ်ဗီရိုတွေထဲ ဖွင့်ပြီးရှာကြည့်ပြီးလျှင် တွေ့ရသော နက်(စ်)ကော်ဖီပုလင်းကိုယူ ကော်ဖီမှုန့်ထည့်၊ သကြားနည်းနည်းထည့်၊ ရေနွေးဆူတော့ ရေနွေးထည့်ပြီး နို့ဆီရှာပေမယ့်မတွေ့။ ရေခဲသေတ္တာထဲမှာ နိုင်ငံခြားဖြစ် နွားနို့ဘူးတစ်ဘူး တွေ့သဖြင့် ထိုနွားနို့ကိုသာ လောင်းထည့်ဖျော်လိုက်ပါသည်။

အသင့်ပါလာသော ပါရာစီတမောလ်နှစ်ပြားကို သင့်တော်သလို ချိုးလိုက်ပြီး သီပေါဝင်သွားသော အိပ်ခန်းဆီ ကော်ဖီပန်းဖြင့် လျှောက်လာလိုက်သည်။ အခန်းတံခါးကတော့ စေ့ပိတ်မထားဘဲ ဟင်းလင်းဖွင့်ထားပါသည်။





သီပေါကိုတော့ စောင်ပုံကြီးထဲတွင် တဟင်းဟင်း ညည်းညူနေတာ တွေ့ရသည်။

"သီပေါ ... ငါ ဝင်လာပြီနော်"

သီပေါထံမှ တုံ့ပြန်သံ မကြားရပါ။

"သီပေါ ... ဟဲ့ ... သီပေါ၊ ထဦး ... ဆေးသောက်ရအောင်"

"လင်း"

လင်းဟု ခေါ်သံမှာ မေးခိုက်သံ ပါနေသည်။

"ဘာလဲ"

"ငါ မထချင်ဘူးဟာ"

"မထဘဲ ဆေးသောက်လို့ ရမလား"

"ခေါင်းကို မထူချင်တာ"

"ပေကပ်မနေနဲ့ ... ထ"

လင်း စိတ်မရှည်တော့ဘဲ သူ့ကိုယ်ကြီးကို အတင်းဆွဲထူလိုက်သည်။ သူ့ခေါင်းတွေက လင်း၏ပခုံးကို မှီလျက်ပါလာသည်။ လင်း ရင်ထဲ တဒိန်းဒိန်း ဖြစ်သွားပါသည်။ သူနဲ့ လင်း ရင်းနှီးတယ်ဆိုပေမယ့်၊ သူက လင်းလက်ကို ဆွဲခေါ်တတ်တယ်ဆိုပေမယ့် ...။ တစ်ခါတလေ လင်း ငယ်ထိပ်ကိုဖိပြီး လှုပ်ယမ်းတတ်တယ် ဆိုပေမယ့် အနုလောက်ထိ နီးနီးကပ်ကပ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



မနေဖူးတာမို့ လင်း ရင်ထဲရှက်ပြီး ရင်ခုန်သံတွေ ဆူညံသွားရတာဖြစ်သည်။ လင်းဘဝမှာ သီပေါလောက် ဘယ်သူ့ကိုမှ ရင်းရင်းနှီးနှီး၊ ပူးပူးကပ်ကပ် မနေခဲ့ဖူးချေ။ ကိုခေါင်နဲ့ တရားဝင်ချစ်သူတွေပါ၊ စေ့စပ်တော့မှာပါဟု သေချာပြီးတာတောင် ကိုခေါင်ဟာ လင်းလက်ကို ဆုပ်ကိုင်ထားတတ်တာကလွဲရင် တကယ့်ကို ဣန္ဒြေသိက္ခာနဲ့ နေတတ်သူသာဖြစ်သည်။

"ပါးစပ်ဟထားတယ်၊ ဆေးတိုက်တော့"

လင်း ရှက်ပြီးကြောင်နေသဖြင့် သီပေါ၏နွမ်းနယ်သောအသံဖြင့် ပြောတော့မှ ဆေးတိုက်ဖို့ သတိရလေသည်။

"ဆေးတွေ ငါ ချိုးထားတယ်၊ နင် အလွယ်တကူမျိုလို့ရအောင်၊ ဆေးထည့်ပြီးနော် ... ပြီးတော့ ဒီမှာ ကော်ဖီ"

သီပေါကတော့ မျက်စိကိုလုံးဝမဖွင့်ဘဲ လင်းခိုင်းသမျှ လုပ်ပါသည်။ သူ့အသားနဲ့ လင်းအသား ထိထားရလေရာ ပူခြစ်နေတာကို ခံစားလို့ရသည်။

"ငါ ပြန်အိပ်တော့မယ်"

"အေးပါ ... စိတ်ချ၊ အိပ်ရမှာပါ"

"နင် ပြန်တော့"

"အံမာ ... ဘယ်လိုဖြစ်လို့ နင်နေတာလဲ"

"အကောင်းနဲ့ ပြောတာ"





သီပေါ အဲဒီလောက်သာ ပြောနိုင်ပြီး မျက်စိပိတ်ကာ မှိန်းနေပါသည်။ လင်း သူ့ကို ဒီတိုင်းထားမသွားနိုင်ပြန်။ လင်းမှာ ရှိသမျှဆေးလေးနဲ့ သူ သက်သာပါ့မလားဆိုတာ မသေချာပါ။ လင်း သူ သေသေချာချာ အဖျားကျပြီး စိတ်ချရမှ ပြန်ဖို့ ဆုံးဖြတ်လိုက်ပါသည်။

လင်း သူ့နဖူးပေါ် ရေအေးဖြင့်စိမ်ကာ ရေညှစ်ထားသော မျက်နှာသုတ်ပဝါ အသေးလေးကို တင်ပေးလိုက် အအေးဓာတ်ပျောက်သွားရင် ရေစိမ်၊ ရေညှစ်ပြီး တင်ပေးလိုက်လုပ်ကာ ထိုင်စောင့်နေမိသည်။

နာရီကြည့်လိုက်တော့ မနက်ငါးနာရီတောင် ကျော်နေပြီ။ မေမေ အိပ်ရာကနိုးရောပေါ့။ ဘာဖြစ်လို့ ဖုန်းမဆက်လဲမသိဘူးဟု တွေးနေမိသည်။ လင်းသည် သီပေါနားမှာ ပြုစုပေးရင်း သူ့ကိုယ်ကိုစမ်းလိုက်၊ ထိုင်လိုက်၊ ထလိုက်ဖြင့် အချိန်ကုန်မှန်းမသိ ကုန်သွားပါသည်။

သီပေါ အဖျားတော်တော်ကျသွားသောအခါ ကောင်းကောင်းအိပ်ပျော်သွားပေမယ့် လင်း သူ့ကို ဒီတိုင်းထားမသွားရက်ပြန်။ ဒါနဲ့ပဲ သူ့အိမ် မီးဖိုချောင်ထဲဝင်ပြီး ရှုပ်ပွနေတာတွေ ရှင်းလင်းမဆေးရသေးသော ပန်းကန်ခွက်ယောက်တွေ ပန်းကန်ဆေးစင်ထဲ စီထည့်ပြီး ဆေးစရာရှိတာဆေး၊ စသဖြင့် ရှင်းပေးနေမိသည်။ မကြာခဏလည်း သီပေါကိုသွားသွားကြည့်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



မနက်ခုနစ်နာရီလောက်မှာတော့ လင်း သူ့အခန်းထဲ ဝင်သွားချိန်တွင် သီပေါ ကောင်းကောင်းနိုးနေပြီဖြစ်သည်။

"နင် ဘာလို့မပြန်သေးတာလဲ"

"နင့်ကို စိတ်မချလို့"

"အခု ဘာသွားလုပ်နေတာလဲ"

"နင့်မီးဖိုချောင်မှာလေ ရှုပ်ပွနေတာတွေ သွားရှင်းတာ"

"သိပ်ရှုပ်ပွမနေပါဘူး"

"ဒါပေမဲ့ ငါမနေနိုင်လို့ ရှင်းလိုက်တယ်"

"နင့်အိမ်က စိတ်ပူနေဦးမယ် လင်း"

"ဖေဖေတို့ကိုတော့ စာရေးပြီး ထားခဲ့တယ်၊ သူတို့အချိန်မရွေး ဖုန်းဆက်လို့ ရပါတယ်။ ဒါနဲ့ နင် ဘယ်လိုနေသေးလဲ"

"နေလို့ကောင်းပါတယ်၊ ပေါ့သွားတယ်"

"ဘာဖြစ်လို့ အဲဒီလောက်တောင် အဖျားကြီးသွားရတာလဲ ဟယ်"

"ပြန်လာလာချင်း အရမ်းအိုက်တယ်ဆိုပြီး ရေစိမ်ချိုးလိုက်တယ်၊ ပြီးတော့ Air Con ဖွင့်ပြီး အအေးခံလိုက်တယ်။ Air Con ဖွင့်အိပ်နေရင်းက ကိုယ်တွေပူတက်လာပြီး ချမ်း တုန်လာတာလေ"





"ဘာဖြစ်လို့ အဲဒီလောက် အအေးခံရလဲဟယ်၊ နင်လုပ်ပုံက သေလို့ရတယ်။ အိမ်မှာ တစ်ယောက်တည်း ထိန်းချုပ်မဲ့သူ မရှိတိုင်း လုပ်ချင်ရာလုပ်တာလည်းလုပ်ပေါ့။ ဒါပေမဲ့ နည်းနည်းပါးပါး ဉာဏ်လေးသုံးသင့်တယ်"

လင်းက မြည်တွန်တောက်တီးလျက် ပွစိပွစိပြော သော့ သီပေါက ပြုံးပြီးငြိမ်နေသည်။ အခုလိုမျိုးလေး လင်း သူ့အနားမှာ ရှိနေပြီး ဆူဆူပူပူလုပ်တာကို လိုချင်မက်မောနေမိ၏။

"အခု ချွေးထွက်သွားတယ် မဟုတ်လား အင်္ကျီလဲတော့။ ချွေးစိုတဲ့အဝတ်နဲ့ မနေနဲ့၊ အင်္ကျီလဲ မျက်နှာသစ်၊ သွားတိုက်ပြီးရင် နင့်ကို ဆေးရုံကရေးပေးလိုက်တဲ့ဆေးတွေ သွားဝယ်ကြမယ်။ နင့်လက်ဒဏ်ရာက ကိုက်ခဲနေဦးမှာပဲ။ အဲဒါ ဆေးသောက်ဖို့လိုတယ်၊ ကိုက်ခဲတဲ့ဒဏ်ကြောင့် အဖျားဝင်တာမျိုးလည်း ဖြစ်နိုင်တယ်။ ငါက ဆရာဝန် စစ်စစ်ကြီး မဟုတ်သေးတော့ ဘာမှ သေသေချာချာကု တတ်သေးတာ မဟုတ်ဘူး။ နင့်ကို ဘာလုပ် ဘယ်လိုနေ ဆိုတာပဲ အကြံပေးလို့ရမယ်"

"လင်း ... နင် ငါ့ကို အမြဲတမ်း အဲဒီလို ဆူပါလား၊ သိပ်နားထောင်လို့ ကောင်းတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



သီပေါက ကြည်ကြည်နူးနူး ပြောလိုက်တာဖြစ်သည်။ ဒါပေမဲ့ လင်းကတော့ သူ လင်းကိုခနဲ့သည်ထင်ကာ မျက်စောင်းကြီး လှည့်ထိုးလေသည်။

“ဘာလဲ နင်က ခနဲ့တာလား”

“ငါ မခနဲ့ပါဘူး၊ တကယ်ပြောတာ လင်းရယ်။ နင် ငါ့အနားနေပေးပြီး ဆူပူပြီး control ကွန်ထရိုးလုပ်မှာကို သိပ်လိုချင်တာပဲ”

လင်း ဘာမှဆက်မပြောတော့ဘဲ အခန်းထဲကထွက်သွားဖို့ပြင်သည်။

“အကျီလဲပြီးရင် ထွက်လာခဲ့”

လင်း အဲဒီတစ်ခွန်းသာပြောပြီး အပြင်ထွက်လာကာ ထိုင်စောင့်နေလိုက်ပါသည်။ လင်း ကိုယ့်ကိုယ်ကိုယ်လည်း ဘာဖြစ်လို့ ဖြစ်မှန်းမသိတော့။

လင်းမှာ စေ့စပ်ရမယ့်ချစ်သူဆိုတာ လည်း ရှိပြီးပြီ။

လင်း ကိုယ့်တိုင် ကျေကျေနပ်နပ် ရွေးချယ်ထားသော ယောကျာ်းတစ်ယောက်နဲ့ လက်တွဲရတော့မှာကိုလည်း စိတ်ချမ်းသာနေတာ သေချာပါသည်။





ဒါပေမဲ့ လင်း ဒီနေ့မှာတော့ ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်နေမှန်းပင် ခန့်မှန်းလို့မရတော့။ သီပေါအနားမှာနေရင်း သူ့မျက်နှာကို တစိမ့်စိမ့်ကြည့်ကာ အဖျားကျအောင် ပြုစုနေမိတုန်းက လင်း သူ့ကို တစ်ယောက်တည်း မထားရက်ခဲ့နိုင်သလို ခံစားနေရသည်။ သူ တစ်ခုခု ဖြစ်သွားမှာ သေမလောက် စိုးရိမ်နေခဲ့ပြီး သူ လင်းကို အားကိုးတကြီး ဖုန်းဆက်တာကို အခါခါတွေးပြီး စိတ်မကောင်းလည်း ဖြစ်ရသည်။

လင်းကသာ သူ့ကို ပစ်ပစ်ခါခါ ပြောပေမယ့် သူကတော့ လင်းကို မနာကြည်းပဲ သံယောဇဉ်ရှိဆဲ၊ ခင်တွယ်ဆဲဆိုတာကို လင်း ရင်ထဲမှာ ခံစားလို့ရနေပါသည်။

ယိမ်းယိုင်စပြုသော နှလုံးသားကိုလည်း လင်းစိတ်တုန်လာသည်။ အစတည်းက လင်း သူ့ကို ချစ်ခဲ့ပြီးပြီဆိုရင် ဒီလို ရှုပ်ထွေးလာစရာ မရှိတော့။ အခုတော့ သူ့ကို မရွေးချယ်ချင်ဘူး၊ မချစ်ဘူးထင်ကာ ကိုခေါင့်ကို ရွေးပြီးနေပြီ။ လင်းဆုံးဖြတ်ချက်တွေ မပြောင်းချင်တော့ပါ။

“လင်း”

နူးညံ့စွာ ခေါ်လိုက်သော သီပေါအသံတိုးတိုးကြောင့် လင်း တွေဝေငေးငိုင်နေရာမှ နိုးထလာပါသည်။

“သွားရအောင်”



www.burmeseclassic.com

www.burmeseclassic.com



လင်းတို့ အတူတွဲရက် ထွက်လာသည်အထိ စကားမပြောဖြစ်ကြပါ။ လင်းက ကားကိုမောင်းပြီး သီပေါကတော့ သောမှာ အေးဆေးတိတ်ဆိတ်စွာ ထိုင်လိုက်လာကာ ထုံးစံအတိုင်း လင်းမျက်နှာကို ငေးပြီးပါလာသည်။

"နင့်ကို ဆေးတွေလိုက်ဝယ်ပေးမယ်၊ ပြီးရင် ငါ့ရှေ့မှာ တစ်ခွက် သေသေချာချာ သောက်ရမယ်။ အဲဒါမှ ငါစိတ်ချပြီး အိမ်ပြန်လို့ရမယ်"

"လင်း ... နင် ဘာလို့ အမှန်တရားကို လက်မခံချင်ရတာလဲ၊ ငါ တွေးနေတယ်"

လင်း ပြောနေသော အကြောင်းအရာနဲ့ ဆန့်ကျင်ပြီး သီပေါက သူပြောချင်ရာကို ပြောလိုက်ပါသည်။ သူ့ကို လင်း ပြန်လှည့်မကြည့်ရဲ။ သူ့မျက်လုံးတွေနဲ့ လင်းမျက်ဝန်း ဆုံရလျှင် သူ လင်းရင်ထဲကိုမြင်မှာ စိုးရိမ်မိလေသည်။

ဆေးဆိုင်ရှေ့ ကားရပ်ပြီး နှစ်ယောက်အတူ ဆေးဆင်းဝယ်၊ သီပေါက လက်ဖက်ရည်ဆိုင်ထိုင်ပြီး နံနက်စာစားရင်း ဆေးသောက်မည် ပြောသဖြင့် လက်ဖက်ရည်ဆိုင် အတူထိုင် နံနက်စာစား။ အားလုံးပြီးတော့မှ လင်း သီပေါကို ပြန်ပို့ပေးပြီး ပြန်လာခဲ့ပါသည်။





"နင့် အခြေအနေကို ငါ့ဆီ မက်ဆေ့(ချ်)ပို့ပြီး ပြောဦးနော်"

ဟု လင်းစိတ်မချစွာ မှာပြီးမှ အိမ်ပြန်လာခဲ့နိုင်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



## ၁၂

"ဟော ... ဟိုမှာ လင်း ပြန်လာပါပြီ"

လင်းသည် အိမ်ရှေ့မှာရပ်ထားသော ကိုခေါင့်ကားကို မြင်တာနဲ့တင် ရင်ထဲမှာ တင်းကျပ်သွားပါသည်။ အိမ်တံခါးဝမှာ ဖိနပ်ချွတ်နေစဉ် မေမေ့အသံကို ကြားရပေမယ့် ကိုခေါင့်အသံကိုတော့ မကြားရပါ။

"ကိုခေါင် ရောက်နေတယ်၊ အစောကြီးပါလား"

"လင့်းနဲ့ ကိုယ် ရှစ်နာရီခွဲ ချိန်းထားတယ်လေ"

"ဪ ... ဟုတ်သားပဲ၊ ဆောရီး ... လင်း မေ့သွားတယ်"

လင်း ကိုယ့်ကိုယ်ကိုယ် တော်တော်ကျိန်ဆဲမိလိုက်ပါသည်။ ဒီနေ့ ဖိတ်စာတွေရမှာမို့ အတူသွားရွေးကြမယ်။ ရှစ်နာရီခွဲမှာ သူလာခေါ်မယ်။ ဒင်း(မ)ဆမ်း အတူစားမယ်။ ပြီးရင်





သွားရွေးမယ်လို့ လွန်ခဲ့တဲ့နှစ်ရက်ကတည်းက ချိန်းပြီးသား။ လင်းမှာ သီပေါကို ပူပန်သောကရောက်ရတာတွေနဲ့ မေ့သွားပါသည်။

"လင်း ဈေးထဲမှာ ဝယ်ချင်တာလေးတွေရှိလို့ ခဏထွက်သွားတာ၊ ဘာတွေဝယ်ခဲ့လဲ၊ မေမေ မှာတာရော ပါလား"

မေမေက လင်း၏စကားများမှုစိုး၍ သူ့ ကြိုတင်ပြီးဘာတွေပြောထားကြောင်း သိသာစေရန် စကားစပေးပါသည်။ လင်း မေမေ့ကို ကျေးဇူးတင်သောမျက်လုံးတွေဖြင့် ကြည့်လိုက်လေသည်။

"ပါတယ် မေမေ၊ အဲဒါ ပတ်ရှာနေလို့ ကြာသွားတာ၊ ကားထဲမှာ ပစ္စည်းတွေထားခဲ့တယ်။ သဲသဲကို ယူခိုင်းလိုက်မယ်လေ"

"အေး ... ဟုတ်ပြီ ... ဟုတ်ပြီ၊ သမီးတို့ သွားစရာရှိလည်း ပြင်ဆင်တော့လေ"

"ကိုခေါင် ... ခဏနော်၊ လင်း ရေချိုးပြီး အင်္ကျီလဲလိုက်ဦးမယ်"

ကိုခေါင်က ခေါင်းအသာညိတ်ကာ စားပွဲပေါ်က ဂျာနယ်တစ်စောင်ကို ကောက်ကိုင်လိုက်လေသည်။ လင်း ရေအမြန်ချိုး၊ ပြင်ဆင်၊ အဝတ်လဲနေစဉ် မေမေ အခန်းထဲအသာဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီး ... လင်း"

"ရှင် ... မေမေ"

"သီပေါ ... သက်သာလား"

"သက်သာသွားပါပြီ"

"အင်း"

မေမေက သက်ပြင်းကို ခပ်ကျယ်ကျယ်ပဲ ချလိုက်သလား။ "အင်း"ကိုပဲ ပြောလိုက်သလား မသဲကွဲသောအသံဖြင့် တုံ့ပြန်ကာ လင်း၏ခုတင်စွန်းမှာ ဝင်ထိုင်လေသည်။

လင်းက အဝတ်လဲနေရင်း ...

"မေမေ"

ဟု တောင်းပန်သလိုအသံဖြင့် ခေါ်မိသည်။

"မေမေ့ကို ဘာမှရှင်းပြမနေပါနဲ့။ ဖေဖေလည်း အဲဒါကို မဆွေးနွေးချင်လောက်အောင် စိတ်ပျက်နေတယ်။ လင်း လုပ်ပုံတွေ မဟုတ်သေးဘူးလို့လည်း ပြောတယ်"

"လင်း ဒီလိုလုပ်တာ မှားတော့မှားမှန်းသိပါတယ် မေမေ ရယ်။ ဒါပေမဲ့ လင်း သီပေါကို ပစ်မထားနိုင်လို့ပါ"

"သူ့ကို သိပ်သံယောဇဉ်ကြီးရင်လည်း ဘာလို့ သူ့ကိုမရွေး လဲ။ လင်း အဲဒါမှားနေတယ်။ အဲဒီတစ်ခုမှာ ရွေးချယ် တာ မှားသွားတယ်။ လင်းဟာ ကိုယ့်စိတ်ဆင်းရဲမှုကို





ကိုယ့်ဘာသာ ရှာလိုက်သလို ဖြစ်သွားပြီ။ မေမေတို့က ဘာမှ လမ်းကြောင်းပေးခဲ့တာ မရှိဘူးဆိုတာ လင်းသိပါ တယ်။ လင်း သဘောကျတဲ့သူလည်း ရွေးခွင့်ပေးခဲ့တယ်။ လင်းဘာသာ သီပေါကို မရွေးခဲ့တာ၊ အဲဒါ လင်းမှား တယ်"

"နောက်ဆို လင်း ဆင်ခြင်တော့မယ် မေမေ"

"သမီး ခေါက်တာထိပ်ခေါင်ကို ငြင်းချင်ရင် ငြင်းဖို့အချိန် တွေ ရှိသေးတယ်။ ရှေ့ဆက်တိုးလို့ အများကြီးခြေလှမ်း တွေလှမ်းပြီးမှဆိုရင် ပြန်နောက်ဆုတ်ရခက်လိမ့်မယ်။ အဲဒီ ကျ သမီးအတွက် မကောင်းဘူး။ တစ်ဖက်ဖက်ကို မပြတ် သားတာဟာ လုံးဝမကောင်းဘူး"

"လင်း ကိုခေါင့်ကိုပဲ ရွေးမှာပါ"

လင်း မသဲမကွဲ ရေရွတ်လိုက်မိသည်ဟု ထင်သည်။ ကိုခေါင်နဲ့အတူတူ ထွက်လာသောအခါ မေမေ ရပ်ကြည့်ပြီး တိတ်ဆိတ်စွာ ကျန်ရစ်ခဲ့၏။ လင်းကတော့ လင်းကြောင့်မိဘတွေ ပါ စိတ်ရှုပ်ရသည့်အဖြစ်ကို စိတ်မကောင်းဖြစ်လျက် ကိုခေါင့်ကို ပင် စကားမပြောနိုင်လောက်အောင် အသံတိတ်နေမိသည်။

"လင်း ... ဒင်း(မ)ဆမ်း(မ)စားမယ် မဟုတ်လား။ ဝင်မယ် နော်"



www.burmeseclassic.com

www.burmeseclassic.com



အမှန်တော့ မနက်စာကို သီပေါနဲ့အတူတူ စားလာပြီးဖြစ်၍ လင်းလုံးဝမဆာတော့။ ဒါပေမဲ့ ကိုခေါင်နဲ့ချိန်းထားပြီးဖြစ်လေရာ လင်း၌ငြင်းစရာစကားမရှိတော့သလို ဖြစ်နေသည်။

"လင်း နေကောင်းရဲ့လား"

"ကောင်းပါတယ်"

"မျက်နှာလေးချောင်နေတယ်၊ အိပ်ရေးမဝဘူးလား"

"အဟင်း"

လင်း ဘာပြောရမှန်း စဉ်းစားမရသဖြင့် အသံထွက်ရယ်သံပြုခြင်းဖြင့်သာ တုံ့ပြန်မိပါသည်။

"ကိုယ် သိပါတယ်။ လင်း DVD တွေ ထိုင်ကြည့်ပြီး အိပ်ရေးပျက်နေပြီ မဟုတ်လား"

လင်း အင်းမလုပ် အဲမလုပ် ငြိမ်နေလိုက်သည်။ ကိုခေါင်ကတော့ လင်းဟာ ရုပ်ရှင်သိပ်ကြိုက်ပြီး ၄ ခါတလေ အိပ်ရေးပျက်ခံပြီး ကြည့်တတ်တာမို့ လင်း အိပ်ရေးပျက်တာ အဲဒါကြောင့်ဟု ထင်လေသည်။

"အိပ်ရေးပျက်တော့ အစားလည်း နည်းသွားတာပေါ့၊ ကိုယ်ကြည့်နေတယ်။ လင်း တို့ကနန်း ဆိတ်ကနန်းစားနေတဲ့ပုံစံပဲ။ ကိုယ်ကတော့ လင်းနဲ့အတူစားဖို့ဆိုပြီး အဆာခံလာတာနဲ့ စားလို့ကောင်းနေတယ်"





ထိုအချိန်တွင် လင်း၏ဖုန်းဆီမှ မက်ဆေ့(ချ်)ဝင်ကြောင်း အသံလေး ထွက်လာသည်။ လင်း ဖွင့်မကြည့်ဘဲ မနေနိုင်။ သီပေါဆီမှ ဖြစ်မယ်ဆိုတာ လင်း အလိုလိုပင် သိနေပါသည်။

"လင်း ... နင် အခု ဆေးရုံမှာလား"

လင်းကို, ကိုခေါင် အကဲခတ်နေ၍ လင်း မက်ဆေ့(ချ်)ကို ပြန်ပို့မနေတော့ဘဲ ဖုန်းကိုပြန်ခေါက်ပိတ်ပါသည်။

"ဘယ်သူ့ဆီက မို့လို့လဲ"

ကိုခေါင်က လင်းမျက်နှာ အမူအရာကို အကဲခတ်ရင်း မေးလေသည်။

"ငှဝါပါ"

"သြော် ... ငှဝါလား။ သူ နိုက်ဂျူတီက ထွက်လာတာ မအိပ်သေးဘူးလား။ ကိုယ် မနေ့က ညနေက အပြန်မှာ ဆေးရုံအဝင်အထွက် တွေ့တယ်လေ။ ငှဝါ နိုက်ဝင်ရတယ်"

လင်း နည်းနည်းလန့်သွားပါသည်။ ဘုရားရေ ... ငှဝါ ဘာတွေများ ပြောမှာပါလိမ့်။ ငှဝါက ကိုခေါင်ရယ်၊ လင်းရယ်၊ သီပေါရယ်ဆိုသော သုံးပွင့်ဆိုင်ဇာတ်လမ်းကို သိပ်မသိထားသူ ဖြစ်လေရာကို ခေါင့်ကိုများ အမှန်အတိုင်း ...။ "လင်းတောင်သူ့သူငယ်ချင်း သီပေါကို လာကြည့်သွားသေးတယ်"ဟူ၍ ကိုခေါင့်ကို ပြောမိလေမလား။ ကိုခေါင် ဒီဆေးရုံကြီးမှာရှိနေမှန်း သိရက

www.burmeseclassic.com



နဲ့တောင် လင်း သူ့ကို တစ်ချက်ဝင်မတွေ့ဘဲ သီပေါကိုပဲဝင်တွေ့။ သီပေါနဲ့အတူ ပြန်ခဲ့တာတွေ လင်း အခုမှ ပြန်တွေးပြီး လန့်လာသည်။ တကယ်တော့ လင်း အားလုံးကိုမေ့ပြီး သီပေါဆီမှာပဲ အာရုံတွေ စုစည်းထားခဲ့တာ ကြည့်စမ်း။

"ကဲ ... သွားကြမလား လင်း။ လင်းလည်း သိပ်မှမစားနိုင်တာ ထားခဲ့ပါတော့။ ခုချိန်လောက်ဆို ပုနိုပ်တိုက်လည်း ဖွင့်ပါပြီ။ ဖိတ်စာဝင်ယူကြရအောင်"

လင်းမှာ လင်းအပေါ် ဘာသံသယမှ မရှိဘဲ ပုံမှန်အတိုင်း ဆက်ဆံနေသော ကိုခေါင့်ကြောင့် အနေရသက်သာရမယ့်အစား စိတ်တောင်ကျဉ်းကျပ်နေသည်။ ဘုရားရေ ... လင်း ဘာလုပ်ရမလဲ။ လင်း ဒီလိုအခြေအနေကြီးကို မပျော်တော့ဘူး။ လင်း သီပေါအပေါ် သံယောဇဉ်ဖြတ်မှ ဖြစ်မယ်ထင်တယ်။ ဒါမှမဟုတ် မေမေ ပြောသလိုပဲ သီပေါကိုပဲ ရွေးချယ်လိုက်တော့မယ်ဆိုရင်ရော ...။

"ဟော ... မက်ဆေ့(ချ်)ဝင်လာပြန်ပြီ လင်း၊ ငဝါ ဘာပြောချင်လို့လဲ မသိဘူး။ ဖုန်းပြန်ဆက်ရင် ဆက်လိုက်လေ။ သူ မအိပ်သေးဘူးဆိုတော့ ဖုန်းဆက်ရင် ရပါတယ်"

ကိုခေါင်က လင်းကို ကားမောင်းရင်း လှည့်ပြောသည်။





"သူ စပ်စုနေတာပါ"

လင်း လိမ်ပြောနေတတ်ပြီဖြစ်သော ကိုယ့်ကိုယ်ကိုယ် နှမ်းလို့မဆုံးနိုင်တော့။

"လင်းတို့ စေ့စပ်ပွဲဖိတ်စာ ဒီနေ့ရမယ်ဆိုတာသိလို့ သူ အရင်ဆုံး ကြည့်ချင်နေတယ်"

"သူတို့ကရော ဘယ်တော့တဲ့လဲ"

"ဟောက်(စ)ပြီးရင် ယူကြမှာ"

"ကောင်းတာပေါ့၊ လင်းမှာ မိန်းကလေးသူငယ်ချင်းက လည်း ငဝါပဲရှိတာ။ သူငယ်ချင်းနှစ်ယောက် အတူတူအိမ်ထောင်ကျကြတော့ ဘယ်သူမှ အဖော်မဲ့ပြီး မကျန်တော့ဘူးပေါ့"

ပုနိုပ်တိုက်ရောက်တော့ စေ့စပ်ပွဲဖိတ်စာများ အသင့်ထုပ်ပိုးပြီးသား ဖြစ်နေသည်။ ကိုခေါင်ကတော့ စိတ်ဝင်တစားပင် နိုက်နိုပ်ပြီးသား တစ်စောင်ကို အသေအချာယူကြည့်လေသည်။ လင်းကတော့ ကိုခေါင့်လိုပင် ဖိတ်စာကို လှန်လှောကြည့်ရပါသည်။

"လင်းနဲ့ကိုယ် အတူတူ သွားဖိတ်ရမယ့်အိမ်ကျ အတူတူသွားကြတာပေါ့၊ နှစ်ယောက်[illegible] တဲ့နေ့ သွားမယ်လေ။ ကျန်တဲ့ဖိတ်ရမယ့်သူတွေကျ ကိုယ့်ဘက်ကိုယ်ဖိတ်ကြမယ်။ လင်း ကြိုက်ရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ကြိုက်ပါတယ်၊ ကိုခေါင် စီစဉ်တာ ကောင်းပါတယ်"

စေ့စပ်ပွဲပေမယ့် ပါးစပ်နဲ့ဖိတ်မှာ မဟုတ်ဘဲ ဖိတ်စာနဲ့ အသေအချာဖိတ်ဖို့ စီစဉ်သော ကိုခေါင်တို့ဘက်က ဆန္ဒကို လင်းတို့ဘက်ကလည်း သဘောတူခဲ့ပါသည်။ ဟိုဘက်ဒီဘက် လူရှစ်ဆယ်လောက်သာရှိသောပွဲပေမယ့် ကိုခေါင်တို့ဘက်က ဆွေဂုဏ်မျိုးဂုဏ်တွေကြောင့် Traders ထရိတ်ဒါး(စ်)မှာ ဧည့်ခံပွဲလုပ်ကြမှာဖြစ်သည်။ လက်ထပ်ပွဲကိုတော့ ဆီဒိုးနားမှာဟု ရွေးထားပြီးဖြစ်ပါသည်။ စေ့စပ်ပြီး သုံးလလောက်ကြာလျှင် လက်ထပ်ပွဲလုပ်ဖို့ ပြင်ဆင်ထားပါသည်။

အမှန်တော့ လင်းမှာ ဒီအခြေအနေတွေကို ပျော်ရမှာဖြစ်ပေမယ့် မပျော်နိုင်သလိုလို ဖြစ်နေမိသော စိတ်အပြောင်းအလဲတွေကြောင့် အဲဒီရက်တွေကို ရောက်လာမှာတောင် ကြောက်နေခဲ့တော့သည်။

ကိုခေါင် လင်းကို အိမ်ပြန်ပို့ပေးပြီးသောအခါ လင်း ခေါင်းနည်းနည်းမူးသဖြင့် ခဏတဖြုတ်လှဲဖို့ စဉ်းစားမိသည်။ ဒီနေ့ ကိုခေါင်နဲ့ သွားစရာရှိတာမို့ ဆေးရုံကနေ Day off ဒေး အော့(ဖ)ယူထားခဲ့တာကြောင့် ဆေးရုံသွားစရာ မလိုပါ။

"လင်း နင် ဆေးရုံမသွားရဘူး မဟုတ်လား"





အိပ်ရာထဲလှဲနေစဉ် မက်ဆေ့(ချ်)ဝင်လာသံကြားသောကြောင့် ယူကြည့်လိုက်ရာ သီပေါထံမှ ဖြစ်နေသည်။ လင်းလည်း မက်ဆေ့(ချ်)ပြန်မပို့တော့ဘဲ သီပေါဆီသာ ဖုန်းပြန်ခေါ်လိုက်ပါသည်။

"လင်း အခု ဘာလုပ်နေတာလဲ"

သီပေါက လင်းဖုန်းကို နားထောင်လိုက်လျှင်ပဲ ချက်ချင်းတန်းမေးပါသည်။

"အခု လှဲနေတာ"

"အိပ်မလို့လား"

"မအိပ်ပါဘူး။ ညက အိပ်ရေးပျက်ထားတော့ ခေါင်းမကြည်လို့"

"လင်း ... ငါ နေ့လယ်စာ ဘာစားရင်ရမလဲ အဲဒါမေးချင်လို့"

"စားချင်တာ စားလေ"

"ဖျားရင် အဖတ်မစားရဘူး ထင်လို့ပါ"

"နင် အခု ဖျားသေးလို့လား"

"သိပ်တော့မဖျားပါဘူး။ ဒါပေမဲ့ ငါ့ကိုယ်ငါတော့ ကိုယ်ပူတယ် ထင်တာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဆေးရော သောက်ရဲ့လား"

"ဆေးက ရစ်နာရီခြား သောက်ရမယ်လို့ ရေးထားတယ်"

"ကိုယ်နည်းနည်းပူတာလောက်နဲ့တော့ ဟိုဟာရှောင်၊ ဒီဟာရှောင် လုပ်မနေပါနဲ့။ စားချင်တာသာ စားလိုက်"

"ဟား ဟား"

"ဘာရယ်တာလဲ"

"စားချင်တာစားဖို့ အပြင်ထွက်ရဦးမယ်လေ၊ အိမ်မှာဘာမှ မရှိဘူး။ ကြက်ဥပဲရှိတယ်။ ဝက်အူချောင်းရှိတယ်။ ဆန် ရှိတယ် ဒါပဲ၊ အဲဒါတွေမှ ငါ မစားချင်တာ"

ဖုန်းကို တစ်ဖက်က စပီကာဖွင့်ပြီး ပြောနေပုံရသည်။ ဗီရိုတွေဖွင့်သံ၊ ရေခဲသေတ္တာဖွင့်သံ၊ လုန်လှောရှာဖွေသံတွေ ကြား နေရသည်။ လင်း ဟူ့ကိုသနားသွားပါသည်။ နေမကောင်းတဲ့ သူက ကိုယ်စားဖို့ ကိုယ့်ဘာသာ ထ,ချက်ရမယ်။ ထွက်ဝယ်ရမယ် ဆိုတာတော့ အဆင်မပြေလှဘူးပေါ့။

"နင့်အိမ်မှာ ခေါက်ဆွဲခြောက်တောင် မရှိဘူးလား"

"ခေါက်ဆွဲခြောက်ကို ကြိုက်ကိုမကြိုက်လို့ ဝယ်မထား တာ"

"ငါ နင့်ကို ထမင်းဟင်းတွေ လာပို့မယ်"





လင်း ရုတ်တရက် ပြောထွက်ပြီးမှ ကိုယ့်ပါးစပ် ကိုယ် ယှောင်၍ပိတ်လိုက်ပါသည်။ ဘုရားရေ ... ဘာတွေပြောမိ ပြန်ပြီလဲ။ သူနဲ့ထပ်မပတ်သက်တော့ပါဘူး။ မဆက်သွယ်တော့ပါ ဘူး ဆုံးဖြတ်ပြီးမှ သူနဲ့ထပ်တွေ့ပြီး ထပ်သံယောဇဉ်တွယ်ရအောင် လုပ်မိပြန်ပြီ။

"တကယ်လား"

လင်း ပြောပြီးမှ နောင်တရနေပေမယ့် သီပေါ်ရဲ့ ဝမ်းသာအားရ အားတက်သရော မေးသံကို မငြင်းရက်နိုင်တော့ ပေ။


❄ ❤ ❄



www.burmeseclassic.com

www.burmeseclassic.com








## ၁၃

"လင်း ... လင်း ... တံခါးဖွင့်ဦး ... တံခါးဖွင့်"

အိမ်ရှေ့ကနေ ဘဲလ်နှိပ်သံ အကျယ်ကြီးနဲ့အတူ အော်ဟစ်ခေါ်နေသော သီပေါ်အသံကြောင့် လင်း တုန်သွားပါသည်။

အိမ်ဖော်ကောင်မလေးက လင်းကို လာခွင့်တောင်းသံလည်း မရေးမနှောင်း ကြားရပါသည်။

"မမလင်း ... မမလင်း သူငယ်ချင်း လာတယ်"

"နင် အသာနေ၊ ငါဘာသာ ထွက်တွေ့မယ်"

အိမ်မှာ ဖေဖေ၊ မေမေနဲ့ သဲသဲတို့ မရှိကြဘဲ လင်း တစ်ယောက်တည်း ဖြစ်နေတာပင် တော်သေးသည်။ နောက်မို

www.burmeseclassic.com

www.burmeseclassic.com



သီပေါ် လာရမ်းပုံမျိုးနဲ့ဆို ပြဿနာအကြီးအကျယ် တက်မှာပင်။ ဖေဖေကဆို သီပေါ်ကို ထောင့်မကျိုးဘူးဆိုကာ တော်တော်ကြည့်မရတာကြာပြီ။ အခုလိုမျိုးသာဆိုရင် ...။

လင်း အိမ်ပြင်ထွက်လာခဲ့သည်။ အိမ်ရှေ့သံပန်းတံခါး အပြင်ဘက်မှာ ခါးထောက်ရပ်နေသော သီပေါ်ကတော့ လင်းထွက်လာတာကို စိမ်းစိမ်းကြည့်နေလေသည်။

"လင်း ... တံခါးဖွင့်ပေးဦး။ ငါက နင့်ရန်သူ မဟုတ်ဘူး"

"နင် ဒေါသကြီးနေတယ်ဆိုရင် ငါ တံခါးမဖွင့်ပေးနိုင်ဘူး"

"ငါ ဘာကို ဒေါသကြီးနေလဲဆိုတာ နင် သိနေတယ်ပေါ့"

လင်း မဖြေဘဲ သူ့ကို စိုက်ကြည့်နေသည်။

"နင် ဘာသဘောလဲ။ ဘာသဘောနဲ့ ငါ့ကို နင်စေ့စပ်တာ အသိမပေးရတာလဲ။ ဘာကြောင့် ငါ့ကိုမဖိတ်ဘဲ တိုးတိုးတိတ်တိတ် ကျိတ်လုပ်သွားရလဲ"

"တိုးတိုးတိတ်တိတ်လုပ်ရင် သတင်းစာထဲ ထည့်မနေဘူး"

"လင်း ... နင် အရမ်းရက်စက်တယ်"

သီပေါ် အံကိုတင်းနေအောင်ကြိတ်ကာ မျက်ရည်ဝဲနေသောပုံစံဖြင့် ရေရွတ်ပါသည်။

"ငါ နင့်ကို အရမ်းချစ်တာ သိရဲ့သားနဲ့ လုပ်ရက်တယ်"





လင်း ဘာမှပြောလို့မရတော့ဘဲ လင်းကိုယ်ကိုင်ပင် ကြေကွဲဆို့နင့်သလို ခံစားနေရသည်။ လင်း မနေ့က စေ့စပ်ပွဲလုပ်ပါသည်။ သို့သော် သီပေါ်ကို အသိမပေး။ သီပေါ်ကိုလည်းမဖိတ်ခဲ့။ မစေ့စပ်ခင် ရက်ပိုင်းတွေတုန်းက လင်းတို့တွေ့ကြ၊ ဆုံကြ၊ မက်ဆေ့(ချ်)တွေ ပို့ကြပေမယ့် လင်း သီပေါ်ကို ဒီအကြောင်း အရိပ်အမြွက်တောင် မပြောခဲ့ပါ။ အခုတော့ သတင်းစာထဲမှာ "စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း"သတင်းပါလာသောအခါမှာတော့ သီပေါ် ရောက်လာပြီး ပေါက်ကွဲလေပြီ။

"ငါ့ကို ဘာကြောင့် မျှော်လင့်ချက်တွေလာပေးလဲ လင်း။ ငါ နေမကောင်းတုန်းက၊ လက်ကချုပ်ရိုးကြောင့် ကိုက်ခဲပြီး မထနိုင်တုန်းက ဘာကြောင့် လာပြုစုလဲ။ ဘာကြောင့် နေ့တိုင်း ထမင်းဟင်း လာပို့ပေးလဲ။ ဘာကြောင့် ငါ့နားမှာ လာနေပေးလဲ။ နင် သိပ်အစွမ်းအစရှိပါတယ် လင်း။ ငါ အဲဒီရက်ပိုင်းတွေတုန်းက နင့်ကို မျှော်လင့်ခဲ့မိတယ်။ နင် ငါ့ကိုချစ်လာလို့ ငါ့ဆီပြန်ရောက်လာတယ်။ စိတ်ပြောင်းလာတယ်ထင်ပြီး ပျော်မိတယ်"

"နင့်ဆီ ပြန်ရောက်လာတယ်ဆိုတဲ့စကား မသုံးပါနဲ့။ ငါနဲ့ နင် အစကတည်းက ဘာမှမဆိုင်ခဲ့ကြဘူးလေ"



www.burmeseclassic.com

www.burmeseclassic.com



"လင်း … နင် ငါ့ကို တံခါးတောင် ဖွင့်မပေးချင်လောက်အောင် မုန်းနေသလား။ ငါက နင့်အိမ်ထဲဝင်ထိုင်ပြီး စကားပြောခွင့် မရှိအောင်ကို အဆင့်မရှိဘူးပေါ့"

"နင် ငါ့ကို စကားနာထိုးမနေနဲ့။ နင်မှာပြောစရာစကား ဘာရှိလို့လဲ။ ငါ့ကို အပြစ်တင်မယ့်စကားတွေ၊ ရန်တွေ့မယ့်စကားတွေ ပြောဖို့ဆိုရင် ငါက ဘာလို့ ထိုင်နားထောင်ပေးရမှာလဲ"

သီပေါ တစ်ချက် တွေတွေကြီး ငြိမ်နေပါသည်။ ခေါင်းကိုလည်း ငုံ့ချကာ လှေကားထစ်ကျောက်ပြားတွေကို စိုက်ကြည့်နေသည်။ လင်း သူ့ကို တကယ်တော့ အိမ်ထဲဝင်ထိုင်နိုင်းသင့်ပါသည်။ သူနဲ့လင်းဟာ ရန်သူတွေမှမဟုတ်တာ။ လင်း ဘာကြောင့် သူ့ကို တံခါးတောင်ဖွင့်မပေးနိုင်လောက်အောင် မုန်းပြစရာလိုလဲ။ လင်း … ကိုယ့်ဘာသာ အလိုလိုဆုံးဖြတ်ပြီး တံခါးဖွင့်ရန် ခြေလှမ်းလိုက်သည်။

လင်း ခြေလှမ်းအတိုင်းပင် သီပေါရဲ့ခြေလှမ်းတွေကလည်း လှေကားထစ်တွေကို ပြန်နင်းချသွားလိုက်တာနဲ့ကြုံသည်။ ဒီတော့မှ လင်း ရင်ထဲမှာ သူ့ကို အိမ်ထဲပေးမဝင်နိုင်းလိုက်ရမှာကို နှောင်တရသွားသည်။

"သီပေါ မသွားနဲ့"





သီပေါ ခြေလှမ်းတွေ တုံ့ခနဲ့တော့ ရပ်သွားပါသည်။ ပြီးမှ တစ်ချက်ပြန်လှည့်ကြည့်ကာ …

"ငါသွားတော့မယ်"

"အရပ် ငါ တံခါးဖွင့်တော့မလို့"

"မလိုတော့ပါဘူး။ ငါ့မှာ ပြောစရာစကား မရှိတော့ဘူး"

"သီပေါ … ဆောရီးပါဟယ်။ ငါ နင့်ကို တံခါးဖွင့်မပေးချင်လောက်အောင် ခွဲခြားတာ မဟုတ်ပါဘူး။ နင်က ရုတ်တရက်ကြီး ရောက်လာပြီး ဒေါသတကြီးအော်တော့ ငါ ကြောက်ပြီးမဖွင့်ရဲတာပါ"

လင်း တောင်းပန်ပေမယ့် သီပေါကတော့ ဂရုစိုက်နေတော့ဘဲ သူ့ကားတံခါးသူဖွင့်ပြီး ဝင်ထိုင်သည်။ ကားစက်နှိုးလိုက်ပြီးမှ …

"နင် မင်္ဂလာဆောင်ရင်တော့ ဖိတ်ဖို့မမေ့နဲ့ပေါ့"

ဟု တစ်ခွန်းသာပြောကာ တစ်ရှိန်ထိုး မောင်းထွက်သွားပါသည်။

လင်းမှာ ဝမ်းနည်းပက်လက် ကျန်ရစ်ခဲ့ရပါသည်။ နောက်တော့ လင်း အိပ်ခန်းတံခါးပိတ်ကာ မျက်ရည်ကျမိသည်။ ားရေ … လင်း သူ့ကို မပြတ်သားနိုင်ပါလားလို့ ငိုရင်းတွေး



www.burmeseclassic.com

www.burmeseclassic.com



မိကာ လင်း ရှုးတော့မလို ဖြစ်သွားပါသည်။ လင်း အစတည်းက ဒါကို လက်ခံနိုင်ခဲ့ရင် ကောင်းသား။ ခုတော့ အားလုံးလွန်သွားပြီ။

အခုချိန်မှ ပြန်ပြင်ရင် မကောင်းတော့ဘူး။ ကိုခေါင် မှာလည်း အပြစ်မရှိဘူး။ သီပေါမှာလည်း အပြစ်မရှိဘူး။ မပြတ် သားတဲ့ လင်းမှာသာ အပြစ်တွေတစ်ပုံကြီး ရှိနေတာပါ။

❄ ❤ ❄





## ၁၄

နှစ်ဖက်မိခင်တွေက လက်ထပ်ရန်ကိစ္စ စတင်စီစဉ် ကြသောအခါ လင်းခေါင်းထဲမှာတော့ အချက်ပေးခေါင်းလောင်း သံတွေ မြည်လာသလို ခံစားလိုက်ရသည်။ ဧ့စပ်ပြီး တစ်လ လောက်ကြာတော့ မင်္ဂလာပွဲကို စီစဉ်ကြဖို့ တိုင်ပင်ဆွေးနွေးသံ တွေ စတင်ကြားရတော့သည်။ ဧ့စပ်ပြီးရင် သုံးလအကြာမှာ လက်ထပ်ကြရန် နေ့လည်းသတ်မှတ်ပြီးသား၊ ဟိုတယ်လည်း ရက်ယူထားပြီးဖြစ်ရာ ဒါကို စိတ်အနှောင့်အယှက်ဖြစ်စရာမရှိပါ ဲ လင်း စိတ်ထဲရှုပ်သွားပါသည်။

စေ့စပ်ပြီးရင် ပြင်လို့ရသေးတယ်။ လက်ထပ်ပြီးမှ ဆိုရင် ပြင်ဖို့ခဲယဉ်းသွားပြီဆိုသော အတွေးတွေက လင်းကို နေ့ ဉ်နဲ့အမျှ ခြောက်လှန့်ပါသည်။ လင်း သီပေါကို မတွေ့ရ၊



www.burmeseclassic.com

www.burmeseclassic.com



မဆုံရ၊ ဖုန်းပြောခွင့်မရ၊ မက်ဆေ့(ချ်)ဖတ်ခွင့်မရတာလည်း တစ်လလောက် ရှိသွားပြီမို့ သီပေါကို တော်တော်တွေ့ချင်နေသည်။

သို့သော် လင်း ဘယ်လိုမှ ရှာမတွေ့။ သူ့ရဲ့ ကွန်ပျူတာပစ္စည်းအရောင်းပြခန်းကို သွားသောအခါမှာတော့ သူ့ရဲ့ရှယ်ယာဝင်သူငယ်ချင်း မိုးဦးဆိုသူကိုသာ ဆုံသည်။

"ရှန်ဟိုင်းမှာ ကွန်ပျူတာပစ္စည်း အသစ်ထုတ်လုပ်တာ၊ မိတ်ဆက်ပွဲဆိုပြီးဖိတ်လို့ သွားကြည့်တယ်။ တစ်ပတ်လောက်တော့ ကြာမယ်ဗျ"

"ဟုတ်လား၊ ကျွန်မတော့ မသိလိုက်ဘူး"

"ဖိတ်ထားတာ ကြာပြီ၊ အစက မသွားတော့ဘူး လုပ်နေတာ။ အခုရက်ပိုင်းကျမှ သွားမယ်ဆိုပြီး ထွက်သွားတာပဲ။ ကျွန်တော်နဲ့တော့ ညတိုင်း Skype (စကိုက်(ပ))မှာ စကားပြောကြတယ်။ မကြည်လင်လင်း ဘာမှာချင်လို့လဲ ပြောပေးမယ်လေ"

"ရပါတယ်၊ ဘာမှ မှာစရာမရှိပါဘူး။ သူ့ဆီက သတင်းမကြားတာကြာလို့ ဘာများဖြစ်နေသလဲဆိုပြီး လမ်းကြုံလို့ ဝင်မေးတာပါ"

လင်း အရောင်းပြခန်းထဲက ထွက်လာသောအခါ မိုးဦးဆိုသူက ရပ်ကြည့်ပြီး တွေးတောကျန်ရစ်ခဲ့လေသည်။





ညကျတော့ မိုးဦးက သီပေါနဲ့ Skype (စကိုက်(ပ)) မှာ စကားပြောကြသောအခါ လင်းရောက်လာကြောင်း ပြောတော့သည်။

"ဟေ့ကောင် ... သီပေါ၊ ဒီနေ့ မင်းကို ဘယ်သူလာရှာတယ် ထင်လဲ"

"ဘယ်သူလဲ ... ငါ့အဖေလား"

သီပေါက အဖေနဲ့လည်း သိပ်အဆင်မပြေလှသူမို့ အဖေ့ကို တန်းမေးလေသည်။ မိုးဦး ဟက်ဟက်ပက်ပက် ရယ်လိုက်သည်။

"ဘယ်သူမို့လို့ မင်းက ရယ်ရတာလဲ"

"မင်းအဖေ မဟုတ်ရင် ဘယ်သူက မင်းကို လာရှာစရာရှိလဲ၊ တွေးပါဦးကွာ"

သီပေါ သူ့ဘာသာ ခပ်တိုးတိုး အမည်တစ်ခုကို ရေရွတ်လိုက်သံ ကြားရပေမယ့် မကွဲမပြားဖြစ်နေ၍ မိုးဦး ထပ်မေးလေသည်။

"ဘယ်သူလဲ သီပေါ"

"လင်းကွာ ... လင်း ... လင်း"

"တော်တယ် ... သီပေါ"

"လင်း ဘာလာလုပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို လာရှာတာလို့ ငါ ထင်တယ်"

"မဖြစ်နိုင်ပါဘူး"

"ဘာလို့မဖြစ်နိုင်ရမှာလဲ၊ သူ ငါ့ကို ဘယ်လောက်လိမ်လိမ်ကွာ။ လမ်းကြုံလို့ ဝင်မေးတာဆိုပြီး ဘယ်လောက်ပဲ ညာညာ သူ့မျက်လုံးတွေကို ငါ အကဲခတ်လို့ရပါတယ်။ သူ မင်းကိုတွေ့ချင်လို့ လာရှာတာ"

"သူနဲ့ ငါ တွေ့စရာ အကြောင်းမရှိပါဘူး"

"မင်း သူ့ကို စိတ်ဖြတ်လိုက်ပြီလား"

"မသိဘူးကွာ၊ ဒါတွေ မေးမနေနဲ့၊ ငါ့ခေါင်းထဲမှာ ဘာမှ မစဉ်းစားတော့ဘူး၊ အချစ်ဆိုတာ ငါရချင်တိုင်းလည်း မရတတ်ဘူး။ ကိုယ်ပေးချင်တိုင်းလည်း ပေးလို့မရဘူးဆိုတာ သိသွားပြီ၊ ဒီတော့ ငါ အားလုံးကို စိတ်ကုန်သွားပြီ"

"လင်း ... မင်းကို ချစ်နေပါတယ်ကွာ"

"မိုးဦး ... တော်တော့ကွာ၊ မင်းနဲ့ လင်း တစ်ခါတလေမှ ဆုံပြီး စကားပြောဖူးတာလေးနဲ့ သုံးသပ်မနေနဲ့။ လင်း အကြောင်းကို ငါပဲအသိဆုံး"

ထို့နောက် သီပေါက အလုပ်ကိစ္စ အကြောင်းအရာတွေ၊ ရှန်ဟိုင်းမြို့အကြောင်းတွေ စကားလွှဲသွားသဖြင့် မိုးဦးလည်း အလိုက်သင့်ပင် သီပေါပြောတဲ့ နောက် လိုက်ပြောရပါသည်။





ရှန်ဟိုင်းက ပြန်လာတော့လည်း သီပေါသည် အရင်ကအတိုင်းပင် ရည်းစားတွေ လျှောက်ထားပြန်ကာ လင်းအကြောင်းကို စကားစမခံတော့ပါ။ သီပေါသည် နှလုံးသားထဲမှာ ကွဲအက်ကြေမွနေသော်လည်း သူ့ခံစားချက်ကို အပြင်လူ ပေးသိမခံတော့ဘဲ ပျော်ပျော်သာ နေပြလိုက်သည်။

တစ်ခါတလေတော့ လင်းကို သိပ်သတိရလာလျှင် လင်းတို့အိမ်နား ကားကိုသုံးလေးခေါက် ဖြတ်မောင်းပြီး လင်း၏ အရိပ်အယောင်ကို ချောင်းမိတာတွေတော့ ရှိပါသည်။ လင်းကို တွေ့ရလေ့မရှိပေမယ့် လင်းတို့အိမ်နားမှာဆိုသော အသိနဲ့ ရင်ခုန်ရသော ခံစားချက်ကတော့ ဘာနဲ့မှမတူ။

လင်း သူ့ကို သံယောဇဉ်ရှိမှန်းတော့ သိပါသည်။ အကဲခတ်လို့လည်း ရပါသည်။ သို့သော် လင်းဟာ ဘယ်လိုအတွေးအခေါ်တွေနဲ့ ဒေါက်တာထိပ်ခေါင်ကို ရွေးချယ်မို့ ဆုံးဖြတ်ခဲ့သလဲဆိုတာ စဉ်းစားမရခဲ့ပါ။

တစ်ရက်မှာတော့ အဆက်အသွယ် မလုပ်ဖြစ်တာ ကြာပြီဖြစ်သော ဖေဖေ့ထံမှ ဖုန်းဝင်လာသည်။ ဖေဖေ့ဖုန်းမို့ နားထောင်လိုက်လျှင် ...

"သား ... အားရင် အိမ်ခဏလာခဲ့ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့အိမ်မှာ ဟိုမိန်းမရှိနေ၍ မသွားချင်။ ဒါကြောင့် မရောက်တာ တော်တော်ကြာသွားခြင်းဖြစ်သည်။

“ဖေဖေ ပြောစရာရှိရင် ဖုန်းထဲမှာပြောပါလား၊ ကျွန်တော် မလာချင်ဘူး”

“ဘာဖြစ်လို့လဲ”

“မလာချင်ဘူး ဖေဖေရာ”

“ဒါဆို ဖေဖေနဲ့ ဘယ်မှာတွေ့ချင်လဲ”

“ဖေဖေ ဘာအရေးတကြီး ပြောစရာရှိနေလို့ ခေါ်တာလဲ”

“အရေးကြီးတယ်ရယ် မဟုတ်ပါဘူး။ သားကိုမတွေ့တာ ကြာပြီမို့လို့ပါ”

ဒီလိုပြောတော့ သီပေါ ရင်ထဲမှာ စိတ်မကောင်းဖြစ်သွားပါသည်။ အဖေနဲ့သားပေမယ့် ရင်းနှီးမှုမရှိ၊ နွေးထွေးမှုမရှိ။ အရင်က တစ်လတစ်ခါလောက် တွေ့ပေမယ့် အခုဆို မတွေ့တာ တော်တော်ကြာသွားပြီ။

“ဒါဆို ဖေဖေ ဘယ်မှာဆုံချင်လဲ”

“မနက်ဖြန်နေ့ခင်း နှစ်နာရီလောက်ကွာ ဆာကူရာတာဝါ အပေါ်ထပ်ကဆိုင်ကို လာခဲ့လေ”

“ဟုတ်ကဲ့ ... ကျွန်တော် လာခဲ့မယ်”





“အေး ... အေး ... ကောင်းပြီ သား။ ဖေဖေ ဖုန်းချပြီနော်”

ဖုန်းပြောပြီးသောအခါ သီပေါခေါင်းထဲမှာ ဖေဖေ့အကြောင်းတွေ တွေးမိပြန်သည်။ နောက်နေ့ကျ ဖေဖေနဲ့ ချိန်းထားသောဆိုင်ကို ရောက်ခဲ့ပါသည်။ သူ ထင်မှတ်မထားပါပဲ ဖေဖေက အရင်ကြိုရောက်နေသည်။ သီပေါ ရောက်လာတာတောင် နှစ်နာရီ မထိုးသေး။ ဖေဖေက ကြိုရောက်နေသည်မို့ ဘယ်အချိန်ထဲကများ လာစောင့်နေသည်မသိ။

“သားကို ကြည့်ရတာကွာ၊ မှန်တေတေနဲ့ ဘာဖြစ်နေလဲ”

“မမှန်တေပါဘူး”

“ကောင်မလေးနဲ့ ကွဲသွားတော့ သားတော့ လိမ့်နေအောင် ခံစားရမယ်ဆိုတာ ဖေဖေ မှန်းမိပါတယ်”

သီပေါ အဖေဖြစ်သူကို ကြောင်ငေးကြည့်နေမိသည်။ ရောက်ရောက်ချင်းပြောသော ဖေဖေ့စကားတွေကြောင့် လင်းကိုတောင် သတိရသွားမိပါသည်။

“ဖေဖေပြောမယ်ဆိုတာ အဲဒီစကားတွေလား”

“အဲဒါတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ မင်းကောင်မလေး စေ့စပ်တဲ့သတင်းကိုတွေ့တော့ ဖေဖေ သားဆီဖုန်းဆက်မေး



www.burmeseclassic.com

www.burmeseclassic.com



ချင်သွားတာ အရမ်းပဲ။ ဒါပေမဲ့ သား ရက်သွားမယ်ဆိုပြီး တွေးမိလို့ ဖုန်းမဆက်ဖြစ်ပါဘူး။ ခုတော့ တစ်လကျော်လောက်ကြာပြီမို့ နည်းနည်း အနည်ထိုင်ရောပေါ့ဆိုပြီး"

ဖေဖေ ဆက်မပြောပါ။ သီပေါကို ကရုဏာသက်သလိုသာ စိုက်ကြည့်ပြီး ငြိမ်နေပါသည်။ သီပေါ ရင်ထဲမှာတော့ အနည်မထိုင်ပါဘူး၊ ဘယ်တော့မှ အနည်ထိုင်မှာ မဟုတ်ဘူးဟု အော်ဟစ်နေမိသည်။

"သားတို့ တစ်ယောက်နဲ့တစ်ယောက် တော်တော်ချစ်ကြရဲ့ သားနဲ့ ဘာဖြစ်ကြတာလဲ"

"ဖေဖေ ... အဲဒီအကြောင်းတစ်ခုတည်း ပြောမှာဆိုရင် ကျွန်တော် ပြန်တော့မယ်"

"ဟာ ... ဟော့ ... ဟော့ကောင်၊ မပြန်ပါနဲ့ကွာ မင်းကလည်း။ ငါ အဲဒီအကြောင်းပဲပြောမှာ မဟုတ်ပါဘူး။ တခြားအကြောင်းပါ။ ဒါပေမဲ့ ငါ ပြောချင်တဲ့ အကြောင်းအရာက အဲဒီအကြောင်းအရာကနေ အစချီပြီး ဖြစ်လာတာမို့ ပြောနေတာပါ"

သီပေါ ထရပ်တော့မလို ပြင်ပြီးမှ ပြန်ထိုင်ချလိုက်ပါသည်။

"ဖေဖေ ဘာပြောချင်တာလဲ"





"ဒီလိုပါကွာ၊ ဖေဖေလည်း တခြားအိမ်ထောင်တစ်ခု ခွဲသွားပြီဆိုတော့ သားအပေါ် မမျှမတ ဖြစ်မှာလည်း စိုးရိမ်မိတယ်။ သားကို ကြည်လင်လင်းနဲ့ တွဲတွေ့ကတည်းက ဖေဖေတို့ ဧည့်ခံပွဲလုပ်တဲ့ညကတည်းကပေါ့ ဖေဖေ့ခေါင်းထဲမှာ အစီအစဉ်ရှိခဲ့တာပါ။ အခုတော့ သားက သူနဲ့ကွဲသွားတော့ မထင်မှတ်တာတွေ ဖြစ်လာပေမယ့် ဖေဖေ့အစီအစဉ်ကတော့ မပြောင်းပါဘူး"

ရုပ်ရှင်မင်းသားကြီး ထက်မြက်မို့ လူတချို့ကွက်ကြည့် ကွက်ကြည့် လုပ်တာကို သီပေါ မနှစ်မြို့လှသောကြောင့် ဖေဖေနဲ့ တွေ့ဆုံခြင်းကို မြန်မြန်အပြီးသတ်လိုလှသည်။ အရင်ကဆို ဖေဖေ့အိမ်,သာ အသွားများခဲ့ပြီး ဆိုင်တွေဘာတွေ အတူသိပ်ထိုင်သဖြင့် ဒီလိုလူကြည့်မခံခဲ့ရ။ ခုတော့ သီပေါ တော်တော်ကို အနေကျဉ်းကျပ်နေသည်။ ဖေဖေက အသက်ငါးဆယ်နီးပါးဆိုပေမယ့် ခုထိ ချောမောတောင့်တင်းတုန်း။ အမျိုးသမီးပရိသတ် ခိုင်မာတုန်း။ အသက်ကြီးပေမယ့် ခုထိ အဖေခန်းသိပ်မရိုက်ရဘဲ အစ်ကိုအကြီးဆုံးအခန်းတို့၊ အငယ်မင်းသမီးတွေနဲ့ဆို "သမီးရဲ့ဦး" ဇာတ်လမ်းတို့တောင် ရိုက်ရဆဲဟု ကြားသိနေရသည်။ ဒါကြောင့် ဦးဦးကတော့ ...



www.burmeseclassic.com

www.burmeseclassic.com



"မင်း စွံတယ်ဆိုတာ မင်းအဖေကို မမီသေးပါဘူး သီပေါ
ရာ"

ဟုတောင် ပြောယူရသည်။

"ဖေဖေ့အစီအစဉ်က ဘာလဲ"

"သားကို အမွေခွဲပေးမှာလေ"

"ဟာ ... မလိုပါဘူး"

"မလိုဘူး မဟုတ်ဘူး လိုတယ်။ အကယ်၍ သားလည်း တစ်နေ့ အိမ်ထောင်ရှိလာခဲ့ရင် ဒီလိုအခြေအနေမျိုးနဲ့ ကျေနပ်မနေသင့်ဘူး။ မိသားစုဘ၀ တိုးတက်အောင် အရင်း အနှီးများများရှိဖို့ လိုတယ်။ ဖေဖေ သားကိုပေးချင်တယ်။ မတရား မလုပ်ချင်ဘူး။ ဖေဖေ ရှာထားတဲ့ပိုက်ဆံတွေ သားရဲ့ generation ဂျန်နရေးရှင်းမှာလည်း ခံစားခွင့်ရှိစေ ချင်တယ်"

"ဖေဖေ့ပိုက်ဆံ ဖေဖေပဲ သိမ်းထားပါ၊ ကျွန်တော်မလိုချင် ဘူး"

"ဖေဖေ့ပိုက်ဆံလို့ မပြောပါနဲ့။ သားနဲ့လည်း ဆိုင်ပါတယ် ကွာ"

"ဖေဖေ အခုလိုခွဲပေးတော့ ဖေဖေ့မိန်းမက ကျေနပ်မှာ လား"





"သူ ကျေနပ်နပ်၊ မကျေနပ်နပ် သူ ဘာမှဝင်ပြောခွင့်မရှိ ဘူး။ အခုရှိတဲ့ စည်းစိမ်ဥစ္စာတွေက သူနဲ့မဆိုင်ခင်ကတည်း က ဖေဖေ့မှာ ရှိခဲ့တာတွေလေ။ သူ ဘာမှဝင်ပြောခွင့်မရှိ ဘူး။ ဖေဖေ ရှေ့နေနဲ့လည်း တိုင်ပင်ပြီးပြီ။ ဖေဖေ ခွဲဝေ ပေးမယ့်အမွေဟာ သူနဲ့မယူခင်ကာလက ဖေဖေ့မှာရှိခဲ့တဲ့ ပမာဏထဲက ခွဲဝေပေးမှာ။ ဒီတော့ ဘာမှတရားမမျှတ တာလဲ မရှိဘူး"

သီပေါမှာ ဖေဖေ့စေတနာနဲ့ မေတ္တာကို နားလည် ...က်သည်မို့ အတင်းအကျပ် ငြင်းမနေတော့ဘဲ ...

"ဖေဖေ့သဘောပဲ၊ လုပ်ချင်တာလုပ်ပါ။ ကျွန်တော့်စိတ်ထဲ မှာ ဒါတွေကို မက်လည်းမမက်မောဘူး။ ဖေဖေ မပေးရင် လည်း စိတ်မဆိုးဘူး။ အခုလောက် နေထိုင်စားသောက် နိုင်တဲ့ အခြေအနေကိုလည်း ကျေနပ်တယ်"

ဟူ၍သာ ပြောလိုက်ပါသည်။

ဖေဖေက ဝမ်းသာသွားသလိုဟန်ဖြင့် သီပေါ၏လက် ...င်းတစ်ဖက်ကို ဖွဖွပုတ်လိုက်သည်။

"ဒါနဲ့ မင်းကသာ မပြောစေချင်ပေမယ့် ဖေဖေ့ပြောတော့ ပြောရဦးမယ်ကွာ၊ မင်း,ကောင်မလေးအကြောင်းပါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ ဘာဖြစ်လို့ ဒါကို ခဏခဏ ဆွဲနေတာလဲ"

"ဆွဲတာတော့ မဟုတ်ပါဘူး။ ဖေဖေ ခုတလော သွေးနည်းနည်းတိုးနေလို့ အထူးကုတစ်ယောက်နဲ့ သွားပြနေတော့ အဆက်အစပ်ရှိပြီး သိလာလို့ပါ"

သီပေါ ဘာမှမတုံ့ပြန်တော့ဘဲ ခါးဆိမ့်သော Mocha မိုခါကော်ဖီကိုသာ ခပ်မြန်မြန်ကုန်အောင် သောက်ချပစ်လိုက်သည်။ ကော်ဖီမြန်မြန်ကုန်မှ ဖေဖေနဲ့စကားဖြတ်ပြီး သွားလို့ရမှာ။ ဒါ လင်းနဲ့ပတ်သက်ပြီး ဖေဖေ စပ်စုတာတွေ မကြားရတော့မှာ။

"ဒေါက်တာဦးကျော်ခေါင် ဆိုတာ ကြည်လင်လင်းရဲ့ဖေဖေ ထားသူနဲ့ ဦးလေး တော်တယ် မဟုတ်လား"

"ကျွန်တော် အဲဒီအမျိုးဘက်ကို သေသေချာချာမသိဘူး အမှန်အတိုင်း ပြောတာ။ 'ခေါင်'နာမည်တွေပါရင် သူ့ မှန်းတော့ သိတယ်။ ဒါပေမဲ့ ဘယ်လိုတော်သလဲ ဆိုတာ တော့ မသိဘူး"

"ဦးလေး တော်တာပါကွာ၊ ငါ့ကို သူ စမ်းသပ်ပြီး ဆေး ရေးပေးနေတုန်း သူ့မိုဘိုင်းလ်ဖုန်း မြည်တော့ ဖုန်းကိုင်ပြီး စကားပြောတယ်။ ဦးလေးနဲ့တူ စကားပြောပုံမျိုးပါ။ ခဏပြောပြီး ဖေဖေ့ကိုတောင် သူ့တူအကြောင်း ကြွားလိုက် သေးတယ်။ သူ့တူက လက်ထပ်ပြီးတာနဲ့ လန်ဒန်





ပညာတော်သင်သွားမှာတဲ့။ ဆာဂျင်လုပ်မှာတဲ့။ သူ့တူယူမယ့် မိန်းကလေးဘက်ကတော့ ဆရာဝန်မျိုးရိုး မဟုတ်ပေမယ့် မိန်းကလေးကတော့ သူ့တူလိုပဲ ဆရာဝန်တစ်ယောက်မို့ ကျေနပ်တယ်တဲ့။ အဲဒီဒေါက်တာက အထူးကုထဲမှာတော့ တော်တော်ရှားတဲ့ ဒေါက်တာပဲကွ။ လူနာနဲ့ အေးအေးလူလူ စကားပြောလိုက်သေးတယ်။ ပြီးတော့ အထူးကုဆရာဝန်ကြီးပေမယ့် ငါ့ရုပ်ရှင်တွေ ဗီဒီယိုတွေရဲ့ ပရိသတ်တစ်ယောက်ကွ။ သူ့တူရဲ့မင်္ဂလာဆောင်ကိုတောင် ဖိတ်မယ်လို့ ပြောလိုက်သေးတယ်"

ဘာမှမဆိုင်တာတွေ လျှောက်ပြောနေသော ဖေဖေ့ကို သီပေါ စိတ်ကွက်မနေတော့ဘဲ နှုတ်ဆက်ပြီး ထပြန်တော့မို့ ဆုံးဖြတ်လိုက်ပါသည်။

"ဖေဖေ ... ကျွန်တော် သွားတော့မယ်"

"အေးပါ ... သွားရမှာပါ။ ဖေဖေ ပြောချင်တာကကွာ မင်းကောင်မလေးက ဟိုဘက်က ပညာတတ်အသိုင်းအဝိုင်းကို အထင်ကြီးပြီး မင်းကိုမရွေးတာများလားလို့ ဖေဖေ တွေးမိလို့ပါ။ တကယ်တော့ ဖေဖေလည်း ဆရာဝန်လိုင်းဝင်ရဲ့သားနဲ့ ဝါသနာမပါလို့ ရိုးရိုးဘွဲ့ယူပြီး မင်းသားလုပ်ခဲ့တာပါကွာ။ မင်းလည်း ဆယ်တန်းအောင်တုန်းက အောလ်



www.burmeseclassic.com

www.burmeseclassic.com



ဒီပါခဲ့တာပဲ။ ဆရာဝန်မလုပ်ချင်လို့ မင်းသဘောနဲ့မင်း ကွန်ပျူတာင်းဘက် ယူလိုက်တာပါ။ ဒီတော့ ငါတို့သားအဖ တွေကလည်း ဘာဏ်ရည်မနိမ့်ပါဘူး။ ဒါကို သူ မတွေးမိ ဘူးထင်တယ်"

သီပေါ ဖေဖေ့ကို လက်ပြပြီး အသာထွက်လာခဲ့ပါသည်။ တကယ်တော့ လင်းဟာ ဒေါက်တာထိပ်ခေါင်တို့ဘက်ကို အထင်ကြီးပြီး ရွေးခဲ့တာ ဖြစ်သလို သီပေါမိဘတွေရဲ့အိမ်ထောင်ရေးအရှုပ်အထွေးတွေကို မကြိုက်လို့ သီပေါကို ရှောင်ခဲ့တာလည်း ဖြစ်ကြောင်း သူကိုယ်တိုင် သုံးသပ်မိပါသည်။

ဖေဖေ့ကို ဒါ[illegible]ထောက်ပြပြီး ပြောလိုက်လျှင်တော့ ဖေဖေ တော်တော့ကို သီပေါအတွက် စိတ်မကောင်းဖြစ်သွားနိုင်တာကြောင့် ပြောပြမနေတော့လိုတာဖြစ်သည်။ သီပေါကိုယ်တိုင်သာ ခံစားနားလည်နိုင်သော လင်းရဲ့မျက်လုံးတွေထဲကအချစ်ဟာ ဘယ်တော့မှ အရာမထင်နိုင်တော့ဘူးဆိုတာ လက်ခံနိုင်ရပါမည်။

လင်းသည် သူမရဲ့ဘဝကို အချစ်နဲ့မတည်ဆောက်လိုခဲ့ပဲ ဦးနှောက်ကိုသာသုံးပြီး တည်ဆောက်လိုသော မိန်းကလေးဖြစ်ကြောင်း သီပေါ ကောင်းကောင်းနားလည်သွားလေပြီ။ ဒါကြောင့် လင်းကို သီပေါကိုယ်တိုင်ပဲ အဆက်အသွယ်ဖြတ်ပါသည်။ လင်း





ကို ကြာကြာမတွေ့ရလေလေ သံယောဇဉ်ပိုပြတ်နိုင်လေလေများဖြစ်လာမလားဆိုသော စိတ်ကူးနဲ့ ဝေးဝေးနေလိုက်တော့တာပါ လင်းရယ်။ လင်း မပေးချင်တာကို ယူဖို့လည်း စိတ်မကူးတော့ပါဘူး။

❄ ❤ ❄



www.burmeseclassic.com

www.burmeseclassic.com



## ၁၅

"လင်းကို ကိုယ်မေးရဦးမယ်"

ဒေါက်တာထိပ်ခေါင်က ချိုတုံချတုံ အမူအရာမျိုးနဲ့ စကားစလိုက်ပါသည်။ လင်းကတော့ မင်္ဂလာဖိတ်စာ ဒီဇိုင်းတွေကို စိတ်ဝင်စားဟန်ပြပြီး လှန်လှောကြည့်ရှုနေဆဲဖြစ်သည်။ တကယ်တော့ လင်း မျက်လုံးထဲမှာ ဘာမှမမြင်လှဘဲ ဝတ်ကျေတမ်းကျေ ကြည့်ရသလို ဖြစ်နေမှန်း ကိုယ့်ဘာသာပဲ သိပါသည်။

"သီပေါဟာ (......)အိမ်ရာ ကွန်ဒိုမှာ နေတာလား"

လင်း ဆတ်ခနဲ မော့ကြည့်လိုက်မိပါသည်။

"ဘာဖြစ်လို့ မေးတာလဲ ကိုခေါင်"

"ကိုယ်မေးတာ ဟုတ်လား၊ မဟုတ်လား ဖြေပါဦး လင်းရဲ့"





ဒေါက်တာထိပ်ခေါင်အသံက ခနဲ့သလိုလိုဖြင့် ခပ်ဆတ်ဆတ်လေး ပြန်ပြောလိုက်ကြောင်း လင်း သတိထားမိသည်။ ဘာများလဲ။ ဘာပြဿနာရှိလို့ သီပေါ အဲဒီမှာနေ,မနေ မေးရသလဲ။

"သီပေါ အဲဒီမှာနေပါတယ်၊ ကိုခေါင်လည်း ဒါကိုသေသေချာချာ သိနေလို့ မေးတာပဲ မဟုတ်လား"

"လင်းကို ကိုယ်မိတ်ဆက်ပေးဖူးတဲ့ ကိုယ့်အစ်ကိုဝမ်းကွဲလင်မယားဟာ အဲဒီကွန်ဒိုမှာ နေကြတယ်၊ ဒေါက်တာဝင်းခေါင်တို့ လင်မယားလေ။ လင်း မှတ်မိလား"

စေ့စပ်ပွဲတုန်းက ဟိုဆွေမျိုး၊ ဒီဆွေမျိုး အနုမှတွေ့ကြပြီး မိတ်ဆက်ပေးကြရသဖြင့် လင်းမှာသိပ်မမှတ်မိသလို ဖြစ်နေသည်။

"လင်း သိပ်တော့ မမှတ်မိဘူး။ အဲဒီတုန်းက လူလည်းများတော့ အကုန်ရောထွေးကုန်တယ်၊ လူကြီးတွေလောက်ပဲ သေသေချာချာ မှတ်ထားမိတယ်။ ဥပမာ အရေးကြီးတဲ့ ဦးလေးတို့ အဒေါ်တို့လောက်ပေါ့။ ကျန်တဲ့ဝမ်းကွဲ ဘာညာတော့ နောက်မှပဲ တွေ့ပါမြင်ပါများပြီး မှတ်မိမယ်ထင်တယ်"

"အေးလေ ... ထားပါတော့၊ သူတို့ကတော့ လင်းကို ကိုယ့်ရဲ့လင်းမှန်း မသိရခင်ကတည်းက မြင်ဖူးတယ်တဲ့"

လင်းမှာ ဘာကိုဆိုလိုမှန်းမသိ ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူတို့က သီပေါနဲ့ ကပ်ရပ်အခန်းမှာ နေကြတာ၊ အဲဒီမှာ လင်း ဝင်ထွက်သွားလာဖူးတယ်ပေါ့၊ ကောင်လေးတစ်ယောက်တည်း နေတဲ့အခန်းမှာ တစ်နေကုန် လာနေတယ်။ အတူတူ အပြင်ထွက်သွားလိုက်၊ ပြန်လာလိုက်တွဲတွေ့ရဖူးတယ် ပြောလာတော့။ ကဲ ... လင်းရေ၊ ကိုယ်ဘယ်လိုရှင်းရမလဲ။ လင်း ကိုယ့်ကိုမပြောပြဘဲ ထိမ်ချန်ခဲ့ဖူးတာအတွက် ကိုယ် ဘယ်လောက် Shock (ရှော့ခ်)ရသွားတယ် ထင်လဲ။ ကိုယ် တော်တော်လည်း ရှက်သွားတယ်။ လူမှားတာ ဖြစ်မှာပါလို့ ကိုယ်အတိုက်အခံပြောပြီး ငြင်းခဲ့ရတယ်"

ဒေါက်တာထိပ်ခေါင် အသံမှာ တုန်ယင်နေသည်။ သူ့စိတ်ထဲမှာ ရှက်တာရော၊ အလိမ်ခံရသည့်အတွက် ခံပြင်းတာရော၊ လင်း၏ဖုံးကွယ်မှုတွေ သိရသည့်အတွက် မကျေနပ်တာရော ပေါင်းပြီး ပေါက်ကွဲပစ်ချင်နေကြောင်း လင်း ရိပ်မိလိုက်ပါသည်။ လင်းသည် မထင်မှတ်ဘဲ ဖြစ်လာသော အခြေအနေကို ဖုံးကွယ်လိမ်ညာဖို့တော့ စိတ်ကူးမရှိပေ။ လင်း အမှန်အတိုင်းပြောပြီး မရှင်းပြရဲစရာ ဘာမှမရှိဟု ကိုယ့်ကိုယ်ကိုယ် ယုံကြည်ပါသည်။

လင်း သီပေါနေမကောင်းတဲ့ရက် (မှတ်မှတ်ရရ သုံးရက်လောက်)မှာတော့ သီပေါထံ နေ့စဉ်မပြတ် သွားကြည့်ဖူးပါသည်။ အဲဒီတုန်းက သီပေါအခန်းက အဝင်အထွက်မှာ ဘေးခန်းကလည်း ဝင်တာထွက်တာ၊ ဓာတ်လှေကားမှာ ဆုံတာတွေတော့ နှစ်ခါလား ဆုံဖူးတာ မှတ်မိသည်။ လင်းမှာ ကိုယ့်အာရုံနဲ့ကိုယ်မို့ ထိုသူတို့ကို သေသေချာချာတောင် မကြည့်ဖြစ်ခဲ့ပါ။

"သူတို့က အဲဒီတုန်းကတော့ ဘေးခန်းက ကောင်လေးရဲ့ ရည်းစား ကောင်မလေးပဲလို့ သိပြီး အမှတ်မထင် ကြည့်မိတာပါတဲ့။ အခုမှ ကိုယ်နဲ့ပတ်သက်တဲ့ မိန်းကလေး ဖြစ်နေတော့ အံ့သြပြီး ..."

"မင်းတော့ ခံလိုက်ရပြီထင်တယ်လို့ သတိပေးတာပဲပေါ့"

ဒေါက်တာထိပ်ခေါင် စကားမဆုံးခင် လင်း ဖြတ်ပြီး ပြောလိုက်သည်။ ဘာတွေပြောကြဆိုကြမလဲဆိုတာ လင်းခန့်မှန်းမိပါသည်။ ဟော့ကောင် ... မင်း ယူမယ့်ကောင်မလေးက သူလား၊ ငါဖြင့် အံ့သြတယ်ကွာ၊ သူက ငါတို့ဘေးခန်းက ကောင်လေးနဲ့တွဲနေတာကွ။ ကောင်လေးအိမ်မှာတောင် လာနေတာတွေ့ဖူးတယ်။ မင်း ကြည့်လည်းလုပ်ဦး။ ကွယ်ရာမှာ ရှုပ်ချင်တိုင်းရှုပ်ထားပြီး မင်းကိုတော့ အပိုင်ဖမ်းလိုက်တာ ဖြစ်နေဦးမယ်။ လင်း စိတ်ထဲမှာ သူတို့ဝမ်းကွဲညီအစ်ကိုချင်း ပြောကြဆိုကြမယ့် စကားတွေကို ကြားယောင်ကြည့်လိုက်မိပါသည်။ သူတို့အမြင်မှာတော့ လင်းရဲ့သိက္ခာဟာ မြောင်းထဲရောက်လောက်ပင် ကျဆင်းနေမှာ သေချာသည်။

www.burmeseclassic.com



"အဲဒီသဘောတော့ မဟုတ်ပါဘူး။ မင်း သေသေချာချာ မေးကြည့်ဖို့တော့ လိုတယ်လို့ ပြောတယ်။ လင်းပုံစံကို ကြည့်ပြီးတော့ လင်းရဲ့သိက္ခာကိုလည်း အထင်မသေးပါဘူးတဲ့"

"ကိုခေါင်ကရော"

"ကိုယ်က အင်း ... ကိုယ်ကတော့ လင်း သီပေါအပေါ်တော်တော်လေး သံယောဇဉ်ရှိတာကိုတော့ အကဲခတ်မိတယ်လေ။ အဲဒီရက်ပိုင်းတွေတုန်းက လင်း သူနဲ့ရှိခဲ့တာ ကိုယ့်ကို ဘာကြောင့်မပြောလဲလို့ စဉ်းစားမရ ဖြစ်ခဲ့တယ်"

"အဲဒါအပြင် ကိုခေါင့်မှာ တခြားသံသယလည်း ရှိခဲ့ပါတယ်၊ ဟုတ်တယ် မဟုတ်လား"

"လင်း ... ကိုယ် အဲဒီအတွက် အချေအတင်စကားပြောရတာ မဖြစ်ချင်ဘူး။ ပြဿနာကို အေးအေးဆေးဆေးလေးနဲ့ပဲ ပြီးစေချင်တယ်၊ ကိုယ် လင်းကိုလည်း ယုံပါတယ်။ အကြောင်းတစ်စုံတစ်ရာရှိလို့ လင်း သီပေါဆီရောက်ခဲ့တယ်လို့ ထင်ပါတယ်။ ဒါပေမဲ့ ကိုယ့်ကို အသိမပေးဘဲ ထိမ်ချန်ထားတာတော့ မကောင်းဘူးလို့ ထင်တယ်လေ"





"ထိမ်ချန်ထားတာနဲ့ လင်းပြောပြလိုက်တာ။ အဲဒီနှစ်ခုမှာ ကိုခေါင့်အတွက် ဘယ်ဟာ ပိုကောင်းမလဲ။ အကယ်၍သာ ကိုခေါင်ဟာ ဒီအကြောင်းကို တစ်ယောက်ယောက်ဆီက မသိခဲ့ရင် ကိုခေါင်လည်း မသိခဲ့ရရင် ပိုမကောင်းဘူးလား"

ဒေါက်တာထိပ်ခေါင် သက်ပြင်းအသာချပါသည်။

လင်း အတိုက်အခံ ပြောမနေချင်တာနဲ့ပဲ ...

"အဲဒီရက်ပိုင်းတုန်းက ဒဏ်ရာတချို့ကြောင့် သီပေါ အရေးပေါ်ကို ရောက်ခဲ့တယ်။ ချုပ်တန်တာ ချုပ်ပေးပြီး ကုသခဲ့ပြီး အိမ်ပြန်ရတယ်။ ညကျ အနာတွေကြောင့်ဖျားပြီး လင်းဆီဖုန်းဆက်မေးတယ်။ သူ့မှာ ဘာဆေးမှမရှိဘူး။ ဆေးရုံကရေးပေးလိုက်တဲ့ ဆေးတွေလည်းမဝယ်ဘူး။ ဒီတော့ လင်း မနက်အစောကြီးထပြီး သူ့ဆီသွားရတယ်။ ဆေးဝယ်ပြီး သက်သာအောင် ဆေးတိုက်ရတယ်။ အဲဒီနေ့မှာ ဘေးခန်းက အစ်မကြီးတစ်ယောက် အဲဒီတုန်းကတော့ ကိုခေါင်နဲ့ပတ်သက်မှန်းမသိတဲ့သူ ဈေးဝယ်ထွက်တာကို ဓာတ်လှေကားအဝင်အထွက်မှာ ဆုံပါတယ်။ ယောက်ျားလေးတစ်ယောက်ရှိတဲ့အခန်းထဲက မနက်အစောကြီး ပြန်ထွက်လာတဲ့ မိန်းကလေးကို သူ့အနေနဲ့ အတွေးတစ်မျိုးနဲ့ ကြည့်ခဲ့တယ်ဆိုတာ လင်း ခန့်မှန်းမိပါတယ်။ နောက်နှစ်ရက်

www.burmeseclassic.com



လောက် သူ ကောင်းကောင်းနေမကောင်းသေးတဲ့အတွက် လင်း သူ့ကို ထမင်းဟင်းသွားပို့ပေးတယ်။ တစ်ရက်ကျတော့ သူက ညနေစာကြေးအိုးသောက်မယ် ဆိုလို့ အပြင်ကို အတူထွက်ဖြစ်တော့ ကိုခေါင်ရဲ့အစ်ကိုဝမ်းကွဲလို့ မသိရသေးတဲ့လူနဲ့ သူ့မိန်းမကို အိမ်တံခါးဖွင့်နေတာနဲ့ ဆုံတယ်။ သူ့မိန်းမအနေနဲ့ လင်းကို ဒုတိယအကြိမ် ဆုံတာမို့ မထူးခြားပေမယ့် အဲဒီလူကတော့ လင်းတို့ကို အကဲခတ်ပြီးကြည့်လိုက်တယ်ဆိုတာ လင်း မှတ်မိပါတယ်။ ဒါပေမဲ့ လင်းကတော့ သူ့စိမ်းတွေကို သေသေချာချာ မကြည့်မိခဲ့ဘူး။ ဒါကြောင့် စေ့စပ်ပွဲမှာမိတ်ဆက်ပေးတော့လည်း မမှတ်မိဘူး"

လင်း အစအဆုံးကို အမှန်အတိုင်းပင် ဖွင့်ပြောပြီး ရှင်းပြလိုက်သည်။ အဲဒီလို ရှင်းပြနေချိန်မှာတော့ လင်းရင်ထဲတွင် စိုးရိမ်ကြောင့်ကြမှုတွေလည်း ရှိမနေ။ ကိုခေါင် ငါ့ကိုအထင်လွှဲနေပြီ၊ သူ အထင်မလွှဲအောင် သေသေချာချာ ပြောပြမှ ဖြစ်မယ် ဆိုတဲ့အတွေးမျိုးလည်းမရှိ။ သူနဲ့ငါ စေ့စပ်ထားတာမို့ ဒါဟာ ပြဿနာအကြီးအကျယ် ဖြစ်လာနိုင်ပြီး နားလည်မှု လွှဲသွားနိုင်တယ်ဆိုသော နောင်တရခြင်းမျိုးလည်း မရှိတော့ချေ။ လင်း ရင်ထဲမှာ အားလုံး ရှင်းလင်းပေါ့ပါးလျက် ကိုခေါင် ကျေနပ်သည်ဆုံးဖြတ်တာကိုသာ လိုချင်နေမိတော့သည်။



"လင်းနဲ့ သူက ဘာကြောင့် ရည်းစားမဖြစ်ခဲ့ကြတာလဲ"

ဒေါက်တာထိပ်ခေါင်က မဆိုင်တာကို မေးလိုက်သဖြင့် လင်း ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားပါသည်။ လင်းမှာဘာကယ်တော့ အဖြေမရှိချေ။ လင်း သူ့ကိုဘာကြောင့် ပြန်မချစ်ခဲ့လဲ။ သူ ဖွင့်ပြောတော့ ဘာကြောင့် လင်း ငြင်းပစ်ခဲ့မိလဲ။ သူ့အချစ်ကို မယုံခဲ့တာလား။ ဒါမှမဟုတ် အိမ်ထောင်ရေး၊ လူမှုရေး အရှုပ်အရှင်းတွေများတဲ့ သူတို့မိသားစုကို မကြိုက်လို့လား။

"လင်း မပြောတတ်ဘူး"

"သိပေါက လင်းကို တော်တော်လွှမ်းမိုးနိုင်တာ ကိုယ်သိပါတယ်"

"ကိုခေါင် ဘာကိုမကျေမနပ်ဖြစ်နေလဲ။ ဖြစ်နေရင် ရှင်းရှင်းပြောလိုက်ပါ။ လင်းတို့ ဘာမှမလွန်ခင် ပြင်လို့ရသေးတယ်"

"ကိုယ် မပြင်ချင်ပါဘူး"

"ကိုခေါင် လင်းကိုယုံတယ်ပေါ့"

"ယုံတယ်လည်း မဟုတ်ဘူး၊ မယုံဘူးလည်း မဟုတ်ဘူး လင်း။ လင်းကို အကဲခတ်ရတာ ခက်နေတယ် ဆိုပါတော့။ လင်း ဘာကိုပိုလိုချင်မှန်း ကိုယ်မသိဘူး။ လင်း ကိုယ်တိုင်လည်း မသိသေးဘူးလို့ ထင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



လင်းကို ဝေဖန်လိုက်သော ဒေါက်တာထိပ်ခေါင်၏ စကားတွေက မှန်သဖြင့် လင်း မငြင်းပါ။

"လက်ထပ်ပြီးကြမှ ကိုယ်ရော လင်းရော မပျော်ရဘူး၊ စိတ်မချမ်းသာရဘူးဆိုတဲ့ အဖြစ်မျိုး ကိုယ် မကြုံချင်ဘူး၊ နှစ်ဖက်လုံးအတွက်လည်း မကောင်းဘူး။ ဘယ်သူ့ဘက်မှ မကောင်းတာကို မရချင်ဘူး"

"ဒီတော့ ကိုခေါင် ပြန်စဉ်းစားပါ။ လင်း ကိုခေါင့်ကိုခွင့် လွှတ်ပါတယ်။ နားလည်ပါတယ်။ လင်း မှားခဲ့တာတွေ ရှိမယ်။ လင်းအတွက်တော့ ကိုယ်လုပ်တာ မှန်တယ်ထင် ပေမယ့် ကိုခေါင့် အမြင်မှာ လင်းမှားနေတယ်လို့ ထင်တာ မျိုးတွေ ရှိရင်ရှိမယ်။ ကိုခေါင့်စိတ်ထဲမှာ ရှင်းသလိုသာ ဆက်လုပ်ပါ"

"ကိုယ် စိတ်မကောင်းပါဘူး လင်း။ တကယ်တော့ ကိုယ် ဒီလိုမဖြစ်ချင်ဘူး၊ ကိုယ်စိတ်တိုင်းကျ ရွေးချယ်ထားပြီးမှ"

"လင်းဟာ ကိုခေါင့်စိတ်ထဲမှာ သံသယဖြစ်စေတဲ့ မိန်းမ လေးပါ။ လင်း ကိုခေါင့်ကို စိတ်မဆိုးပါဘူး"

"မင်္ဂလာရက်ကို ရွှေ့ရုံလေးပါ၊ ကိုယ်တို့ ပြန်ညှိနိုင်မှာ တာပေါ့"





လင်းကတော့ အဲဒီမင်္ဂလာပွဲဟာ ဘယ်တော့မှဖြစ် လာမှာ မဟုတ်တော့ဘူးဆိုတာ စိတ်ထဲတွင် အလိုလိုသိနေပါသည်။ လင်းသည် အဲဒီအတွက်လည်း စိတ်မကောင်းတော့ ဖြစ်ရသည် ပင်။ လင်း ကိုယ်တိုင်လည်း နှစ်ဖက်စလုံး ကျေနပ်အဆင်ပြေစွာ ဆင်နွှဲရမယ့် မင်္ဂလာပွဲမျိုးကိုသာ မျှော်လင့်တောင့်တခဲ့တာဖြစ်သည်။ သို့သော် မထင်မှတ်သော ထောင့်တစ်နေရာကနေ လင်း၏ အမှား တစ်ခုကြောင့် ထိုမျှော်လင့်ချက်ကို ပျက်ပြယ်စေခဲ့ပြီတည်း။

❋ ❤ ❋



www.burmeseclassic.com

www.burmeseclassic.com



### ၁၆

(နောက်ခြောက်လကြာသောအခါ...)

လင်းသည် သတို့သမီးအလှပြင်ခန်းထဲ၌ ကိုယ်ပိုင်ကင်မရာလေးဖြင့် စိတ်ကြိုက်ဓာတ်ပုံရိုက်ယူနေပါသည်။ အဖြူနဲ့ မီးနီးလိုလို အရောင်နုလေး စပ်ထားသော ထိုင်မသိမ်းဝတ်စုံလေးနဲ့လှနေသည့် ငုဝါက လင်းကို ...

"နင့်ကင်မရာ သူများပေးပြီး ရိုက်နိုင်းလိုက်ပါဦး။ ငါတို့ သူငယ်ချင်းနှစ်ယောက် တွဲရိုက်ရဦးမယ်လေ"

"ဟုတ်တယ် ... ဟုတ်တယ်၊ ဒါ အပျိုဘဝနောက်ဆုံးပုံလေး။ အမှတ်တရ သိမ်းထားရမယ်"



လင်း၏ကင်မရာကို သတို့သမီးအရံကောင်မလေးလက်ထဲ လှမ်းထည့်ပြီး လင်းတို့သူငယ်ချင်းနှစ်ယောက်ပုံကို ရိုက်နိုင်းလိုက်ပါသည်။

"လင်း ... နင် ငါ့ကိုမြင်တော့ စိတ်မကောင်းဖြစ်နေလား။ ငါမေးတာ စိတ်မဆိုးနဲ့နော်"

ငုဝါက ခပ်တိုးတိုးလေး မေးပါသည်။

"စိတ်မဆိုးပါဘူး"

"နင်တို့ပွဲ ဖြစ်မလာသေးတော့ နင်စိတ်မကောင်းဖြစ်နေလားလို့ပါ"

"စိတ်မကောင်းလည်း မဖြစ်ဘူး။ ဘာမှလဲ မခံစားရဘူး။ ငါ့စိတ်ထဲမှာ တကယ့်ကို ဗလာဖြစ်နေတာ သိလား။ နင် ယုံချင်မှယုံမယ်"

"ဆရာက အခု ယူကေထွက်တော့မှာလား"

"ဒီရက်ပိုင်းအတွင်း ထွက်ရတော့မှာလေ။ စာမေးပွဲတွေက အောင်ပြီးနေပြီ"

"နင်တို့ ဆုံစပ်ထားတာကျတော့ရော"

"အဲဒါကို ဘယ်သူမှ စကားမဟဘူး။ သဘောက စပြီး ဖျက်သိမ်းချင်တဲ့သူက ဖျက်ခွင့်ရှိသလိုမျိုးပေါ့"

"နင် ဘယ်လိုလုပ်မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း မသိဘူးလေ။ ကိုခေါင့်ကိုလည်း စိတ်မဆိုးပါဘူး။ သူ လိုအပ်လာတဲ့တစ်နေ့ကျရင် ငါ့ဘက်ကသဘောတူပြီး ဖျက်သိမ်းပေးမှာပါ။ ငါ မညစ်ပါဘူး"

"ဒါနဲ့ သိပေါ့ရော"

လင်း ရင်ထဲ ဖျတ်ခနဲ ဖြစ်သွားပါသည်။ သူ လင်းဘဝထဲက ထွက်သွားတာ ကြာခဲ့ပြီကိုပဲ။

"မသိဘူး ... ဘာသတင်းမှ မကြားဘူး။ တွေ့လည်းမတွေ့တော့ဘူး"

"နင် သူ့ကို တကယ်ချစ်တာပဲ၊ သူ့ဆီသွားတွေ့သင့်တယ်"

"ငါ သူ့ကို တကယ်ချစ်တယ်လို့ နင် ဘယ်လိုလုပ်သိလဲ။ နင်နဲ့ ငါက သိပ်တောင်မဆုံကြဘဲနဲ့"

"မဆုံဖြစ်ပေမယ့် သိပေါ်နဲ့ပတ်သက်ရင် နင် သိပ်ကိုစိတ်လှုပ်ရှားတတ်တယ်ဆိုတာ ငါသိပါတယ်။ ဆယ်တန်းတည်းက နင် သူ့ကိုခိုးကြည့်ပြီး သဘောကျခဲ့တာ ငါမရိပ်မိဘူး ထင်လား။ သူ ဆယ်တန်းအောင်တုန်းက အောင်ဒီပါတော့ နင် ကျိတ်ဝမ်းသာနေတာ။ ကျိတ်မျှော်လင့်နေတာလေ။ ဆေးကျောင်းအတူတူတက်ရပြီဆိုပြီး၊ နောက်မှ သူက နိုင်ငံခြားထွက်သွားလို့ မဟုတ်လား။ အကယ်၍သာ သူ နင်နဲ့ကျောင်းအတူတူတက်ဖြစ်ခဲ့ရင် အခုလိုမျိုး ရှုပ်ထွေးတဲ့အကြောင်းအရာတွေ ဖြစ်လာစရာတောင် မရှိဘူး"





လင်း ငုဝါပြောတာ နားထောင်ပြီး လက်ခံရမလိုလို ဖြစ်သွားပါသည်။

"ကဲ ... ကဲ ... သတို့သမီး။ မင်္ဂလာဆောင်ကာနီးမှ သူများကို အောင်သွယ်ကောင်းမနေနဲ့။ ကိုယ့်ကိုယ်ကိုယ်လည်း ဂရုစိုက်ဦး။ ဒီပွဲမှာ အလှဆုံးဖြစ်နေရမှာ"

"ငါ တကယ်ပြောတာ၊ နင် သူ့ကိုတစ်ခေါက်လောက်တော့ သွားတွေ့သင့်တယ်"

လင်းမှာ ငုဝါပြောတဲ့စကားတွေကို တွေဝေသွားပါသည်။ သူ လက်ကမ်းခေါ်တုန်းကတော့ မသွားခဲ့ပဲ သူ့မခေါ်တော့တဲ့အချိန်ကျမှ သွားတာဟာ ကောင်းပါ့မလား။ ဒီဘက်မှာ အဆင်မပြေဖြစ်တော့မှ သူ့ဘက်ပြန်ပြေးကပ်တာဟာ တရားမျှတပါ့မလား။ သူ ကျေနပ်နိုင်ပါ့မလား။ လင်း များစွာတွေဝေနေရပါသည်။

မင်္ဂလာပွဲပြီးတော့ ညနေပိုင်း ညစာစားပွဲမှာလည်း ငုဝါက ဒါကိုပဲ ထပ်ပြောပြန်သည်။

"သိပ်စဉ်းစားမနေပါနဲ့ လင်းရာ။ နင် စပြီးဖုန်းဆက်ချင်နေရင်လည်း ဆက်လိုက်တော့ပေါ့၊ တစ်ခါတလေကျ စဉ်းစားနေတာတွေများရင် အရာရာဟာ နောက်ကျသွားတတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com

လင်း ငုဝါကို မျက်စောင်းထိုးမိလျက် ...

"နင် ဘယ်လိုများ ဖြစ်နေတာလဲ၊ ကိုယ့်မင်္ဂလာပွဲကိုယ် အပြည့်အဝ မပျော်နိုင်ဘဲ ငါ့အကြောင်းပဲ ခေါင်းထဲထည့်နေတာလား"

"နင် ခုလိုလေး တစ်ယောက်တည်းထိုင်နေတာမြင်တိုင်း သိပေါ်ကို သတိရသွားလို့ပါ။ တကယ်ဆို နင်တို့တွဲပြီး တော့တောင် ငါ့ပွဲကို လာရမှာလေ"

"နင်မှ သူ့ကိုမဖိတ်တာ"

"ဟင် ... ဘာရယ်"

"နင် ဖိတ်မှမဖိတ်တာကို"

"ဩော် ... ဩော် ... ဟုတ်သားပဲလေ၊ ငါကမေ့ပြီးမဖိတ် မိတာပါ။ တကယ်တော့ ငါ ဖိတ်လိုက်လို့ သူလာရင် နင်တို့ ပြန်တွေ့ဖို့ လွယ်သွားတာပေါ့၊ ဆောရီးပါ လင်း ရယ်"

"ရပါတယ် ... ငါအလကားနောက်တာပါ။ နင့်ကို အပြစ် တင်တာ မဟုတ်ပါဘူး"

"ငါ ပြောတာလည်း အတွေးထဲထည့်ဦး။ ခုချိန်မှာ ဖုန်း မက်ဆေ့(ချ်)လေးဖြစ်ဖြစ် ပို့ပြီးနှုတ်ဆက်တာ ဘာဖြစ်လဲ"

ထိုအချိန်မှာ ရန်ပြေ အနားရောက်လာကာ ...





"ငုဝါရေ ... ကျောင်းတုန်းကအုပ်စု ဟိုဘက်မှာထပ်ရောက် လာပြန်ပြီ။ အားလုံးစုပြီး ဓာတ်ပုံရိုက်မယ်တဲ့၊ ကြည်လင် လင်းပါ လိုက်ခဲ့နော်"

ဟု လာခေါ်ပြန်သဖြင့် သူငယ်ချင်းအုပ်စုတွေ ပြန် ဆုံတုန်း ဓာတ်ပုံရိုက်ပွဲကြီး ကျင်းပနေရတာနဲ့ ငုဝါနဲ့စကားတောင် ထပ်မပြောနိုင်တော့။

"Facebook ပေ့(စ)ဘုတ်ထဲမှာ တင်ရင်လှတဲ့ပုံ ရွေးတင်ပါ ဖျို့"

"စိတ်ချ ... နင့်ရဲ့အဆိုးဆုံးပုံကို Tag တပ်စ်လုပ်ပြီးတော့ ကို တင်မယ်"

"သူ့ဇာရာ အသက်လည်း အစိတ်ဖြစ်တော့မယ်၊ အခုအရွယ် မှ နင်မစွံရင် စွံဖို့ တော်တော်ဝေးသွားပြီ။ ဒါကြောင့် ပါ့တ်တူးတုန်းက ငါ့ကိုအဖြေပေးခဲ့ပါလို့ ပြောသားပဲ"

"ဟယ် ... သန်းထိုက် သေနာကောင်၊ ယောကျ်ားမရရင် ငှက်ပျောတုံးသာဖက်ပြီးသေမယ်၊ နင့်လိုကောင်တော့ ဘယ် တော့မှမယူဘူး"

"ဘာဖြစ်လို့လဲဟ"

"သူ ဖတ်(စ)အမ်ဘီထဲက ဟိုလူ့ပိုး၊ ဒီလူ့ပိုးနဲ့ တစ် ယောက်မှ သူပိုးလို့မရတော့မှ နောက်ဆုံးနှစ်ရောက်လာပြီ


www.burmeseclassic.com

www.burmeseclassic.com



မဖြစ်သေးဘူး၊ ရည်းစားတစ်ယောက် အမြန်ကောက်ထားမှဆိုတဲ့ပုံစံနဲ့ အနီးကပ်ရှိတဲ့ ငါ့ကို ယတြာကြေလာပြောတဲ့ ရည်းစားစကားဟ။ ငါက ယုံပစ်ရမှာလား ဟား ဟား"

ဆေးကျောင်းတက်တုန်းက သူငယ်ချင်းတွေမို့ တစ်ယောက်နဲ့တစ်ယောက် ပြောမနာ ဆိုမနာဖြစ်ကာ တဝါးဝါးတဟားဟား ပွဲကျနေသည့်အထဲ လင်းပါရာယောင်ပြီး ပျော်နေပါသည်။

"အိက ဩစတြေးလျ ထွက်မှာဆို"

"အေး ... ဟုတ်တယ်၊ သူ့ယောကျ်ားနောက် လိုက်သွားရမှာ"

"ဟေး ... အိ ... အိ"

တစ်ဖက်စားပွဲမှာ အိ ဆိုသော သူငယ်ချင်းက ဒီဘက်လှည့်လာပြီး ...

"ဘာလဲ"

ဟု လှမ်းမေးသည်။

"ဒီမှာ သန်းထိုက်ဟယ် မစွံလို့ တော်တော်စိတ်ဓာတ်ကျနေပြီး ရေမရှိတဲ့ချောင်းထဲ နှာခေါင်းဖော်ပြီး ဆင်းသေမယ် လုပ်နေလို့ နင် ကူညီပါဦးဟယ်"

အိက တဟားဟားရယ်လျက် ...

"အေး ... ပြောပါဦး၊ ငါ ဘာကူညီရမလဲ"





"နင် ... ဩစတြေးလျရောက်ရင် အဲဒီက Kangaroo (ကန်ကရူး)အမတစ်ကောင်လောက် သန်းထိုက်အတွက် ပို့ပေးလိုက်စမ်းပါလို့ မှာမလို့"

"အေး ... စိတ်ချ ပို့လိုက်မယ်"

"ဟာ ... သွားပါပြီကွာ၊ မိန်းမတွေများ ပါးစပ်စည်းကမ်းကိုမရှိဘူး။ ပြောချင်ရာ လျှောက်ပြောနေတော့တာပဲ"

ထိုသူငယ်ချင်းများ Kangaroo အမနဲ့ ပေးစားခံရသဖြင့် ရှက်ပြီး သူ့ဇာ့ကို ဒေါသထွက်မဆုံး ဖြစ်နေသည်။ တကယ်တော့ သန်းထိုက်လည်း သူ့ဇာ့ကိုတကယ်ကြိုက်ကာ သူ့ဇာကလည်း သန်းထိုက်ကို အဖြေပေးချင်ချင် ဖြစ်ခဲ့တာ အားလုံးအသိပင်။ ဒါပေမဲ့ သူ့ဇာ ဝေဖန်သလိုပဲ သန်းထိုက်ဟာ စိတ်မငြိမ်လှပဲ ဟိုကောင်မလေး အသစ်တွေ့ရင် စိတ်ကစားလိုက်၊ ဒီကောင်မလေးတွေ့ရင် စိတ်ကစားလိုက် ဖြစ်နေတတ်သော စရိုက်တော့ရှိသည်။ ဒီလိုပုံစံဟာ မိန်းကလေးတစ်ယောက်အတွက် စိတ်မချရောပုံစံမို့လည်း သူ့ဇာက ဗိုင်နယ်ပါတ်တုန်းက အဖြေမပေးခဲ့တာပင်။

အခုထိလည်း သန်းထိုက်ရော သူ့ဇာ့ပါ မစွံကြသေးသဖြင့် သူတို့ကို တွဲစ,စရာဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အားလုံးဟာ အသီးသီး ကျောင်းပြီးကြရင် စေ့စပ်၊ လက်ထပ်တဲ့သူတွေချည့်ပဲမို့ ဘက်ပုံနေသူတွေ၊ ကျောင်းတုန်းက ဇာတ်လမ်းအစရှိသူတွေဆို ခုလိုဆုံတဲ့ပွဲမှာ တွဲစနောက်ပြောင်လို့ ကောင်းနေလေသည်။

"လင်းကတော့ ဆရာပြန်လာမှလား"

သူငယ်ချင်းတစ်ယောက်က သတိတရ မေးလိုက်သဖြင့် လင်း ကိုယ့်အခြေအနေကိုယ် ပြန်သတိရသလို ဖြစ်သွားပါသည်။ အားလုံးက ဒေါက်တာထိပ်ခေါင်ကို "ဆရာ"ဟုသာ ခေါ်ကြပါသည်။ အသက်အရျော၊ ဝါအရရော အားလုံးထက်ကြီးကာ တစ်ခါတစ်ရံတွေမှာ မသိတာ၊ နားမလည်တာ၊ မလုပ်တတ်တာတွေရှိရင်လည်း သင်ပေး၊ ပြပေးရသူမို့ တရိုတသေနဲ့ ဆရာဟုသာ ခေါ်ကြသည်။ မျိုးရိုးအင်အား ကြီးမားလှသော ဆရာဝန်အသိုင်းအဝိုင်းထဲမှာမို့ ဒေါက်တာထိပ်ခေါင်ကိုဆို မသိသူမရှိဖြစ်နေသည်။ လင်းကိုတော့ ကံကောင်းလှသူဟု အားလုံးက အားကျနေကြပုံပင်။

"စေ့စပ်ပြီး သိပ်မကြာခင် လက်ထပ်ကြမယ်ထင်လို့၊ အခုတော့ ဆရာက UK ယူကေ ပညာတောင်သင် အရင်သွားဖြစ်သွားတယ်နော်။ နှစ်နှစ်မဟုတ်လား"





"ဟုတ်တယ် ... နှစ်နှစ် Edinburg အီဒင်ဘာ့(ခ်)မှာ"

"လင်းကရော"

"ဟင် ... ဘာလဲ"

"လင်းရော ကိုယ့်အစီအစဉ်နဲ့ကိုယ် ဆရာ့နောက်လိုက်သွားပြီး စာသင်မှာလား"

"ဟာ ... အဲဒီလောက်ကြီးတော့ ပိုက်ဆံမတတ်နိုင်ပါဘူး။ ပုံမှန်ပဲ တစ်ဆင့်ချင်း ကြိုးစားသွားပြီး နိုင်ငံတော်ကလွှတ်မှ သွားနိုင်မှာပါလေ"

"ဒါဆို ဆရာပြန်လာတာ စောင့်ဦးမှာပေါ့"

လင်းသည် လာစပ်စုနေသော သူငယ်ချင်းကို အသာအယာပင် ခေါင်းညိတ်ပြလိုက်ရုံသာ။ လင်းတွင် တကယ်အဖြေမရှိတာ ဘယ်သူမှမသိ။ လင်းတို့ အခြေအနေကြီးက ဘာခေါ်မှန်းလဲမသိ။ စေ့စပ်ထားပြီး လက်ထပ်ဖို့တောင် စီစဉ်ခဲ့တာ။ အဲဒီကျမှ သိပေါ်နဲ့ပတ်သက်မိတာအတွက် သက်ာမကင်းဖြစ်ခဲ့ရလို့ နှစ်ဦးသား ကိုယ့်သဘောနဲ့ကိုယ် အသီးသီး ကိုယ့်နေရာမှာ ကိုယ်ပြန်ရပ်လိုက်ကြတာပါ။ ဘယ်သူမှ နောက်လည်းမဆုတ်သလို၊ ရှေ့လည်းမတိုး။ ကွဲမယ် ကွာမယ် ပြောကြဆိုတာလည်းမရှိ။ တစ်ယောက်နဲ့တစ်ယောက် ဘယ်သူအရင် ဆုံးဖြတ်မလဲဆိုတာကိုသာ စောင့်ကြည့်ကြသလိုပုံစံမျိုး ဖြစ်သွားခဲ့ခြင်းသာ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ လင်းတို့အခြေအနေက ဘယ်လိုခေါင်းစဉ်တပ်ရမှန်းပင် မသိတော့ချေ။ လင်းသည် ထိုသို့မရေမရာအခြေအနေကို ကြုံရတိုင်း သီပေါအနားကို ရောက်လာခဲ့ရင် သိပ်ကောင်းမှာပဲ။ ဒါဆို အားလုံးကိုဖြေရှင်းလိုက်ပြီးသား ဖြစ်သွားလိမ့်မယ်ဟု စိတ်ကူးယဉ်မိနေခဲ့လေသည်။

❋ ❤ ❋





## ၁၇

Skype စကိုက်(ပ)ဖွင့်ပြီး စကားပြောဖြစ်ကြသော အခါ ကိုခေါင့်ပုံစံက တည်တည်ငြိမ်ငြိမ်ဖြင့် ထိုစကားကို စ,ပြောတာဖြစ်သည်။

"လင်း ... ကိုယ် ဒီကိုရောက်မှ အချိန်ရတိုင်း သေသေချာချာ စဉ်းစားကြည့်မိလာတယ်၊ တကယ်တော့ လင်း ကိုယ့်ကို ဘယ်တုန်းကမှ မချစ်ခဲ့ဘူး မဟုတ်လား"

လင်းမှာ စကိုက်(ပ)ထဲက မြင်ရသော ရုပ်သွင်ဟာ ခပ်ဝါးဝါးမျှသာ ဖြစ်ပေမယ့် ကိုယ့်အမူအရာအစစ်ကို ကိုခေါင် အကဲခတ်မိသွားမှာ စိုးရိမ်နေပါသည်။ ကိုခေါင့်ကို လင်း ထပ်မညာချင်တော့။

"လင်း သီပေါကိုပဲ တကယ်ချစ်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုခေါင် ဘာပြောချင်လို့လဲ ပြောပါ။ လင်းကို စကားအစပျိုးနေစရာ မလိုပါဘူး"

"စကားအစပျိုးတာ မဟုတ်ပါဘူး။ လင်းကို ကိုယ် အကဲခတ်မိတယ်ဆိုတာကို ပြောတာပါ"

လင်း ဘာမှ ငြင်းမနေတော့ချေ။ ဒီစကားကို စနေပြီဆိုကတည်းက ကိုခေါင့်ဆီမှာ တစ်စုံတစ်ခုသော အစီအစဉ်ရှိနေပြီမှန်း လင်း ရိပ်မိလေသည်။

"ကိုယ်တို့ စေ့စပ်ထားတာကို လင်း ဖျက်ချင်ရင် ဖျက်လို့ရပါတယ်။ ကိုယ် စိတ်မဆိုးပါဘူး"

"နှစ်ဦးသဘောတူ ဖျက်သိမ်းတာပဲ ဖြစ်ချင်လို့ လင်းစောင့်နေတာပါ"

"လင်းကို အခုလိုပြောရတာဟာ ကိုယ် လင်းရဲ့သိက္ခာကို မယုံလို့မဟုတ်ဘူး။ လင်း သီပေါအိမ်ကို ဝင်ထွက်သွားလာတယ်ဆိုတာ သိခဲ့ရတဲ့အတွက် လင်းကို မယုံတော့လို့လည်း မဟုတ်ဘူး။ ကိုယ် လင်းကိုယုံပါတယ်။ ဒါပေမဲ့ ကိုယ် အခါခါ ပြန်စဉ်းစားကြည့်မိတယ်လေ။ ကိုယ့်ကိုလည်း လင်း တကယ်မချစ်ဘဲနဲ့ ဘာကြောင့် လက်တွဲနေတော့မလဲလို့။ ကိုယ်လည်း မပျော်ဘူး။ လင်းလည်းမပျော်ဘူးလေ။ ကိုယ်က နှစ်ယောက်စလုံး ပျော်ပျော်ရွှင်ရွှင်နဲ့ တည်ဆောက်တဲ့ဘဝကိုပဲ လိုချင်တယ်"





"ကိုခေါင့်မိဘတွေကိုရော ပြောပြီးပြီလား"

"မပြောရသေးပါဘူး။ လင်း ကျေနပ်မှ ပြောမှာပါ။ လင်း ... ကိုယ် အရင်တိုင်ပင်တဲ့ သဘောပါ။ ကိုယ်တို့ ကျေနပ် ... ပြီဆိုမှ မိဘတွေကိုပြောမယ်၊ ဘယ်လိုလဲ လင်း"

"လင်း ကိုခေါင်စီစဉ်တာကို ဘာမှကန့်ကွက်စရာ မရှိပါ ... ဘူး"

"လင်း ကျေနပ်ရဲ့လား၊ ပျော်ရဲ့လား"

"အဟင်း ဟင်း ... ကိုခေါင်က မေးပဲမေးတတ်တယ်"

"ဘာကိုလဲ"

"... စပ်ပြီးမှ ပျက်ရတာကို ဘယ်သူကများ ကျေနပ်ပါ ... လဲ။ ပျော်ပါမလဲ"

"... င်း မကျေနပ်ဘူး မပျော်ဘူး ဆိုရင်လည်း စေ့စပ် ... ကြောင်းလမ်းဖျက်သိမ်းပါတယ် ဆိုတာကို ကြေညာနေစရာ ... ပါဘူး။ ဒီတိုင်းပဲ နေလိုက်လည်း ရပါတယ်၊ နှစ်ကြာ ... ရင် ဘယ်သူမှ မေးမနေတော့ဘူး။ ကိုယ်က လင်း ... တွက် ပြောတာပါ။ လင်းနဲ့ သီပေါတို့ကြားမှာ ဒါဟာ ... နှောင့်အယှက်တစ်ခု ဖြစ်နေမယ်ထင်လို့"

"... င်း ဘာကိုမှ မတောင်းဆိုချင်ဘူး။ ကိုခေါင် စီစဉ်ရင် ... ည်း ဘာမှငြင်းစရာမရှိဘူးလို့ပဲ ပြောချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"အိုခေ ... ဒါဆို ကိုယ်ပဲ စီစဉ်လိုက်မယ်"

စေ့စပ်ကြောင်းလမ်း ဖျက်သိမ်းခြင်းကို သိပ်မကြာ... မှာ ကြေညာပါသည်။ လင်းကတော့ သိပေါ်များ ရော... လားလို့ တိတ်တခိုးလေး မျှော်လင့်မိသည်။ သို့သော် ... မလာပါ။

ဒေါက်တာထိပ်ခေါင်ဘက်ကတော့ လင်း... ပြေစေဖို့ဆိုကာ စေ့စပ်ကြောင်းလမ်းတာကို ဖျက်သိမ်း... ထိုသို့ဖျက်သိမ်းပြီး သိပ်မကြာခင်မှာပင် ဒေါက်တာထိပ်... သူ့လိုပဲ အင်္ဂလန်မှာ ပညာတော်သင်သွားသူတစ်ဦးနှင့် ... ငင်ကာ နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးခြင်းကို ကြေ... လေသည်။

အင်္ဂလန်မှာရှိသော တရားရုံးမှာပဲ လ... အင်္ဂလန်ရှိ မြန်မာ့ဘုန်းတော်ကြီးကျောင်းမှာ မင်္ဂလာ... ခြင်းသတင်းကို ဖတ်ရတော့ ငုဝါ ချက်ချင်းဖုန်း... စပ်စုလေသည်။

"ဟဲ့ ... လင်း"

"ဘာလဲ စပ်စုမလို့လား။ ငါဆို ဖုန်းဆက်နေ... အများကြီးပဲ၊ နင့်ဖုန်းမို့ ကိုင်လိုက်တာ"

"စပ်စုမလို့ မဟုတ်ဘူး။ ငါ သတင်းကြားတာ ...





"ဘာလဲ ... ဘာသတင်းလဲ"

"ဆရာက အဲဒီအမျိုးသမီးနဲ့ အရင်တည်းက ဇာတ်လမ်းရှိတာတဲ့"

"ဟယ်"

လင်း တော်တော်အံ့သြသွားပါသည်။

"အဲဒီ OG မမကို နင်သိလို့လား"

"မသိဘူး။ သတင်းကြားတာ။ သူက မန္တလေးမှာပဲ ဘွဲ့ရပြီး မန္တလေးမှာပဲ အလုပ်ဝင်နေတာလေ။ ဆရာ တစ်ခါက မန္တလေးကို ပို့စတင်ကျတော့ တွေ့ကြတာတဲ့။ ဆရာဘက်က သဘောမတူလို့ သူတို့ မယူဖြစ်ကြတာ"

"ဘာဖြစ်လို့ သဘောမတူတာလဲ"

"အဲဒီ ဒေါက်တာမ,က အပျိုမဟုတ်ဘူး။ တစ်ခုလပ်တဲ့။ ...ဘက်ကတော့ အရမ်းတော်တယ် ပြောတယ်။ ချောလည်း အရမ်းချောတယ်တဲ့။ အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ်လေးပဲတဲ့။ သူ့အရင်ယောက်ျားက ဖောက်ပြန်ပြီး ...ောက်မိန်းမယူသွားလို့ သူက တစ်ခုလပ်ဖြစ်ကျန်ခဲ့တာ"

"...လေးတွေ ဘာတွေရော"

"...ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဆရာနဲ့ ရွယ်တူပဲလား"

"ရွယ်တူထင်တယ်။ ကြီးရင်လည်း တစ်နှစ်လော

"နင်က အရင်တည်းက သိထားရင်လည်း ပြော ဘူး"

"နင်နဲ့စေ့စပ်ပြီးမှ ဒီလိုပဲ ဆက်စပ်ပြီး မ သိသွားတော့ ငါလည်း နင့်စိတ်အနှောင့်အယှ စိုးပြီး မပြောတော့တာပါ၊ အခုတော့ နင်တို့ ဆိုင်တော့ဘူးလေ၊ နင်နဲ့လည်း မဆိုင်တော့ ချက်ချင်းကိုကောက်ပြီး အဲဒီမမကို ယူပစ်လိုက် ပဲ။ အင်္ဂလန်ရောက်တုန်း တွေ့ကြတော့ ဓာတ်လ တွေ ပြန်စ,ဖြစ်ကြတယ် ထင်တယ်နော်၊ ဒီ မိဘတွေ ဖျက်နေမှာစိုးလို့ထင်တယ်။ နှစ်ဦး လက်ထပ်ပစ်လိုက်တယ်"

"ငုဝါ ... ငုဝါ ... အသက်ရှူပါဦးဟယ်၊ သူများ ပြောရရင် သွက်နေတာပဲ"

"လင်း ... နင် ဘာမှမတုန်လှုပ်ဘူးလား"

"မတုန်လှုပ်ပါဘူး၊ တုန်လှုပ်စရာလား။ သူ ချစ်တဲ့သူ ယူသွားတာ"





ငုဝါကို ကျန်တာတွေတော့ ပြောပြမနေတော့ပါ။ …ဘာထိပ်ခေါင်ဟာ ဒီအတွက်ကြောင့်လည်း လင်းနဲ့သူ စေ့ …းတာကို ဖျက်ကြမယ်လို့ စပြောဆက်သွယ်လာတာဖြစ် …း လင်း အခုမှပင် တရေးရေး သဘောပေါက်တော့သည်။ …ဖြစ်ဖြစ် ငုဝါ သတင်းပေးလာတော့လည်း လင်းစိတ်ရှင်း …တာပဲပေါ့။ လင်းကြောင့် သူဟာ စေ့စပ်ကြောင်းလမ်းတာ …ချင်ခဲ့ခြင်း မဟုတ်ဘဲ သူချစ်တဲ့သူနဲ့ ပြန်ဆုံရလို့ စေ့စပ် …ကို ဖျက်ဖို့ဆုံးဖြတ်လိုက်မှန်း အခုမှ စိတ်ရှင်းရတော့လေ

"လင်း ... လင်း ... ဟဲ့ ... လင်း"

"အေး ... အေးပါ၊ ပြောလေ ဘာလို့အရေးတကြီး အော် …နေရလဲ"

"…သိပါဘူး၊ ဖုန်းများပြတ်သွားလားလို့"

"ပြော ... ပြော"

"သိပေါ့ဆို သွားလေဟယ်၊ နင်ကလည်း"

"…သွားချင်ပါဘူးဟယ်"

"မာနကြီးမနေပါနဲ့ လင်းရယ်"

"မာနကြီးတာ မဟုတ်ပါဘူး။ ငါ နင့်ကို တစ်ခါကပြော …သွားပဲ။ ဒီဘက်မှာ အခြေအနေမကောင်းလို့ သူ့ဆီ …ဘာကပ်တယ် ထင်မှာစိုးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သူကရော နင့်ကို လာမတွေ့ဘူးလား"

"ငါ့သတင်းကို သူ စိတ်မဝင်စားတော့ဘူးထင်

လင်း ကြေကြေကွဲကွဲလေး ပြောမိသည်

ကြောင်းလမ်း ဖျက်သိမ်းတာတွေ။ ဒေါက်တာထိပ်ခေါ်

ထပ်သွားတာတွေ သူ့မသိဘူးလား။ သတင်းစာထောင်

လောက်အောင် ဘာသတင်းမှကို စိတ်မဝင်စားတာလ

ရယ်။

"အဲဒီလိုကြီးတော့ မနေနဲ့လေဟယ်၊ ဖုန်းလေ

ဆက်လိုက်လို့ ဘာမှဖြစ်မသွားပါဘူး၊ ဘာဖြစ်လဲ

လား ဘာညာ ငါသတိရလို့ဆက်တာ ဆိုပြီး

ပေါ့"

"အခါတော်ပေး ဒေါ်ငဝါပါလားဟေ့"

"နင်တို့ ဒီလောက် ချစ်ကြရက်သားနဲ့"

"ဘယ်သူပြောလဲ၊ ချစ်ကြတယ်လို့"

"မလိမ်ပါနဲ့ လင်းရယ်၊ သိပေါကလည်း နင်

တယ်။ နင်တို့ကြားမှာ ဘာတွေလွဲမှန်းမသိ

လူဆိုတာ ကိုယ့်ကိုယ်ကိုယ်သာလျှင် အချစ်ဆုံး

ကိုယ် စိတ်ချမ်းသာဖို့ဆို ဘာမဆို လုပ်ရမှာ

နင်လည်း နင့်ကိုယ်နင် အချစ်ဆုံးဆိုရင် နင်

ဖို့ သိပေါနဲ့ ပြန်ဆုံအောင် လုပ်သင့်တယ်"





"ငါ ... ငါက ... သူ့ကို ..."

လင်း ဆက်မပြောဖြစ်တော့ဘဲ ဆွံ့အသလို ဖြစ်နေ

သည်။ သူ ချစ်ပါတယ် ပြောလာတုန်းက သူ့အချစ်ကို အထင်

းပြီး ကဲ့ရဲ့လှောင်ပြောင် ဟားတိုက်ပစ်ခဲ့မိတယ်လေ။ သူ့လက်

တွေဘဲ တခြားလူတစ်ယောက်ရဲ့လက်ကိုသွားတွဲမိတယ်လေ။

ဒါကို ခွင့်လွှတ်ကျေနပ်နိုင်ပါ့မလား။

"လင်း ခေါင်းထဲမှာ ဘာမှတွေးမနေနဲ့၊ ဖုန်းဆက်ရင်ဆက်

လိုက်။ ဒါမှမဟုတ် မက်ဆေ့(ချ်)ပို့ရင် ပို့လိုက်"

"ဖြစ်ပါ့မလား ငဝါရယ်"

"ဖြစ်တယ် ... ဖြစ်တယ်၊ ကဲ ... ငါ အခုဖုန်းချပြီ။ ငါ

ဖုန်းချပြီးတာနဲ့ နင် ချက်ချင်း သူ့ကိုဆက်သွယ်နော်။

ပြီးရင် ငါ့ဆီလည်း ဖုန်းပြန်ဆက်ဦး။ ငါ သိချင်တယ်"

"အေးပါ"

လင်းသည် ငဝါ ဖုန်းချသွားပေမယ့် အကြာကြီး

နေမိသည်။ သိပေါကသာ လင်းကို အရင်လာလာဆက်သွယ်

ဖြစ်လေရာ လင်းက အရင်ပြန်ဆက်သွယ်ရမှာကို မဝံ့မရဲ

နေပါသည်။

နောက်ဆုံးတော့ လင်း စိတ်ကိုဆုံးဖြတ်လိုက်ကာ

ပြီး ဖုန်းခေါ်လိုက်မိပါသည်။ တစ်ဖက်မှာ ဖုန်းခေါ်သံ

ကြီး မြည်နေတာကို ကြားနေရသည်။ ဖုန်းချပစ်လိုက်ဖို့



www.burmeseclassic.com

www.burmeseclassic.com



လည်း အကြိမ်ကြိမ် တွေးမိနေပေမယ့် မချမိပြန်။ ဘာ
သူ့ ဖုန်းချက်ချင်းမကိုင်ဘဲ နေရသလဲ။ ငါ့ဖုန်းနံပါတ် ပေ
ကိုကြည့်ပြီး တွေဝေနေတာလား။ ကိုင်သင့် မကိုင်သင့် ဆုံး
ခက်နေသလား။

ဖုန်းခေါ်တာ တစ်မိနစ်ပြည့်ရင် သူ့ဘာ
သွားမယ်ဆိုပြီး တမင်ပစ်ထားသလား။ လင်း အလိုလိုမျ
လာမိပြီး ဖုန်းကိုပိတ်ပစ်တော့မလို့ပြင်လျှင် ...

"ဟဲလို"

ဟု ဖုန်းကို ထူးလိုက်သံ ကြားရသည်။

လင်း လန့်ပြီး တုန်တောင်သွားပါသည်။ ဖုန်း
မှာ သီပေါတော့ မဟုတ်။ သီပေါ ဖုန်းများပြောင်းသွားပြီ
သူ့ဖုန်းကို ဖြေသူမှာ မိန်းကလေးသံ ဖြစ်နေသည်။

"ဒါ သီပေါရဲ့ဖုန်း မဟုတ်လားဟင်"

"ဟုတ်တယ်၊ သူ့ဖုန်းပါ"

"သူ ဘာလို့ဖုန်းမကိုင်တာလဲ"

မင်းက သူနဲ့ဘယ်လိုပတ်သက်လို့ သူ့ဖုန်း
ခွင့်ရှိတာလဲ ... ဟု လင်း ဆက်မေးလိုက်ချင်နေသည်။ သို့
လင်းရဲ့စကားလုံးတွေ လည်ချောင်းထဲမှာသာ နင်နေပါ
လင်းနဲ့ သီပေါ မတွေ့ဖြစ်ကြတဲ့ ကာလတွေမှာ သီပေါ
ဘာတွေများ ပြောင်းလဲကုန်ပြီလဲ ဆိုတာ လင်း မသိပါ





"သူ့မှာ မိုဘိုင်းလ်နှစ်လုံး ထားပါတယ်။ အခု သူ ဖုန်း
တစ်လုံးနဲ့ စကားပြောနေချိန်မှာ ဒီဖုန်းကို မကိုင်အားလို့
တို့က သူ့ကိုယ်စား ကိုင်ပေးတာပါ။ တို့က သူ့ရဲ့ယုံကြည်
စိတ်ချရသူ တစ်ယောက်ပါ။ ဘယ်ကိစ္စမဆို တို့ပဲဖြေခွင့်
မေးခွင့် ဖြေခွင့် ရှိပါတယ်၊ ကဲ ... ယူ ဘာသိချင်သေးလဲ"

တစ်ဖက်က မိန်းကလေးပြောပုံက နည်းနည်းတင်
စီးစီးနိုင်ကာ သီပေါဟာ သူမနဲ့ပတ်သက်သူအဖြစ် မကြော်ငြာ
ယ်ပုံပေါက်နေပါသည်။ လင်း တော်တော်စိတ်ထိနိုက်
ကာ ...

"ဘာမှမသိချင်ပါဘူး၊ တို့သိချင်တာ ဒီဖုန်းဟာ သီပေါရဲ့
ဖုန်းလားပဲ သိချင်တာပါ"

"ယူ ... ဘယ်သူလဲ၊ ဘာပြောချင်လို့လဲ၊ မက်ဆေ့(ချ်)ထား
ခဲ့လေ။ တို့ ပြောပေးလို့ရတယ်"

"နေပါစေ၊ မထားတော့ပါဘူး"

လင်း ဖုန်းကိုဖျတ်ခနဲ ပိတ်ချလိုက်ကာ အသံမထွက်
မျက်ရည်တွေ ကျနေမိသည်။ လင်း တစ်နေရာတည်း အကြာ
ထိုင်ကာ မျက်ရည်တွေ ကျနေသည်မှာ ပါးပြင်တစ်လျှောက်
ဆင့် လည်ပင်းကို စီးကျသလို လည်ပင်းကတစ်ဆင့် ရင်
တပေါက်ပေါက်ကျသဖြင့် အင်္ကျီရင်ဘတ်တောင် စိုစွတ်
ဘတ်ပင်။



www.burmeseclassic.com

www.burmeseclassic.com



"ကလင် ... ကလင် ... ကလင် ... ကလင်"

လင်းရဲ့ဖုန်းခေါ်သံ မြည်လာသဖြင့် လင်း လန့်သွား ရပြန်သည်။ လင်းရဲ့ဖုန်းသံ Ring Tone ရင်းတုန်းကို အရင်တုန်း က အိမ်ဖုန်းအဟောင်းကြီးဖွေ့မှာ မြည်သောဖုန်းသံမျိုး လုပ်ထား ပေးရာ ဖုန်းခေါ်သံကကျယ်ပြီး ကလင် ကလင်နှင့် ပီပီသသမြည် လေသည်။ သီပေါကဆိုရင် လင်းဖုန်းရဲ့ Ring Tone ကိုမကြိုက် လို့ အမြဲကဲ့ရဲ့ပေါင်း များခဲ့တာ။ လင်းကသာ မပြောင်းချင် သူ ပြောင်းပေးခွင့်မရခဲ့။

လင်းသည် ဖုန်းပြန်ခေါ်သူမှာ သီပေါများလား မျှော်လင့်ပြီး ကြည့်မိပေမယ့် တကယ်တော့ သီပေါမဟုတ်၊ ... ဖြစ်နေသည်။ လင်း ငုဝါကို ကောင်းကောင်းရင်ဖွင့်လိုက်တော့ သည်။

"လင်းရယ် ... ငါလည်း အဲဒီလိုထင်မထားလို့ ... ဒီအကြံ ပေးမိတာပါဟယ်"

လင်း ကျိတ်ငိုနေပေမယ့် ငိုသံနည်းနည်းထွက်လာ သဖြင့် ငုဝါ ပိုပြီးစိတ်မကောင်းဖြစ်သွားပါသည်။

"လင်း ... လင်း ... ငါ နင့်ကို ဘာလုပ်ပေးရမလဲ ဆိုလာရမလား"

"ရတယ် ... ရတယ် ... မလာပါနဲ့။ ငါ တစ်ယောက် တည်း နေချင်တယ်"





"အဲဒီလိုလူမျိုးအတွက် ခံစားမနေပါနဲ့ဟို့ကော မပြောချင် ဘူး။ နင့်ရင်ထဲက သံယောဇဉ်ကို ငါ နားလည်တယ်ဟေ့"

"သူ့အပြစ် မဟုတ်ဘူး ငုဝါ။ ငါ့အပြစ်ပါ။ သူ ချစ်တယ် ပြောလာတုန်းက ငါ့လက်မခံမိတာ ငါ့အပြစ်ပါ။ သူ့အပေါ် ဘာမှတုံ့ပြန်မလာတဲ့ မိန်းမတစ်ယောက်ကို သူမျှော်လင့် မနေတာဟာ သူ့အမှားမဟုတ်ဘူး။ ငါကိုက စ,ကတည်းက မှားခဲ့တာ။ တည့်တည့်လျှောက်ရင်ရမယ့်လမ်းကို ကွေ့ ကောက်ပြီး လျှောက်ခဲ့မိတာကိုး"

"တကယ်ဆို နင်နဲ့ ဆရာအကြောင်း နည်းနည်းတော့ နားစွင့်နေသင့်တယ်။ ဒီလောက်ကြီး မေ့ဖျောက်မထားသင့် ပါဘူး"

ငုဝါကတော့ လင်းကိုသနားကာ လင်းဘက်က ...ကိုက်ပြောနေပါသည်။ လင်းကတော့ အားလုံးဟာ လင်းရဲ့အမှား ...ပဲဟု ထင်သည်။ လင်းသာ သူ့အချစ်ကို လက်ခံခဲ့ရင်၊ သူနဲ့ ...လင်းဟာ ဒီလိုအဖြစ်မျိုးနဲ့ ဝေးရစရာမရှိဘူးဟု ယုံကြည်ပါသည်။

"ငုဝါ ... ငါ ဖုန်းချတော့မယ်ဆိုရင် ရမလား"

"ဩော် ... အေး ... အေးပါဟယ်။ နင် ငါ့ကိုလည်း အဆက်အသွယ် ဖြတ်မထားနဲ့ဦး"

"စိတ်ချပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟောက်(စ)လည်း ပြီးသွားပြီဆိုတော့ ပို့စတင်ဝင်မယ်၊ မဝင်ဘူးဆိုတာ နင်နဲ့ငါ တိုင်ပင်ရဦးမယ် သိလား"

"သိပါတယ်"

"လင်း ... ငါ့ကို မမေ့နဲ့နော်၊ နင် ဖုန်းမဆက်လာရင် ငါ ဆက်ပြီပဲမှတ်"

လှင်း အသံထွက် ရယ်မိပေမယ့် လင်း၏ရယ်သံ တွေမှာ အက်ကွဲကြေမွနေခဲ့လေသည်။

❊ ❤ ❊





## ၁၈

(နောက်သုံးလခန့်အကြာ...)

သိပေါ်သည် ဖုန်းကိုနှားထောင်ပြီးပြီးချင်း ကားသော့ ကောက်ကိုင်ကာ ...

"မိုးဦး ... ငါ ဆေးရုံကို လိုက်သွားမှဖြစ်မယ်။ ခုလေးတင် ဖေဖေ့တပည့် အောင်အောင် ဖုန်းဆက်တယ်။ ဖေဖေ လေ ဖြတ်သွားလို့ ဆေးရုံပို့လိုက်ပြီတဲ့"

ဟု မိုးဦးကို အသိပေးလိုက်သည်။

"ဟာ ... ဟုတ်လား၊ စိုးရိ..."

"အဲဒါတော့ မသိဘူး။ ဖေဖေ့တပည့်တွေလည်း ဆရာ ပင့်ပြီးပြတော့ ဆရာဝန်က လေဖြတ်သွားတယ်၊ ဆေးရုံ



www.burmeseclassic.com

www.burmeseclassic.com



တင်လိုက်ပါလို့ အကြံပေးတာနဲ့ ဆေးရုံတင်လိုက်ကြတ
တဲ့"

"ဘယ်ဆေးရုံလဲ၊ ငါလိုက်ခဲ့ပေးရဦးမလား"

"ရန်ကုန်ဆေးရုံကြီးပဲ. ပိုကောင်းမယ်ထင်လို့ အဲဒီမှာတ
တယ်တဲ့။ မင်း အခုတော့ မလိုက်ခဲ့နဲ့ဦး၊ ဆိုင်မှာ ငါမ
ရင် မင်းရှိမှ ဖြစ်မှာလေ။ လိုအပ်မှ ငါ ဖုန်းဆက်လိုက်မယ်"

"အေးကွာ ... ကြားရတာ စိတ်မကောင်းပါဘူး"

သီပေါ မိုးဦးကို နှုတ်ဆက်ကာ ကားမောင်းထွ
လာခဲ့ပါသည်။ အခုနောက်ပိုင်း ဖေဖေနဲ့ သီပေါတို့ ပိုပြီးအဆ
အသွယ်ပြန်ရှိလာတာ မကြာသေး။ ဘာကြောင့်လဲဆိုတော့ ဖေ
အိမ်ထောင်ရေးဟာ 'မအောင့်မြင်ဘဲ ပြိုကွဲသွားချိန်မှာ ဖေ
စိတ်လေပြီး အရက်တွေသောက်တာ ဆက်လာသဖြင့် ကျန်းမာ
လည်း မကြာခဏဆိုသလို ချွတ်ယွင်းလာသည်။ ဒီတော့ တ
တည်းသော သားဖြစ်သူ သီပေါကပဲ အနီးကပ်ပြန်အားပေး၊ ပြ
ကြည့်ရှု၊ ပြုစု စသဖြင့် အဝင်အထွက် ပြန်လုပ်တာများလာသ
ဖေဖေ့ရဲ့စီးပွားရေးကိစ္စတွေပါ လုပ်ကိုင်ပေးလာရပါသည်။

ဖေဖေက ကိုယ်ပိုင်ရပ်ရှင် ဗီဒီယိုကုမ္ပဏီကို တ
ထောင်ထားလေရာ သီပေါမှာ ကိုယ့်သိပ်မကျွမ်းကျင်လှ
နယ်ပယ်ထဲ စတင်ကျင်လည်နေရတော့သည်။





ဒီလောကထဲ ဝင်မပါချင်လှပေမယ့် ဖေဖေ့ကိုအဂ
အညီပေးချင်တာနဲ့ပဲ ဝင်လုပ်ကိုင်ပေးရလေရာ အမျိုးအားပ
သိပ်မရှိသလို ဖြစ်နေသည်။ သီပေါ ဖွင့်ထားသော ကွန်ပျူတာ
အရောင်းဆိုင်ကိုလည်း မဖျက်ချင်။ သူကိုယ်တိုင်က ကွန်ပျူတာဝ
သနာပါသဖြင့် ဒီပစ္စည်းတွေ ထိတွေ့ကိုင်တွယ်နေရလျှင် ပျော်
သဖြင့် ဒီအလုပ်ကိုလည်း လက်မလွှတ်နိုင်။ ဖေဖေမှာလည်း
ကျန်းမာရေးမကောင်းတာ တစ်ဖက်ကြောင့် သူ့ရဲ့ကုမ္ပဏီကိစ္စတွေ
ပေးဖို့ လူယုံမရှိသဖြင့် သီပေါပဲ ဝင်လုပ်ပေးနေရပြန်သည်။

တစ်နေ့ တစ်နေ့ အလုပ်၊ အလုပ်နဲ့ လည်ပတ်နေ
ရာ အရာအားလုံးနဲ့ အဆက်အသွယ်ပြတ်သလိုတောင် ဖြစ်နေ
သည်။

ရန်ကုန်ဆေးရုံကြီးထဲ ကားဝင်လိုက်သောအခါ ရင်
တော့ လင်းကို သတိရသွားမိသည်။ အရင်ကတော့ ဒီဆေးရုံ
ဝန်းကျင်ကို မကြာခဏ ခြေချဖြစ်ခဲ့သည်။ လင်း ဂျူတီကျတဲ့
နေ့ဖယားတွေကို အလွတ်ရနေကာ လင်းနဲ့တွေ့ဖို့ ဆေးရုံမှာ
စောင့်ရတာလောက် ရင်ခုန်စရာမရှိခဲ့ပေ။ အခုတော့ လင်း
ဆေးရုံမှာများ ရောက်နေမလဲ။ ဟောက်(စ)ဆာဂျင်ပို့စတင်
ပြီးရောပေါ့။ လင်းတို့လက်ထပ်ပြီးကြပြီလား။ ဒေါက်တာ
ခေါင်နဲ့ အတူတူ ယူကေကိုလိုက်ပြီး ပညာဆက်သင်နေပြီ
သီပေါ ရင်ထဲမှာ မေးခွန်းတွေနဲ့ လင်းကိုလွမ်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖေဖေ့ကိုထားသော သီးသန့်ခန်းကို ရောက်
ဆေးပိုက်တွေတန်းလန်းနဲ့မို့ ရင်ထဲနင့်သွားပါသည်။ ဖေဖေ့
လေးက ပြောလာသည်။

"အစ်ကို သီပေါ"

"အေး ... ပြော၊ ဘယ်လိုတဲ့လဲ"

"လေတစ်ခြမ်း ဖြတ်တာတဲ့"

"စိုးရိမ်ရလား"

"အခုထိတော့ စိတ်မချရသေးဘူး။ စောင့်ကြည့်
တဲ့"

"ဘယ်လိုက စဖြစ်တာလဲကွာ ပြောပါဦး။ ငါ
နှစ်ရက်က လာတုန်းက အကောင်းပါကွာ။ သူ့ကို
ထားတဲ့ ဓာတ်ညွှန်းတောင် ဖတ်နေသေးတယ်။ မင်း
သစ်ရဲ့အစ်ကိုအကြီးဆုံးနေရာက သရုပ်ဆောင်ရမယ်
သူ လက်ခံမယ် ပြောနေသေးတယ်"

"ဒီရက်ပိုင်း အရမ်းလည်းသောက်တယ်လေ အစ်ကို
ရဲ့။ ပြီးတော့ သွေးလည်တိုးနေသေးတာ။ အရင်
ဆို ဂေါ့(ဖ်)ရိုက် Gym သွား လုပ်သေးပေမယ့် အ
တာလည်းကြာတော့ ဘော်ဒီစိတ်တွေလည်း အ
လာတယ်လေ။ ဘာကိုယ်လက်လှုပ်ရှားမှုမှ မရှိဘဲ





သောက်လိုက်၊ စားလိုက် လုပ်နေတော့ သွေးတွေတအား
တက်ပြီး လေဖြတ်သွားတာ ဖြစ်နိုင်တယ် အစ်ကိုသီပေါ"

"အေးပါကွာ ... မင်း ခုလိုစောင့်ရှောက်ထားတာ ကျေးဇူး
ပါပဲ။ တကယ်တော့ ငါက သားအရင်း၊ ငါစောင့်ရှောက်
သင့်တာပါ"

"အစ်ကိုသီပေါ ... ဆရာ့ကို ဒီမှာပဲတင်ချင်လား၊ ဘယ်ကို
ပြောင်းချင်လဲ"

"ဒီမှာပဲတင်လေ ဘာဖြစ်လို့လဲ။ ဒီမှာ ကောင်းသားပဲ"

"ဆရာက နာမည်ကြီးမင်းသားတစ်ယောက် ဆိုတော့"

"ဟာ ... ဒါတွေထားပါကွာ။ ဒီသတင်း ဘယ်သူမှလဲ
မသိစေနဲ့ပေါ့။ သိရင် သတင်းမေးမယ့်သူလာတာနဲ့ ဘာနဲ့
ဆိုရင် ကျန်တဲ့လူတွေ သိကုန်မှာတွေ ရှိတယ်။ ဒီသတင်း
ကို နာ့(စ)တွေကိုပါ မပြောဖို့ တောင်းပန်ထားရင် ဘယ်သူ
မှ သိမှာမဟုတ်ပါဘူး"

"ဟော ... ဆရာ နည်းနည်းလှုပ်လာပြီ"

"အေး ... မင်း အိမ်ခဏပြန်ပြီး လုပ်စရာရှိတာလုပ်။
နားရင်လည်းနား။ ငါ ဖေဖေ့ကို စောင့်ပေးလိုက်မယ်။
စပါယ်ရှယ်နာ့(စ်)ငှားဖို့ကိစ္စတွေလည်း စုံစမ်းရဦးမယ်
မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် အိမ်ခဏပြန်ပြီးရင် ပြန်လာမှာပါ။ လော
ဆယ် စပါယ်ရှယ်နာ့(စ်)မရသေးရင်တော့ ကျွန်တော်
လည်း ဖြစ်ပါတယ်"

အောင်အောင် ပြန်ထွက်သွားပြီးမှ သီပေါ ခုတင်ဘေးခုံမှာ အသာဝင်ထိုင်လိုက်ပါသည်။ ဖေဖေ အသာ မျက်လုံးဖွင့်ကြည့်တာနဲ့ ကြုံသည်။ ဖေဖေ့အခြေအနေက အဆိုးကြီး မဟုတ်တာ မြင်ရတော့ စိတ်အေးသွားပါသည်။

"သား"

ဟု ခေါ်လိုက်သံမှာ ပီပီသသတော့ မဟုတ် ဗလုံးဗထွေး ဖြစ်နေသည်။ မျက်နှာတစ်ခြမ်းကတော့ အနည်း ရွဲ့သွားပါသည်။

"ဖေဖေ ... ကျွန်တော်ရောက်ပြီ၊ ဘာမှအားမငယ်နဲ့ နော်"

"ဖေဖေ ... ဒီလို မဖြစ်ချင်ဘူး"

"ဟာ ... မဖြစ်ရပါဘူး စိတ်ချ၊ လေဖြတ်တာ ဆေး ကောင်း ပြန်ကုနိုင်ရင် ပြန်ကောင်းသွားကြတဲ့ အများကြီးပါ"

"မဟုတ်ဘူး ... ဖေဖေ အဲဒီလိုပြောတာ မဟု လူနာကြီးလို မဖြစ်ချင်ဘူး။ ဖေဖေ အလုပ်လုပ် တယ်"





ထိုစကားတွေကို ခပ်လေးလေးနဲ့ ဗလုံးဗထွေးပြော နေတာဖြစ်သလို နေမကောင်းတော့ လူက အားငယ်လာပုံရသည်။ မျက်ရည်တွေလည်း စိမ့်ထွက်လာပါသည်။

သီပေါက ဖေဖေ့နားထင်မှ စီးကျလာသော မျက်ရည် တို့ကို တစ်ရှူးစဖြင့် အသာတို့သုတ်ပေးရင်း ...

"အလုပ်လုပ်ရမှာပေါ့၊ ဖေဖေ ပြန်ကောင်းလာရင် လုပ်လို့ ရတာပဲ။ ဖေဖေ့မှာ ကုမ္ပဏီပိုင်ရှိတာပဲ။ ကိုယ့်ဘာသာဇာတ် လမ်းဝယ်၊ ဒါရိုက်တာဖြစ်ပြီး ကိုယ်ရိုက်ချင်တဲ့ကားတွေ ရိုက်လို့ရသေးတာပဲ။ စိတ်မလျှော့ပါနဲ့ ဖေဖေရာ။ ဖေဖေ ဘာမှဆိုးဆိုးရွားရွား ဖြစ်နေတာမှ မဟုတ်တာ"

ဟူ၍ တတွတ်တွတ်ပြော နှစ်သိမ့်ရပါသည်။

"အောင်အောင် ပြန်သွားပြီလား"

"ပြန်သွားပြီ ဖေဖေ။ ဖေဖေ ဘာခိုင်းချင်လို့လဲ"

"မခိုင်းပါဘူး၊ သား ဖေဖေ့ကို စောင့်နေရမှာစိုးလို့။ သား က အလုပ်မအားဘူးလေ။ အောင်အောင်ပဲ စောင့်ပစေ"

"စပါယ်ရှယ်နာ့(စ်) ငှားပေးမယ် ဖေဖေ"

"ဆေးရုံမှာ ဘယ်လောက်နေရမှာတဲ့လဲ"

"ကျွန်တော် မသိဘူး ဖေဖေ။ နာ့(စ်)တစ်ယောက်ယောက် ဘာမှ မေးကြည့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် ဆရာဝန်တစ်ဦးနှင့်အတူ နာ့(စ်)
လာသဖြင့် သီပေါ ခဏထရပ်လိုက်ပါသည်။

ဆရာဝန်က သွေးပေါင်ချိန်တိုင်း၊ နလုံးခုန်သံ
ထောင်၊ ဗိုက်ကိုစမ်း စသဖြင့် စမ်းသပ်စစ်ဆေးပြီး လူနာမှတ်တမ်း
ရေးနေပါသည်။

သီပေါလည်း အခန်းထဲမှာရှုပ်နေမှာစိုးတာနဲ့ အပြင်
ခဏထွက်ရပ်လျှင် ...

"ဟယ် ... သီပေါ"

ဟု နှုတ်ဆက်လိုက်သံ တစ်သံကြောင့် လှည့်ကြည့်
မိလေသည်။

"ဟာ ... ငဝါ ပါလား"

"နင့်ကို ငါ ဆေးရုံဂျူတီကျတိုင်း တွေ့ရပြန်ပြီ"

ငဝါက အရင်တစ်ခါကလည်း သီပေါ ဆေးရုံ
တာ သူ့ပဲအရင်သိရခြင်းကို သတိရဟန်ဖြင့် ပြောလိုက်တာ
သည်။

"အခုရော ဘာဖြစ်လို့လဲ"

"မေမေလေ ... လေဖြတ်သွားလို့၊ ဒီမနက်တင်
တင်လိုက်ရတယ်"





"ဟယ် ... ဟုတ်လား၊ ကြားရတာ စိတ်မကောင်းပါဘူး။ နင့်အမေက ခုထိ ရုပ်ရှင်တွေ ရိုက်ရတုန်းပဲနော်။ အရွယ်လည်း ကောင်းသေးတယ်။ ရုတ်တရက်ကြီး ဖြစ်သွားတော့ သူ တော်တော်စိတ်ဓာတ်ကျသွားမှာပဲ"

"မေမေ့မှာ သွေးတိုးရှိတယ်လေ။ အခုနောက်ပိုင်း သောက်တာလည်း တအားဖြစ်လာတယ်၊ နင် ကြားမှာပါ။ သူ့အိမ်ထောင်ကလည်း မမြဲဘူးလေ"

"အေး ... ကြားပါတယ်ဟယ်။ အခုရော နင့်အမေ ဘယ်လိုနေသေးလဲ"

"စောင့်ကြည့်ရမယ့်အဆင့်ပေါ့၊ ဆေးရုံမှာတင်ထားပြီး သက်သာလာတဲ့အထိ ကုရဦးမှာပေါ့၊ မေမေပြတဲ့ အထူးကုက ဒေါက်တာဦးကျော်ခေါင်လေ physicion ဖစ်စစ်ရှင်းပဲ။ ဆေးရုံကြီးမှာတည်း တာဝန်ထမ်းဆောင်ဆဲမို့ ဒီဆေးရုံကို ရွေးလိုက်တာ"

"သြော် ... ကောင်းပါတယ်၊ အဲဒီဆရာက ဒေါက်တာထိပ်ခေါင်ရဲ့ ဦးလေးလေ"

သီပေါ လင်းကို ဖျတ်ခနဲ မြင်ယောင်သတိရလိုက်
ခေါင်းအသာညိတ်မိ၏။



www.burmeseclassic.com

www.burmeseclassic.com



"လင်းနဲ့လည်း အမျိုးတော်တာပေါ့"

ဟု ခပ်တိုးတိုး ပြောလိုက်ပါသည်။

"ဟဲ့ ... ဘာတွေပြောနေတာလဲ၊ အမျိုးမတော်ပါတူ

"ဘာဖြစ်လို့ မတော်ရမှာလဲ၊ လင်းက ဒေါက်တာထိပ်

နဲ့ ယူလိုက်ပြီပဲ။ ယောက်ျားဘက်ကတော်တဲ့ ဦးလေး

"ဟယ် ... သိပေါ့ရယ်၊ နှင် ဘယ်မှာသွားအိပ်မ

တာလဲ။ လင်း အကြောင်းတွေ နှင် စိတ်မဝင်စား

တာလား။ မကြားချင်တော့လို့ နားမစွင့်တော့တာ

သိပေါ့ အူကြောင်ကြောင် ဖြစ်သွားပါသည်။

"ပြောပါဦး ဘာဖြစ်လို့လဲ"

"နှင် ဘာလို့ လင်းကို မေ့ထားလိုက်တာလဲ အရ

ဦး"

သိပေါ့ ခပ်တိမ်တိမ်အသံဖြင့် ...

"လင်း ငါ့ကိုမှ မရွေးချင်ခဲ့တာ။ ဒီတော့ သူ့ကို

ပါလာအောင် ဆွဲဆောင်မနေချင်တော့ဘူး။ ငါ သူ့

ရောက်ရောက်လာတာဟာ သူ့အတွက် အနှောင့်အ

ဖြစ်နေမယ်ထင်လို့ ရှောင်သွားလိုက်တာပါ။ နှင် သိ

ငပါ။ ငါ လင်းကို တကယ်ချစ်ခဲ့တာပါ။ ဒီတော့

ချစ်တဲ့သူ စိတ်ချမ်းသာအောင် နေပေးလိုက်တဲ့သ





ဟု၍ သူ့ဘက်က ခံစားချက်ကို ရင်ဖွင့်မိလေသည်။

"တကယ်လား ... နှင် လင်းကို တကယ်ချစ်တာလား"

"ငါ ဘာလို့ ညာရမှာလဲ"

"အခုရော"

"ဟာ ... သူ့မှာ ပိုင်ဆိုင်သူ ရှိနေရင်တော့ ငါ့ ခံစားချက်ကို ပြောဖို့မသင့်တော့ဘူး"

"သူ့ကို ဘယ်သူမှ မပိုင်ဆိုင်ပါဘူး"

"ဘာဖြစ်တယ်"

"သူနဲ့ ဒေါက်တာထိပ်ခေါင်တို့ မယူဖြစ်ကြတော့ဘူး"

သိပေါ့ ရင်ထဲ ထိတ်ခနဲ ခုန်သွားပါသည်။

"ဘယ်လိုဖြစ်သွားကြလို့လဲ"

"အဲဒါ ပြောရရင် အရှည်ကြီးပဲ။ ငါမပြောပြတော့ဘူး။ သူတို့ မယူဖြစ်ကြတော့ဘူး။ ဒေါက်တာထိပ်ခေါင်က အင်္ဂလန်မှာ ပညာတော်သင် သွားရင်း သူသဘောကျတဲ့ မိန်းမတစ်ယောက်နဲ့တောင် လက်ထပ်ပြီးသွားပြီ။ ကဲ ... ငါလည်း ဂျူတီချိန်ကြီး စကားရပ်ပြောနေတာ မကောင်းပါဘူးဟယ်။ သွားတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



သီပေါ ရင်တွေတထိတ်ထိတ်ခုန်ကာ သွေးကြော

တွေထဲ နွေးလာသလို ဖြစ်သွားပါသည်။ လင်း ... လင်း ...

တစ်ယောက်တည်းပဲ ရှိနေသေးတာတဲ့။ ဘာကြောင့် ငါ့ကို ဒါ

လာမပြောလဲ လင်းရယ်။ ဘာကြောင့် ငါ့ဆီရောက်မလာခဲ့တာ

သီပေါသည် ချက်ချင်းပဲ ဖုန်းကိုထုတ်ကာ

ဆေ့(ချ်)ရိုက်ပို့လိုက်မိပါတော့သည်။

"လင်း ... နင် အခုဘယ်မှာလဲ"

❁ ❤ ❁





## ၁၉

တစ်ယောက်ကိုတစ်ယောက် ငေးစိုက်ကြည့်နေမိကြ

သည်မှာ တော်တော်ကြာသွားကြောင်း သတိရလိုက်ပြီး အရင်ဆုံး

အသက်ဝင်စကားပြောလာသူမှာ သီပေါဖြစ်သည်။

"လင်း ... နင် ရောက်လာတယ်နော်"

"ရောက်လာပါတယ် သီပေါရယ်"

"ဆောရီး ... ငါ နင့်ကို လာတွေ့ချင်ပါတယ်၊ ဒါပေမဲ့

ဖေဖေက ဆေးရုံရောက်နေတာဆိုတော့"

"ကိစ္စမရှိပါဘူး၊ ငါလည်း သတင်းကြားကြားချင်း လာချင်

တာပါ။ ၄၅ါဆီက မက်ဆေ့(ချ်)အရင်ရတယ်လေ။ ဒါပေမဲ့

လာသင့်၊ မလာသင့် စဉ်းစားနေမိတယ်"

"ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ ငါ မပြောတော့ပါဘူး သီပေါရယ်၊ အခု ...
ရောက်လာပြီပဲ။ နင်က လာခဲ့ပါခေါ်လို့ ငါ ရောက်...
တယ်လေ"

"လင်း ... နင် ဘာလို့ နင့်အကြောင်းတွေ ငါ့ကိုမပြော..."

လင်း ဘာမှမဖြေဘဲ ခေါင်းအသာခါသည်။ ...
အဓိပ္ပာယ်နဲ့ ခေါင်းခါသလဲဆိုတာ သီပေါ နားမလည်ခဲ့ပါ...

"ငါ့ဆီ တစ်ချက်တော့ ဖုန်းဆက်သင့်တယ်"

"ငါ ဆက်တယ်"

လင်းအသံက ၂ပွင့်တပွင့်နဲ့ တိုးတိမ်နေသဖြင့် ...

"ဟင် ... ဘာရယ် လင်း။ ဘာပြောတာလဲ"

ဟု သီပေါ ထပ်ငံ့ကာ လင်းမျက်နှာကို အသေအ...
ကြည့်ပြီး မေးလိုက်လေသည်။

"ငါ တစ်ခါ ဆက်ပါတယ်။ ဒါပေမဲ့ နင့်ဖုန်းကို မိန်း...
လေးတစ်ယောက်ကိုင်ပြီး ဖြေတယ်"

"ဟာ ... နေဦး။ ဘယ်တုန်းကလဲ"

"သိပ်တော့ မကြာသေးဘူး"

"ငါ အခု မိုဘိုင်းလ်နှစ်လုံးထားတယ်။ တစ်ခါတလေ...
ငါ လုံးဝမအားရင်တော့ မဟယ်လင် ကိုင်တတ်တ...
သူ ငါ့ကို ဘာမှလဲ ပြန်မပြောပါလား"





"မဟယ်လင် ဆိုတာ"

"ငါ အခု ဖေဖေ့ရုပ်ရှင်ဗီဒီယိုလုပ်ငန်းကိုပါ ဝင်လုပ်ပေးနေ
ရတယ်လေ။ အဲဒီ မဟယ်လင်က ကုမ္ပဏီဘက်က မန်နေဂျာ
လိုမျိုးပေါ့။ ငါက ဘာမှနားမလည်ဘဲ အစိမ်းသက်သက်
ကြီး ဒီရုပ်ရှင်ကုမ္ပဏီလုပ်ငန်းကို ဝင်လုပ်ရတော့ အစစ
အရာရာ သူကပဲ ကူညီလုပ်ပေးနေတဲ့သူပါ။ ယုံကြည်စိတ်ချ
ရတဲ့ သူတစ်ယောက်ပါ"

"အဲဒီ မဟယ်လင် ဘယ်အရွယ်လဲ"

"ငါ့ထက် သုံး,လေးနှစ်တော့ ကြီးမှာပေါ့"

"အပျိုလား"

"ဟား ဟား ... လင်း ... နင် ဘာဖြစ်နေတာလဲ၊ ဘာလဲ
ငါ့ကို မသင်္ကာလို့ စစ်ဆေးနေတာလား ဟုတ်လား။ ငါ့ရဲ့
အိစီကလီ ထင်လို့လား"

သီပေါမှာ လင်း ဘာကိုမေးချင်နေသလဲ သဘော
ပေါက်လာကာ ရယ်မောပြီး လင်းရဲ့ငယ်ထိပ်ကို ဖိကိုင်လှုပ်ယမ်း
ပစ်လိုက်ပါသည်။ လင်းက မျက်စောင်းကြီးထိုးလျက် ...

"သူက ငါ ဖုန်းဆက်တာကို မကြိုက်တဲ့ပုံစံနဲ့ ဖြေတယ်။
သူဟာ နင့်ရဲ့သက်ဆိုင်သူပါဆိုတဲ့ ပုံစံမျိုးနဲ့ ပြန်ဖြေတယ်
လို့ ငါ ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူးဟာ၊ မဟယ်လင်က ဒီလိုပါပဲ။ တစ်ခု... ရှိတယ် တချို့မိန်းကလေးတွေက ဘယ်ကဘယ်လို ... နဲ့ပါတ်တွေ ရသလဲတော့ မသိဘူး။ ငါဆီ ဆက်ဆက်... တာတွေရှိတော့ ငါ မပြောချင်ရင် မဟယ်လင် လက်... ထိုးထည့်ပြီး ပြောနိုင်းရတာတွေ ရှိဖူးတယ်။ ဒါကြော... သူက နင့်ကိုလည်း အလကားနေရင်း လာမိတ်ဆက်... မိန်းကလေးထင်ပြီး ပြောတာထင်တယ်"

"နင်က မင်းသားလည်း မဟုတ်ဘဲ မိန်းကလေးတွေ... မိတ်ဆက်ကြတာပဲလား"

"ဒါတော့ ငါလည်း မပြောတတ်ဘူးလေ။ နင်က... ဖုန်းဆက်တုန်းက ဘာလို့ နင့်နာမည် မပြောခဲ့လဲ"

"မပြောချင်ပါဘူး"

"ဟား ... ဟား ... လင်း ... လင်း ... နင် သဝန်တို... တာပေါ့လေ ... ဟုတ်လား"

"ဘာမှ သဝန်တိုစရာ မရှိဘူး။ နင်နဲ့ငါ ဘာမှလဲ မ... ပါဘူး"

"ဆိုင်ပါတယ် လင်းရယ်"

သီပေါ နူးညံ့သောအသံဖြင့် ပြောရင်း လင်းလ... ကို အသာတွဲလိုက်ပါသည်။





"အခုလို အမြဲလက်တွဲထားမယ်လေ"

သီပေါ စကားအဆုံးမှာပင် ဆေးအရှိန်ဖြင့် အိပ်မော ကျနေသော ဦးထက်မြက် ပြန်နိုးလာသဖြင့် မျက်လုံးအစုံကို ခပ် ဖြည်းဖြည်းချင်း ဖွင့်လိုက်သည်။ ပြုံးနေသော သီပေါ၏မျက်လုံး အစုံနဲ့အတူ ရှက်ကိုးရှက်ကန်း ဖြစ်နေတဲ့ လင်းရဲ့မျက်လုံးဝါဝိုင်း တို့က ဦးထက်မြက်ကို စိုက်ကြည့်နေတာနဲ့ဆုံသည်။

"ဖေဖေ ... ဒါ လင်းလေ၊ မှတ်မိလား"

"အင်း ... မှတ်မိပါတယ်"

"ဖေဖေ့ကို လာကြည့်တာ"

"အေး ... ကျေးဇူးပါပဲ သမီး"

"အန်ကယ်လ် သက်သာသွားမှာပါ။ အန်ကယ့်လ်အခြေ အနေက သိပ်အဆိုးကြီး မဟုတ်သေးပါဘူး"

"အေး ... ဟုတ်တယ်၊ သက်သာမှဖြစ်မယ်၊ ဆေးရုံက မြန်မြန်ဆင်းမှ ဖြစ်မယ်"

"ဖေဖေက အလုပ်တွေ လောဘကြီးနေပြီ။ သူ ဆေးရုံ ရောက်နေရတာနဲ့ သူလက်ခံထားတဲ့ကားတွေ လွှတ်ပါပြီ ဆိုပြီး စိတ်မကောင်း ဖြစ်နေတာလေ"

သီပေါက လင်းကို လှည့်ရှင်းပြလိုက်တော့ ဦးထက် ...က ခေါင်းခါ၊ လက်ခါလုပ်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး ... အဲဒီအတွက် မဟုတ်ဘူး"

ဟု ငြင်းလေသည်။

"ဒါဖြင့် ဘာအတွက်လဲ"

"သားတို့မင်္ဂလာပွဲကို စီစဉ်ပေးဖို့အတွက်"

သီပေါ သဘောတကျ ရယ်သည်။ လင်းက စနိုးဖြင့် သီပေါ၏လက်ဖျံကို လိမ်ဆွဲလိုက်လေသည်။

သီပေါက လင်း၏လက်ကို ပြန်ချုပ်ကိုင်ထား ကာ မလွှတ်တမ်းပင် တွဲထားတော့လေသည်။

"ဘယ်လိုအကြောင်းနဲ့ပဲဖြစ်ဖြစ် ဘာကြောင့်ပဲဖြစ်ဖြစ် တို့ လက်တွဲမဖြုတ်ဘူးနော်"

လင်း ဘာမှမပြော။ ဘာမှကတိမပေး။ သို့ လင်းရဲ့မျက်ဝန်းတွေထဲမှာတော့ သီပေါ တစ်ဦးတည်းသော လည်နိုင်မယ့်စကားတွေ အများကြီး ပြောနေခဲ့သည်။ က လည်း အများကြီး ပေးနေခဲ့သည်။

❀ ❤ ❀









www.burmeseclassic.com

www.burmeseclassic.com



"ချစ်ခြင်းနဲ့ ချည်နှောင်ကြမယ်"
ဟူသော စကားတစ်ခွန်းကိုတော့
သူတို့နှစ်ဦးရဲ့ရင်ထဲမှာ ပြိုင်တူလိုပင်
ပြောပြုံလိုက်မိကြလေသည်။

❁ ❤ ❁



ရှင်မိုး
(ဆေးတက္ကသိုလ်)
18th August
Thursday
2011.

www.burmeseclassic.com